တနင်္လာ၊ အောက်တိုဘာ (၁)

**၁ ကော ၈း၁-၃**

တ ၁၅း၁၃-၂၁ *“ရုပ်တုရှေ့၌ပူဇော်သော ယဇ်ကောင်းအရာမှာ၊ . . . ”*

# ရုပ်တုရှေ့၌ပူဇော်သော အစားအစာ

ရုပ်တုရှေ့၌ပူဇော်သောအစားအစာ စားသောက်ခြင်းသည် ကောရိန္သုမြို့၌ တွင်ကျယ်သော အမှုဖြစ်ပါသည်။ စီးပွားရေးအမှု၌ နှစ်ဦးနှစ်ဘက်သဘောတူညီမှုစာချုပ်ချုပ်သောအခါ ညစာအတူ သုံးဆောင်ခြင်းအားဖြင့် ချုပ်ဆိုလေ့ရှိကြ၏။ ထိုအစားအစာတို့သည် များသောအားဖြင့် သူတို့ကိုး ကွယ်သော “ဘုရား” ထံမှ ကောင်းကြီးခံစားခြင်းငှါ ထိုဘုရားရုပ်တုရှေ့၌ပူဇော်သော အစားအစာ ဖြစ်ကြ၏။ ထိုသို့သောအစားအစာတို့ကို ပွဲလမ်းသဘင်တို့၌လည်း ကျွေးမွေးတတ်ကြ၏။ ထိုအစား အစာမစားသုံးခြင်းသည် အိမ်ရှင်ကို စိတ်မကောင်းဖြစ်စေနိုင်ပြီး၊ အဖွဲ့အစည်း၏ ပစ်ပယ်ခြင်းကို လည်း ခံရနိုင်ပါသည်။ ထို့ကြောင့် အချို့သော ကောရိန္သုခရစ်ယာန်တို့သည် အဆင်ပြေရာလမ်းကို လိုက်၍ ရုပ်တုရှေ့၌ပူဇော်သောအစားအစာကို စားခဲ့ကြ၏။ ဤသည်ကား တပါးအမျိုးသားခရစ် ယာန်တို့အမှု၌ ယေရုရှလင်ကောင်စီက ချမှတ်ထားသောလမ်းစဉ်နှင့် ဆန့်ကျင်ဘက်အမှုဖြစ်၏- “ထို့ကြောင့် တပါးအမျိုးသားတို့ထံမှ ဘုရားသခင့်ထံတော်သို့ ပြောင်းလဲသောသူတို့ကို မနှောင့်ယှက် ဘဲလျက် ရုပ်တုတို့၏ ညစ်ညူးရာကိုဎင်း၊ မတရားသောမေထုန်ကိုဎင်း၊ လည်ပင်းကို ညှစ်၍သတ် သောအရာကိုဎင်း၊ အသွေးကိုဎင်း ကြဉ်ရှောင်စေခြင်းငှါ သူတို့ကိုမှာလိုက်သင့်သည်ဟု ငါသဘော ရှိ၏” (တမန် ၁၅း၁၉-၂၀)။ ဤအချက်သည် ယနေ့အကျွန်ုပ်တို့အတွက်လည်း အကျုံးဝင်သေး၏။

ထိုနည်းတူ အချို့သောညီအစ်ကို (ယုံကြည်ခြင်း၌မရင့်ကျက်သေးသောသူ၊ နားလည် သဘောပေါက်ခြင်းနည်းပါးသောသူ) တို့သည် ဈေး၌ရောင်းသောအစားအစာ (၁ ကော ၁၀း၂၅) စားသောက်ခြင်းကို ကြောက်ရွံ့ခြင်းရှိကြ၏။ အကြောင်းမှာ ထိုအစားအစာတို့သည် ရုပ်တုရှေ့၌ ပူဇော်သောအစားအစာ ဖြစ်ခဲ့မည်ဟု ထင်ကြသောကြောင့်ဖြစ်၏။ ထို့ကြောင့် ထိုသို့သောအစား အစာစားသောက်ခြင်းဖြင့် ထိုရုပ်တုတို့၏ တန်ခိုးဖြင့် ထိန်းချုပ်ခြင်းခံရမည်ဟုထင်ကြ၏။

ကောရိန္သုအသင်းတော်၌တွေ့ရသော ဤပြဿနာကို မည်သို့ဖြေရှင်းရပါမည်နည်း။ ထို ဖြေရှင်းချက်ကို လူ့အတွေးအခေါ်၌ဎင်း၊ စိတ်ပညာ၌ဎင်း မတွေ့ရဘဲ၊ မမှားနိုင်သော၊ အမှားကင်း စင်သော၊ ထာဝရအသက်နှင့်ဆိုင်သော နှုတ်ကပတ်တော်၌သာတွေ့ရ၏။ “နှုတ်ကပတ်တော်ကို ဖွင့်ပြခြင်းသည် အလင်းကိုပေး၍၊ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်၏” (ဆာလံ ၁၁၉း၁၃၀)။ ကောရိန္သုခရစ်ယာန်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ရှေ့၌ နှိမ့်ချခြင်းရှိမှသာလျှင်၊ ဤ ပြဿနာ၏အဖြေကို ရှင်းလင်းစွာမြင်တွေ့နိုင်ကြလိမ့်မည်။ ထိုနည်းတူ ကျွန်ုပ်တို့ဘဝ၌ကြုံတွေ့ရ သည့် ရှုပ်ထွေးသောပြဿနာများ၌လည်း ရှင်းလင်းသောဖြေရှင်းချက်ရရှိနိုင်ခြင်းငှါ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျွန်တော်တို့ချဉ်းကပ်ကြရပါမည်။ ထိုသို့သင်ပြုပါမည်လော။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ရုပ်တုဆင်းတုကို ကြဉ်ရှောင်ပါမည် (၁ ယော ၅း၂၁)။

**ဆုတောင်းချက်** - အဘဘုရား၊ ရုပ်တုဆင်းတုအပေါင်းကို အကျွန်ုပ်အသက်တာမှ ဖယ်ရှားပေး တော်မူပါ။

**၁ ကော ၈း၁-၃**

၁ ကော ၂ *“ဉာဏ်သည် ထောင်လွှားစေတတ်၏။ . . . ”*

## ဖျက်ဆီးတတ်သောဉာဏ်

ပေါလုက “ဉာဏ်သည်ထောင်လွှားစေတတ်၏” (၁ ကော ၈း၁) ဟု ဆိုသောအခါ၊ သွန်သင်ချက်သည် အရေးမကြီး (သို့) အန္တရာယ်ပေးတတ်၏ဟု မဆိုလိုပါ။ ခရစ်ယာန်ယုံကြည်ခြင်းသည် အခြေအမြစ်မရှိသောယုံကြည်ခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာတရား၌ အခြေခံခြင်းဖြစ်ပါသည် (ယော ၁၇း၁၇)။ ကျွန်တော်တို့ခရစ်ယာန်များသည် ဘုရားသခင်ရှေ့မှောက်၌ မှန်ကန်စွာ အသက်ရှင်နိုင်မည်အကြောင်း၊ သမ္မာတရားကို သေသေချာချာလေ့လာသင်ယူသိရှိလိုက်လျှောက်ကြရပါမည်။ ထို့ကြောင့် သမ္မာကျမ်းစာက “ကိုယ်ကိုယ်ကိုင်း၊ ကိုယ်ဆုံးမဩဝါဒကိုင်း သတိပြု၍ အမြဲတည်နေလော့။ ထိုသို့ပြုလျှင် ကိုယ်ကိုင်း၊ နားထောင်သောသူတို့ကိုင်း ကယ်တင်လိမ့်မည်” (၁ တိ ၄း၁၆) ဟုမိန့်တော်မူ၏။

ရုပ်တုရှေ့၌ပူဇော်သောအစားအစာနှင့်ပတ်သက်၍ ပြဿနာပေါ်ပေါက်ရခြင်းသည် ကောရိန္တုခရစ်ယာန်များ၏ ဝိညာဉ်ရေးရာအသိဉာဏ်နည်းပါးခြင်းကြောင့် ဖြစ်ပါသည်။ ဘုရားသခင်သည် အသက်ရှင်တော်မူပြီး၊ စစ်မှန်သောဘုရားဖြစ်ကြောင်း သူတို့သိရှိကြသော်လည်း (၁ ကော ၈း၄)၊ ဝိညာဉ်ရေးရာအသိဉာဏ် လေးလေးနက်နက်မရှိကြသောကြောင့် ထိုအသိဉာဏ်သည် ဦးနှောက်အသိသာဖြစ်ခဲ့ပါသည်။

အချို့သော ကောရိန္တုခရစ်ယာန်များသည် နုနယ်သော၊ မရင့်ကျက်သောသူများဖြစ်သောကြောင့် ဤပြဿနာနှင့်လုံးပန်းနေရခြင်းဖြစ်၏။ ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော် သင်ယူလေ့လာခြင်းနှင့် နှုတ်ကပတ်တော်အားဖြင့် ခွန်အားယူခြင်းလိုအပ်ကြပါ၏။

သို့သော်လည်း အချို့သောသူတို့သည် ကောင်းကောင်းသိကျွမ်းသည်ဟု မိမိကိုယ်ကိုထင်ကြပြီး၊ ထောင်လွှားခြင်းရှိကြ၏။ ဤထောင်လွှားခြင်းက မှားယွင်းသောအကျင့်သို့ ခေါ်ဆောင်ခဲ့၏။ ထိုသို့သော ဦးနှောက်အသိဉာဏ်ထောင်လွှားခြင်းက သူတို့ကိုဖျက်ဆီးသည်သာမက သူတပါးကိုလည်း ဖျက်ဆီးခဲ့၏။

သိက္ခာတော်ရဆရာ Timothy Tow က ဤသို့ဆိုခဲ့၏- “စိတ်နှလုံးအသိဉာဏ်မရှိဘဲ၊ ထောင်လွှားတတ်သောဦးနှောက်အသိဉာဏ်သည် အလွန်အန္တရာယ်ကြီးသောအရာဖြစ်ပါသည်”။ ထိုကျော့ကွင်းထဲသို့ မကျမည်အကြောင်း သတိပြုပါလော့။ “ပျက်စီးခြင်းအရင်၌ လူသည်စိတ်မြင့်ခြင်း၏နေရာ၊ ဂုဏ်အသရေအရင်၌ နှိမ့်ချခြင်း၏နေရာရှိ၏” (သု ၁၈း၁၂)။

**ဆင်ခြင်ရန်** - ဘုရားသခင်ရှေ့မှောက်၌ အကျွန်ုပ်သည် နှိမ့်ချခြင်းရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏ ထောင်လွှားခြင်းစိတ်သဘောကို ခွင့်လွှတ်တော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၃)

**၁ ကော ၈း၁-၃**

မသဲ ၁၁း၂၅-၂၆

*“ဉာဏ်သည် ထောင်လွှားစေတတ်၏။ . . . ”*

# ဘုရားသခင်၏နှုတ်ကပတ်တော်ကို မည်သို့ကျွန်တော်လေ့လာပါသနည်း

ဘုရားသခင်၏နှုတ်ကပတ်တော်သိနားလည်ခြင်း၌ လိုအပ်သောနည်းလမ်းသုံးမျိုးမှာ “နှိမ့်ချခြင်း၊ နှိမ့်ချခြင်း၊ နှိမ့်ချခြင်း” (Calvin) ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ မစတော်မူခြင်းမပါဘဲ အဘယ်သူကမျှ ဝိညာဉ်ရေးရာအကြောင်းကို နားမလည်နိုင်ပါ။ အကြောင်းမှာ ဝိညာဉ်ရေးရာအကြောင်းတို့သည် “ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍နားလည်နိုင်သောကြောင့်” (၁ ကော ၂း၁၄) ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်တို့ မှန်ကန်စွာနားလည်လိုပါလျှင် ဘုရားသခင်နှင့် နှုတ်ကပတ်တော်ရှေ့၌ ကျွန်တော်တို့စိတ်နှိမ့်ချခြင်းရှိရပါမည်။

အမည်ခံခရစ်ယာန်တစ်ယောက်သည် နှစ်ကြာလာသောအခါ မာနထောင်လွှားခြင်းရှိတတ်ပါသည်။ မိမိကိုယ်ကို အလုံးစုံကိုသိသည်ဟု ထင်တတ်ပြီး၊ ဝိညာဉ်အမြင်နှင့် နားလည်သဘောပေါက်ခြင်းကို ဘုရားသခင်ပေးသနားတော်မူကြောင်းကိုလည်း အောက်မေ့ခြင်းမရှိပါ။ မိမိစိတ်ထဲ၌ “နှစ်ပေါင်းများစွာ ဘုရားသခင်အကြောင်း ငါသိခဲ့ပြီ၊ အခြားသောသူထက် ငါပို၍ကောင်း၏၊ ဘုရားသခင့်နှုတ်ကပတ်တော်ထပ်၍ ငါလေ့လာသိရှိဖို့မလို” ဟုဆိုတတ်၏။ ထိုသို့သောသူတို့ကိုရည်ရွယ်၍ ပေါလုက ၁ ကော ၈း၂ ထဲတွင် ဤသို့ရေးသားခဲ့၏- “အကြင်သူသည် ငါကားပညာရှိဖြစ်သည်ဟူ၍ စိတ်ထင်၏။ ထိုသူသည် သိအပ်သည်အတိုင်း အလျှင်းမသိသေး”။

ကျွန်တော်တို့သည် မည်မျှသိကြောင်း ကြွားဝါခြင်း၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေ့လာဆည်းပူးခြင်းမပြုရပါ။ ထိုသို့သောထောင်လွှားမောက်မာခြင်းစိတ်သဘောသည် ဘုရားသခင်ကို မရိုသေ၊ မလေးစားရာရောက်၏။ ဦးနှောက်အသိအားဖြင့် သိသောဉာဏ်သည် ဝိညာဉ်ရေးရာအသိဉာဏ်၏ သက်သေမဟုတ်ပါ။ ဝိညာဉ်ရေးရာအသိဉာဏ်ပညာသည် ဘဝ၌ကြုံတွေ့ရသော အမျိုးမျိုးသော အခြေအနေ၌ မည်သို့ကျင့်ကြံနေထိုင်သည်ဟူသောအချက်တွင် ပေါ်လွင်တတ်ပါသည်။ ကောရိန္သုခရစ်ယာန်များ၏ဝိညာဉ်ရေးရာမရင့်ကျက်မှုကို ရုပ်တုရှေ့၌ပူဇော်သောအစားအစာနှင့်ပတ်သက်၍ မည်သို့ဖြေရှင်းကြသည်ဟူသော အချက်၌ မြင်တွေ့နိုင်ပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှန်ကန်သောစိတ်သဘောဖြင့် ကျွန်တော်တို့လေ့လာသောအခါ ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းနှင့် အကျွန်ုပ်တို့၏သေးငယ်မှုကို မြင်တွေ့ရမည်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အမှန်နားလည်သောသူသာလျှင် ဘုရားသခင်နှင့်လူရှေ့၌ နှိမ့်ချသောသဘောရှိတတ်၏။ ထိုသူသည် မိမိအသိဉာဏ်၌ထောင်လွှားခြင်းရှိလိမ့်မည်မဟုတ်၊ မိမိညီအစ်ကိုအပေါ်၌လည်း တစ်ဖက်သတ်စီရင်ခြင်းပြုလိမ့်မည်မဟုတ်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပို၍လေ့လာလေလေ၊ ပို၍နှိမ့်ချလေလေဖြစ်ပါသည်။ “စိတ်နှလုံးအသိဉာဏ်မရှိဘဲ၊ ထောင်လွှားတတ်သောဦးနှောက်အသိဉာဏ်သည် အလွန်အန္တရာယ်ကြီးသောအရာ ဖြစ်ပါသည်” ဟူသောအချက်ကို အစဉ်အောက်မေ့ကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်၌ ဦးနှောက်အသိဉာဏ် (သို့) စိတ်နှလုံးအသိဉာဏ် အဘယ်အသိဉာဏ်ရှိပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ထောင်လွှားသောစိတ်နှလုံးမဟုတ်ဘဲ၊ ခံယူတတ်သောစိတ်သဘောပေးသနားတော်မူပါ။

ကြာသပတေး၊ အောက်တိုဘာ(၄)
**၁ ကော ၈း၁-၃** *". . . မေတ္တာမူကား တည်ဆောက်တတ်၏။"*
မသဲ ၁၁း၂၅-၂၆

## ချစ်ခြင်းမေတ္တာသည်တည်ဆောက်တတ်၏

ကောရိန္သုခရစ်ယာန်တို့၏ ထောင်လွှားသောစိတ်သဘောကို ချစ်ခြင်းမေတ္တာဖြင့် အစားထိုးရပါမည်။ "တည်ဆောက်တတ်၏" (၁ ကော ၈း၁) ဟူသော စကားလုံး၏အဓိပ္ပာယ်သည် ဆောက်လုပ်ခြင်းအမှုကို ဖော်ဆောင်၏။ ထောင်လွှားခြင်းသည် ဖျက်ဆီးခြင်းကိုဖြစ်စေ၍၊ ချစ်ခြင်းမေတ္တာမူကား တည်ဆောက်ခြင်းကိုဖြစ်စေ၏။ ထောင်လွှားခြင်းသည် သူတပါးကိုလှဲချတတ်ပြီး၊ ချစ်ခြင်းမေတ္တာမူကား သူတပါး၏ဝိညာဉ်အကျိုးကို ရှာတတ်၏။ မိမိညီအစ်ကိုတို့အား အသန့်ရှင်းဆုံးသော ယုံကြည်ခြင်း၌ ကြီးထွားလျက်၊ တည်ဆောက်ခြင်းရှိကြသည်ကို မြင်တွေ့လိုခြင်းရှိ၏။

စစ်မှန်သောဝိညာဉ်အသိဉာဏ်သည် ထောင်လွှားခြင်း၌မဟုတ်ဘဲ၊ ချစ်ခြင်းမေတ္တာ၌ ပေါ်လွင်ထင်ရှားတတ်၏။ ဝိညာဉ်လူသည် (၁) ဘုရားသခင်နှင့်နှုတ်ကပတ်တော်ကို ချစ်ခင်နှစ်သက်၍၊ (၂) သူတပါးကိုလည်း ချစ်တတ်၏။ "ယေရှုက သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့်ချစ်လော့ ဟူသောပညတ်သည် ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သောပညတ်လည်းဖြစ်၏။ ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယပညတ်သည် ပဌမပညတ်နှင့်သဘောတူ၏။ ဤပညတ်နှစ်ပါးတို့ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းရှိသမျှတို့၏ အချုပ်အခြာပင်ဖြစ်သတည်းဟု မိန့်တော်မူ၏" (မသဲ ၂၂း၃၇-၄၀)။

ကောရိန္သုခရစ်ယာန်များအကြား၌ ချစ်ခြင်းမေတ္တာခေါင်းပါးခြင်းက အချို့သောသူအားရုပ်တုရှေ့၌ပူဇော်သော အစားအစာနှင့်ပတ်သက်၍ အလေးမထားဘဲနေစေ၏။ ဘုရားသခင်အပေါ် ချစ်ခြင်းမေတ္တာမရှိကြသောကြောင့်၊ ထိုသို့သောအစားအစာစားခြင်းဖြင့် ခရစ်တော်အတွက် ကောင်းသောသက်သေမပြကြခြင်းကို အလေးမထားကြပါ။ ထို့ပြင် ညီအစ်ကိုတို့အပေါ် ချစ်ခြင်းမေတ္တာမရှိကြသောကြောင့် သူတို့အပြုအမူအားဖြင့် သူတပါးအား လဲကျစေနိုင်သည်ကို မစဉ်းစားကြပါ။ ထို့ကြောင့် စစ်မှန်သောစိတ်သဘောထား ပြန်လည်ပိုင်ဆိုင်ကြဖို့ရန် လိုအပ်ပါသည်။ ဘုရားသခင်နှင့် လူ၏အမှုကို ခရစ်တော် ချစ်ခြင်းမေတ္တာတော်၏ အနိုင်အထက်ပြုခြင်းဖြင့် ဆောင်ရွက်ရပါမည် (၂ ကော ၅း၁၄)။

ထို့ပြင် ပေါလုက "ဘုရားသခင်ကိုချစ်သောသူမည်သည်ကား ဘုရားသခင်သိစေတော်မူသောသူဖြစ်၏" (၁ ကော ၈း၃) ဟုဆိုခဲ့၏။ ဘုရားသခင်သည် မိမိကိုချစ်သောသူတို့အား ဘယ်သောအခါမျှ စွန့်ပစ်တော်မမူကြောင်း သိခြင်းသည် ကျွန်ုပ်တို့အတွက် အလွန်စိတ်ချမ်းသာစရာဖြစ်ပါသည်။ ဘုရားသခင်သိတော်မူသောသူတို့သည် မိမိတို့အသက်တာ၌ ချစ်ခြင်းမေတ္တာထင်ရှားတတ်ကြောင်းကို အမှတ်ရကြပါစို့။

သင့်အသက်တာ၌ ခရစ်တော်၏ချစ်ခြင်းမေတ္တာထင်ရှားပါသလား။

**ဆင်ခြင်ရန်** - အသိဉာဏ်ကို ချစ်ခြင်းမေတ္တာအားဖြင့် လက်တွေ့ဖော်ပြရပါမည်။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ကိုဉ်း၊ သူတပါးကိုဉ်းချစ်ခြင်းငှါ သွန်သင်တော်မူပါ။

**၁ ကော ၈း၄-၆**

တရား ၆း၁-၁၅

*“. . . ရုပ်တုသည် ဤလောက၌ အချည်းနှီးသက်သက် ဖြစ်သည်ကို၎င်း၊. . . ”*

# တဆူတည်းသောဘုရားသခင်

၁ ကော ၈း၄-၆ သည် တရား ၆း၄-၅၊ “အို ဣသရေလအမျိုး နားထောင်လော့။ ငါတို့၏ ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသောထာဝရဘုရားဖြစ်တော်မူ၏။ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့” ဟူသောအချက်ကို ပြန်လည် ဖော်ပြ၍၊ ရှင်းပြခြင်းဖြစ်ပါသည်။

“တဆူ” ဟူသောစကားလုံးက အချက်နှစ်ချက်ကို ဖော်ပြလျက်ရှိ၏-

(၁) ထာဝရဘုရားသည် အတုမဲ့ဘုရားသခင်ဖြစ်တော်မူ၏။ ဤအချက်က ထာဝရဘုရားသည် လူမျိုးတကာတို့၏ဘုရားများ အထက်၌ အဆုံးစွန်အာဏာရှိတော်မူသောဘုရားဖြစ်ကြောင်းဖော်ပြ လျက်ရှိ၏။ ထာဝရဘုရားသာလျှင် ရှိသေဝတ်ပြုကိုးကွယ်ထိုက်သော၊ တဆူတည်းသောဘုရားဖြစ် တော်မူ၏။

(၂) ထာဝရဘုရားသာလျှင် ဘုရားသခင်ဖြစ်တော်မူ၏။ ထာဝရဘုရားသာလျှင် အကျွန်ုပ်တို့ ရှိသေဝတ်ပြုကိုးကွယ်ရမည့် တဆူတည်းသောဘုရားသခင်ဖြစ်တော်မူ၏။

ကောရိန္သုမြို့ရှိ နုနယ်သောအချို့ခရစ်ယာန်တို့သည် ရုပ်တုရှေ့၌ပူဇော်သောအစားအစာ ကို မှားယွင်းသောနားလည်သဘောပေါက်ခြင်းနှင့် ခံယူချက်အားဖြင့် ရှောင်ကြဉ်ခဲ့ကြ၏။ သူတို့သည် ထိုအစားအစာစားသုံးခဲ့လျှင် ထိုရုပ်တုတို့၌ရှိသည့်တန်ခိုး၏ ထိန်းချုပ်ခြင်းခံရမည်ဟု ထင်ကြ၏။

ထို့ကြောင့် ပေါလုက ထိုသူတို့၏မှားယွင်းသော နားလည်သဘောပေါက်ခြင်းကို ချစ်ခြင်း မေတ္တာအားဖြင့် ဤသို့ပြုပြင်ခဲ့၏။ ထာဝရဘုရားသည် အသက်ရှင်တော်မူသော၊ စစ်မှန်သော တဆူ တည်းသောဘုရားဖြစ်တော်မူသောကြောင့် ဤလောကရှိ ရုပ်တုဆင်းတုမှန်သမျှတို့သည် အချည်းနှီး သက်သက်ဖြစ်ကြပါ၏။ ရုပ်တုများတို့သည် သစ်သား၊ ကျောက်တုံးနှင့် သတ္တုအားဖြင့် လူလုပ်သော အရာများသာဖြစ်ပါသည်။ သူတို့၌ကိန်းဝပ်သောတန်ခိုးမရှိ၊ အသက်မရှိကြပါ။ ထို့ကြောင့် ရုပ်တု ရှေ့၌ပူဇော်သောအစားအစာ စားသုံးသောသူ အဘယ်သူမျှ၊ ထိုအစားအစာကြောင့်ဆိုးကျိုးကြုံတွေ့ရ မည်ကို စိုးရိမ်စရာမရှိပါ။ သူတို့အထဲ၌ကိန်းဝပ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် ဤ လောက၌ရှိသောအရာအားလုံးထက် ပို၍တန်ခိုးကြီးတော်မမူသလော (၁ ယော ၄း၄)။ စစ်မှန်သော ဘုရားသခင်တဆူတည်းသာလျှင်ရှိသည် ဟူသောအချက်သည် အလွန်နှစ်သိမ့်စရာဖြစ်ပါသည်။ ထို့ပြင်ဤအချက်က ရုပ်တုကိုးကွယ်ခြင်း၏ မိုက်မဲမှုကို ပေါ်လွင်စေပါသည်။ သင့်အသက်တာ၌ ရုပ်တုတစုံတခုရှိပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်တို့၏ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းဖြစ်တော်မူ၏။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အသက်တာ၌ ကိုယ်တော်သည် အစဉ်ပထမနေရာ ယူပါ စေသော်။

စနေ၊ အောက်တိုဘာ (၆)
**၁ ကော ၈း၇-၈**
ရောမ ၁၅း၁-၇ *"သို့သော်လည်း ထိုဉာဏ်ကို လူတိုင်းမရ. . . "*

# အားနည်းသောစိတ်

အသိဉာဏ်နည်းပါးခြင်းကြောင့် နုနယ်သောယုံကြည်သူတို့၏စိတ်သည် အားနည်းတတ်၏။ မှန်သောအရာကိုပင် မှားယွင်းသည်ဟု ထင်တတ်ကြ၏။ ထို့ကြောင့် ရင့်ကျက်သောခရစ်ယာန်တို့၏ တာဝန်မှာ ထိုသူတို့အား ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် အသိဉာဏ်ကြီးထွားစေခြင်းငှါ၊ ချစ်ခြင်းမေတ္တာနှင့် သွန်သင်လမ်းပြရန်ဖြစ်ပါသည်။

ကောရိန္သုအသင်းတော်နှင့်ပတ်သက်၍ ပေါလုက ထိုသူအပေါင်းတို့၌ ရုပ်တုသည် အချည်းနှီးဖြစ်သည်ဟူသော အသိဉာဏ်မရှိကြကြောင်း ဖော်ပြခဲ့ပါသည် (၁ ကော ၈း၇)။ ဘုရားများစွာရှိသည်ဟု ယုံကြည်သောအဖွဲ့အစည်း၌ ကျင်လည်ခဲ့ကြသောကြောင့်၊ အချို့သောညီအစ်ကိုတို့သည် ရုပ်တုဆင်းတုနှင့်ပတ်သက်၍ အယူသီးခြင်းများရှိခဲ့ကြ၏။ ထို့ကြောင့် ကောရိန္သုခရစ်ယာန်တို့သည် ထိုသို့သောညီအစ်ကိုတို့၏ အသိစိတ်ကို မညစ်ညူးစေခြင်းငှါ သတိထားကြရပါမည်။

ထို့ကြောင့် ၁ ကော ၈း၈ ထဲတွင် ထိုသို့ အားနည်းသောသူနှင့် အသိဉာဏ် "ပို၍ရင့်ကျက်" သည်ဟုထင်ရသောသူတို့အကြောင်းကို ဖော်ပြခဲ့ပါသည်။ အားနည်းသောအသိစိတ်ရှိသည့် ညီအစ်ကိုတို့က ရုပ်တုရှေ့၌ပူဇော်သောအစားအစာနှင့်ပတ်သက်၍ သူတို့၏အယူသီးခြင်းများကို စွန့်ပစ်ဖို့ရန်ဖြစ်ပါသည်။ ဈေးမှဝယ်ယူထားသောအစားအစာများကို သူတို့ရှောင်ကြဉ်ရမည်လော။ ထိုသို့သောအစားအစာ၌ တန်ခိုးမရှိသောကြောင့် မိမိကိုယ်ကိုအပြစ်မကင်းဟု ထင်ဖို့မလိုပါ။

တစ်ဖက်တွင် ရင့်ကျက်သောသူသည်လည်း အစားအစာစားသောက်ခြင်းက ဘုရားသခင်ရှေ့၌ ထူးခြားသောအသက်တာမပိုင်ဆိုင်စေကြောင်း သိမှတ်ရပါမည်- "ဘုရားသခင်၏နိုင်ငံတော်သည် အစားအသောက်၌မတည်။ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခံရသော ဝမ်းမြောက်ခြင်း၌တည်၏" (ရောမ ၁၄း၁၇)။

ထိုနည်းတူ ကျွန်တော်တို့သည်လည်း အားနည်းသောညီအစ်ကိုတို့၏ အသိစိတ်ကို မညစ်ညူးစေခြင်းငှါ သတိထားကြရပါမည်။ ညီအစ်ကိုအပေါ် ကိုယ်ချင်းစာတရားထားရမည့်ဝတ္တရားအကြောင်းကို ရောမ ၁၅း၁-၂ ထဲတွင် ဤသို့ဖော်ပြထားပါသည် - "သို့ဖြစ်၍ အားရှိသောငါတို့သည် ကိုယ်အလိုသို့မလိုက်၊ အားနည်းသောသူတို့၏ အားနည်းခြင်းကို သည်းခံရကြမည်။ ထိုသို့ငါတို့ရှိသမျှသည် ကိုယ်နှင့်စပ်ဆိုင်သောသူ၏အကျိုးကိုထောက်၍၊ သူ့ကိုတည်ဆောက်စေခြင်းငှါ သူ၏အလိုသို့လိုက်ကြကုန်အံ့"။

**ဆင်ခြင်ရန်** - ခရစ်ယာန်တို့သည် ယုံကြည်ခြင်း၌ကြီးထွားမည်အကြောင်း အချင်းချင်း ကူညီမစကြရပါမည်။

**ဆုတောင်းချက်** - အဘဘုရား၊ သူတပါးအပေါ် ကိုယ်ချင်းစာစိတ်ရှိမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၇)
**၁ ကော ၈း၉-၁၃**
သု ၂၅း၂၆

*"သို့သော်လည်း၊ သင်တို့အခွင့်ကို အားနည်းသောသူတို့၌ ထိမိ၍ လဲစရာ အကြောင်းမဖြစ်စေခြင်းငှါ သတိပြုကြလော့"*

## သူတပါးထိမိ၍လဲစရာအကြောင်းမဖြစ်ပါနှင့်

ကောရိန္တုခရစ်ယာန်တို့၏ ခရစ်တော်၌တည်သော အစားအစာအလုံးစုံစားရသောအခွင့်သည် အပြစ်ပြုရသောအခွင့်မဟုတ်ဘဲ၊ သူတပါးအပြစ်ပြုစေခြင်းအခွင့်လည်းမဟုတ်ပါ။ အသိဉာဏ်နှင့် ချစ်ခြင်းမေတ္တာတို့သည် ယှဉ်တွဲလျက်ရှိကြရပါမည်။

ကောရိန္တုခရစ်ယာန်တို့သည် အားနည်းသောညီအစ်ကိုတို့အပေါ် ထားရှိသော ချစ်ခြင်းမေတ္တာအားဖြင့် ပို၍ကိုယ်ချင်းစာစိတ်ရှိကြရပါမည်။ ထို့ကြောင့် မိမိတို့၌အခွင့်ရှိသော်လည်း ရုပ်တုကိုးကွယ်ခြင်းပြုသောနေရာ၌ စားသောက်ခြင်းမပြုလုပ်သင့်ပါ။ နုနယ်သောယုံကြည်သူတို့က ရင့်ကျက်သောယုံကြည်သူတို့သည် ရုပ်တုရှေ့၌ပူဇော်သောအစားအစာ စားသောက်သည်ကိုမြင်လျှင် သူတို့ကိုယ်တိုင်ထိုသို့ပြုခြင်းငှါ၊ ရဲရင့်ခြင်းရှိနိုင်သည်မဟုတ်လော။ ထိုနည်းဖြင့် အားနည်းသောညီအစ်ကိုတို့ကို အပြစ်ပြုခြင်းလမ်းသို့ ခေါ်ဆောင်နိုင်ပြီး၊ ထိုအားနည်းသော ညီအစ်ကိုတို့သည် အဆိုးအကောင်းမခွဲခြားနိုင်ဘဲ ပို၍ပျက်စီးခြင်းသို့ ရောက်နိုင်ပါသည်။

ပေါလုက ကောရိန္တုခရစ်ယာန်တို့၏ ကိုယ်ချင်းစာစိတ်မရှိခြင်းအကျင့်က သူတို့ညီအစ်ကိုတို့ကို "ပျက်စီးခြင်း" သို့ ရောက်စေနိုင်ကြောင်း သေချာဖော်ပြခဲ့ပါသည် (၁ ကော ၈း၁၁)။ ညီအစ်ကိုတို့ရှေ့၌ ကျွန်တော်တို့သည် ထိမိ၍လဲစရာအကြောင်းဖြစ်သောအခါ၊ ကျွန်တော်တို့သည် သူတို့၏ အသက်တာကို ဖျက်ဆီးရာရောက်၍၊ ဘုရားသခင်အဖို့ သူတို့သည် ကောင်းသောသက်သေမဖြစ်နိုင်ကြတော့ပါ။

ထို့ကြောင့် ပေါလုက ကောရိန္တုခရစ်ယာန်တို့အား ခရစ်တော်သည် အားနည်းသောညီအစ်ကိုတို့အတွက်လည်း အသေခံခဲ့ကြောင်း အသိပေးခဲ့၏။ ထိုသို့ဆိုလျှင် ထိုညီအစ်ကို၏ အဆိုးအကောင်းခွဲခြားခြင်းစိတ်ကို ဖျက်ဆီးခြင်းငှါ မည်သူက သင်တို့အားအခွင့်ပေးပါသနည်း။ ခရစ်တော်အတွက် ကောင်းသောသက်သေဖျက်ဆီးခြင်းသည် အလွန်မတရားသောအမှုမဟုတ်ပါသလော။ ပေါလုသည် ညီအစ်ကိုလမ်းမှားရောက်မည့်အစား မိမိ၌ရှိသော အဘယ်အခွင့်အာဏာမဆို ပို၍စွန့်လွှတ်လိုခြင်းရှိ၏။ အကျွန်ုပ်တို့သည်လည်း ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်၏ အနိုင်အထက်ပြုခြင်းအားဖြင့် ထိုနည်းတူ ပြုကြရပါမည်။

ညီအစ်ကိုတို့ ထိမိ၍လဲစရာမဖြစ်မည်အကြောင်း ကျွန်တော်တို့အားလုံး သတိထားကြရပါမည်။ သူတပါးထိမိ၍လဲစရာအကြောင်းဖြစ်ခြင်းသည် အပြစ်ဖြစ်၍၊ ခရစ်တော်ကို ဆန့်ကျင်ခြင်းဖြစ်ပါသည်။ အကျွန်ုပ်တို့၏အကျင့်သည် ခရစ်တော်၏သတင်းကောင်းနှင့်အညီ အစဉ်ကိုက်ညီမှုရှိပါစေသော်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ကယ်တင်ရှင်အဖို့ ကောင်းသောသက်သေဖြစ်ရပါမည်။
**ဆုတောင်းချက်** - အဘဘုရား၊ သူတပါးထိမိ၍ လဲစရာမဖြစ်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ အောက်တိုဘာ (၈)

**၁ ကော ၈း၉-၁၃**

ရာမ ၁၅း၁-၇

*“သို့သော်လည်း ထိုဉာဏ်ကို လူတိုင်းမရ. . ”*

# ပုံသက်သေဖြစ်ပါလော့

ထိမိ၍လဲစရာအကြောင်းဖြစ်ခြင်းသည် မကောင်းသောအကျင့်အားဖြင့် သူတပါးအား ခရစ်တော်အပေါ် ပြစ်မှားခြင်းငှါ လမ်းပြခြင်းဖြစ်၏။ သို့သော်လည်း အချို့သောသူသည် ဖြောင့်မတ်စွာနေထိုင်သောသူတို့အား၊ မိမိကို လဲကျစေသောသူဟု မိမိအပြစ်ကို ဖုံးကွယ်ခြင်းငှါ စွပ်စွဲတတ်ကြပါသည်။ ထိုသို့သော စိတ်သဘောသည် ဆိုးယုတ်သောစိတ်သဘောဖြစ်ပါသည်။ အမှန်မှာ ကျွန်တော်တို့သည် ခရစ်တော်နောက်ကိုလိုက်သောသူတို့၏နောက်သို့ ကြိုးစားလိုက်လျှောက်ကြရပါမည်။ ထို့ကြောင့်ပေါလုက ၁ ကော ၁၁း၁ ထဲတွင် “ငါသည် ခရစ်တော်၏နည်းတူ ကျင့်သကဲ့သို့ သင်တို့လည်း ငါ့နည်းတူ ကျင့်ကြလော့” ဟုဆိုခဲ့၏။

၁ တိ ၄း၁၂ ထဲတွင် ပေါလုက ငယ်ရွယ်သောသင်းအုပ်ဆရာတိမောသေအား ဤသို့အားပေးခဲ့ပါသည်- “သင်၏အသက်အရွယ်နုပျိုသည်ကို အဘယ်သူမျှ မထီမဲ့မြင်မပြုစေနှင့်။ စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတပါးကိုချစ်ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ ယုံကြည်သောသူတို့အား ပုံသက်သေကိုပြလော့”။ ဤအချက်တို့သည် သင်းအုပ်ဆရာများအဖို့ဖြစ်သော်လည်း ယုံကြည်သူတိုင်းအတွက် လိုက်လျှောက်ရမည့်လမ်းစဉ်ဖြစ်ပါသည်။ သူတပါးအတွက် စံနမူနာဖြစ်ခြင်းငှါ ခရစ်တော်ကျင့်သကဲ့သို့ ကျွန်တော်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် အစွမ်းကုန်ကြိုးစားကျင့်ကြံနေထိုင်ကြရပါမည်။ ထိုသို့ပြုခြင်းသည် ၁ ကော ၈း၉-၁၃ ၏ လိုက်လျှောက်ရန်တိုက်တွန်းနှိုးဆော်ချက်ဖြစ်ပါသည်။

သို့သော်လည်း ခရစ်တော်အတွက် ကောင်းသောသက်သေဖြစ်နေသောသူများကို အချို့သောသူက ထိမိ၍လဲစရာအကြောင်းဖြစ်ကြသည်ဟု တခါတရံစွပ်စွဲတတ်ကြ၏။ ထိုသို့သော စွပ်စွဲချက်ကြောင့် စိတ်ပျက်အားငယ်ခြင်းမရှိပါနှင့်။ “တပည့်သည်ဆရာကဲ့သို့၎င်း၊ ကျွန်သည်သခင်ကဲ့သို့၎င်းဖြစ်လျှင် သင့်လောက်ပေ၏။ အိမ်ရှင်ကို ဗေလဇေဗုလဟုခေါ်ဝေါ်ကြလျှင် အိမ်သူအိမ်သားတို့ကို သာ၍ခေါ်ဝေါ်ကြလိမ့်မည်” (မသဲ ၁၀း၂၅)။ ထိုနည်းတူ ဧလိယအား “ဣသရေလအမျိုးကို နှောင့်ယှက်သောသူ” (၃ ရာ ၁၈း၁၇) ဟုစွပ်စွဲခဲ့ကြ၏။ ထို့ကြောင့် အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တော်ကို ကိုင်စွဲလျက်၊ ခရစ်တော်အတွက် သင်တို့၏အလင်းကို ပို၍လင်းစေခြင်းငှါ ဆက်လက်အားထုတ်ကြပါလော့။ သူတပါးထိမိ၍လဲစရာအကြောင်းမဖြစ်ဘဲ၊ ခရစ်တော်နည်းတူကျင့်သော ပုံသက်သေကောင်းဖြစ်ခြင်းငှါ ကြိုးစားအားထုတ်ကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသက်တာ၌ ခရစ်တော်ကို သူတပါးမြင်စေရပါမည်။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏သခင်ခရစ်တော်နည်းတူ ကျင့်မည်အကြောင်း မစတော်မူပါ။

## စစ်မှန်သောတမန်တော်

၁ ကော ၉ ထဲတွင် ရှင်ပေါလုက ခရစ်ယာန်၏လွတ်လပ်ခြင်းတရားကို ရှင်းပြခဲ့ပါသည်။ တမန်တော်ပေါလုသည် ခရစ်တော်သတင်းကောင်းပျံ့နှံ့ခြင်းအတွက် မိမိ၏အခွင့်အာဏာကို လျစ်လျူရှုသော အချိန်ရှိတတ်၏။ ကောရိန္သုခရစ်ယာန်တို့သည်လည်း ထိုနည်းတူ ပြုစေခြင်းငှါ ပေါလု ဆန္ဒရှိခဲ့၏။ သို့မှသာ ခရစ်တော်၏ဘုန်းတော်သည်ထင်ရှား၍ သန့်ရှင်းသူတို့သည် တည်ဆောက်ကြီးထွားခြင်းရှိကြလိမ့်မည်ဖြစ်သည်။

ပေါလုက မိမိတမန်တော်ဖြစ်ခြင်းအကြောင်း၏ စစ်မှန်မှုကို ရှေးဦးစွာဖော်ပြခဲ့ပါသည်။ သူသည် အသင်းတော်တည်ထောင်ခြင်းငှါဌင်း၊ ခရစ်တော်၏နာမတော်ကို မကြားမသိသောအရပ်၌ ခရစ်တော်အကြောင်း ဟောပြောခြင်းငှါဌင်း (ရောမ ၁၅း၂၀)၊ ခရစ်တော်၏စေခိုင်းခြင်းကို ခံရခဲ့ပါသည်။ သူသည် စစ်မှန်သောတမန်တော်ဖြစ်သောကြောင့် အခြားတမန်တော်များကဲ့သို့ပင် တရားဟောခြင်း၌ဌင်း (၁ သက် ၂း၁၃)၊ သမ္မာတရားရေးသားခြင်း၌ဌင်း (၂ တိ ၃း၁၆)၊ မမှားနိုင်သောသူဖြစ်ပါသည်။

ပေါလုက ၁ ကော ၉း၁ ထဲတွင် ကောရိန္သုလူတို့အား “ဟုတ်ပါ၏” ဟုဖြေရမည့် မေးခွန်းလေးခု ဤသို့မေးခဲ့ပါသည်။

(၁) ငါသည် တမန်တော်ဖြစ်သည်မဟုတ်လော။ (ဟုတ်ပါ၏)
(၂) ငါသည်လူလွတ်ဖြစ်သည်မဟုတ်လော။ (ဟုတ်ပါ၏)
(၃) ငါတို့သခင်ယေရှုခရစ်ကို မြင်ရပြီမဟုတ်လော။ (ဟုတ်ပါ၏)
(၄) သင်တို့သည် သခင်ဘုရား၌ ငါလုပ်သောအလုပ်ဖြစ်ကြသည်မဟုတ်လော။ (ဟုတ်ပါ၏)

ဤအချက်တို့မှ အချက်နှစ်ချက်သည် ပေါလု၏ စစ်မှန်သောတမန်တော်ဖြစ်ခြင်းအကြောင်းကို သက်သေခံလျက်ရှိပါသည်။ ပထမအချက်မှုကား ပေါလုသည် သခင်ယေရှုခရစ်တော်အား ဒမာသက်မြို့သွားရာလမ်း၌ ကိုယ်တိုင်မြင်တွေ့ခဲ့၏ (တမန် ၉း၁-၂၂)။ ဒုတိယအချက်မှုကား ကောရိန္သုအသင်းတော်တည်ရှိခြင်းအကြောင်းသည် သူ၏တမန်တော်ဖြစ်ခြင်းအကြောင်း၏ “တံဆိပ်” (၁ ကော ၉း၂) ဖြစ်ပါသည်။ “တံဆိပ်” ဆိုသည်မှာ ပိုစာ၊ လက်မှတ်နှင့် အရာဝတ္ထုအပေါ်၌ စစ်မှန်ကြောင်း ထုနှက်ထားသောအရာဖြစ်ပါသည်။ ထို့ကြောင့် ပေါလုက ကောရိန္သုအသင်းတော်၌ မိမိပြုသောအမှုသည် မိမိ၏တမန်တော်ဖြစ်ခြင်းသက်သေဖြစ်သည်ဟု ဆိုခြင်းဖြစ်ပါသည်။ အကြောင်းမှာ ထိုအသင်းတော်သည် သခင်ဘုရား၌ ပေါလုအမှုတော်ဆောင်ခြင်း၏ အကျိုးရလဒ်ဖြစ်ပါသည်။

ယနေ့၌မိမိကိုယ်ကို တမန်တော်ဟုဆိုသောသူများရှိကြသော်လည်း အထက်၌ဖော်ပြထားသောအချက်နှင့် ကိုက်ညီမှုမရှိကြပါ။ တမန်တော်ပေါလု၏သွန်သင်ခြင်းနှင့်ဌင်း၊ အသက်တာနှင့်ဌင်း ယှဉ်၍မရကြပါ။ လှည့်ဖြားခြင်း မခံကြပါနှင့်။

**ဆင်ခြင်ရန်** - ယနေ့မှားယွင်းသောခေတ်ကြီး၌ အဆိုးအကောင်းခွဲခြားနိုင်သောအသိဉာဏ် အကျွန်ုပ်လိုအပ်လှပါ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ပေါလုနည်းတူ အကျွန်ုပ်သည် အကျွန်ုပ်တာဝန်၌ သစ္စာရှိမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၁၀)
**၁ ကော ၉း၃-၆**
၂ ကော ၁၁း၁၆-၃၃ *"ငါတို့သည် စားသောက်ခြင်းအခွင့် မရှိသလော"*

## အကျွန်ုပ်၏အခွင့်အာဏာ (၁)

မိမိ၏စစ်မှန်သောတမန်တော်ဖြစ်ခြင်းအကြောင်းကို သက်သေပြပြီးနောက်၊ ပေါလုသည် မိမိ၏တမန်တော်အခွင့်အာဏာများကို ဤသို့ဆက်လက်ဖော်ပြခဲ့ပါသည်။ တမန်တော်တစ်ဦးအနေဖြင့် ဖော်ပြပါအခွင့်များရရှိနိုင်ပါသည်-

(၁) ခန္ဓာကိုယ်လိုအပ်သောအရာအစားအသောက်အတွက် ထောက်ပံ့ခြင်း (၁ ကော ၉း၄)။ သို့သော်လည်း ပေါလုသည် သာသနာပြုခရီးစဉ်များ၌ ညှင်းပန်းနှိပ်စက်ခြင်းခံရသောကြောင့် အစာရေစာငတ်မွတ်ခြင်း ကြုံရသောအချိန်များရှိ၏။ "ပင်ပန်းစွာအမှုဆောင်ရွက်ခြင်း၊ အကြိမ်များစွာ မအိပ်ဘဲစောင့်နေခြင်း၊ မွတ်သိပ်ခြင်း၊ ရေငတ်ခြင်း၊ အကြိမ်ကြိမ်အစာရှောင်ခြင်း၊ အချမ်းအအေးခံရခြင်း၊ အဝတ်အချည်းစည်းရှိခြင်း ဤဆင်းရဲခြင်းများကိုငါခံခဲ့ပြီ" (၂ ကော ၁၁း၂၇)။

(၂) အိမ်ထောင်ပြုခြင်း၊ ယုံကြည်သူဇနီးမယားနှင့်အတူ ခရီးသွားခြင်း (၁ ကော ၉း၅)။ ဇနီးသည်၏အဖော်ပြုခြင်းရှိခဲ့ပါလျှင် အထီးကျန်သောအချိန်များ၌ ပေါလုသည် အလွန်စိတ်သက်သာရာရောက်ခဲ့ပါလိမ့်မည်။ သခင်ယေရှုခရစ်တော်၏ ညီအစ်ကိုများနှင့် ပေတရုတို့သည် သူတို့ဇနီးသည်များ၏ အဖော်ပြုခြင်းကို ခံရခဲ့ပါသည်။ သို့သော်လည်း ပေါလုသည် ထိုအခွင့်ကို မရယူခဲ့ပါ။

အချို့သောသူက ဤကျမ်းပိုဒ်အားဖြင့် ပေါလုသည် တစ်ကြိမ်တစ်ခါ အိမ်ထောင်ပြုခဲ့ဖူးသည်ဟု ဆိုကြ၏။ သို့သော်လည်း ၁ ကော ၇း၈ ထဲတွင် ပေါလုက ငါကဲ့သို့ မယားမရှိသောသူနှင့် မုဆိုးမတို့သည် ထိုသို့ဆက်လက်နေထိုင်လျှင် သာ၍ကောင်း၏ဟု ရေးသားခဲ့ပါသည်။ ထို့ကြောင့် ပေါလုသည် လူပျိုကြီး၊ မယားမရှိသောသူဟု ထင်ရပါသည်။

အဘယ့်ကြောင့်ပေါလုသည် အိမ်ထောင်မပြုခဲ့ပါသနည်း။ ၁ ကော ၇း၂၅-၃၅ ထဲတွင် အချို့သောအဖြေဖော်ပြခဲ့ပါသည်။ အိမ်ထောင်ပြုသောသူတို့သည် အိမ်ထောင်ရေးဒုက္ခပြဿနာများ ကြုံတွေ့ရကြလိမ့်မည်။ ဤအချက်က ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းအမှု၌ အာရုံစူးစိုက်မှုလျော့နည်းစေပါလိမ့်မည်။ သခင်ခရစ်တော်အလျှင်အမြန်ကြွလာတော်မူမည်အကြောင်း မျက်မှောက်ပြုခြင်းကြောင့် တမန်တော်ပေါလုသည် သာသနာပြုခြင်းအမှုအတွက် စက္ကန့်တိုင်း မိမိကိုယ်ကို ပေးဆပ်လို၏။ ထို့ကြောင့် အခြားသောတမန်တော်များနည်းတူ ယုံကြည်သူမယားယူခွင့်ရှိသော်လည်း၊ ပေါလုသည် မယူဘဲနေခဲ့၏။

**ဆင်ခြင်ရန်** - ခရစ်တော်အတွက် အကျွန်ုပ်၏အခွင့်အရေးကို ကျွန်တော်ဆုံးရှုံးဝံ့ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်အတွက် ရှိသမျှကို ကျွန်တော်စွန့်လိုပါ၏။

ကြာသပတေး၊ အောက်တိုဘာ (၁၁)
**၁ ကော ၉း၃-၆**
တ ၁၈း၁-၃

*“အလုပ်မလုပ်ဘဲ နေရသောအခွင့်မရှိဟု ဆိုရသလော”*

## အကျွန်ုပ်၏အစွင့်အာဏာ (၂)

(၃) အလုပ်မလုပ်ဘဲနေရသောအခွင့် (၁ ကော ၉း၆)။

မိမိ၏လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းငှါ ပေါလုသည် တဲရှင်ချုပ်ခြင်းအလုပ်ကို မိမိလက်ဖြင့် လုပ်သောအချိန်ရှိခဲ့ပါသည် (တမန် ၁၈း၁-၃၊ ၂ သက် ၃း၇-၁၀)။ တမန်တော်တစ်ဦးအနေဖြင့် ခရစ်တော်၏အမှုတော်ကို ဆောင်ရွက်ခြင်းကြောင့် အသင်းတော်ထံမှ ထောက်ပံ့ကြေးတောင်းရသောအခွင့်ရှိသော်လည်း မတောင်းဘဲထိုသို့အလုပ်လုပ်ခြင်းဖြစ်ပါသည် (နှိုင်း ၁ ကော ၉း၈-၁၁)။

အချို့သောသူက ၁ ကော ၉း၆ ကိုအခြေခံ၍ “မိမိကိုယ်ကိုထောက်ပံ့ခြင်း” ကိုအားပေးထောက်ခံကြ၏။ ဤသည်ကား တစ်စုံတယောက်သောသူသည် အမှုတော်ဆောင်ရွက်လို၍ အသင်းတော်မှ ထောက်ပံ့ခြင်း အနည်းငယ် (သို့) လုံးဝမရရှိသဖြင့် အမှုတော်မဆောင်ရွက်သောအချိန်၌ မိမိကိုယ်ကို ထောက်ပံ့ခြင်းငှါ အပြင်အလုပ်ကို လုပ်ကိုင်ခြင်းဖြစ်ပါသည်။

သို့သော်လည်း “မိမိကိုယ်ကိုထောက်ပံ့ခြင်း” အမှုသည် မိမိသာသနာပြုသောအချိန်တစ်လျှောက်လုံး လုပ်ဆောင်ရမည့်နည်းလမ်းအဖြစ် တမန်တော်ပေါလုမမြင်ပါ။ ထိုသို့မိမိကိုယ်ကိုထောက်ပံ့ခြင်းအလုပ်လုပ်ရခြင်းအကြောင်းရင်းမှာ မိမိလိုအပ်သောအရာများကို ထောက်ပံ့နိုင်လောက်အောင် အသင်းတော်သည် မရင့်ကျက်၊ မကြီးထွားသေးသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ပေါလုသည် ဘုရားသခင်၏အမှုတော် အဆင်ပြေချောမွေ့ခြင်းငှါ မိမိခံထိုက်သောအခွင့်ကို ဘေးဖယ်လျက် မိမိလက်ဖြင့် အလုပ်လုပ်ရခြင်းဖြစ်ပါသည်။ တမန်တော်ပေါလု၏ ကိုယ်ကျိုးစွန့်ခြင်းစိတ်သဘောထားဖြစ်ပါသည်။

သမ္မာကျမ်းစာ၌အခြေခံသော သာသနာပြုခြင်းလမ်းစဉ်ဟူမှုကား အသင်းတော်သည် တရားဟောဆရာအား အသင်းတော်တည်ထောင်ခြင်းငှါ စေလွှတ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် သာသနာပြုဆရာသည် တရားဟောခြင်းအမှုကို လုံးဝအာရုံစူးစိုက်နိုင်မည်အကြောင်း အသင်းတော်က ထိုသာသနာပြုဆရာကို ထောက်ပံ့ရမည်ဖြစ်ပါသည်။ ဤအချက်နှင့်ပတ်သက်၍ ပို၍ပြည့်စုံစွာ ရှင်ပေါလုက အခြားကျမ်းပိုဒ်၌ဖော်ပြခဲ့ပါသည်။

George Muller ကလည်း မိမိစောင့်ရှောက်သော မိဘမဲ့များ၏နေ့စဉ်အစားအသောက်အတွက် ဘုရားသခင်ကို လုံးဝယုံကြည်အားကိုးခြင်းဟူသော လမ်းစဉ်ကို အသုံးပြုခဲ့၏။ အဘယ်သူ၏ အကူအညီမျှမယူဘဲ၊ မတောင်းလျှောက်ဘဲ မိဘမဲ့စောင့်ရှောက်ခြင်းကို စတင်ခဲ့ပြီး၊ ရှင်သန်ခဲ့ပါသည်။ Muller သည် ဘုရားသခင်ထံ၌သာ ဆုတောင်းခြင်းပြုခဲ့ပြီး၊ ဘုရားသခင်ကလည်း သူတို့၏လိုအပ်မှုမှန်သမျှကို ထောက်ပံ့တော်မူခဲ့၏။

**ဆင်ခြင်ရန်** - နေ့စဉ်အစားအစာအတွက် ဘုရားသခင်ကို အကျွန်ုပ်ယုံကြည်ကိုးစားရပါမည်။
**ဆုတောင်းချက်** - အိုထာဝရဘုရား၊ အကျွန်ုပ်အသက်မွေးလောက်သောအစာ ယနေ့ပေးသနားတော်မူပါ။

## လုပ်အားခ

၁ ကော ၉း၇ ထဲတွင် ဖော်ပြထားသော မေးခွန်း၌ ပေါလုသည် နေ့စဉ်အသက်တာ၌တွေ့ရသော လုပ်အားခအကြောင်းကို ဖော်ပြခဲ့ပါသည်။

(၁) ရောမခေတ်၌အဘယ်စစ်သားကမျှ အခြေခံလစာမရဘဲ စစ်မတိုက်လိုကြပါ။
(၂) စပျစ်ဥယျာဉ်မှူးသည် မိမိကြိုးစားအားထုတ်မှုအတိုင်း ရိတ်သိမ်းချိန်၌ ခံရမည်အကြောင်း မျှော်လင့်ခြင်းရှိ၏။
(၃) သိုးထိန်းသည်လည်း မိမိထိန်းကျောင်းသော သိုးစုထံမှနို့ရည်ရရှိမည်ဟု မျှော်လင့်ခြင်းရှိ၏။

ထို့ပြင်ပေါလုက တရား ၂၅း၄ ကို ကိုးကားလျက် ဘုရားသခင်ချမှတ်သော လုပ်အားခအကြောင်းကို ဆက်လက်ဖော်ပြခဲ့၏- "စပါးနင်းနယ်သော နွား၏နှုတ်ကိုမချုပ်တည်းရ"။ ဤပညတ်တရားက ဣသရေလလူမျိုးတို့အား မိမိတို့၏ တိရိစ္ဆာန်တို့ကို ကောင်းမွန်စွာပြုစုရမည်အကြောင်း သွန်သင်လျက်ရှိ၏။ ကျွန်တော်တို့အတွက် အလုပ်လုပ်သော တိရိစ္ဆာန်တို့ကို သူတို့ခံထိုက်သော အစားအစာ ကောင်းမွန်စွာတိုက်ကျွေးကြရပါမည်။ သို့ဆိုလျှင် အကျွန်ုပ်တို့၏ညီအစ်ကိုတို့ကို ပို၍ ဂရုစိုက်ကြရမည်အကြောင်း၊ ဤအကြောင်းတရားက သင်ပေးသည်မဟုတ်လော။

ထို့ပြင် ခရစ်တော်၏တမန်တော်ပေါလုသည် ကောရိန္သုအသင်းတော်၌ ဝိညာဉ်ရေးရာနှင့် ပတ်သက်သော ဘုရားသခင်၏နှုတ်ကပတ်တော်များကို သင်ပေးခဲ့ပါသည်။ ထိုအရာသည် ဤလောကီအရာတို့ထက် အလွန်သာ၍မြတ်သောအရာဖြစ်ပါသည်။ ထို့ကြောင့် ဝိညာဉ်ရေးရာအမှုကိုဆောင်ရွက်သော တမန်တော်သည် ထိုသူတို့ထံမှ ခန္ဓာကိုယ်လိုအပ်သောအရာမျှော်လင့်ခြင်းသည် ဖြစ်သင့်သည်မဟုတ်လော။

ပေါလုက နှုတ်ကပတ်တော်ဟောပြောသောသူတို့သည် လူထုထံမှ လုပ်အားခပို၍ တောင်းရမည်ဟု သွန်သင်ခြင်းမဟုတ်ပါ။ သတင်းကောင်းအဆင်ပြေချောမွေ့စွာ ပျံ့နှံ့နိုင်မည်အကြောင်း ပေါလုသည် မိမိခံထိုက်သော လုပ်အားခကို လျစ်လျူရှုသကဲ့သို့ ယုံကြည်သူအပေါင်းတို့သည်လည်း ပေါလုကိုသာဓကပြု၍ ကျင့်ကြံနေထိုင်ကြရပါမည်။ ခရစ်တော်၏နိုင်ငံတော်ကျယ်ပြန့်ခြင်းအတွက် သင်၏အခွင့်အရေးကို သင်စွန့်လွှတ်ဝံ့ပါသလား။

**ဆင်ခြင်ရန်** - ". . . လုပ်ဆောင်သောသူသည် အခကိုခံထိုက်ပေ၏. . . " (လုကာ ၁၀း၇)။
**ဆုတောင်းချက်** - "ထာဝရဘုရား၊ အကျွန်ုပ်အသက်တာကို ကိုယ်တော်အဖို့ သန့်ရှင်းစေတော်မူပါ"။

စနေ၊ အောက်တိုဘာ (၁၃)

**၁ ကော ၉း၇-၁၂**

ယော ၁၂း၁-၉ *"လုပ်ဆောင်သောသူသည် အခကိုခံထိုက်ပေ၏"*

## သင့်ဝမ်း၏အမှုကိုသာ သင်ဆောင်ရွက်သလော

ပေါလုသည် သတင်းကောင်းပျံ့နှံ့ဖို့ရန်အတွက် မိမိခံထိုက်သောလုပ်အားခကို လျစ်လျူရှုခဲ့၏။ သို့သော်လည်း မှားယွင်းသောဆရာတို့၏စိတ်သဘောသည် ထိုသို့မဟုတ်ပါ။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်သက်သေခံခြင်းထက် မိမိတို့၏ဝမ်းအတွက် အသက်ရှင်ကြ၏။ ဥပမာအားဖြင့် ပိုက်ဆံအတွက် ခရစ်တော်ကိုသစ္စာဖောက်ခဲ့သော ယုဒသည် ထိုသို့သောပုဂ္ဂိုလ်ဖြစ်၏။

အောက်ဖော်ပြပါအချက်သည် ယောဟန် ၁၂း၁-၉ မှ ယုဒအကြောင်း သိက္ခာတော်ရဆရာ Timothy Tow ၏ တရားဟောဖော်ပြချက်ဖြစ်ပါသည်-

"စတင်စကားပြောသောသူသည် ယုဒရှကာရုတ်ဖြစ်ပါသည်။ သူသည် ခရစ်တော်နောက်လိုက်စဉ် ၃ နှစ်အတွင်း၌ စကားတစ်ခွန်းမျှမပြောခဲ့ပါ။ ထို့ကြောင့် မည်သို့သောပုဂ္ဂိုလ်ဖြစ်သည်ကို သင်တို့သုံးသပ်၍မရပါ။ သို့သော်လည်း ယေရှုသည် ငါးထောင်သောသူအကျွေးအမွေးအပြီး၌ သူ့ကို ရှင်းလင်းစွာသိမြင်ခဲ့၏။ ယေရှုက ယုဒသည် မိမိကို သစ္စာဖောက်မည့်သူဖြစ်ကြောင်း ဖော်ထုတ်ခဲ့ပါသည်။ ဤအခန်းကြီး ၁၂ ၌ တမန်တော်ယောဟန်က ယုဒသည် မိမိအကျိုးအတွက် ပိုက်ဆံအိတ်ကိုင်သောသူဖြစ်သောကြောင့် ယုဒ၏သစ္စာမရှိခြင်းကို ဖော်ပြခဲ့၏။ ထို့ကြောင့်ယုဒသည် ယနေ့ ဒေါ်လာ ၃၀၀၀ တန် ရေမွှေးဖြင့် ယေရှုအား မာရိကလိမ်းခြင်းကို ဆန့်ကျင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုပိုက်ဆံကို 'ဆင်းရဲသားအတွက်' မိမိရယူလိုခြင်းဖြစ်ပါသည်။

ယုဒသည် မှားယွင်းသော အတုအယောင်ပရောဖက်ဖြစ်ပါသည်။ အသင်းတော်အား ရှင်ပေါလုသတိပေးသောအချက်၌ ဤယုဒကဲ့သို့သောပုဂ္ဂိုလ်ပါဝင်၏။ "ညီအစ်ကိုတို့ သင်တို့ခံရပြီးသောဆုံးမသြဝါဒနှင့်ဆန့်ကျင်ဘက်ဖြစ်သော သင်းခွဲခြင်း၊ မှားယွင်းခြင်းအကြောင်းကို ပြုတတ်သောသူတို့ကို မှတ်၍ရှောင်ကြလော့ဟု ငါသတိပေး၏။ အကြောင်းမူကား ထိုသို့သောသူတို့သည် ငါတို့သခင်ခရစ်တော်၏ အမှုကိုမဆောင်ရွက်ဘဲလျက်၊ မိမိတို့ဝမ်း၏အမှုကိုသာဆောင်ရွက်၍ လောကဝတ်စကားနှင့် ချော့မော့သောစကားအားဖြင့် စိတ်ကောင်းသောသူတို့ကို လှည့်ဖြားတတ်ကြ၏" (ရောမ ၁၆း၁၇-၁၈)။ ယုဒသည် ဘုရားသခင်၏အမှုမဟုတ်ဘဲ မိမိဝမ်း၏အမှုကိုသာ ဆောင်ရွက်ခဲ့ပါသည်။

ကျွန်တော်သည် ယခုဆိုလျှင် ၃၇ နှစ်လုံး Far Eastern Bible College ၏ ကျောင်းအုပ်ကြီးတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဘွဲ့ရ ၃၅၀ ရှိခဲ့ပြီ။ ထိုအထဲတွင် ယုဒပါခဲ့ပါသလား။ အသက်မွေးဝမ်းကျောင်းအနေဖြင့် အမှုတော်ဆောင်၍၊ အသင်းတော်၏ဘဏ္ဍာကို မိမိကိုယ်ကျိုးအတွက် အသုံးပြုခဲ့လျှင် ထိုသူသည် ယုဒပင်ဖြစ်သည်။ မိမိဝမ်းအတွက် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ခြင်းဖြစ်၏"။

**ဆင်ခြင်ရန်** - (၁ တိ ၆း၁၀ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - အဘဘုရား၊ ကြွယ်ဝချမ်းသာခြင်း၏ လှည့်ဖြားခြင်းမခံရမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၁၄)
**၁ ကော ၉း၁၃-၁၈**
တရား ၁၈း၁-၈

*“. . . ဧဝံဂေလိတရားကိုဟောသော သူတို့သည်ဧဝံဂေလိတရားကိုအမှီပြု၍ အသက်မွေးရမည်အကြောင်း . . . ”*

## တရားဟောဆရာများထောက်ပံ့ခြင်း

ထောက်ပံ့ခြင်းလမ်းစဉ်ကို ဓမ္မဟောင်းလေဝိအမျိုး ထောက်ပံ့ခြင်း (၁ ကော ၉း၁၃-၁၄) အားဖြင့် တရား ၁၈း၁-၈ ၌ ဤသို့ဖော်ပြခဲ့ပါသည်- “လေဝိသားယဇ်ပုရောဟိတ်အစရှိသော လေဝိသားအပေါင်းတို့သည် ဣသရေလအမျိုးသားတို့နှင့်ရော၍ အဘို့မရှိ၊ အမွေမခံရဘဲ ထာဝရဘုရား၏ အမွေတည်းဟူသော မီးဖြင့်ပြုသော ပူဇော်သက္ကာတို့ကို စားရကြမည်။ ထို့ကြောင့်သူတို့သည် ညီအစ်ကိုများနှင့်အတူ အမွေမခံရကြ။ ထာဝရဘုရားသည် အမိန့်တော်ရှိသည်အတိုင်း သူတို့၏ အမွေဖြစ်တော်မူ၏။ လူတို့သည် ယဇ်ပူဇော်သောအခါ နွားဖြစ်စေ၊ သိုးဖြစ်စေ၊ ယဇ်ပုရောဟိတ်ခံရသောအဘို့ ပခုံးတစ်ဘက်၊ ပါးနှစ်ဘက်၊ အအူများကိုဃင်း၊ အဦးသိမ်းသောစပါး၊ စပျစ်ရည်၊ ဆီ၊ သိုးမွေးကိုဃင်း လှူရမည်။ အကြောင်းမူကား သူမှစ၍ သားစဉ်မြေးဆက်တို့သည် ထာဝရဘုရား အခွင့်နှင့်အမှုတော်ကို အစဉ်ဆောင်ရွက်စေခြင်းငှါ သင်၏ဘုရားသခင်ထာဝရဘုရားသည် သင်၏ အမျိုးအနွယ်အပေါင်းတို့တွင် သူ့ကိုရွေးကောက်တော်မူပြီ။ ဣသရေလမြို့ရွာတို့၌ တည်းခိုသော လေဝိသားတစ်စုံတစ်ယောက်သည် ထာဝရဘုရားရွေးကောက်တော်မူသောအရပ်ကို ကြည်ညိုသော စိတ်အားကြီး၍ရောက်လာလျှင် ထာဝရဘုရားရှေ့တော်၌နေရာရသော ညီအစ်ကိုလေဝိသားအပေါင်း တို့နည်းတူ သူ၏ဘုရားသခင်ထာဝရဘုရားအခွင့်နှင့် အမှုတော်ကိုဆောင်ရွက်ရမည်။ သူ၏အမွေကို ရောင်း၍ရသောဥစ္စာမှတပါး၊ လေဝိသားများတို့နှင့်အတူ အညီအမျှခံရမည်”။

ဤလမ်းစဉ်ကို လေဝိသားတို့သည် မိမိတို့၏တာဝန်ဖြစ်သော ဘုရားသခင်၏နှုတ်ကပတ်တော်လေ့လာသင်ယူခြင်း၊ သင်ကြားပေးခြင်းကို စိတ်အနှောင့်အယှက်မရှိဘဲ ဆောင်ရွက်နိုင်ခြင်းငှါ ရည်ရွယ်၍ချမှတ်ခြင်းဖြစ်သည်။ ထို့ကြောင့် သူတို့သည် နယ်မြေမပိုင်ဆိုင်ရကြ။ လူတို့ယူဆောင်လာသော ဆယ်ဘို့တစ်ဘို့၊ ပူဇော်သက္ကာတို့အားဖြင့် အသက်မွေးကြရပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သစ္စာရှိစွာ သင်ကြားပေးခြင်းဖြင့် လူတို့၏စိတ်နှလုံးသည် တို့ထိခြင်းခံရ၍ သူတို့အတွက် လိုအပ်သော အထောက်အပံ့ကို ယူဆောင်ပေးလှူကြမည်ဖြစ်ပါသည်။

ထိုနည်းတူ ယနေ့တရားဟောဆရာတို့သည်လည်း ဗိမာန်တော်သို့ယူဆောင်လာသော ပူဇော်သက္ကာတို့အားဖြင့် အသက်ရှင်ခဲ့သော လေဝိများနည်းတူ “ဧဝံဂေလိတရားကို အမှီပြု၍ အသက်မွေးရမည်” ဖြစ်ပါသည် (၁ ကော ၉း၁၃-၁၄)။ ဘုရားသခင်၏ နှုတ်ကပတ်တော် ဟောပြောခြင်းအမှု၌ ထိုသူတို့အာရုံစူးစိုက်နိုင်မည်အကြောင်း၊ လူထုပရိသတ်ကလည်း အကူအညီပေးကြရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်တို့အသင်းတော်၌ တရားဟောဆရာများကို မည်သို့ထောက်ပံ့ပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ကိုယ်တော်၏ကျွန်တို့သည် သစ္စာရှိစွာ ဟောပြောကြမည်အကြောင်း မစသနားတော်မူပါ။

# အခမရလျှင်လည်း တရားဟောရပါမည်

ယဇ်ပုရောဟိတ်များနှင့် လေဝိအမျိုးတို့သည် ဗိမာန်တော်၌ရှိသောအစားအစာများကို စားသုံးခွင့်ရှိကြသော်လည်း၊ ထိုအခွင့်အရေးကို ဘုရားသခင်လူတို့၏ အကျိုးနည်းစေခြင်းငှါ အသုံးမပြုရပါ။ သူတို့သည် ပူဇော်သက္ကာအတွက် အဖိုးအခများစွာ တောင်းလျှောက်ခဲ့လျှင် မိမိတို့၏တာဝန်များကို ပေါ့ပေါ့တန်တန်ဆောင်ရွက်ခဲ့လျှင် ဘုရားသခင်လူတို့သည် ဒုက္ခရောက်ကြရမည်ဖြစ်၏။ ဤဝမ်းနည်းကြေကွဲဖွယ်အမှုကို ဧလိသရေလသမိုင်း၌တွေ့ခဲ့ရပါသည်။ ပြည်သူလူထုသည် ဝိညာဉ်ရေးရာ၌ ကောင်းစွာပြုစုခြင်းမခံရဘဲ ဗိမာန်တော်ဝတ်ပြုကိုးကွယ်ခြင်းကို မုန်းတီးလာကြ၏။ ဣသရေလသည် အကျင့်ပိုင်းဆိုင်ရာ၌ ဆုတ်ယုတ်လာခဲ့ပြီး ရုပ်တုဆင်းတုကိုးကွယ်လျက် ထာဝရဘုရားအဖို့ ကောင်းသောသက်သေမဖြစ်ခဲ့ပါ။

ထိုနည်းတူ မိမိအခွင့်အရေးကို အလွဲသုံးစားအသုံးပြုနေသော ယနေ့တရားဟောဆရာတို့သည်လည်း ဘုရားသခင့်အသင်းတော်ကို အန္တရာယ်ပြုလျက်ရှိပါသည်။ သူငှား၏အကျင့်လက္ခဏာ ဟူမူကား မိမိဝမ်းဖြည့်တင်းခြင်းသာဖြစ်ပါသည်။ သူတို့၏ လက်စွဲအဆိုမူကား “အခများများရလျှင် များများတရားဟော၊ အခနည်းနည်းရလျှင် နည်းနည်းတရားဟော၊ အခမရလျှင် တရားဟောခြင်းမရှိ” ဟူ၍ဖြစ်ပါသည်။ ထို့ကြောင့် ပေါလုသည် ဖိ ၃း၁၈-၁၉ ထဲတွင် ဤသို့ညည်းတွားခဲ့ပါသည်- “အကြောင်းမူကား အထက်အဖန်ဖန်ငါပြော၍ ယခုပင်မျက်ရည်ကျလျက်နှင့်ပြောသည်အတိုင်း၊ ခရစ်တော်၏လက်ဝါးကပ်တိုင်ကို ရန်ဘက်ပြု၍ကျင့်သောသူအများရှိကြ၏။ ထိုသူတို့သည် ပျက်စီးခြင်း၌ လမ်းဆုံးတတ်ကြ၏။ ထိုသူတို့၏ဘုရားမူကား မိမိတို့ဝမ်းပေတည်း။ မိမိတို့ရှက်ကြောက်ဖွယ်သောအကျင့်၌သာ မိမိတို့ဝါကြွားကြ၏။ လောကီအရာတို့ကိုသာ စိတ်စွဲလမ်းခြင်းရှိကြ၏”။

တမန်တော်ပေါလု၏ စိတ်သဘောသည် ထိုသို့မဟုတ်၊ အလွန်ထူးခြားလှပါသည်။ တရားဟောခြင်းငှါ တာဝန်ပေးအပ်ခံရခြင်းသည် ထိုအမှုကိုမရှောင်လွှဲဘဲ၊ ကြိုးစားအားထုတ်ဆောင်ရွက်ရမည်ဟု ပေါလုသတ်မှတ်ထားပါသည်။ မိမိ၏ခန္ဓာကိုယ်နှင့်ဆိုင်သော အခွင့်အရေးများကို သတင်းကောင်းအဆင်ပြေချောမွေ့စွာ တန်ခိုးတော်နှင့်တကွ လူတို့ထံ ဟောပြောနိုင်ခြင်းငှါ စွန့်လွှတ်လိုခြင်းရှိသောသူဖြစ်၏။ ပေါလုသည် ခရစ်တော်နှင့်ဘုရားသခင်၏လူတို့ကို ချစ်သောကြောင့် တရားဟောခြင်းအမှုအတွက် မိမိအခွင့်အာဏာများကို စွန့်လွှတ်ဝံ့သောသူဖြစ်၏။ အခရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ သတင်းကောင်းကို ဟောပြောလိုသောသူဖြစ်၏။

ထို့ကြောင့် စစ်မှန်သောတရားဟောဆရာ၏ စိတ်သဘောသည် “သတင်းကောင်းမဟောပြောလျှင် အကျွန်ုပ်၌ ကျိန်ခြင်းရှိ၏။ အခရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျွန်တော်တရားဟောရမည်” ဟူ၍ဖြစ်ပါသည်။

ချစ်သောညီအစ်ကိုတို့ အမှုတော်မြတ်အတွက် သင်ခေါ်ခြင်းခံရလျှင် ထိုသတင်းကောင်းအတွက် သင်၏အခွင့်အရေးများကို သင်စွန့်လွှတ်ဝံ့ရပါမည်။ ထိုသို့ သင် ပြုပါမည်လော။

**ဆင်ခြင်ရန်** - ခရစ်တော်အတွက် အကျွန်ုပ်သည် အရာခပ်သိမ်းကို စွန့်လွှတ်အနစ်နာခံရဲရပါမည်။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်စေလွှတ်တော်မူသော အဘယ်အရပ်သို့မဆို ကျွန်တော်သွားပါမည်။

**၁ ကော ၉း၁၉-၂၃**
မသဲ ၂၀း၂၈

*". . . သူတို့ကိုရခြင်းအလို့ငှါ လူတကာတို့၏ကျွန်ခံရ၏"*

## လူတကာတို့၏ကျွန်

၁ ကော ၉း၁၆-၁၈ ထဲတွင် ပေါလုက ခရစ်တော်၏တမန်တော်အဖြစ် ခေါ်ခြင်းခံရခြင်းသည် ခရစ်တော်၏သတင်းကောင်းအတွက် နာခံသောအစေခံကျွန်ဖြစ်ရမည်ဟု ရှင်းပြခဲ့ပါသည်။ အဘယ်အခြေအနေ၌မဆို သူသည် ခရစ်တော်၏သတင်းကောင်းဟောပြောခြင်းငှါ ဆန္ဒပြင်းပြခဲ့ပါသည်။ အခရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပေါလုသည် တရားဟောလို၏။

ပေါလုသည် ကောရိန္သုခရစ်ယာန်များ၏ ငွေကြေးထောက်ပံ့ခြင်းခံရသောသူမဟုတ်သောကြောင့် (၁ ကော ၉း၁၉)၊ သူတို့ထံ အမှုတော်ဆောင်ရွက်လိုသည်ဖြစ်စေ၊ မလိုသည်ဖြစ်စေ မိမိသဘောသာလျှင်ဖြစ်ပါသည်။ သို့သော်လည်း သတင်းကောင်းဟောပြောခြင်းငှါ မိမိစိတ်ထဲ၌ ဆန္ဒရှိသည်ဖြစ်သောကြောင့် (၁ ကော ၉း၁၆) ပေါလုသည် လူတကာတို့၏ကျွန်ဖြစ်ခြင်းငှါ နှိမ့်ချသောစိတ်ရှိပါ၏။

ထို့ကြောင့်ပေါလုက "အချို့သောသူတို့ကို တစုံတခုသောအမှုအရာအားဖြင့် ကယ်တင်ခြင်းအလို့ငှါ၊ ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်၏" (၁ ကော ၉း၂၂) ဟူ၍ မိမိစိတ်ဆန္ဒကိုဖော်ပြခဲ့ပါသည်။ ဤအချက်ကိုအခြေခံ၍ အချို့သောသူက ခရစ်တော်၏သတင်းကောင်းဟောပြောခြင်းအခွင့်ရခြင်းငှါ အဘယ်နည်းလမ်းကိုမဆို သုံးခွင့်ရှိသည်ဟု ခံယူကြ၏။ ထို့ကြောင့် ထိုသူတို့သည် ပေါလု၏တရားကို သဘောမပေါက်ခြင်းကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ဆန့်ကျင်သောနည်းလမ်းများကို တရားဟောခြင်းအမှု၌ အသုံးပြုကြ၏။

အမှန်မှာ ဤကျမ်းပိုဒ်၏အဓိကဆိုလိုချက်သည် နှိမ့်ချခြင်းနှင့် သတင်းကောင်းအတွက် မိမိ၏အခွင့်အာဏာစွန့်လွှတ်ခြင်းအကြောင်း ဖြစ်ပါသည်။ ပေါလုက "အချို့သောသူတို့ကို တစုံတခုသောအမှုအရာအားဖြင့် ကယ်တင်ခြင်း အလို့ငှါ" ဟုဆိုရာတွင် သတင်းကောင်းဝေငှနိုင်ခြင်းအတွက် မိမိ၏အခွင့်အာဏာကို စွန့်လွှတ်လိုခြင်းရှိကြောင်း၊ မိမိ၏ဆန္ဒကိုဖော်ပြခြင်းဖြစ်ပါသည်။ သူတပါးကယ်တင်ခြင်းရခြင်းငှါ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဆန့်ကျင်သောအမှုကိုပြုမည်ဟု မဆိုလိုပါ။

ပေါလုသည် အားနည်းသောစိတ်ရှိသောသူများထံ အမှုတော်ဆောင်ရွက်သောအခါ မိမိတို့၏ အခွင့်အာဏာများကို စွန့်လွှတ်လိုခြင်းရှိရမည်အကြောင်း ကောရိန္သုလူတို့အား သင်ပေးခြင်းဖြစ်ပါသည်။ အားနည်းသောသူတို့သည် ဝိညာဉ်ရေးရာ၌ရင့်ကျက်မည်အကြောင်း ရင့်ကျက်သောသူတို့က ကိုယ်ချင်းစာစိတ်ရှိ၍၊ ကောင်းသောပုံသက်သေပြကြရပါမည်။ ထိုနည်းတူ မိသားစု၌ဖြစ်စေ၊ သာသနာနယ်၌ဖြစ်စေ၊ သူတပါး၏ပြုစုကျွေးမွေးခြင်းကို မမျှော်လင့်ဘဲ မိမိကသာလျှင် သူတပါး၏အမှုကို ဆောင်ရွက်ရပါမည်။ သူတပါး၏အမှုကိုဆောင်ရွက်ခြင်းငှါ မိမိ၏အခွင့်အရေးများကို ဆုံးရှုံးအနစ်နာခံဝံ့ကြရပါမည်။

**ဆင်ခြင်ရန်** - သူတပါးအတွက် အကျွန်ုပ်၏အသက်ကို ကျွန်တော်စတေးဝံ့ပါမည်လော။
**ဆုတောင်းချက်** - အဘဘုရား၊ အစေခံကျွန်စိတ်နှလုံးကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၁၇)

**၁ ကော ၉း၂၄-၂၇**

ဟေဗြဲ ၁၂း၁-၃ *“ဆုကိုရမည်အကြောင်း ပြေးကြလော့”*

# အပြေးပြိုင်ခြင်း

ပေါလုက မိမိ၏အမှုတော်ဆောင်ခြင်းအသက်တာကို အပြေးပြိုင်ခြင်းကဲ့သို့ ဖော်ပြခဲ့ပါသည်။ ဤဖော်ပြချက်သည် ကောရိန္သုလူတို့အမြင်၌ အလွန်ရှင်းလင်းသဘောပေါက်လွယ်ပါသည်။ အကြောင်းမှာ ကောရိန္သုမြို့၌ နှစ်နှစ်တစ်ခါ ယနေ့အိုလံပစ်ပြိုင်ပွဲကဲ့သို့ဖြစ်သော Isthmian Games ကျင်းပလေ့ရှိပါသည်။

ပြိုင်ပွဲ၌ အောင်မြင်ခြင်းရခြင်းငှါ အားကစားသမားတို့သည် တင်းကြပ်သောစည်းမျဉ်း စည်းကမ်းအောက်၌ ကြိုးစားလေ့ကျင့်ကြရပါမည်။ သူတို့၏ ကြွက်သားတို့သည်လည်း ကြံ့ခိုင်မည့်အကြောင်း လေ့ကျင့်ခန်းလုပ်ရပါမည်။ ပျက်စီးနိုင်သောဆု ရခြင်းငှါ ထိုသို့ခက်ခဲသောလေ့ကျင့်ခန်းများကို ကြိုးစားလုပ်ခဲ့ကြပါသည်။

တစ်ဖက်တွင် ခရစ်ယာန်တို့သည်လည်း မပျက်စီးနိုင်သောဆုလာဘ်အတွက် ပြိုင်ပွဲဝင်နေသောသူများဖြစ်ကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ပို၍အားထုတ်ကြရမည်မဟုတ်လော။

ပေါလုသည် အချည်းနှီးပြေးသောသူမဖြစ်လိုပါ။ လေကို အချည်းနှီးထိုးသော လက်ဝှေ့သမားကဲ့သို့လည်း (၁ ကော ၉း၂၆) မဖြစ်လိုပါ။ ထို့ပြင် ပြိုင်ပွဲ၌ ရှုံးသောသူလည်း မဖြစ်လိုပါ။ ထို့ကြောင့်ပေါလုသည် ဘုရားသခင်၏ဘုန်းတော် အဖို့ မိမိခန္ဓာကိုယ်ကို အသုံးပြုမည်အကြောင်း၊ မိမိကိုယ်ကို ထိုး၍နှိပ်စက်လေ့ရှိ၏။ အမှုတော်မြတ်အတွက် အခက်အခဲဒုက္ခများကို ကြံ့ကြံ့ခံလျက်ရှိ၏။ ဆုရရှိခြင်းငှါ သတင်းကောင်းအဆင်ပြေချောမွေ့စွာ ဟောပြောနိုင်မည်အကြောင်း၊ မိမိ၏အခွင့်အာဏာများကို ပေါလုသည် အလွန်စွန့်လွှတ်လိုစိတ်ရှိ၏။

ပေါလုနည်းတူ ကျွန်တော်တို့အားလုံးသည် အပြေးပြိုင်သောသူများဖြစ်ကြပါသည်။ ထို့ကြောင့် “ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သော ဆုကိုရခြင်းငှါ၊ ပန်းတုံးတိုင်သို့” (ဖိ ၃း၁၄) ကျွန်တော်တို့ပြေးကြကုန်အံ့။ ရှုံးသောသူမဖြစ်မည်အကြောင်း အဆုံးတိုင်အောင် ပြေးနိုင်ခြင်းငှါ လိုအပ်သောအရာမှန်သမျှကို ကျွန်တော်တို့ကြိုးစားလုပ်ဆောင်ရပါမည်။ ညီအစ်ကိုတို့၏အမှုကို ဆောင်ရွက်နိုင်မည်အကြောင်း အကျွန်ုပ်၏အခွင့်အရေးကို ဆုံးရှုံးအနစ်နာခံဖို့လိုပါသည်။ ဤအပြေးပြိုင်ပွဲ၌ ကျွန်တော်တို့အားလုံးသည် စိတ်ရှည်သည်းခံခြင်းဖြင့် ပြေးကြရပါမည်။

**ဆင်ခြင်ရန်** - ဤဘဝ၏အပြေးပြိုင်ပွဲ၌ ကျွန်တော်မည်သို့ပြေးနေပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်နှစ်သက်တော်မူသည့် ကောင်းမွန်သောယှဉ်ပြိုင်ခြင်း ပြိုင်နိုင်မည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ အောက်တိုဘာ (၁၈)

**၁ ကော ၁၀း၁-၅** *"သင်တို့မသိဘဲ နေစေခြင်းငှါ*

၁ ကော ၉း၂၄-၂၇ *ငါ အလိုမရှိ"*

# ထောင်လွှားမောက်မာခြင်းမရှိကြနှင့် (၁)

ထောင်လွှားမောက်မာသောသူသည် ဘုရားသခင်၏ငြင်းပယ်ခြင်းခံရမည်ဖြစ်ပါသည်။ ထို့ကြောင့် ထောင်လွှားမောက်မာခြင်းမရှိကြနှင့်။ ပေါလုသည် ကောရိန္သုခရစ်ယာန်များအတွက် သတိပေးခြင်းအနေဖြင့် ဣသရေလသမိုင်းကို ဖော်ပြခဲ့ပါသည်။ အီဂျစ်ပြည်မှ ထွက်လာခဲ့သော ဣသရေလလူတို့အကြောင်းကို ဖော်ပြခဲ့၏။ ထိုသူအပေါင်းတို့သည် အောက်ပါဖော်ပြထားသော အံ့ဖွယ်အမှုတို့ကို ကြုံတွေ့ခံစားခဲ့ကြပါသည်-

* သူတို့အပေါင်းသည် မိုးတိမ်အောက်၌နေခဲ့ကြ၏ (၁ ကော ၁၀း၁)။ ဘုရားသခင်သည် အံ့ဖွယ်အမှုကိုပြု၍ သူတို့ကို နေ့၌မိုးတိမ်တိုင်အားဖြင့်၎င်း၊ ညဉ့်၌မီးတိုင်အားဖြင့်၎င်း လမ်းပြခဲ့၏ (ထွက် ၁၃း၂၁-၂၂)။
* သူတို့အပေါင်းတို့သည် ပင်လယ်အလယ်၌ လျှောက်သွားခဲ့ကြ၏ (၁ ကော ၁၀း၁)။ ဘုရားသခင်သည် လိုက်လာသော အီဂျစ်လူတို့လက်မှ ဣသရေလလူတို့ကိုလွှတ်မြောက်စေခြင်းငှါ ပင်လယ်နီကို ပိုင်းဖြတ်တော်မူ၏။ တစ်ဖက်ကမ်းသို့ သူတို့အပေါင်းကျော်ဖြတ်ပြီးမှ၊ ပင်လယ်ကို ပြန်ပေါင်းစည်းစေလျက် လိုက်လာသောသူအပေါင်းတို့ကို နစ်မြုပ်စေခဲ့၏ (ထွက် ၁၄)။
* ထိုသူအပေါင်းတို့သည် မောရှေ၌ဗတ္တိဇံကို ခံခဲ့ကြ၏ (၁ ကော ၁၀း၂)။ ဤကျမ်းပိုဒ်၌တွေ့ရသော "ဗတ္တိဇံ" ၏အဓိပ္ပာယ်သည် ဆက်ကပ်ခြင်း၊ သန့်ရှင်းစေခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ထိုသူအပေါင်းတို့သည် သူတို့၏ခေါင်းဆောင်ဖြစ်သော မောရှေထံသို့ ဆက်ကပ်ခဲ့ကြခြင်းဖြစ်ပါသည်။
* သူတို့အပေါင်းသည် ဓမ္မအစာကိုအတူစားခဲ့ကြ၏။ ဤကျမ်းပိုဒ်၌တွေ့ရသော "ဓမ္မအစာ" ၏အဓိပ္ပာယ်မှာ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အံ့ဖွယ်ပေးတော်မူသော အစာကိုဆိုလိုခြင်းဖြစ်ပါသည် (ထွက် ၁၆)။
* သူတို့အပေါင်းသည် ထိုကျောက်မှထွက်သောရေကို သောက်ခဲ့ကြ၏။ ဆိုလိုသည်မှာ ဘုရားသခင်အံ့ဖွယ်ပေးသနားတော်မူသော ရေကို သောက်သုံးခဲ့ကြခြင်းဖြစ်ပါသည်။ ဂျော်ဒန်တစ်ဖက်ကမ်း မသိမ်းပိုက်မီတိုင်အောင် သူတို့၏လမ်းခရီးတစ်လျှောက်၌ ထိုသို့ ဘုရားသခင်၏ စောင့်ရှောက်ခြင်းကို ခံခဲ့ကြ၏ (တောလည် ၂၀)။

ထိုသို့သော အံ့ဖွယ်အမှုများနှင့် ဝိညာဉ်သင်ခန်းစာများကြုံတွေ့ခဲ့ကြသော်လည်း၊ ဣသရေလလူတို့သည် ဘုရားသခင်၌ ယုံကြည်ခြင်းမရှိကြဘဲ၊ ဘုရားသခင်ကိုပုန်ကန်လျက် ကာနန်ပြည်ကို ဝင်ရောက်သိမ်းပိုက်ခြင်းမပြုခဲ့ပါ (တောလည် ၁၃)။ သူတို့၏နာမခံခြင်းကြောင့် အနှစ် ၂၀ နှင့် အထက်လူတို့သည် ကတိတော်ပြည်သို့ဝင်ခွင့်မရခဲ့ကြပါ။

ထောင်လွှားမောက်မာခြင်းမပြုမည်အကြောင်း သတိပြုကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ဘုရားသခင်၏ လက်ခံအသိအမှတ်ပြုခြင်း ခံရသောသူ ဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်အသိအမှတ်ပြုတော်မူသော အမှုတော်ဆောင်ဖြစ်ခြင်းငှါ မစတော်မူပါ။

## ထောင်လွှားမောက်မာခြင်းမရှိကြနှင့် (၂)

ဘုရားသခင်ပြတော်မူသော သင်ခန်းစာများကို သင်ယူလက်ခံခြင်းမရှိဘဲ ဣသရေလလူတို့သည် ဘုရားသခင်ကို ဆန့်ကျင်ခဲ့ကြ၏။ သူတို့၏မှားယွင်းသောအကျင့်များကို ကြည့်ကြပါစို့-

- သူတို့သည် မကောင်းသောအရာတို့ကို တပ်မက်ခဲ့ကြ၏ (၁ ကော ၁၀း၆)။ ဘုရားသခင်သည် ရေနှင့်မန္နမုန့်ကို ချပေးသနားတော်မူသော်လည်း သူတို့သည် ညည်းတွား၍ အသားကို တောင်းခဲ့ကြ၏ (တောလည် ၁၁)။
- သူတို့သည် ရုပ်တုကိုးကွယ်သောသူများဖြစ်ကြ၏ (၁ ကော ၁၀း၇-၈)။ မောရှေသည် သိနာတောင်၌ နေသောအချိန်၌ စိတ်မရှည်သောလူထုသည် နွားရွှေရုပ်တုပြုလုပ်ခြင်းငှါ အာရုန်ကိုတောင်းခဲ့ကြ၏ (ထွက် ၃၂)။
- ထိုသူတို့သည် မတရားသောမေထုန်အမှုကို ပြုခဲ့ကြ၏ (၁ ကော ၁၀း၈)။ ဣသရေလလူတို့အား မတရားသောမေထုန်အမှုကို ပြုစေခြင်းငှါ၊ ဗာလမ်သည် ပြည့်တန်ဆာများကို စေလွှတ်ခဲ့ပါသည် (တောလည် ၂၅း၁-၃)။
- ထိုသူတို့သည် ဘုရားသခင်ကို စုံစမ်းနှောင့်ယှက်ခြင်း ပြုခဲ့ကြ၏ (၁ ကော ၁၀း၉)။ ဘုရားသခင်၏သစ္စာရှိတော်မူခြင်းအကြောင်းကို သံသယဝင်ခဲ့ကြ၏။ "သင်သည်ငါတို့ကို ဤတော၌သေစေခြင်းငှါ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။ မုန့်မရှိ ရေလည်းမရှိ၊ ဤပေါ့ပျက်သောစားစရာကိုလည်း ငါတို့သည် အလွန်ရွံရှာ၏ဟု ဘုရားသခင်နှင့်မောရှေကို ဆန့်ကျင်ဘက်ပြု၍ဆိုကြ၏" (တောလည် ၂၁း၅)။
- သူတို့သည် မြည်တမ်းခြင်းကိုပြုခဲ့ကြ၏ (၁ ကော ၁၀း၁၀)။ သူတို့သည် တောထဲ၌ ခရီးသွားနေစဉ် အချိန်တိုင်းမြည်တမ်းခြင်းပြုခဲ့ကြပါသည် (ဥပမာ ထွက် ၁၆း၂၊ ၁၇း၂၊ တောလည် ၁၄း၂၊ ၂၉)။

ဤအကြောင်းအရာအလုံးစုံတို့ကို အကျွန်ုပ်တို့အတွက် သာယာနာပျော်ဖွယ်နားဆင်ဖို့ရန် မှတ်တမ်းတင်ထားခြင်းမဟုတ်ပါ။ အကျွန်ုပ်တို့သင်ခန်းစာယူခြင်းငှါ မှတ်တမ်းတင်ထားခြင်းဖြစ်ပါသည်။ ဤသတိပေးချက်နှင့် သွန်သင်ဆုံးမမှုတို့ကို ကျွန်တော်တို့အလေးထားကြရပါမည်။

ကျွန်တော်တို့သည် ထောင်လွှားမောက်မာသော စိတ်ရှိခဲ့ပါလျှင်၊ ပေါလု၏ သတိပေးချက်ကို ဖတ်ကြပါစို့ (၁ ကော ၁၀း၁၂ နှင့် ဟေဗြဲ ၃း၇-၈)။

**ဆင်ခြင်ရန်** - ကျဆုံးခြင်းအရင် မာနထောင်လွှားခြင်းရှိ၏။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အလိုတော်အတိုင်း တည်ကြည်စွာနေထိုင်နိုင်မည်အကြောင်း မစတော်မူပါ။

စနေ၊ အောက်တိုဘာ (၂၀)

**၁ ကော ၁၀း၁၃**

၁ ကော ၁း၉ *“ဘုရားသခင်သည်သစ္စာနှင့်ပြည့်စုံတော်မူ၏”*

## ထွက်မြောက်သောလမ်း

ထောင်လွှားမောက်မာခြင်းကို ကုစားသောနည်းလမ်းကို ၁ ကော ၁၀း၁၃ ထဲတွင် ဤသို့ ဖော်ပြထားပါသည်- “လူ၌ဖြစ်တတ်သော စုံစမ်းနှောင့်ယှက်ခြင်းကိုသာ သင်တို့သည် ခံရကြ၏။ ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ သင်တို့မခံနိုင်သော စုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့၌ရောက်စိမ့်သောငှါ၊ အခွင့်ပေးတော်မမူ။ သင်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ယှက်ခြင်းအရာနှင့်တကွ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်”။

ကျွန်တော်တို့ကြုံတွေ့နေရသော စုံစမ်းနှောင့်ယှက်ခြင်းများကို ခရစ်တော်သိတော်မူ၏။ ထို့ကြောင့် ထွက်မြောက်ရာလမ်းဟူမှုကား ခရစ်တော်၏တန်ခိုး၌ နှိမ့်ချစွာ မိမိကိုယ်ကိုဆက်ကပ်ခြင်း၊ အပြစ်ပြုခြင်းမှရှင်း၊ အခက်အခဲမှရှင်း ကျွန်ုပ်တို့ကို ကယ်နှုတ်စောင့်ရှောက်မည်ဟု ယုံကြည်ကိုးစားခြင်းဖြစ်ပါသည်။

ဘုရားသခင်၏ သစ္စာရှိတော်မူခြင်းအကြောင်းကို Calvin က ဤသို့ရှင်းပြခဲ့ပါသည်- “အတိတ်အကြောင်းနှင့်ပတ်သက်၍ သူတို့ကို ခွန်အားရှိစေခြင်းငှါ အားပေးခဲ့ပြီး၊ နောင်တရကြစေခြင်းငှါ နှိုးဆော်လျက်၊ အနာဂတ်အတွက် ဘုရားသခင်သည် သူတို့မခံနိုင်သော စုံစမ်းနှောင့်ယှက်ခြင်းကို မခံစေမည်အကြောင်း မျှော်လင့်ချက်ပေး၍ နှစ်သိမ့်ခဲ့ပါသည်။ မိမိ၏ခွန်အားကို အားကိုးခဲ့ပါလျှင် သေးငယ်သောသွေးဆောင်ခြင်းကပင် ကျွန်ုပ်တို့ကို လဲကျစေနိုင်သည် ဖြစ်သောကြောင့် ဘုရားသခင်ကိုသာ ကိုးစားမျှော်လင့်ခြင်းရှိခြင်းငှါ အားပေးတိုက်တွန်းခဲ့ပါသည်။ ဘုရားသခင်၏ အကြောင်းနှင့်ပတ်သက်၍ သူသည်သစ္စာရှိသောသူ၊ ကတိတော်ကိုစောင့်သောသူဖြစ်သည်သာမက မိမိမြွက်ဆိုသောစကားပင်လျှင် မှန်ကန်သောတရားဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် မိမိလူတို့ကို အစဉ်စောင့်ရှောက်တော်မူသောသူဖြစ်၍ သူ၏စောင့်ရှောက်မှုအောက်၌ ကျွန်တော်တို့လုံခြုံမှုရှိပါသည်။ မိမိလူတို့ကို ဘယ်သောအခါမျှ ဘုရားသခင် စွန့်ပစ်တော်မမူ။ သင်သည် ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက်မှုအောက်၌ ရှိခဲ့ပါလျှင် အဘယ်အမှုကိုမျှ ကြောက်ရွံ့စရာမလိုဘဲ၊ ထိုဘုရားကိုသာ လုံးလုံးကိုးစားယုံကြည်ခြင်းရှိဖို့လိုပါသည်”။

သို့ဆိုလျှင် ဘုရားသခင်သည် အကျွန်ုပ်တို့ကို မည်သို့မစတော်မူသနည်း။ ပထမအနေဖြင့် အကျွန်ုပ်တို့ခံရသော စုံစမ်းနှောင့်ယှက်ခြင်းကို ကျွန်တော်တို့ခံနိုင်သည်ထက် မပိုမည့်အကြောင်း ကန့်သတ်ထားတော်မူ၏။ ဒုတိယအနေဖြင့် ထိုစုံစမ်းနှောင့်ယှက်ခြင်းများကို ကျွန်တော်တို့ကျော်ဖြတ်နိုင်မည်အကြောင်း ကျေးဇူးတော်နှင့်ခွန်အားကို ပေးသနားတော်မူ၏။ ထိုစုံစမ်းနှောင့်ယှက်ခြင်းများကို ဘုရားသခင်၏ ကျေးဇူးတရားအားဖြင့် စိတ်ရှည်စွာကျွန်တော်တို့သည်းခံကြသောအခါ ကျွန်တော်တို့သည် ဝိညာဉ်ရေးရာအမှု၌ ပို၍ရင့်ကျက်အားကြီးလာမည်ဖြစ်ပါသည်။

စုံစမ်းနှောင့်ယှက်ခြင်းခံရသောအချိန်တိုင်း ခရစ်တော်ကို ကျွန်တော်တို့မျှော်ကြည့်ကြရပါမည်။ ကိုယ်တော်သည် အကျွန်ုပ်တို့ကို ကယ်နှုတ်တော်မူသောသူဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - အပြစ်မှတစ်ခုတည်းသော လွတ်မြောက်ရာလမ်းသည် ဘုရားသခင်ကို လုံးဝယုံကြည်ကိုးစားခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ မိုက်မဲဆိုးသွမ်းခြင်းမှ အကျွန်ုပ်ကို ကွယ်ကာစောင့်ရှောက်တော်မူပါ။

**၁ ကော ၁၀း၁၄-၁၇**

လု ၂၂း၁၉-၂၀

*"မင်္ဂလာခွက်ဖလားမူကား၊*
*. . . ငါတို့ဖွဲ့သောမုန့်မူကား၊. . . "*

# ပွဲတော်မင်္ဂလာ၏အဓိပ္ပာယ် (၁)

ပွဲတော်မင်္ဂလာသည် အကျွန်ုပ်တို့၏ကယ်တင်ရှင်သခင်ယေရှုခရစ်တော် အသေမခံမီ ပြဋ္ဌာန်းထားသောမင်္ဂလာဖြစ်ပါသည် (မသဲ ၂၆း၂၆-၂၈၊ မာကု ၁၄း၂၂-၂၄၊ လုကာ ၂၂း၁၉-၂၀)။ ဤပွဲတော်မင်္ဂလာသည် လူကိုမကယ်တင်နိုင်၊ သို့သော်လည်း ကျွန်ုပ်တို့ခံယူသော ယုံကြည်ခြင်း၏ အပြင်ပန်းလက္ခဏာတစ်ခုဖြစ်ပါသည်။

The Westminster Shorter Catechism ၏ မေးခွန်းနံပါတ် ၉၆ အဖြေ၌ ပွဲတော်မင်္ဂလာ၏ အဓိပ္ပာယ်ကို ရှင်းလင်းစွာဖော်ပြခဲ့ပါသည်- "ခရစ်တော်ချမှတ်ထားသည့်အတိုင်း ပွဲတော်မင်္ဂလာ၌ မုန့်နှင့်စပျစ်ရည်သုံးဆောင်ခြင်းက ခရစ်တော်သေခြင်းကို ဖော်ပြ၍၊ ဇာတိသဘောအားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့် သုံးဆောင်သော၊ စစ်မှန်သောသုံးဆောင်သူသည် ခရစ်တော်၏အသွေးနှင့်၎င်း၊ ခရစ်တော်၏ကိုယ်နှင့်၎င်း ဆက်ဆံသည်ဖြစ်၍ ခရစ်တော်ပေးသနားတော်မူသော ကျေးဇူးအပေါင်းကိုခံရပြီး ဝိညာဉ်ရေးရာ၌၎င်း၊ ကျေးဇူးတော်အရာ၌၎င်း ကြီးထွားခြင်း ရှိ၏"။

ယုံကြည်ခြင်းအားဖြင့် မုန့်ကိုစား၍ ခွက်ကိုသောက်သောအခါ သမ္မာကျမ်းစာဖော်ပြသည့်အတိုင်း ကျွန်ုပ်တော်တို့သည် ခရစ်တော်၏ကိုယ်ကို ဆက်ဆံခြင်းဖြစ်သည်။ ၁ ကော ၁၀း၁၆ ကိုဖတ်ပါ။ "ဆက်ဆံခြင်း" ဟူသောစကားလုံးသည် မိဿဟာယဖွဲ့ခြင်းအားဖြင့် ရင်းနှီးစွာ အချင်းချင်းဆက်နွယ်ခြင်းဖြစ်၍ တလုံးတကိုယ်တည်းဖြစ်ခြင်းဖြစ်ပါသည် (Friberg)။

ပွဲတော်မင်္ဂလာသုံးဆောင်သောအခါ ခရစ်တော်နှင့်၎င်း၊ ကားတိုင်ပေါ်၌အသေခံခြင်းနှင့်၎င်း ကျွန်ုပ်တော်တို့တစ်ကိုယ်တည်းဖြစ်ကြောင်း သက်သေခံခြင်းဖြစ်ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အပြစ်များအတွက် အကျွန်ုပ်တို့ကို ကိုယ်စားပြုသောသူ၊ ဘုရားသခင်၏အမျက်တော်ကို ဖြေပေးတော်မူသောသူဖြစ်ကြောင်း ကျွန်ုပ်တော်တို့ဝန်ခံသိမှတ်ခြင်းရှိ၏။ မုန့်စားခြင်းနှင့် ခွက်ကိုသောက်ခြင်းက ကျွန်ုပ်တော်တို့သည် ခရစ်တော်အပိုင်ဖြစ်ကြောင်း၊ ခရစ်တော်သည် ကျွန်ုပ်တော်တို့အပိုင်ဖြစ်ကြောင်းကို ဖော်ပြ၏။ ကျွန်ုပ်တော်တို့သည် ခရစ်တော်နှင့် ပဋိဉာဉ်မိဿဟာယဖွဲ့ခြင်းရှိ၏။

ပွဲတော်မင်္ဂလာသည် ဝိညာဉ်ရေးရာအမှုဖြစ်သောကြောင့် ကျွန်ုပ်တော်တို့သည် အလွန်သတိကြီးစွာဖြင့် သုံးဆောင်ကြရပါမည်။ ပွဲတော်မင်္ဂလာ မှားယွင်းစွာသုံးဆောင်ခြင်းသည် အလွန်ကြောက်စရာကောင်းသော ဆိုးကျိုးကို ဖြစ်စေနိုင်ပါသည် (၁ ကော ၁၁း၂၇-၃၀)။ ထို့ကြောင့် ယုံကြည်သူတိုင်းသည် ဤပွဲတော်မင်္ဂလာကို အထူးကြည်ညိုရိုသေသောစိတ်ဖြင့် သုံးဆောင်ကြရပါမည်။

**ဆင်ခြင်ရန်** - ပွဲတော်မင်္ဂလာသည် ခရစ်တော်နှင့် မိဿဟာယဖွဲ့ခြင်း၊ တလုံးတကိုယ်တည်းဖြစ်ခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ သားတော်အသေခံခြင်းအမှု အောက်မေ့သတိရခြင်းတိုင်းအတွက် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။

တနင်္လာ၊ အောက်တိုဘာ (၂၂)
**၁ ကော ၁၀း၁၄-၁၇**
ဟေဗြဲ ၇း၂၇

*"... မိမိကိုယ်ကို တခါတည်းယဇ်ပူဇော်၍ ထိုအမှုကိုပြီးစေတော်မူပြီ"*

# ပွဲတော်မင်္ဂလာ၏အဓိပ္ပာယ် (၂)

ပွဲတော်မင်္ဂလာနှင့်ပတ်သက်၍ အဓိကအနက်ဖွင့်ချက် (၄) မျိုးရှိပါသည်။

(၁) လုံးဝပြောင်းလဲခြင်း (Transubstantiation)။ ဤအနက်ဖွင့်ချက်သည် ရော်မန်ကာသိုလစ်တို့၏ ယုံကြည်ချက်ဖြစ်ပါသည်။ မုန့်နှင့်စပျစ်ရည်တို့သည် ပွဲတော်သုံးဆောင်နေစဉ် တကယ့်ခရစ်တော်၏ ခန္ဓာကိုယ်နှင့်အသွေးအဖြစ်သို့ လုံးဝပြောင်းလဲခြင်းရှိသည်ဟု ယုံကြည်ခဲ့ကြ၏။ ထို့ကြောင့် ပွဲတော်သုံးဆောင်သောသူသည် ခရစ်တော်၏အသွေးနှင့်အသားကို အမှန်သုံးဆောင်ခြင်းဖြစ်ပါသည်။

ဤသွန်သင်ချက်က ယော ၆း၅၃ ထဲမှ ခရစ်တော်စကား၏ ဆိုလိုရင်းကို လွဲမှားစွာ အနက်ဖွင့်ခဲ့ပါသည်။ ခရစ်တော်သည် ဤစကားကြားနာသောသူတို့အား မိမိ၏အသားကို အမှန်တကယ်စားသုံးရန်၊ လူသားစားရန် တိုက်တွန်းခြင်းမဟုတ်ပါ။ ခရစ်တော် ဆိုလိုရင်းမှာ စစ်မှန်သောယုံကြည်ခြင်းရှိ၍ မိမိနှင့်မိဿဟာယဖွဲ့ခြင်းရှိခြင်းငှါ တိုက်တွန်းခြင်းသာဖြစ်ပါသည်။

ဤသွန်သင်ချက်သည် ဟေဗြဲ ၇း၂၇ နှင့်လည်း ဆန့်ကျင်မှုရှိ၏။ ဤကျမ်းပိုဒ်ထဲတွင် ခရစ်တော်၏ ယဇ်ပူဇော်ခြင်းသည် ထာဝရအတွက် လုံလောက်သော တစ်ကြိမ်တည်းပူဇော်ခြင်းအကြောင်း တွေ့ရပြီး၊ ခရစ်တော်သည် ပြန်၍အသစ်တဖန် ကားတိုင်ပေါ်၌အသေမခံနိုင်ပါ။ ထို့ကြောင့် ဤယုံကြည်ချက်သည် မှားယွင်းသောသွန်သင်ခြင်းဖြစ်၍ ငြင်းပယ်ရမည်ဖြစ်ပါသည်။

(၂) အတူပါဝင်ခြင်း (Consubstantiation)။ ဤအနက်ဖွင့်ချက်သည် Lutheran တို့၏ ယုံကြည်ချက်ဖြစ်ပါသည်။ ဤသွန်သင်ချက်က မုန့်နှင့်စပျစ်ရည်သည် ပွဲတော်သုံးဆောင်နေစဉ် ခရစ်တော်၏ခန္ဓာကိုယ်နှင့်အသွေးအဖြစ်သို့ မှော်ဆန်စွာလုံးဝပြောင်းလဲသွားသည်ဟူသော အချက်ကို ငြင်းပယ်၏။ မုန့်သည် မုန့်သာလျှင်ဖြစ်၍ စပျစ်ရည်သည်လည်း စပျစ်ရည်သာလျှင်ဖြစ်၏။

သို့သော်လည်း ဤသွန်သင်ချက်က ခရစ်တော်၏ခန္ဓာကိုယ်နှင့်အသွေးသည် မုန့်နှင့်စပျစ်ရည်အောက်၌၊ အထဲ၌၊ နှင့်အတူ ပါဝင်သည်ဟု ယုံကြည်၏။ ဤသွန်သင်ချက်သည်လည်း ယော ၆း၅၃ ၏ ဆိုလိုရင်းကို လျစ်လျူရှုသည်ဖြစ်သောကြောင့် ငြင်းပယ်ရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ပွဲတော်မင်္ဂလာကို အဘယ်ကြောင့် ကျွန်တော်သုံးဆောင်ပါသနည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ပွဲတော်မင်္ဂလာသုံးဆောင်ရန် ပြဋ္ဌာန်းတော်မူသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

**၁ ကော ၁၀း၁၄-၂၂**
၁ ကော ၁၁း၂၄

*"... ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြလော့ဟုမိန့်တော်မူ၏"*

## ပွဲတော်မင်္ဂလာ၏အဓိပ္ပာယ် (၃)

(၃) <u>အောက်မေ့သတိရခြင်း</u> (Memorial)။ ဤသွန်သင်ချက်က ပွဲတော်မင်္ဂလာသည် ကားတိုင်ပေါ်၌ပြုသော ခရစ်တော်၏အမှု အောက်မေ့သတိရခြင်းသက်သက်ဖြစ်သည်ဟုဆို၏။ မုန့်နှင့်စပျစ်ရည်သည် ပုံဆောင်မှုသက်သက်ဖြစ်၍၊ သုံးဆောင်သောသူတို့အား ခရစ်တော်၏ခန္ဓာကိုယ်နှင့်အသွေးကို ညွှန်ပြ၏။

ဤသွန်သင်ချက်သည် ၁ ကော ၁၁း၂၄ ကိုအခြေခံထားခြင်းဖြစ်ပါသည်- "ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ ဤမုန့်ကား သင်တို့အဖို့အလိုငှါ ချိုးဖဲ့သောငါ၏ကိုယ်ဖြစ်၏၊ ယူ၍စားကြလော့။ ငါ့ကိုအောက်မေ့ဖို့ရာ ဤသို့ပြုကြလော့ဟုမိန့်တော်မူ၏။"

ဤအောက်မေ့သတိရခြင်းသွန်သင်ချက်ကလည်း ပွဲတော်သုံးဆောင်သောအခါ ခရစ်တော်၏ဝိညာဉ်အားဖြင့် အတူပါရှိခြင်းကို မမြင်တွေ့ဘဲ လျစ်လျူရှုခဲ့၏။

(၄) <u>ဝိညာဉ်သဘောနှင့်ဆိုင်ခြင်း</u> (Spiritual)။ ဤသွန်သင်ချက်က ပွဲတော်မင်္ဂလာသည် ဝိညာဉ်နှင့်ဆိုင်သောအမှုဖြစ်၍ အလွန်ကြည်ညိုသောစိတ်ဖြင့် သုံးဆောင်ရမည်ဖြစ်သည်ဟုဆို၏။ ပွဲတော်မင်္ဂလာကို အလွဲသုံးစားအသုံးပြုသောသူတို့အပေါ် ဘုရားသခင်က နာမကျန်းဖြစ်ခြင်း၊ သေခြင်းစသည့်အမှုကျရောက်စေသောအချက်က ဤသွန်သင်ချက်ကို ထောက်ခံလျက်ရှိ၏- "ထို့ကြောင့် သခင်ဘုရား၏ မုန့်နှင့်ခွက်ကို မထိုက်မတန်ဘဲ စားသောက်သောသူမည်သည်ကား သခင်ဘုရား၏ ကိုယ်တော်နှင့် အသွေးတော်ကို ပြစ်မှားရာရောက်၏။ သို့ဖြစ်၍ လူတိုင်းကိုယ်ကိုယ်ကို စစ်ကြောပြီးမှ မုန့်ကိုစားစေ။ ထိုနည်းတူ ခွက်ကိုလည်းသောက်စေ" (၁ ကော ၁၈း၂၇-၂၈)။

ထို့ကြောင့် ပွဲတော်မင်္ဂလာကို အလွန်ကြည်ညိုသောစိတ်နှင့် သုံးဆောင်ရမည်ဖြစ်ပါသည်။ ထိုသို့ကျွန်တော်တို့သည် ကြည်ညိုဝတ်ပြုသောစိတ်နှင့် သုံးဆောင်သောအခါ ဘုရားသခင်သည် မိမိ၏ ကောင်းကြီးမင်္ဂလာများ ထိုပွဲတော်နှင့်အတူ သွန်းလောင်းချပေးသနားတော်မူမည်။

ပွဲတော်မင်္ဂလာသည် ခရစ်တော်၏သေခြင်းကို အောက်မေ့သတိရခြင်းအမှု၊ ဝိညာဉ်နှင့်ဆိုင်သောအမှုဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ပွဲတော်မင်္ဂလာ၌ ကောင်းကြီးမင်္ဂလာရှိပါ၏။
**ဆုတောင်းချက်** - အဘဘုရား၊ ပွဲတော်မင်္ဂလာမသုံးဆောင်မီ၊ မိမိကိုယ်ကို စစ်ကြောခြင်းပြုလိုပါ၏။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၂၄)
**၁ ကော ၁၀း၁၄-၂၂**
၁ ယော ၅း၂၁

*"သခင်ဘုရား အမျက်ထွက်စေခြင်းငှါ ငါတို့ပြုရကြသလော"*

## နတ်ဆိုးများနှင့်မိဿဟာယဖွဲ့ခြင်းမပြုရ

ဘုရားများစွာကိုးကွယ်သောသူတို့သည် ရုပ်တုထံအစားအစာပူဇော်သောအခါ ဘုရားသခင်ထံမဟုတ်ဘဲ၊ နတ်ဆိုးများထံ ပူဇော်ခြင်းဖြစ်ပါသည်။ ထိုသို့သောအစားအစာ စားသောက်ခြင်းပါဝင်သော ပွဲလမ်းသဘင်များ၌ ဆင်နွှဲသောသူတို့သည် ထိုနတ်ဆိုးများနှင့် မိဿဟာယဖွဲ့ ပေါင်းဖော်ခြင်းရှိကြသည်ကို ညွှန်ပြကြ၏။ ထို့ကြောင့် ထိုသို့သောပွဲလမ်းသဘင်တို့၌ ခရစ်ယာန်တို့သည် မပါဝင်ရကြပါ။ အကြောင်းမူကား ခရစ်တော်သည် နတ်ဆိုးများနှင့်လုံးဝပတ်သက်မှုမရှိပါ။ "မယုံကြည်သောသူတို့နှင့်တွဲဖက်၍ ဆန့်ကျင်ဘက်ဖြစ်သော တန်ဘိုးကိုမထမ်းကြနှင့်။ တရားသောအမှုသည် မတရားသောအမှုကို အဘယ်သို့လက်ခံနိုင်မည်နည်း။ အလင်းသည် မှောင်မိုက်နှင့်အဘယ်သို့ဆက်ဆံနိုင်မည်နည်း။ ခရစ်တော်သည် ဗေလျာလနှင့်အဘယ်သို့ သင့်တင့်နိုင်မည်နည်း။ ယုံကြည်သောသူသည် မယုံကြည်သောသူနှင့်အတူ အဘယ်အကျိုးအပြစ်ကို ခံရမည်နည်း။ ဘုရားသခင်၏ဗိမာန်တော်သည် ရုပ်တုတို့နှင့် အဘယ်သို့စပ်ဆိုင်ရမည်နည်း။ ဘုရားသခင်မိန့်တော်မူသည်ကား သူတို့တွင် ငါကျိန်းဝပ်မည်။ သူတို့တွင် လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူသည်နှင့်အညီ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၏" (၂ ကော ၆း၁၄-၁၆)။ ဤသည်ကား သမ္မာကျမ်းစာသင်ပေးသော အသီးအခြားနေခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့သည် မုန့်နှင့်စပျစ်ရည်ကိုသုံးဆောင်သောအခါ ခရစ်တော်နှင့် တကိုယ်တည်းဖြစ်ခြင်း၊ မိဿဟာယဖွဲ့ခြင်းကို ဖော်ဆောင်ခြင်းဖြစ်၏။ သို့ဆိုလျှင် ရုပ်တုရှေ့၌ပူဇော်သောအစားအစာကို မည်သို့စားသုံးနိုင်မည်နည်း။ ဤရုပ်တုနှင့်ဆိုင်သောအမှု၌ ကောရိန္သုခရစ်ယာန်များ ပါဝင်ကြသောအခါ ခရစ်တော်နှင့်နတ်ဆိုးတို့သည် သင့်တင့်ခြင်းရှိသည်ဟု ဖော်ပြသယောင်ရှိ၏။ ထိုသို့မပြုရပါ။ ၁ ကော ၁၀း၂၁ ကိုဖတ်ပါ။

ထို့ပြင်ပေါလုသည် ၁ ကော ၁၀း၂၂ ထဲတွင် ထိမ်းမြားခြင်းပဋိညာဉ်အကြောင်းကို ဖော်ပြခဲ့၏။ ခရစ်ယာန်တို့သည် သခင်ယေရှုခရစ်တော်နှင့် ထိမ်းမြားသောသူများဖြစ်ကြပါသည် (ဧဖက် ၅း၂၂-၃၂)။ ထို့ကြောင့် ကျွန်တော်တို့သည် ခရစ်တော်အပိုင်ဖြစ်ပါသည်။ ထို့ကြောင့် ခရစ်တော်နှင့် မဟုတ်ဘဲ ရုပ်တုဆင်းတုနှင့်ရောနှောခြင်းရှိကြလျှင် ဝိညာဉ်နှင့်ဆိုင်သော ဖောက်ပြန်ခြင်းကို ကျူးလွန်သည်ဖြစ်သောကြောင့် ဘုရားသခင်၏အမျက်တော်ကို ထွက်စေမည်ဖြစ်ပါသည်။

ချစ်သောမိတ်ဆွေ ပွဲတော်မင်္ဂလာ၏သန့်ရှင်းစင်ကြယ်ခြင်းအမှုကို ကျွန်တော်တို့စောင့်ထိန်းကြရပါမည်။ နတ်ဆိုးစားပွဲပေါ်၌ ပူဇော်ထားသော အစားအစာကို ကျွန်တော်တို့စားသုံးလျှင် ဘုရားသခင်၏စားပွဲကို ညစ်ညူးစေမည်ဖြစ်ပါသည်။ ထို့ကြောင့် ရုပ်တုရှေ့၌ပူဇော်သောအစားအစာကို အဘယ်ခရစ်ယာန်ကမျှ မစားသုံးသင့်ပါ။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသက်တာ၌ရှိသော ရုပ်တုများသည်အဘယ်နည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်နှင့်ကယ်တင်ရှင်အကြား၌ အဘယ်အရာမျှ ကြားမဝင်ပါစေနှင့်။

ကြာသပတေး၊ အောက်တိုဘာ (၂၅)

**၁ ကော ၁၀း၂၃-၂၄**

၁ ကော ၆း၁၂

*"ကိုယ်အကျိုးကို အဘယ်သူမျှ မရှာစေနှင့်. . . "*

## တည်ဆောက်ခြင်းသည်အဓိကပစ်မှတ်ဖြစ်၏

၁ ကော ၁၀း၂၃ သည် ၁ ကော ၆း၁၂ နှင့် အလွန်တူညီလှပါသည်။ သို့သော်လည်း ရည်ရွယ်ချက်မတူညီကြပါ။ ၁ ကော ၆း၁၂ တွင် ပေါလုသည် ခရစ်ယာန်ခန္ဓာကိုယ်နှင့်ပတ်သက်၍ မည်သို့အသုံးပြုမည်အကြောင်း ခရစ်ယာန်လွတ်လပ်ခြင်းလမ်းစဉ်ကို ဖော်ပြခြင်းဖြစ်၏။ ခရစ်ယာန်တို့သည် မိမိတို့၏ခန္ဓာကိုယ်ကို မကောင်းမှုအတွက်မဟုတ်ဘဲ၊ ဖြောင့်မတ်ခြင်းတရားအတွက် အသုံးပြုကြရမည်ဖြစ်ပါသည်။ ခရစ်ယာန်သည် မိမိ၏ခန္ဓာကိုယ်ကို ခရစ်တော်အတွက် ထိန်းချုပ်ရမည်ဖြစ်ပြီး၊ ခန္ဓာကိုယ်၏ထိန်းချုပ်ခြင်းကို မခံသင့်ပေ။

သို့သော်လည်း ၁ ကော ၁၀း၂၃ ထဲတွင် ပေါလုသည် ခရစ်ယာန်အချင်းချင်း တည်ဆောက်ခြင်းအမှုနှင့်ပတ်သက်၍ ခရစ်ယာန်လွတ်လပ်ခြင်း မည်သို့အသုံးပြုရမည်ကို ဖော်ပြ၏။ ဘဝ၌ကြုံတွေ့ရသော အချို့အရာတို့သည် အကျင့်စာရိတ္တနှင့်ပတ်သက်လျှင် မှားယွင်းသောအရာမဟုတ်ကြသော်လည်း၊ သူတပါး၏ဝိညာဉ်အကျိုးအတွက် အထောက်အကူပြုသောအရာဖြစ်သည်ဟု တထစ်ချမဆိုနိုင်ပါ။

ဒုတိယမေးခြင်းမခံသောသူတို့သည် မိမိတို့၏ကိုယ်ကျိုးကိုသာ ရှာတတ်ကြ၏ (ဖိ ၂း၂၁)။ သို့သော်လည်း ယုံကြည်သူတို့သည် ထိုသို့သောလမ်းစဉ်ကို စွဲကိုင်မထားပါ။ အကြောင်းမှာ ယုံကြည်သူသည် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်သောကြောင့် သူတပါး၏အမှုကို အရင်ဦးစားပေးတတ်၏။ "ကိုယ်အကျိုးကို အဘယ်သူမျှမရှာစေနှင့်။ သူ့အကျိုးကို လူတိုင်းရှာစေ" (၁ ကော ၁၀း၂၄)။ ဤအမှု၌ ကောရိန္တုအသင်းတော်နှင့်ပတ်သက်လျှင် အားနည်းသောညီအစ်ကိုတို့၏ အဆိုးအကောင်းခွဲခြားခြင်းစိတ်သဘောကို အထူးထည့်တွက်ရပါမည်။ ထို့ကြောင့် ခရစ်ယာန်တစ်ဦးသည် ပြုရသောအခွင့်ရှိသော်လည်း ထိုအားနည်းသောညီအစ်ကို၏စိတ်သဘောကိုမညစ်ညူးစေခြင်းငှါ အချို့သောအရာတို့ကို မပြုဘဲနေသင့်ပါသည်။

အဘယ်လုပ်ရှားမှု (သို့) အဘယ်ဆုံးဖြတ်ချက်ချသည်ဖြစ်စေ အောက်ပါအချက်ကို ဆင်ခြင်ကြရပါမည်။ သူတပါးအတွက် ကောင်းမည်လော၊ သူတပါးကို ပျက်စီးစေပါမည်လော၊ အကျွန်ုပ်ဝိညာဉ်အသက်တာရော ထိခိုက်ပါမည်လော။ ဤအချက်တို့၌ သင်၏ဇဝေဇဝါရှိသေးလျှင် ထိုအမှုကို မပြုလုပ်ပါနှင့်။

ခွန်အားယူဖို့ရန်အနေဖြင့် အချို့သောအွန်လိုင်းလှုပ်ရှားမှုနှင့် ဂိမ်းတို့သည် အဘယ်ပြဿနာမျှမရှိဘဲ၊ စွဲလမ်းခြင်းမရှိဘဲ သင်ပြုလုပ်ကောင်း လုပ်နိုင်ပါလိမ့်မည်။ သို့သော်လည်း သင်နှင့်အတူပါဝင်သော သင့်သူငယ်ချင်းသည် စွဲလမ်းကောင်းစွဲလမ်းလာနိုင်ပါသည်။ ထို့ကြောင့် ထိုသို့ သင့်သူငယ်ချင်းစွဲလမ်းခြင်းမရှိမည်အကြောင်း ထိုသို့သောအမှုကို ရှောင်ကြဉ်ခြင်းသည် ပို၍ကောင်းပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်တို့သည် ဘုရားသခင်၌ အချင်းချင်း ပြုပြင်နိုးဆော်ရပါမည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်ညီအစ်ကိုတို့အား ယုံကြည်ခြင်း၌ တည်ဆောက်ခြင်းပြုမည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

**၁ ကော ၁၀း၂၅-၃၀**

၁ တိ ၄း၄-၅

*"အကြောင်းမူကား၊ ထာဝရဘုရားသည် မြေကြီးနှင့်မြေကြီးတန်ဆာကို ပိုင်တော်မူ၏"*

## ရုပ်တုရှေ့၌ပူဇော်သောအစားအစာနှင့်ပတ်သက်၍

အသင်အပြုကောင်းသောပေါလုသည် ၁ ကော ၉-၁၀ ၌ဖော်ပြထားသော လမ်းစဉ်များကို နေ့စဉ်အသက်တာ၌ကြုံတွေ့ရတတ်သော အဓိကအမှုနှစ်ခု၌လက်တွေ့အသုံးပြုခြင်းကိုပြခဲ့၏။

(၁) <u>ဈေးမှအစားအသောက်ဝယ်ယူခြင်း (၁ ကော ၁၀း၂၅-၂၆)</u>

ကောရိန္သုလူတို့ခေတ်တွင် ဈေး၌ရောင်းထားသော အစားအစာသည် ရုပ်တုရှေ့၌ ပူဇော်ခဲ့သောအစားအစာဖြစ်နိုင်ချေများလှပါသည်။ ထို့ကြောင့် လူတစ်ဦးသည် ဈေးသွားသောအခါ အဘယ်မေးခွန်းမှမေးခြင်းမပြုဘဲ အစားအစာကို ဝယ်ယူစားသုံးရပါမည်။ ထိုသို့မေးခွန်းမေးခြင်းမပြုသကာလ သူသည် ရုပ်တုနှင့်ပတ်သက်သောအမှု၌ ပါဝင်သည်ဟု စွပ်စွဲ၍မရပါ။ ထို့ပြင် အစားအစာကိုလည်း စိုးရိမ်စိတ်မရှိဘဲ စားသုံးရပါမည်။ အကြောင်းမှာ အစားအစာသည် ဘုရားသခင်အပိုင်ဖြစ်ပါ၏ (၁ ကော ၁၀း၂၆)။ ၁ တိ ၄း၄-၅ ကို လိုက်လျှောက်ကျင့်သုံးကြပါစို့- "ဘုရားသခင် ဖန်ဆင်းတော်မူသမျှသည် သုံးစရာကောင်း၏။ ကျေးဇူးတော်ကိုသိသောစိတ်နှင့်ခံယူလျှင် အဘယ်အရာကိုမျှ မပယ်မရှောင်ရ။ အကြောင်းမူကား ဘုရားသခင်၏ နှုတ်ကပတ်တရားတော်အားဖြင့်၎င်း၊ ဆုတောင်းခြင်းအားဖြင့်၎င်း၊ အရာရာတို့သည် စင်ကြယ်လျက်ရှိကြ၏"။ ခရစ်ယာန်အပေါ် ဤအစားအစာ၌ အဘယ်တန်ခိုးမျှမရှိပါ။ အကြောင်းမူကား စစ်မှန်၍အသက်ရှင်တော်မူသော ဘုရားသခင်သည် ဤလောက၌ရှိသော မှားယွင်းသောဘုရားအပေါင်းတို့ထက် သာ၍ကြီးမြတ်တော်မူ၏။

(၂) <u>ဧည့်ခံကျွေးမွေးခြင်း၌တက်ရောက်ခြင်း (၁ ကော ၁၀း၂၇-၃၀)</u>

ခရစ်ယာန်သည် မယုံကြည်သူမိတ်ဆွေပြုလုပ်သော ဧည့်ခံကျွေးမွေးခြင်း၌ တက်ရောက်ခွင့်ရှိပါသည်။ အိမ်ရှင်က ဤအစားအစာသည် ရုပ်တုရှေ့၌ပူဇော်သောအစားအစာဖြစ်သည်ဟု မပြောသရွေ့ ခရစ်ယာန်သည် စိတ်သန့်စွာ စားသုံးနိုင်ပါသည်။ သို့သော်လည်း အိမ်ရှင်က ဤအစားအစာသည် ရုပ်တုရှေ့၌ပူဇော်သောအစားအစာဖြစ်သည်ဟုဆိုလျှင်၊ ခရစ်ယာန်သည် မစားဘဲ နေရပါမည်။ ထိုသို့မဟုတ်ဘဲစားလျှင် မှားယွင်းသောဘုရားများနှင့် ပေါင်းဘော်ခြင်းပြုသည်ဟု ဖော်ပြရာရောက်၏။ ခရစ်ယာန်သည် နုနယ်သောယုံကြည်သူများအတွက် စံနမူနာဖြစ်မည်အကြောင်း သူတို့၏ အားနည်းသောစိတ်ကို မဖျက်ဆီးမည်အကြောင်း အထူးသတိပြုရပါမည်။ သူတပါးအတွက် ထိမိ၍လဲစရာအကြောင်းမဖြစ်ရပါ။ ခရစ်တော်အကြောင်းနှင့်ပတ်သက်၍ မရှင်းလင်းသော သက်သေမဖြစ်ရပါ။ ဤလောက၌ အသက်ရှင်၍ စစ်မှန်သောဘုရားတဆူတည်းရှိကြောင်း၊ ထိုဘုရားသည် ယေဟောဝါဘုရားဖြစ်ကြောင်း သက်သေခံရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်က နေ့စဉ်ကြုံတွေ့ရသော အကျွန်ုပ်တို့အမှု၌ လမ်းပြလျက်ရှိ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ သွန်သင်ချက်ကို မှန်ကန်စွာ၊ ပညာနှင့်ယှဉ်၍ လိုက်လျှောက်မည်အကြောင်း မစတော်မူပါ။

စနေ၊ အောက်တိုဘာ (၂၇)

**၁ ကော ၁၀း၃၁**

ဟေရှာ ၄၂း၈

*“. . . ဘုရားသခင်၏ ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသော အမှုကိစ္စကိုပြုကြလော့”*

# ဘုရားသခင်၏ဘုန်းတော်အတွက်

၁ ကော ၁၀း၃၁ သည် Wesminster Shorter Catechism မေးခွန်းနံပါတ် ၁- “လူဖြစ်ခြင်း၏အဓိကရည်ရွယ်ချက်ကား အဘယ်နည်း။ လူဖြစ်ခြင်း၏အဓိကရည်ရွယ်ချက်မှုကား ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်၊ ဘုရားသခင်နှင့်ထာဝရမွေ့လျော်ခြင်းရှိရန်ဖြစ်ပါသည်” ဟူသော အချက်၏ အဓိကအခြေခံကျမ်းပိုဒ်ဖြစ်ပါသည်။

လူသည် ယေဘုယျအားဖြင့် မိမိ၏ကိုယ်ကျိုးကိုသာ ရှာတတ်၏။ လောကီအရာတို့နှင့် ဇာတိတပ်မက်ခြင်း၏အလို ဖြည့်ဆည်းခြင်းကို ရှာတတ်၏။ တစ်ဖက်တွင် ခရစ်ယာန်သည် ဘုရားသခင်ထံ မိမိ၏အသက်တာကို လုံးဝဆက်ကပ်သောသူဖြစ်ရပါမည်။ မိမိကိုယ်ကို ငြင်းပယ်လျက် မိမိကားတိုင်ကိုနေ့စဉ်ထမ်း၍ ခရစ်တော်နောက်လိုက်ရပါမည်။

ဤကျမ်းပိုဒ်၌ မှတ်သားရမည့်အချက်ဟူမှုကား၊ အရာခပ်သိမ်းတို့ကို ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန်အတွက် ပြုရမည်ဟူ၍ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွေး၊ အပြောအဆိုနှင့် ပြုသောအမှုအလုံးစုံတို့သည် ဘုရားသခင်၏နာမတော်ချီးမြှောက်ခြင်းအတွက် သမ္မာကျမ်းစာနှင့်အညီ ပြုကြရပါမည်။ ကျွန်ုပ်တို့၏အသက်တာတစ်ခုလုံးသည် ဘုရားသခင်၏ဦးဆောင်မှုနှင့် လမ်းပြမှုအောက်၌ လုံးဝဆက်ကပ်ရပါမည်။

ကောရိန္တုခရစ်ယာန်များအတွက် သူတို့၏အစားအသောက်သည် ဤအမှု၌ အရေးကြီးလှပါသည်။ ခပ်သိမ်းသောအစားအစာ စားသောက်ခွင့်ရှိကြပါသည်။ သို့သော်လည်း ဘုရားသခင်၏ပညတ်တော်နှင့်ဆန့်ကျင်သောအစားအစာသော်၎င်း၊ မိမိညီအစ်ကို၏ အားနည်းသောစိတ်ကို ပျက်စီးစေမည့်အစားအသောက်ကို၎င်း မစားဘဲနေကြရပါမည်။ ဤကိုယ်ချင်းစာတရားသည် ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ရမည်ဟူသော ခရစ်တော်၏ သွန်သင်ခြင်းနှင့်ကိုက်ညီမှုရှိပြီး၊ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေပါသည်။

ပြဿနာတစ်ခုဟူမှုကား ဘုရားသခင်၏ဘုန်းတော်ကို မထောက်ဘဲ မိမိ၏အခွင့်ကိုသာ ကြည့်တတ်ခြင်းဖြစ်ပါသည်။ ဘုရားသခင်ထံ မိမိအသက်တာတစ်ခုလုံးကို မဆက်ကပ်ဘဲ မိမိ၏ကိုယ်ကျိုးကို စွဲကိုင်တတ်ခြင်းဖြစ်ပါသည်။ ထိုသို့ မိမိကိုယ်ကျိုးရှာခြင်းနှင့် ဟန်ဆောင်ခြင်းအမှုကြောင့် ကျွန်တော်တို့သည် ဘုရားသခင်အတွက် သက်သေကောင်းမဖြစ်ခဲ့ကြပါ။

ထို့ကြောင့် ဟေရှာ ၄၂း၈ ထဲမှ ဘုရားသခင်၏ဆုံးမသွန်သင်ချက်ကို ဖတ်ပါလော့။ ကျွန်တော်တို့အသက်တာ၌ ပြုသောအမှု (ဘုရားကျောင်း၌၎င်း၊ အိမ်၌၎င်း၊ အလုပ်၌၎င်း) တိုင်းသည် ခရစ်တော်၏နာမတော်နှင့် အမှုတော်ချီးမြှောက်ခြင်းအတွက် ပြုကြရပါမည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏ဘုန်းတော်ကို ကျွန်တော်ခိုးယူပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အသက်တာ၌ပြုသောအရာတိုင်းသည် ကိုယ်တော်နှစ်သက်သောအမှု ဖြစ်စေလိုပါ၏။

**၁ ကော ၁၀း၃၂-၃၃**
ဖိ ၂း၁၅ *“. . . ထိမိ၍ လဲစရာအကြောင်းကို မပြုဘဲ”*

## အဘယ်သူကိုမျှ မလဲကျစေနှင့်

၁ ကော ၁၀း၃၂-၃၃ သည် ၁ ကော ၁၀း၃၁ ၏နောက်ဆက်တွဲဖြစ်ပါသည်။ အမှုအရာတိုင်း၌ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေခြင်းငှါ အဘယ်သူကိုမျှ မလဲကျစေမည်အကြောင်း၊ ကျွန်တော်တို့သတိထားရပါမည်။

“ထိမိ၍ လဲစရာအကြောင်းကိုမပြုဘဲ” ဟူသော စကားလုံးသည် ဂရိစကားလုံး *aproskopoi* ဖြစ်၍ “အပြစ်တင်ခြင်းနှင့်ကင်းလွတ်သော” ဟူ၍အဓိပ္ပာယ်ရှိ၏။ ထို့ကြောင့် ခရစ်ယာန်သည် အဘယ်နေရာ၌မဆို အပြစ်တင်ခြင်းမရှိအောင် နေထိုင်ရပါမည်။ တစ်စုံတစ်ယောက်သောသူ၏ စွပ်စွဲအပြစ်တင်ခြင်းမခံရမည်အကြောင်း ယုံကြည်ခြင်းအမှု၌ သတိထားရပါမည်။

ပထမအနေဖြင့်၊ ခရစ်ယာန်သည် အသင်းတော်၌ ထိမိ၍လဲစရာအကြောင်းကို မပြုဘဲ နေရပါမည်။ ညီအစ်ကိုအတွက် ထိမိ၍လဲစရာအကြောင်းမဖြစ်အောင် ကျွန်တော်တို့သတိထားရပါမည်။ ကောရိန္သုအသင်းတော်တွင် သင်းကွဲခြင်းနှင့် ဇာတိသဘောများစွာတွေ့ရ၏ (၁ ကော ၁-၃)။ သူတပါးအကြောင်းမကောင်းပြောခြင်းနှင့် ရန်တွေ့ခြင်းများတွေ့ရ၏။ ရင့်ကျက်သည်ဟု ထင်ရသော ခရစ်ယာန်တို့သည် လောကီအမှု၌ကျင်လည်၍ ပေါ့လျော့စွာနေထိုင်ကြခြင်းဖြင့် အားနည်းသောညီအစ်ကိုတို့သည် စိတ်ဓာတ်ကျခြင်းရှိခဲ့၏။ ကျွန်တော်တို့သည် အသင်းတော်၌ ကောင်းကြီးမင်္ဂလာသယ်ဆောင်သောသူလော (သို့) ဆီးတားသောသူ၊ ဖျက်ဆီးသောသူလော။

ဒုတိယအနေဖြင့်၊ ခရစ်ယာန်သည် အသင်းတော်ပြင်ပ၌လည်း ထိမိ၍လဲစရာအကြောင်းကို မပြုဘဲနေရပါမည်။ ဝမ်းနည်းစရာကောင်းသည်မှာ အချို့သောသူသည် အသင်းတော်၌ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ခဲ့သော်လည်း၊ အပြင်တွင်ထိုသို့မဟုတ်ကြပါ။ သူတို့သည် အပြောအဆိုမဆင်ခြင်ဘဲ လောကီလူတို့နှင့်မခြားမနား နေထိုင်တတ်ကြ၏။ သူတပါးကို ခရစ်တော်ထံ ခေါ်ဆောင်မည့်အစား သမ္မာတရားကို ရှောင်ကြဉ်စေတတ်ကြ၏။ မယုံကြည်သူက သူ့မိသားစုဝင် (သို့) ဆွေမျိုး၊ ယုံကြည်သူခရစ်ယာန်တစ်ဦးဦး၏ ရှက်ဖွယ်အကျင့်စရိုက်ကြောင့် ခရစ်တော်ကို ကျွန်တော်မယုံကြည်လိုပါဟု ဆိုခြင်းသည် အလွန်ဝမ်းနည်းစရာကောင်းလှပါသည်။

ချစ်သောမိတ်ဆွေ သင်၏အပြုအမူသည် အလွန်အရေးကြီးလှပါသည်။ သင်၏ခရစ်ယာန်လွတ်လပ်ခြင်းကို သူတပါးအား ခရစ်တော်ထံသို့ ခေါ်ဆောင်ခြင်းငှါ အသုံးပြုရပါမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်ဝေးအောင် တွန်းထုတ်သောသူမဖြစ်ရပါ။

**ဆင်ခြင်ရန်** - အသင်းတော်ပြင်ပ၌ သင်၏အပြုအမူမည်သို့ရှိသနည်း။
**ဆုတောင်းချက်** - အဘဘုရား၊ သူတပါးထိမိ၍လဲစရာအကြောင်း မဖြစ်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ အောက်တိုဘာ (၂၉)

**၁ ကော ၁၁း၁**

ဖိ ၃း၁၇

*"ငါသည် ခရစ်တော်၏နည်းတူ ကျင့်သကဲ့သို့ သင်တို့လည်း ငါ့နည်းတူ ကျင့်ကြလော့"*

## အကျွန်ုပ်ကဲ့သို့ကျင့်ကြလော့

"အကျွန်ုပ်ကဲ့သို့မကျင့်ကြနှင့်၊ ခရစ်တော်ကဲ့သို့ကျင့်ကြလော့" ဟူသော အဆိုသည် ကျော်ကြားလှပါသည်။ ဤအဆိုသည် သမ္မာကျမ်းစာနှင့်ကိုက်ညီမှုမရှိပါ။ အကြောင်းမှာ ခရစ်ယာန်အပေါင်းတို့သည် ခရစ်တော်အတွက် သက်သေများဖြစ်ကြသောကြောင့် ခရစ်တော်ကဲ့သို့ကျင့်သော စံနမူနာများဖြစ်ကြရပါမည်။ ကျွန်တော်တို့အားလုံးသည် ဤလောကအတွက်ဆား၊ ဤလောကအတွက်အလင်းဖြစ်ကြရပါမည် (မသဲ ၅း၁၃-၁၆)။

၁ ကော ၁၁း၁ ထဲတွင် တမန်တော်ပေါလုက ကောရိန္သုခရစ်ယာန်တို့အား ခရစ်တော်နည်းတူ မိမိကျင့်သည်ဖြစ်သောကြောင့် မိမိနည်းတူ ကျင့်ကြခြင်းငှါ သွန်သင်ခဲ့ပါသည်။ "နည်းတူကျင့်" ဟူသည့်ဂရိစကားလုံးမှ အင်္ဂလိပ်စကားလုံး "အတုယူ" (mimic) ဟူသောစကားလုံးဆင်းသက်လာခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ပေါလုသည် ကောရိန္သုခရစ်ယာန်တို့အား မိမိ၏အကျင့်၊ အပြုအမူတို့ကို အတုယူခြင်းငှါ တိုက်တွန်းခြင်းဖြစ်ပါသည်။ ထိုသို့မိမိနည်းတူကျင့်ခြင်းငှါ သူတပါးအား မတိုက်တွန်းမီ ပေါလုကိုယ်တိုင်သည် ခရစ်တော်နည်းတူ အရင်ကျင့်ရမည်ဖြစ်ပါသည်။ သို့မဟုတ်လျှင် အလွန်အန္တရာယ်ကြီးလှပါ၏။

ရှေးဦးစွာ အသင်းတော်ရှိခေါင်းဆောင်တို့သည် သူတပါးအတုယူမည့်သူများဖြစ်ခြင်းငှါ ပြင်ဆင်ကြရပါမည်။ ပထမဆုံးသောစံနမူနာပုဂ္ဂိုလ်သည် သင်းအုပ်ဆရာဖြစ်ပါသည်။ တိမောသေဩဝါဒစာ ပဌမစောင်ထဲတွင် ပေါလုက တိမောသေအား ဘုရားသခင်၏နှုတ်ကပတ်တော် ကြိုးစားအားထုတ်၍သွန်သင်ရမည်သာမက "စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတပါးကိုချစ်ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ ယုံကြည်သူတို့အား ပုံသက်သေကို ပြလော့" (၁ တိ ၄း၁၂) ဟုတိုက်တွန်းခဲ့ပါသည်။ ထိုသို့မဟုတ်လျှင် တိမောသေ၏တရားဟောချက်သည် အရာမရောက်ဖြစ်နိုင်ပါသည်။

သို့သော်လည်း အချို့သောသူသည် အသင်းတော်ခေါင်းဆောင်များသာလျှင် သန့်ရှင်းခြင်းအတွက် စံနမူနာဖြစ်ရမည်ဟုဆိုပြီး၊ မိမိတို့သည် ထိုသို့ဖြစ်ခြင်းငှါ ကြိုးစားမကျင့်ကြံကြပါ။ သို့သော်လည်း ၁ ကော ၁၁း၁ က ကျွန်တော်တို့အားလုံးအား ခရစ်တော်နည်းတူကျင့်ရန် တိုက်တွန်းထားပါသည်။ ထို့ကြောင့် ခရစ်ယာန်အားလုံး၏ တာဝန်ဝတ္တရားသည် ဘုရားသခင်ကို ကြောက်ရွံ့သောသဘောဖြင့် နေထိုင်ကျင့်ကြံလျက် သူတပါးကို ခရစ်တော်ထံခေါ်ဆောင်ကြရမည်ဖြစ်ပါသည်။

ဖိ ၃း၁၇ ထဲတွင် ပေါလုက "ညီအစ်ကိုတို့ ငါကျင့်သည်နည်းတူ သင်တို့သည် တညီတညွတ်တည်းကျင့်ကြလော့။ ငါတို့ပေးသောပုံသက်သေနှင့်အညီ ကျင့်သောသူတို့ကိုလည်း ရှုမှတ်ကြလော့" ဟု ဆိုခဲ့ပါသည်။ ပေါလုက ယုံကြည်သူတို့အား မိမိနည်းတူ ကျင့်ခြင်းငှါသာမဟုတ်ဘဲ၊ ခရစ်တော်နည်းတူကျင့်သောသူအပေါင်းတို့ကဲ့သို့လည်း ကျင့်ခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ ထိုသူတို့တွင် တစ်ဦးအပါအဝင်ဖြစ်သော ပုဂ္ဂိုလ်မှာ အမှုတော်ဆောင်ခြင်း၌နှိမ့်ချစွာ ပေါလု၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးသော ဧပဖြောဒိတ်ဖြစ်ပါသည်။ ခရစ်တော်နှင့်နီးကပ်စွာ သင်အသက်ရှင်နေထိုင်ခြင်းပြုလျှင် ဘုရားသခင်က သင့်အား သူတပါးကို ဖြောင့်မတ်ရာလမ်းညွှန်ပြပေးသောသူအဖြစ် အသုံးပြုနိုင်ပါသည်။

**ဆင်ခြင်ရန်** - သူတပါးသည် အကျွန်ုပ်၌ ခရစ်တော်ကိုမြင်တွေ့နိုင်ကြပါသလား။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ခရစ်တော်ကဲ့သို့ ပို၍ကျင့်နိုင်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ အောက်တိုဘာ (၃၀)

**သု ၂၉း၁၈**
ရော ၁၀း၉

*"ဗျာဒိတ်တော်မရှိလျှင်၊ လူတို့သည် အကျိုးနည်းဖြစ်ကြ၏. . . "*

# နှုတ်ကပတ်တော်မရှိ၊ အသက်ရှင်ခြင်းမရှိ (၁)

၁ ကော ကိုခဏတာထားခဲ့ပြီး၊ မှားယွင်းစွာအနက်ဖွင့်ခြင်းခံရလေ့ရှိသော သုတ္တံ ၂၉း၁၈ ကို ကျွန်တော်တို့ဆင်ခြင်လေ့လာကြပါစို့။ အချို့သောသူက ဤကျမ်းပိုဒ်ကို အဖွဲ့အစည်း၌ ရူပါရုံ၏ အရေးပါခြင်းအမှု ရှင်းပြချက်အတွက် အသုံးပြုတတ်ပါသည်။ သို့သော်လည်း ဤကျမ်းပိုဒ် ပထမပိုင်း၌တွေ့ရသော "ဗျာဒိတ်တော်" ဟူသောစကားလုံးသည်၊ ဒုတိယပိုင်း၌တွေ့ရသည့် "တရားတော်" နှင့် ဆိုလိုရင်းတူပါသည်။ ထို့ကြောင့် "ဗျာဒိတ်တော်" က သမ္မာကျမ်းစာရေးသားခြင်းကာလ၌ လူတို့ထံ ဘုရားသခင်ဖော်ပြတော်မူသော ပရောဖက်ပြုချက်တရားတော်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။

ယနေ့တွင် ဘုရားသခင်၏တရားတော်နှင့် ပရောဖက်ပြုဖော်ပြချက်တို့သည် ဘုရားသခင်၏ စုံလင်သော နှုတ်ကပတ်တော်သမ္မာကျမ်းစာထဲ၌ တွေ့ရပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်မရှိလျှင် အပြစ်မှုကယ်တင်ခြင်းအကြောင်း သိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့်လူတို့သည် ပျက်စီးကြပါလိမ့်မည်။ တစ်ဖက်တွင် လူတို့သည် သမ္မာကျမ်းစာကို လက်ခံယုံကြည်လျှင် ထိုဘုရားသခင်၏ နှုတ်ကပတ်တရားတော်၌ ကြီးမြတ်သောကောင်းကြီးမင်္ဂလာတွေ့မြင်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဖြင့် သခင်ယေရှုခရစ်တော်နှင့် မြတ်သောမိဿဟာယဖွဲ့ခြင်းကို ပြည့်စုံစွာခံစားရကြသောကြောင့် ဘုရားသခင်၏တရားတော်လိုက်လျှောက်ခြင်းအမှု၌ အလွန်ဝမ်းမြောက်ခြင်းရှိကြ၏။

၁၆ ရာစုအသင်းတော်ပြုပြင်ခြင်းမတိုင်မီအချိန်၌ ရော်မန်ကာသိုလစ်အသင်းတော်သည် လူထုထံမှ သမ္မာကျမ်းစာကို ဝှက်ထားခဲ့ကြ၏။ သမ္မာကျမ်းစာသည် လူတိုင်းနားမလည်သော ဟေဗြဲဘာသာ၊ ဂရိဘာသာနှင့် အာရမိတ်ဘာသာဖြင့် မူရင်းရေးသားခြင်းဖြစ်ပါသည်။ သို့သော်လည်း ရော်မန်ကာသိုလစ်အသင်းတော်က ဘုရားသခင်၏နှုတ်ကပတ်တော်ကို လူတို့နားလည်သော ဘာသာစကားအသီးသီးဖြင့် ဘာသာပြန်ခြင်းအမှုကို ဆီးတားခဲ့၏။ ထို့ကြောင့် လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မဖတ်ရကြ။ ထိုခေတ်ကာလသည် အမှန်အမှောင်ခေတ်ကာလဖြစ်ခဲ့ပါသည်။ အကြောင်းမှာ ဘုရားသခင်၏ သမ္မာတရားအလင်းရောင်မရှိသောကြောင့် လူတို့သည် ဝိညာဉ်အရာ၌ အကျိုးနည်းခဲ့ကြ၏။

သို့သော်လည်း အသင်းတော်ပြုပြင်ပြောင်းလဲခြင်းကာလတွင် မာတင်လူသာ၊ ဂျွန်ကာဗင်၊ ဂျွန်နှတ်၊ ဝီလျံတင်ဒဲလ်နှင့် ဂျွန်ဟာရ် စသည့် ယုံကြည်ခြင်း၌ရပ်တည်သောပုဂ္ဂိုလ်များ ပေါ်ထွန်းလာပြီး၊ သမ္မာကျမ်းစာအတွက် တိုက်လှန်ခြင်းပြုခဲ့ကြ၏။ ဤပုဂ္ဂိုလ်တို့သည် ရော်မန်ကာသိုလစ်အသင်းတော်၏သွန်သင်ချက်များကို တစ်နည်းတစ်ဖုံဆန့်ကျင်သောသူများဖြစ်၍ ခရစ်ယာန်ယုံကြည်ခြင်းအတွက် အရေးပါသောပုဂ္ဂိုလ်များဖြစ်ခဲ့ပါသည်။ ထိုခရစ်ယာန်ယုံကြည်ချက်များမှာ သမ္မာကျမ်းစာသာလျှင်၊ ကျေးဇူးတော်အားဖြင့်သာလျှင်၊ ယုံကြည်ခြင်းအားဖြင့်သာလျှင်၊ ခရစ်တော်အားဖြင့်သာလျှင်၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့အတွက်သာလျှင် ဟူ၍ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အသင်းတော်ပြုပြင်ခြင်း၏ မြတ်သောအမွေကို ကျွန်တော်တန်ဖိုးထားရပါမည်။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို နေ့စဉ်တန်ဖိုးထားလိုပါ၏။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၃၁)

**သု ၂၉း၁၈**

ယု ၃

*“. . . တရားတော်ကို စောင့်သောသူမူကား မင်္ဂလာရှိ၏”*

# နှုတ်ကပတ်တော်မရှိ၊ အသက်ရှင်ခြင်းမရှိ (၂)

အသင်းတော်ပြုပြင်ခြင်းကာလ၌ သမ္မာကျမ်းစာအတွက် ကြိုးစားတိုက်လှန်ခြင်းကိုပြုသော သစ္စာရှိသောလူတို့ကို ဘုရားသခင်ပေါ်ထွန်းစေတော်မူ၏။ ထိုသူတို့သည် သမ္မာကျမ်းစာကို လူတို့နားလည်သော ဘာသာစကားအသီးသီးဖြင့် ဘာသာပြန်ခြင်း၌ စိတ်အားထက်သန်ခဲ့ကြ၏။ ထို့ကြောင့် သမ္မာကျမ်းစာဘာသာပြန်ခြင်းအမှုကိုပြု၍၊ လူထုထံဖြန့်ဝေခဲ့ကြ၏။ သမ္မာကျမ်းစာက များစွာသောလူတို့၏ မျက်စိကို ပွင့်စေ၍၊ မြတ်သောကောင်းကြီးမင်္ဂလာယူဆောင်လာခဲ့၏။ “တရားတော်ကို စောင့်သောသူမူကား မင်္ဂလာရှိ၏” (သု ၂၉း၁၈)။

ယနေ့၌လည်း ဘုရားသခင်၏နှုတ်ကပတ်တော်သည် ရှေးကကဲ့သို့ပင် တိုက်ခိုက်ခြင်းခံလျက်ရှိပါသည်။ အကြောင်းမှာ “မာရ်နတ်သည် ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏” (၁ ပေ ၅း၈)။ သမ္မာကျမ်းစာ၌ ပျောက်သောစကားလုံးများစွာရှိ၏ဟု များစွာသောသူတို့သည် ဆိုကြပြီး၊ ယနေ့ဘုရားသခင်၏ နှုတ်ကပတ်တော်သည် စုံလင်ခြင်းမရှိဟုဆိုကြ၏။

ဘုရားသခင်၏နှုတ်ကပတ်တော်က မည်သို့ဆိုသနည်း။ မသဲ ၅း၁၈ က “ကောင်းကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌အငယ်ဆုံးသော စာလုံးဖိန္ဒုတစ်လုံးမျှ ပြည့်စုံခြင်းသို့မရောက်မီ မပျက်စီးရ” ဟု မိန့်တော်မူ၏။ မသဲ ၂၄း၃၅ ကလည်း “ကောင်းကင်နှင့်မြေကြီးမတည်သော်လည်း ငါ့စကားတည်လိမ့်မည်” ဟုဆို၏။ ထို့ကြောင့် ယနေ့ကျွန်ုပ်တို့လက်၌ ဘုရားသခင်၏ စုံလင်သောနှုတ်ကပတ်တော်ရှိ၏ဟု အသေအချာဆိုနိုင်ပါသည်။

၁၆ ရာစု၌ အသင်းတော်ပြုပြင်ပြောင်းလဲသောသူတို့သည် ယုံကြည်ခြင်းအတွက် ကြိုးစားတိုက်လှန်ခြင်းပြုခဲ့ကြ၏။ သမ္မာကျမ်းစာသည် ထာဝရအမှားကင်းစင်သော၊ မမှားနိုင်သော ကျမ်းစာဖြစ်သည်ဟု လက်ခံခဲ့ကြ၏။ ခရစ်ယာန်များက သမ္မာကျမ်းစာသည် ယုံကြည်ခြင်းနှင့်အပြုအမူ၊ အကျင့်အကြံအတွက် ကျွန်ုပ်တို့၏ အဆုံးစွန်အာဏာတော်ဖြစ်သည်ဟု ယုံကြည်စိတ်ချစွာ ဆိုနိုင်ပါသည်။

တိုက်လှန်ခြင်းရှိနေသေးသည်ဖြစ်သောကြောင့် ယနေ့ကျွန်တော်တို့ ၂၁ ရာစုအသင်းတော်ပြုပြင်ပြောင်းလဲခြင်း လိုအပ်လျက်ရှိပါသည်။ ယနေ့ကမ္ဘာလောက၌ ဝိညာဉ်ဆုကျေးဇူးအလွန်အကျွံယုံကြည်ခြင်း၊ ဧဝံဂေလိတရားဟောပြောနည်းအသစ်၊ တစ်ကမ္ဘာတစ်ဘာသာသွန်သင်ခြင်းစသည့် များစွာသော မှားယွင်းသော သွန်သင်ချက်များရှိပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်မရှိလျှင် လူတို့သည် အကျိုးနည်းဖြစ်ကြမည်ဖြစ်သောကြောင့် ကျွန်တော်တို့သည် သမ္မာတရားကို စွဲကိုင်ဟောပြောကြရပါမည်။ အသင်းတော်ပြုပြင်ပြောင်းလဲခြင်း၏ သားသမီးတို့သည် ယုံကြည်ခြင်းအတွက် ယနေ့တိုက်လှန်ခြင်းပြုပါမည်လော။

**ဆင်ခြင်ရန်** - ၂၁ ရာစုအသင်းတော်ပြုပြင်ပြောင်းလဲခြင်း ယနေ့ကျွန်တော်တို့လိုအပ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ ယုံကြည်ခြင်းအတွက် ကြိုးစားတိုက်လှန်ခြင်းပြုမည်အကြောင်း မစတော်မူပါ။

**၁ ကော ၁၁း၂**

ဟေဗြဲ ၁၃း၇၊ ၁၇

*“. . . သင်တို့သည် အရာရာ၌ ငါ့ကိုအောက်မေ့၍. . . ”*

## ဦးဆောင်သောသူများကိုသတိရအောက်မေ့ခြင်း

ကောရိန္တုအသင်းတော်သည် ပြဿနာများစွာကြုံတွေ့ရသော်လည်း၊ တမန်တော်ပေါလုကို လေးစားချစ်ခင်ခြင်းရှိခဲ့သည်ဟု ထင်ရပါသည်။ ပေါလုသည် သူတို့နှင့်အတူ မနေခဲ့သော်လည်း “မမြင်လျှင်သတိမရ” ဟူသော စကားပုံကဲ့သို့မဖြစ်ကြပါ။ ထို့ကြောင့် တမန်တော်ပေါလုက ၁ ကော ၁၁း၂ ထဲတွင် ဤသို့ရေးမှတ်ခဲ့၏- “ညီအစ်ကိုတို့ သင်တို့သည် အရာရာ၌ ငါ့ကိုအောက်မေ့၍၊ ငါ အပ်ပေးသော နည်းဥပဒေသတို့ကို စွဲလမ်းကြသည်ဖြစ်၍ သင်တို့ကိုငါချီးမွမ်း၏”။

ကောရိန္တုခရစ်ယာန်တို့က တမန်တော်ပေါလုကို မည်သို့သတိရအောက်မေ့ခဲ့ကြသနည်း။ အပြောသက်သက်အားဖြင့်မဟုတ်ဘဲ သူတို့ထံအပ်ပေးခဲ့သော “နည်းဥပဒေသတို့ကို” လိုက်လျှောက်ကြခြင်းအားဖြင့် သတိရခဲ့ကြ၏။ ဤနည်းဥပဒေသတို့သည် သူတို့နှင့်အတူရှိစဉ် ပေါလုသင်ပေးခဲ့သော သွန်သင်ချက်များကို ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဦးဆောင်သောသူများကို သတိရအောက်မေ့ခြင်းဆိုသည်မှာ သစ္စာရှိစွာ သူတို့သင်ပေးခဲ့သော နှုတ်ကပတ်တော်များကို ဘယ်နေရာ၌မဆို အောက်မေ့သတိရလိုက်လျှောက်ခြင်းဖြစ်ပါသည်။

ဤလမ်းစဉ်ကို ပေါလုက ဟေဗြဲ ၁၃း၇ ထဲ၌လည်း ဖော်ပြခဲ့ပါသည်- “ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို သင်တို့အားဟောပြော၍ သင်တို့ကိုအုပ်သောသူတို့ကို အောက်မေ့ကြလော့။ သူတို့သည် အဘယ်သို့ကျင့်ကြံပြုမူ၍ စုတေသည်ကို စေ့စေ့ဆင်ခြင်လျက် သူတို့၏ယုံကြည်ခြင်းကို မီအောင်လိုက်ကြလော့”။ ကျွန်တော်တို့သည် ခေါင်းဆောင်များကို သူတို့သင်ပေးသော သမ္မာကျမ်းစာနှင့် သူတို့၏ ဘုရားသခင်ကြောက်ရွံ့ခြင်းအကျင့်တို့ကို လိုက်လျှောက်ခြင်းဖြင့် သတိရအောက်မေ့ကြရပါမည်။

သစ္စာရှိသောခေါင်းဆောင်များကို ကျွန်တော်တို့သည် ရိုသေလေးစားနာခံခြင်းမရှိလျှင် ဘုရားသခင်၏သိုးစုကိုစောင့်ရှောက်သော ထိုသူတို့၏စိတ်နှလုံးနာကျင်စေသည်သာမက ကျွန်ုပ်တို့အတွက် လုံးဝအကျိုးမရှိပါ (ဟေဗြဲ ၁၃း၁၇)။ ထိုသို့သောအပြုအမူသည် ဘုရားသခင်နှင့်အကျွန်ုပ်တို့၏မိဿဟာယဖွဲ့ခြင်းကို ထိခိုက်စေပါသည်။ အသက်တာ၌ ပျော်ရွှင်ခြင်းလုံးဝမရှိဘဲ၊ ကယ်တင်ခြင်းဝမ်းမြောက်ခြင်းကိုပင် ကျွန်တော်တို့ပျောက်ဆုံးစေနိုင်ပါသည်။

ထို့ကြောင့်ကျွန်ုပ်တို့ကို သစ္စာရှိစွာနှုတ်ကပတ်တော်သင်ကြားပေးသော သူတို့အား၊ ကျွန်တော်တို့သည် တန်ဖိုးထားကြရပါမည်။ သစ္စာရှိစွာ ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောသောအခါ လူ၏တရားကဲ့သို့မဟုတ်ဘဲ၊ ဘုရားသခင်၏တရားတော်ဖြစ်ကြောင်း ကျွန်တော်တို့ယုံကြည်လိုက်လျှောက်ခြင်းရှိရပါမည် (၁ သက် ၂း၁၃)။

**ဆင်ခြင်ရန်** - အသင်းတော်ဦးဆောင်သောသူတို့ကို ကျွန်တော်သိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏သိုးစုအတွက် သစ္စာရှိသော ခေါင်းဆောင်ပေးသနားတော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၂)

**၁ ကော ၁၁း၃**

ယော ၁၄း၂၈

*“. . . ခရစ်တော်၏ခေါင်းကား ဘုရားသခင်ဖြစ်တော်မူသည်ကိုငှင်း. . . ”*

## သုံးပါးတဆူဘုရား၌ဦးဆောင်မှုတာဝန်ဝတ္တရား

အဖွဲ့အစည်း၌ အမျိုးသမီးကဏ္ဍနှင့်ပတ်သက်၍ ယနေ့ငြင်းခုံမှုများပေါ်ပေါက်ခဲ့ပါသည်။ အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုလည်း ပေါ်ပေါက်လာခဲ့၏။ ဝမ်းနည်းစရာကောင်းသည်မှာ ဤငြင်းခုံမှုက အသင်းတော်ကိုလည်း လှုပ်ခတ်စေခဲ့၏။ အသင်းတော်၌ ယောကျ်ားဦးဆောင်မှုနေရာကို လုယူခြင်းငှါ အမျိုးသမီးလှုပ်ရှားမှုကြီးထွားလာခဲ့ပါသည်။ ဤအမျိုးသမီးတို့သည် သင်းအုပ်ဆရာ (သို့) သင်းအုပ်လူကြီးအဖြစ် ဘိသိတ်ပေးခြင်းခံရန် သူတို့၌ အခွင့်ရှိသည်ဟု ပြောဆိုတိုက်ခိုက်လာကြ၏။ အသင်းတော်၏လူထုဝတ်ပြုကိုးကွယ်ခြင်း၌ သင်ပေးခြင်း၊ တရားဟောခြင်း ပြုခြင်းငှါ၊ တောင်းဆိုလာကြပါသည်။

ထိုသို့အသင်းတော်၌ ဘုရားသခင်ချမှတ်တော်မူသော ယောကျ်ားဦးဆောင်ခြင်းအမှုကို ဆန့်ကျင်သော ဤမနာခံခြင်းလှုပ်ရှားမှုသည် အသစ်အဆန်းမဟုတ်ပါ။ ကောရိန္တုအသင်းတော်သည်လည်း ထိုသို့လူထုရှေ့၌ တရားဟောသွန်သင်ခြင်းငှါ ကြိုးစားလာကြသောမိန်းမများ၏ပြဿနာကို ရင်ဆိုင်နေရပါသည်။ ဤအမှုကို ပေါလုက သုံးပိုင်းပိုင်း၍ဖော်ပြထားပါသည်။

(၁) ခေါင်းဆောင်မှုနှင့်ဆိုင်သောသွန်သင်ချက် (၁ ကော ၁၁း၃)၊
(၂) မိန်းမတို့သည် မိမိခေါင်းကိုမဖုံးဘဲ ဝတ်ပြုကိုးကွယ်မှုပြုခြင်း (၁ ကော ၁၁း၄-၁၆)၊
(၃) လူထုဝတ်ပြုကိုးကွယ်နေစဉ် မိန်းမများသွန်သင်ခြင်းအမှုပြုခြင်း(၁ ကော ၁၄း၃၄-၃၅)

သုံးပါးတဆူဘုရား၌ ဘုရားဖြစ်ခြင်းအမှု တူညီခြင်းရှိကြောင်း ရှေးဦးစွာမှတ်သားကြရပါမည်။ The Westminster Shorter Catechism က ဤသို့ဖော်ပြခဲ့ပါသည် - “ဘုရားတဆူ၌ ဘုရားသုံးပါးရှိ၏၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ကြ၏။ ဤသုံးပါးတို့သည် ဘုရားတဆူတည်းဖြစ်၍ ဘုရားဖြစ်ခြင်း၌တူညီကြပြီး၊ တန်ခိုးနှင့်ဘုန်းတော်အရာ၌လည်း တူညီကြ၏”။ ခမည်းတော်သည် ဘုရားသခင်ဖြစ်၏၊ သားတော်သည်လည်း ဘုရားသခင်ဖြစ်၏၊ သန့်ရှင်းသောဝိညာဉ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏ (၁ ယော ၅း၆-၈)။

တစ်ကြိမ်တည်းမှာပင် ထိုဘုရားတဆူတည်း၌ အမှုပြုခြင်းနှင့်ပတ်သက်၍ ဦးဆောင်မှုတာဝန်ဝတ္တရားခွဲဝေခြင်းရှိပါသည်။ ခရစ်တော်က ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်ကြောင်း ဆိုခဲ့သော်လည်း (ယော ၁၀း၃၀)၊ ခမည်းတော်သည် မိမိထက်သာ၍ကြီးမြတ်တော်မူကြောင်း (ယော ၁၄း၂၈) ဆိုခဲ့ပါသည်။ အကြောင်းမှာ ခရစ်တော်၏ တာဝန်ဝတ္တရားသည် ခမည်းတော်၏ အလိုတော်ကို ပြည့်စုံစေတော်မူသော၊ နာခံသောသားတော်ဖြစ်ရန်ဖြစ်ပါသည် (ယော ၄း၃၄၊ ယော ၁၇ ကိုလည်းကြည့်ပါ)။ “ထို့ကြောင့် ဘုရားတဆူတည်း၌ တူညီသောပုဂ္ဂိုလ်များရှိသော်လည်း၊ ဘုရားသခင်၏အကြံအစည်ဆောင်ရွက်ခြင်းအမှု၌ ဦးဆောင်မှုတာဝန်ယူခြင်းလည်းရှိပါသည်” (Robert Gromacki)။

**ဆင်ခြင်ရန်** - ခရစ်တော်သည် ခမည်းတော်၏အလိုတော်သို့ အစဉ်ဆက်ကပ်မှုရှိ၏။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အလိုတော်သို့ လုံးဝဆက်ကပ်သောသူဖြစ်လိုပါ၏။

စနေ၊ နိုဝင်ဘာ (၃)

**၁ ကော ၁၁း၃**

ဧဖက် ၅း၂၂-၃၃

*"ယောကျ်ားဏ်ခေါင်းကား ခရစ်တော်ဖြစ်သည်ကိုငှင်း၊ မိန်းမဏ်ခေါင်းကားယောကျ်ားဖြစ်သည်ကိုငှင်း. . ."*

# အသင်းတော်၌ဦးဆောင်မှုတာဝန် (၁)

သုံးပါးတဆူဘုရား၌ အမှုဆောင်ရွက်ခြင်းနှင့်ပတ်သက်လျှင် တာဝန်ယူဦးဆောင်မှုခွဲဝေခြင်းရှိသည်ဖြစ်သောကြောင့် ယောကျ်ားနှင့်မိန်းမတို့၏ တာဝန်ဝတ္တရား၌လည်း ခွဲခြားမှုရှိခြင်းငှါ ဘုရားသခင်အလိုရှိခဲ့၏။ "မိန်းမ၏ခေါင်းကား၊ ယောကျ်ားဖြစ်သည်" (၁ ကော ၁၁း၃)။ ယောကျ်ားသည် ဦးဆောင်မှုကိုပြု၍၊ မိန်းမသည် ယောကျ်ား၏ဦးဆောင်မှုကို လက်ခံရပါမည်။

ဤတာဝန်ခွဲဝေမှုကို မိသားစု၌လည်းတွေ့ရပါသည်။ ဧဖက် ၅း၂၃ က "ယောကျ်ားသည် မိန်းမ၏ခေါင်းဖြစ်၏" ဟုဆိုခဲ့ပါသည်။ "ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူ၍၊ ထိုအသင်းတော်အဖို့အလိုငှါ ကိုယ်ကိုယ်ကိုစွန့်တော်မူ" (ဧဖက် ၅း၂၅၊ ၂၇) သကဲ့သို့၊ ယောကျ်ားတို့သည် မိမိတို့၏ ခင်ပွန်းများကို ချစ်ရပါမည်။ မိမိတို့၏ခင်ပွန်းများကို မိမိ၏ကိုယ်ကဲ့သို့ချစ်လျက်၊ ဝိညာဉ်နှင့်ခန္ဓာကိုယ်လိုအပ်ချက်များကို ထောက်ပံ့ခြင်းဖြင့် ပြုစုစောင့်ရှောက်ချစ်ခင်ရပါမည်။ တစ်ဖက်တွင် မိန်းမတို့သည် ကိုယ်ယောကျ်ား၏ အုပ်စိုးခြင်းကို သခင်ဘုရား၏အုပ်စိုးတော်မူခြင်းခံသကဲ့သို့ ဝန်ခံရပါမည် (ဧဖက် ၅း၂၂)။ ထို့ကြောင့် ထိမ်းမြားခြင်းပဋိညာဉ်တွင် သတို့သမီးသည် မိမိ၏ယောကျ်ားကို ချစ်ခင်ပြုစုမည်သာမက နာခံခြင်းရှိမည်ဟု ကတိပြုခဲ့၏။ ဝမ်းနည်းစရာကောင်းသည်မှာ ယနေ့တွင် ထိုပဋိညာဉ်မှ "နာခံခြင်း" ဟူသောစကားလုံးကို များစွာသောသတို့သမီးများက ဖယ်ရှားခဲ့ပါသည်။

ထိုနည်းတူ အသင်းတော်၌လည်း ယောကျ်ားသည် မိန်းမ၏ခေါင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ အသင်းတော်အမှု၌ ဦးဆောင်ခြင်းအမှုကို ယောကျ်ားကတာဝန်ယူရမည်ဖြစ်ပါသည်။ ထို့ကြောင့် အသင်းတော်၌ သင်းအုပ်လူကြီး၏အရည်အချင်းတစ်ခုမှာ မိမိခင်ပွန်းအပေါ် သစ္စာရှိသောသူ၊ မိမိမိသားစုကို ကောင်းစွာအုပ်စိုးသောသူဖြစ်ရမည်ဟူ၍ဖြစ်၏ (၁ တိ ၃း၂၊ ၄)။ အသင်းတော်၏ ဝိညာဉ် ရေးရာအမှုများ၌ တာဝန်ယူမည့်သူသည် ယောကျ်ားဖြစ်ရပါမည်။

ယနေ့ကြုံတွေ့ရသောပြဿနာနှစ်ခုရှိပါသည်။ ပထမပြဿနာမှုကား မိန်းမတို့သည် သူတို့အတွက် ဘုရားသခင်ချမှတ်ထားသော တာဝန်ကို လက်မခံလိုဘဲ၊ ယောကျ်ားတို့အပေါ် ဘုရားသခင်ပေးအပ်တော်မူသော အာဏာကို လုယူလိုခြင်းရှိကြ၏။ ထိုသို့ပြုခြင်းအားဖြင့် သူတို့သည် ဘုရားသခင်၏ တန်ခိုးအာဏာကို ဆန့်ကျင်ရာရောက်၏။ တစ်ကြိမ်တည်းမှာပင် ယောကျ်ားတို့ကလည်း သူတို့အပေါ် ဘုရားသခင်ချမှတ်ထားသော ဦးဆောင်ခြင်းတာဝန်ဝတ္တရားများ ထမ်းဆောင်ခြင်း၌ ပေါ့လျော့ခဲ့ကြ၏။ ကောရိန္သုမြို့ရှိအသင်းတော်၌ဖြစ်သကဲ့သို့ ယနေ့အသင်းတော်နှင့် မိသားစုများ၌ ရှုပ်ထွေးခြင်းပြဿနာရှိခြင်းသည် အလွန်အံ့ဩစရာမကောင်းလှပါ။

**ဆင်ခြင်ရန်** - ယောကျ်ားတို့သည် မိမိတို့၏တာဝန်ဖြစ်သော ဦးဆောင်ခြင်းအမှုကို တာဝန်ယူရပါမည်။

**ဆုတောင်းချက်** - အဘဘုရား၊ ဘဝ၌ အကျွန်ုပ်အပေါ်ပေးအပ်ထားသော တာဝန်ကို လက်ခံဆောင်ရွက်ခြင်းငှါ မစတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၄)
**၁ ကော ၁၁:၄-၆**
၁ တိ ၂:၉-၁၀

*“. . . ဆံပင်ရိတ်ခြင်းအရာသည်
ရှက်စရာရှိလျှင် ခေါင်းကိုဖုံးစေ”*

# အသင်းတော်၌ဦးဆောင်မှုတာဝန် (၂)

ပေါလုခေတ်ကာလ၌ ခေါင်းကိုဖုံးခြင်းသည် မိန်းမများအတွက် ထုံးတမ်းစဉ်လာတစ်ခုဖြစ်ပါသည်။ ဤခေါင်းဖုံးခြင်းသည် မိန်းမအတွက် ယောကျ်ား၏အုပ်စိုးခြင်းကို ဝန်ခံခြင်းလက္ခဏာဖြစ်ပါသည်။ သို့သော်လည်း ထိုခေတ်ကာလ၌ ယနေ့ခေတ်မိန်းမအခွင့်အရေးလှုပ်ရှားမှုကဲ့သို့သောလှုပ်ရှားမှုရှိခဲ့ပါသည်။ ထိုလှုပ်ရှားမှုက မိန်းမတို့အား သူတို့၏ခေါင်းဖုံးကို ဖယ်ရှား၍၊ ယောကျ်ားတို့နှင့် တန်းတူဖြစ်သည်ဟု ပြသခြင်းအနေဖြင့် လွတ်လပ်စွာ ဝတ်စားဆင်ယင်ခြင်းငှါ တိုက်တွန်းခဲ့၏။ များစွာသောဘုရားများကိုးကွယ်သောသူတို့၏ ထုံးတမ်းစဉ်လာထဲတွင် မိန်းမယဇ်ပုရောဟိတ်နှင့်မိန်းမပရောဖက်တို့သည် ခေါင်းဖုံးခြင်းမရှိဘဲ ဆုတောင်းခြင်း၊ တရားဟောခြင်းပြုကြ၏။

ထို့ကြောင့် ကောရိန္သုမြို့ရှိအသင်းတော်အား ပေါလုက အချက်နှစ်ချက်သွန်သင်ခဲ့ပါသည်။

ပထမအချက်မှုကား ယောကျ်ားတို့သည် လူများတို့နှင့်ဘုရားသခင်ဝတ်ပြုကိုးကွယ်သောအခါ သူတို့ခေါင်းကိုမဖုံးရကြ။ ထိုခေတ်၌ ခေါင်းဖုံးခြင်းသည် သူတို့အပေါ် ဘုရားသခင်တာဝန်ပေးတော်မူသော ဦးဆောင်ခြင်းအမှုကို ငြင်းပယ်ရာရောက်၏။ ဘုရားသခင်ချမှတ်တော်မူသောတာဝန်မထမ်းဆောင်လိုခြင်း၊ လျစ်လျူရှုခြင်းပင်ဖြစ်ပါသည်။

ရောမအင်ပါယာခေတ်၌လည်း ယောကျ်ားတို့သည် သူတို့ဘုရားများဝတ်ပြုကိုးကွယ်ခြင်းပြုသောအခါ သူတို့ခေါင်းကိုဖုံးအုပ်တတ်ကြကြောင်း တွေ့ရပါသည် (Kistemaker)။ ထိုသို့သောအကျင့်သည် ကောရိန္သုအသင်းတော်ထဲသို့ ဝင်ရောက်သည်ဟုထင်ရပါသည်။ ထို့ကြောင့်ပေါလုက ကောရိန္သုအသင်းတော်၏ဝတ်ပြုကိုးကွယ်ခြင်းသည် ထိုသို့သောဘုရားများစွာကိုးကွယ်ခြင်း ထုံးတမ်းစဉ်လာနှင့် ခြားနားခြင်းရှိစေခြင်းငှါ အလိုရှိခဲ့၏။ ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်းအမှုက ဘုရားသခင်၏ နှုတ်ကပတ်တော် ကောင်းမွန်စွာသိကျွမ်းနားလည်ခြင်းရှိကြောင်းကို ပေါ်လွင်စေရပါမည်။

ဒုတိယအချက်ဟူမှုကား မိန်းမတို့သည် လူများတို့နှင့်ဘုရားဝတ်ပြုကိုးကွယ်ခြင်းပြုသောအခါ သူတို့ခေါင်းကိုဖုံးရပါမည်။ ထိုသို့မပြုလျှင် အသင်းတော်၌ ယောကျ်ား၏ဦးဆောင်မှုကို ဝန်မခံရာရောက်၏။ ထိုသို့ဝန်မခံခြင်းသည် မိမိ၏ခေါင်းကိုပြောင်အောင်ရိတ်သကဲ့သို့ မိမိအတွက် အရှက်ရစရာဖြစ်ပါသည်။

ဤအကြောင်းအရာ၏အဓိကအချက်ဟူမှုကား၊ အသင်းတော်၌ ဘုရားသခင်ချမှတ်ထားသော တာဝန်ခွဲဝေမှုကို ရိုသေလေးစားခြင်းရှိရန်ဖြစ်ပါသည် (၁ ကော ၁၄:၄၀)။ ကျွန်တော်တို့သည် ဘုရားသခင်ချမှတ်တော်မူသော နည်းဥပဒေသများကို ရိုသေလိုက်နာခြင်းပြုလျှင် ဘုရားသခင်ကို ရိုသေလေးစားရာရောက်၏။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကျွန်တော်တို့ဝတ်ပြုကိုးကွယ်သောအခါ တင့်တယ်လျောက်ပတ်စွာ ကျွန်တော်တို့ဝတ်ဆင်ရပါမည်။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ရှေ့၌ တင့်တယ်လျောက်ပတ်စွာ ဝတ်ဆင်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ နိုဝင်ဘာ (၅)

**၁ ကော ၁၁း၇-၁၂**

၁ တိ ၂း၁၁-၁၅

*"မိန်းမမူကား၊ ယောကျ်ား၏ ဘုန်းအသရေဖြစ်၏"*

---

## ယောကျ်ားဦးဆောင်မှုပြုရခြင်းအကြောင်းအရင်းများ (၁)

ပေါလုက ယောကျ်ားဦးဆောင်မှုပြုရခြင်းအကြောင်းအရင်းသုံးချက်ကို ကမ္ဘာဦးကျမ်းထဲမှ ဖန်ဆင်းခြင်းအကြောင်းကို အခြေခံလျက်ဖော်ပြထားပါသည်-

ပထမအချက်- ယောကျ်ားသည် ဘုရားသခင်၏ဘုန်းအသရေဖြစ်၍၊ မိန်းမသည် ယောကျ်ား၏ ဘုန်းအသရေဖြစ်၏ (၁ ကော ၁၁း၇)။ ယောကျ်ားနှင့်မိန်းမတို့သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားခြင်းဖြစ်၏ (ကမ္ဘာ ၁း၂၇)။ သို့သော်လည်း ယောကျ်ားကို ဘုရားသခင်၏ဘုန်းအသရေဟုခေါ်ခဲ့၏။ အကြောင်းမှာ သူသည် အရင်ဖန်ဆင်းခြင်းခံရ၍၊ ဤကမ္ဘာမြေကြီး၌ အုပ်စိုးခြင်းအာဏာရှိခြင်းငှါ ဘုရားသခင်တာဝန်ပေးအပ်ခြင်းခံရ၏ (ကမ္ဘာ ၁း၂၈-၃၀)။ မြေမှုန့်ဖြင့် ဖန်ဆင်းထားသော (ကမ္ဘာ ၂း၇) ယောကျ်ားသည် ဘုရားသခင်ဖန်ဆင်းခြင်းအရာ၏ အထွဋ်အထိပ်ဖြစ်ပါသည်။

တစ်ဖက်တွင် မိန်းမသည်ယောကျ်ား၏ဘုန်းအသရေဖြစ်သည်ဟု ဆိုခဲ့၏။ အကြောင်းမှာ ယောကျ်ားသည် ဘုရားသခင်၏ တန်ခိုးအာဏာကို ပေါ်လွင်စေခြင်းငှါ ဖန်ဆင်းခြင်းခံရသကဲ့သို့၊ ယောကျ်ား၏တန်ခိုးအာဏာကို ပေါ်လွင်စေခြင်းငှါ မိန်းမသည် ယောကျ်ား၏နံရိုးဖြင့် ဖန်ဆင်းထားခြင်းဖြစ်ပါသည် (ကမ္ဘာ ၂း၂၁-၂၂)။

ဒုတိယအချက်- မိန်းမသည် ယောကျ်ားကြောင့်ဖြစ်၏၊ ယောကျ်ားသည် မိန်းမကြောင့်ဖြစ်သည်မဟုတ် (၁ ကော ၁၁း၈)။ ဘုရားသခင်သည် အာဒံနှင့်ဧဝကို တစ်ကြိမ်တည်းမှာပဲ ဖန်ဆင်းခဲ့နိုင်ပါသည်။ သို့သော်လည်း ထိုသို့မပြုဘဲ မြေမှုန့်ဖြင့် အာဒံကိုပထမဖန်ဆင်းပြီးမှ အာဒံ၏နံရိုးဖြင့် ဧဝကိုဖန်ဆင်းတော်မူခဲ့၏ (ကမ္ဘာ ၂း၁၈-၂၄)။ "အာဒံမရှိခဲ့လျှင်၊ ဧဝလည်းရှိခဲ့လိမ့်မည်မဟုတ်" (Khoo)။

တတိယအချက်- မိန်းမကို ယောကျ်ားအဘို့ ဖန်ဆင်း၏၊ ယောကျ်ားကို မိန်းမအဘို့ဖန်ဆင်းသည်မဟုတ် (၁ ကော ၁၁း၉)။ မိန်းမသည် ယောကျ်ားအဘို့ သင့်တော်သောအထောက်အမအလို့ငှါ ဖန်ဆင်းခဲ့ခြင်းဖြစ်၏။ အဘယ်တိရစ္ဆာန်မျှ ယောကျ်ားအဘို့ သင့်တော်သောအထောက်အမ မဖြစ်ပါ။ ဘုရားသခင်၏သဏ္ဌာန်တော်နှင့်အညီ ယောကျ်ားနံရိုးဖြင့် ဖန်ဆင်းခြင်းခံရသော မိန်းမသာလျှင် သင့်တော်သောအထောက်အမဖြစ်ပါသည်။

သို့သော်လည်း ပေါလုက ၁ ကော ၁၁း၁၁-၁၂ ထဲတွင် ယောကျ်ားတို့အား မိန်းမထက်ပို၍ကြီးမြတ်သည်ဟု မိမိကိုယ်ကိုမထင်မည်အကြောင်း သတိပေးခဲ့၏။ ဘုရားသခင်ရှေ့မှောက်၌ ယောကျ်ားနှင့်မိန်းမတို့၏တန်ဖိုးသည် အတူတူပင်ဖြစ်သည်။ ယောကျ်ားတို့သည်လည်း မိန်းမဝမ်းမှ မွေးဖွားလာသည် မဟုတ်လော။ လက်တွေ့ကျင့်သုံးရန်- ယောကျ်ားသည် မိမိခင်ပွန်းကို အတင်းအကြပ်အာဏာပြခြင်းမပြုဘဲ၊ ချစ်ခင်ယုယကြင်နာပြုစုရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဖန်ဆင်းခြင်းလမ်းစဉ်ကို ကျွန်တော်ရိုသေလေးစားရပါမည်။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အသင်းတော်သည် ကိုယ်တော်၏လမ်းစဉ်အတိုင်း စနစ်တကျရှိပါစေသော်။

အင်္ဂါ၊ နိုဝင်ဘာ (၆)

**၁ ကော ၁၁း၇**

ဧဖက် ၄း၂၄၊ ကောလော ၃း၁၀ *"ယောကျ်ားသည် ဘုရားသခင်၏ပုံသဏ္ဍာန်"*

## လူ၌တည်သောဘုရားသခင်၏သဏ္ဍာန်တော်

ဘုရားသခင်သည် နံ့ဝိညာဉ်ဖြစ်တော်မူသည် (ယော ၄း၂၄) ဖြစ်သောကြောင့် လူ၌တည်သောဘုရားသခင်၏ သဏ္ဍာန်တော်သည်လည်း ဝိညာဉ်နှင့်ဆိုင်သော သဏ္ဍာန်တော်ဖြစ်ပါသည်။ လူ၌ရှိသောဘုရားသခင်၏သဏ္ဍာန်တော်သည် ခန္ဓာကိုယ်ပိုင်းဆိုင်ရာမဟုတ်ဘဲ၊ ဝိညာဉ်နှင့်ဆိုင်သောအရာဖြစ်ပါသည်။ ဝိညာဉ်နှင့်ဆိုင်သောသဏ္ဍာန်တော်ဖြစ်သောကြောင့် ရုပ်တုကိုးကွယ်ခြင်းသည် မှားယွင်း၏။ အကြောင်းမှာ ရုပ်တုဆင်းတုသည် ရုပ်ပိုင်းဆိုင်ရာပုံသဏ္ဍာန်ဖြစ်၏။ ထို့ကြောင့် ဘုရားသခင်က ထွက် ၂၀း၄ ထဲတွင် ဤသို့မိန့်တော်မူခဲ့၏- "အထက်မိုးကောင်းကင်၌၎င်း၊ အောက်အရပ်မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက်ရေထဲ၌၎င်း ရှိသောအရာနှင့်ပုံသဏ္ဍာန်တူအောင် ရုပ်တုဆင်းတုကို ကိုယ်အဖို့မလုပ်နှင့်"။ "ဘုရားသခင်သည် နံ့ဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည် နံ့ဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း ကိုးကွယ်ရမည်" (ယော ၄း၂၄)။

ဘုရားသခင်၏သဏ္ဍာန်တော်နှင့်ပတ်သက်သော သွန်သင်ချက်ကို ဆဌမမြောက်ပညတ်တော်တွင် တွေ့ရပါသည်။ လူ့အသက်ကိုသတ်လျှင် လူ၌ရှိသောဘုရားသခင်၏သဏ္ဍာန်တော်ကို ဖျက်ဆီးရာရောက်၏။ ထို့ကြောင့် ယာကုပ်က "ငါတို့သည် လျှာဖြင့်ခမည်းတော်ဘုရားသခင်ကို ကောင်းကြီးပေးတတ်ကြ၏။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းသောလူတို့ကို လျှာဖြင့် ကျိန်ဆဲတတ်ကြ၏။ နှုတ်တစ်ပါးတည်းအထဲက ထောမနာချီးမွမ်းခြင်းနှင့် ကျိန်ဆဲခြင်းထွက်တတ်ပါသည်တကား။ ငါ့ညီအစ်ကိုတို့ ထိုသို့မဖြစ်ကောင်းရာ" (ယာကုပ် ၃း၉-၁၀) ဟူ၍သူတပါးအပေါ် မိမိနှုတ်ကိုမစောင့်ထိန်းသောသူတို့အား ဆုံးမခဲ့ပါသည်။

လူ၌ရှိသောဘုရားသခင်၏သဏ္ဍာန်တော်သည် "အသိဉာဏ်၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်း" ဖြစ်သည်ဟူ၍ ဧဖက် ၄း၂၄ နှင့် ကောလော ၃း၁၀ တို့ကိုအခြေခံပြီး The Westminster Shorter Catechism က မှန်ကန်စွာဖော်ပြခဲ့ပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ လူသားအပြစ်ထဲသို့ကျဆုံးသောအခါ ဤသဏ္ဍာန်တော်သည် ပျက်စီးခဲ့ပါသည်။

သို့ဆိုလျှင် ထိုသဏ္ဍာန်တော်သည် လူ၌မည်သို့ပြန်လည်ပြုပြင်ခြင်းခံရသနည်း။ ယေရှုခရစ်တော်၌သာလျှင် ပြုပြင်ခြင်းခံရ၏။ လူသည် ဒုတိယမွေးခြင်းခံသောအခါ ကျိန်းဝပ်တော်မူသောသန့်ရှင်းသောဝိညာဉ်တော်က ထိုလူအား သခင်ယေရှုခရစ်တော်ကဲ့သို့ကျင့်မည်အကြောင်း မစတော်မူခဲ့၏ (နိုင်း ၂ ကော ၃း၁၈)။ "ဘုရားသခင်၏သားတော်သည် အများသောညီတို့တွင် သားဦးဖြစ်တော်မူမည်အကြောင်း၊ ဘုရားသခင်သည် ရှေ့မဆွကသိတော်မူသောသူတို့ကို သားတော်၏ပုံသဏ္ဍာန်နှင့်တညီတည်းဖြစ်စေခြင်းငှါ ရှေ့မဆွက ခွဲခန့်မှတ်သားတော်မူ၏" (ရောမ ၈း၂၉)။

ဤပြန်လည်ပြုပြင်ခြင်းအထွဋ်အထိပ်သည် ခရစ်ယာန်ဘုန်းတော်ဝင်စားခြင်းခံရသောအခါ ဖြစ်ပွားလိမ့်မည် (၁ ယော ၃း၂)။ ထိုနေ့ရက်ကို သင်မျှော်လင့်လျက်နေပါသလား။

**ဆင်ခြင်ရန်** - ယောကျ်ားနှင့်မိန်းမတို့သည် ဘုရားသခင်၏ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ ခရစ်တော်၏သဏ္ဍာန်တော်နှင့် တညီတည်းဖြစ်မည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၇)
**၁ ကော ၁၁း၁၃-၁၆**
ရော ၁၂း၁-၂

*“. . . သင်တို့အား ပကတိတရားပင် ဆုံးမသွန်သင်သည် မဟုတ်လော”*

# ယောက်ျားဦးဆောင်မှုပြုရခြင်းအကြောင်းအရင်းများ (၂)

ယောက်ျားဦးဆောင်မှုပြုခြင်းကို အားပေးထောက်ခံခြင်းဖြင့် ခန္ဓာဗေဒကိုအခြေခံ၍ ပေါလုက နောက်ဆုံးအကြောင်းရင်းပေးခဲ့ပါသည်။ ကောရိန္တုမြို့ရှိမိန်းမတချို့သည် ယောက်ျားများကဲ့သို့ ဆံပင်ကို တိုတိုညှပ်ကြသည်ဟုထင်ရပါသည်။ သို့သော်လည်း ဘုရားသခင်သည် မိန်းမကိုဖန်ဆင်းသောအခါ ယောက်ျားနှင့်ခြားနားခြင်းရှိခြင်းငှါ ယောက်ျားထက်ရှည်သောဆံပင်ကို မိန်းမအား ပေးခဲ့၏။ ဤသည်ကား နေ့စဉ်အသက်တာ၌ကြုံတွေ့ရသော သဘာဝသက်သေမဟုတ်ပါလော။ ထို့ကြောင့် မိန်းမသည်ဆံပင်တိုထားသောအခါ ဘုရားသခင်ဖြစ်စေလိုသောအရာ၌ မကျေနပ်ဘဲ၊ယောက်ျားကဲ့သို့ ဖြစ်လိုခြင်းမဟုတ်ပါလော။ ထိုနည်းတူ ယောက်ျားသည်ဆံပင်ရှည်ထားလျှင် ခေါင်းဆောင်မှုအရာ၌ ဘုရားသခင်တာဝန်ပေးတော်မူခြင်းကို မထီမဲ့မြင်ပြုရာရောက်သည်မဟုတ်လော။ ထိုသို့ပြုခြင်းသည် ရှက်စရာမဟုတ်လော။

ဝမ်းနည်းစရာကောင်းသည်မှာ ဤလောကီဖက်ရှင်၏လွှမ်းမိုးမှုကြောင့် အချို့သော မိန်းကလေးတို့သည် ယောက်ျားများကဲ့သို့ ဝတ်စားဆင်ယင်ခဲ့ကြ၏။ သူတို့၏ဆံပင်ကို တိုတိုညှပ်၍ ယောက်ျားကဲ့သို့ပြုမူတတ်ကြ၏။ ထိုသို့ပြုခြင်းအားဖြင့် ဤလောကီလူတို့၏ အထင်ကြီးမှုကိုခံရမည်ဟုထင်ကြပါသည်။ သို့သော်လည်း ထိုသို့သောအပြုအမူသည် ဘုရားသခင်ကို ဆန့်ကျင်ရာရောက်၏။

ယောက်ျားတို့သည်လည်း မိန်းကလေးထက်ပို၍မကောင်းကြပါ။ အချို့သောသူသည် ဆံပင်ရှည်ထား၍ မိန်းကလေးကဲ့သို့ပြုမူနေထိုင်ကြ၏။ အချို့သောအသင်းတော်သည် ထိုသို့သောသူကို ချီးမွမ်းအားပေးတတ်ကြ၏။ ဘုရားသခင်ချမှတ်တော်မူသော လမ်းစဉ်ကို ပြောင်းပြန်ဖြစ်စေခဲ့ကြ၏။

သို့ဆိုလျှင် မိန်းကလေးတို့သည် သူတို့၏ဆံပင်ကို မည်သို့သဘောထားရမည်နည်း။ သမ္မာကျမ်းစာက ၁ ကော ၁၁း၁၅ ထဲတွင် မိန်းမဆံပင်သည် ခြုံစရာအဖို့ဘုရားသခင်ပေးတော်မူခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ထိုသို့အရှည်ထားခြင်းဖြင့် ဘုရားသခင်ချမှတ်သောလမ်းစဉ်ကို နာခံရာရောက်၏။ ဆံပင်ရှည်ထား၍စိတ်သဘောနူးညံ့သိမ်မွေ့စွာ ပြုမူသော မိန်းမသည် ဘုရားသခင်ရှေ့၌ အလွန်လှပခြင်းရှိ၏ (၁ ပေ ၃း၄)။ ထိုနည်းတူ ဘုရားသခင်ရှေ့မှောက်၌ ကောင်းမွန်စွာ ဝတ်စားဆင်ယင်၍ နေထိုင်ပြုမူသောယောက်ျားသည် ဘုရားသခင်အမှုတော်အတွက် မြတ်သောကောင်းကြီးမင်္ဂလာဖြစ်စေမည်မှာ သေချာလှပါသည်။

ပေါလုက ဘုရားသခင်၏နည်းဥပဒေသများကို ရိုသေလေးစားခြင်းရှိရမည်ဟု သတိပေးလျက် နိဂုံးချုပ်ခဲ့ပါသည် (၁ ကော ၁၁း၁၆)။ ထိုသို့မပြုခြင်းအမှုကို သည်းမခံသင့်ပါ။ အကြောင်းမှာ ဘုရားသခင်၏အသင်းတော်သည် ဘုရားသခင်ချမှတ်ထားသောလမ်းစဉ်ကို လိုက်လျှောက်ရမည်ဖြစ်ပါသည်။ ကောရိန္တုအသင်းတော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံလိုက်လျှောက်ရမည်ဖြစ်၏။

**ဆင်ခြင်ရန်** - ယောက်ျားတို့သည် ယောက်ျားကဲ့သို့ဝတ်ဆင်၍၊ မိန်းမတို့သည် မိန်းမကဲ့သို့ ဝတ်ဆင်ရမည်။

**ဆုတောင်းချက်** - အဘဘုရား၊ ဤလောကီဆန်သော ဖက်ရှင်များကို အတုမခိုးခြင်းငှါ မစတော်မူပါ။

ကြာသပတေး၊ နိုဝင်ဘာ (၈)

**၁ ကော ၁၁း၁၇-၁၉**

၁ ကော ၁း၁၀-၁၇ *“သင်းခွဲခြင်းရှိရမည်”*

## မှားယွင်းသောသွန်သင်ခြင်းကသင်းခွဲခြင်းကိုဖြစ်စေ၏

၁ ကော ၁၁း၂ ထဲတွင် ပေါလုက ကောရိန္သုခရစ်ယာန်တို့အား မိမိသင်ပေးသော နည်းဥပဒေသတို့ကို လိုက်လျှောက်ခဲ့ကြသောကြောင့် ချီးမွမ်းခဲ့ပါသည်။ သို့သော်လည်း ၁ ကော ၁၁း၁၇ ထဲတွင် ပေါလုက ချီးမွမ်းရန်မထိုက်တန်သော ပြဿနာကို ဖော်ပြခဲ့ပါသည်။ ထိုပြဿနာမှုကား သူတို့အထဲ၌ သဘောထားကွဲလွဲခြင်း၊ သင်းခွဲခြင်းရှိခြင်းဖြစ်ပါသည်။

၁ ကော ၁း၁၂-၁၃ ထဲတွင် သင်းခွဲခြင်းအကြောင်းကို ကျွန်တော်တို့ ပထမတွေ့ခဲ့၏- “သင်တို့က ငါသည်ပေါလုတပည့်ဖြစ်၏၊ ငါသည်အာပေါလုတပည့်ဖြစ်၏။ ငါသည် ကေဖတပည့်ဖြစ်၏။ ငါသည်ခရစ်တော်တပည့်ဖြစ်၏ဟုအသီးအသီး ပြောကြသောကြောင့် ငါဆိုရ၏။ ခရစ်တော်သည် ကွဲပြားသလော။ ပေါလုသည်သင်တို့အတွက် လက်ဝါးကပ်တိုင်မှာ အသေခံပြီလော။ သို့မဟုတ် သင်တို့သည် ပေါလု၏နာမ၌ဗတ္တိဇံကို ခံကြပြီလော”။ ဤသင်းကွဲခြင်းအမှုသည် ပြင်းထန်လာ၍ ပွဲတော်မင်္ဂလာသုံးဆောင်ခြင်းကိုပင် ထိခိုက်ခဲ့၏။ လူတို့သည် ဘုရားကျောင်းသွားခြင်းကို တောင့်တခြင်းမရှိခဲ့ကြပါ။ ဘုရားကျောင်းသည် စိတ်ငြိမ်သက်ရာအရပ်ဖြစ်မည့်အစား စစ်မြေပြင်သဖွယ်ဖြစ်လာခဲ့ပါသည်။ သူတို့သည် ကောင်းကျိုးအတွက် စည်းဝေးခြင်းမပြုတော့ဘဲ ဆိုးကျိုးအတွက် စည်းဝေးခဲ့ကြ၏ (၁ ကော ၁၁း၁၇)။

သို့ဆိုလျှင် အသင်းတော်၌ ထိုသို့သင်းခွဲခြင်းဖြစ်ပွားခြင်း၏ အကြောင်းရင်းကား အဘယ်နည်း။ ပေါလုက ၁ ကော ၁၁း၁၉ ထဲတွင် သင်းခွဲခြင်းရှိရမည်ဟု ဖော်ပြခဲ့ပါသည်။ သင်းခွဲခြင်းကိုဖြစ်စေသောအရာဟူမူကား၊ တစုံတယောက်သောသူကို ခရစ်တော်ထံမှ ဝေးကွာစေသောသွန်သင်ခြင်း၊ ဘုရားသခင်နှင့်နှုတ်ကပတ်တရားကို အလေးမထားစေသော သွန်သင်ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ပေါလုက အသင်းတော်၌ မှားယွင်းသောသွန်သင်ခြင်း၏ ဆိုးကျိုးကိုဖော်ပြခဲ့ပါသည်။ ဘုရားသခင်ကြောက်ရွံ့ခြင်းမရှိသော အပြုအမူကိုဖြစ်စေသည့် သမ္မာကျမ်းစာနှင့်ကိုက်ညီမှုမရှိသော သွန်သင်ချက်တို့ကို စွဲကိုင်ခြင်းသည် အသင်းတော်၌ မညီညွတ်မှုကိုဖြစ်စေပါသည်။

ဤအမှုသည် ယနေ့၌လည်း မှန်လျက်ရှိပါ၏။ အသင်းတော်သည် ယုံကြည်ခြင်းသွန်သင်မှု၌ အားနည်းခြင်းရှိလျှင် မှားယွင်းသောအပြုအမူ၊ မညီညွတ်မှု စသည်တို့ကိုဖြစ်ပေါ်စေပါလိမ့်မည်။ အသင်းသူအသင်းသားများအကြား၌ ငြင်းခုံခြင်းရှိပါလိမ့်မည်။ ထို့ကြောင့် စည်းလုံးညီညွတ်ခြင်းကို ကျွန်တော်တို့လိုလားခဲ့လျှင် စစ်မှန်သောသွန်သင်ချက်ကို ကြိုးစားလိုက်လျှောက်ကြရပါမည်။ စစ်မှန်သောသွန်သင်ခြင်းသည် စည်းလုံးမှုကိုဖြစ်စေ၍ မှားယွင်းသောသွန်သင်ခြင်းသည် သင်းခွဲခြင်းကိုဖြစ်စေ၏။ သို့ဆိုလျှင် သမ္မာကျမ်းစာ၏သွန်သင်ချက်များ၌ သင်အဘယ်မျှလောက် ကောင်းမွန်စွာ အမြစ်တွယ်ခြင်းရှိပါသနည်း။

**ဆင်ခြင်ရန်** - စစ်မှန်သောသွန်သင်ခြင်းသည် စည်းလုံးမှုကိုဖြစ်စေ၍ မှားယွင်းသောသွန်သင်ခြင်းသည် သင်းခွဲခြင်းကို ဖြစ်စေ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ယုံကြည်ချက်နားလည်သဘောပေါက်ခြင်းအမှု၌ ကျွန်တော် ကြီးထွားခြင်းရှိလိုပါ၏။

သောကြာ၊ နိုဝင်ဘာ (၉)
**၁ ကော ၁၁း၂၀-၂၂**
ယာကုပ် ၂း၁-၁၃

*“. . . ဘုရားသခင်၏အသင်းတော်ကို မထီမဲ့မြင်ပြု၍. . . ”*

# မသန့်ရှင်းသောစားသောက်ပွဲ

ကနဦးအသင်းတော်၌ ခရစ်ယာန်တို့သည် ပွဲတော်မင်္ဂလာမသုံးဆောင်မီ၊ စားသောက်ပွဲဆင်နွှဲလေ့ရှိကြ၏။ ယုံကြည်သူတို့သည် မိမိတို့၏အစားအသောက်များကို ယူဆောင်လာ၍ အတူတူစားသောက်ခဲ့ကြ၏။ ဤစားသောက်ပွဲ၏ ရည်ရွယ်ချက်သည် ခရစ်ယာန်ချစ်ခြင်းမေတ္တာနှင့် စည်းလုံးညီညွတ်ခြင်းအမှု၌ ညီအစ်ကိုတို့သည် မိသားဟာယဖွဲ့ခြင်းရှိခြင်းငှါဖြစ်ပါသည်။ ထို့ကြောင့် ဤစားသောက်ပွဲကို ချစ်ခြင်းမေတ္တာစားသောက်ပွဲဟု ခေါ်တတ်ကြ၏။

ဤကောရိန္တုအသင်းတော်၌ ဆင်နွှဲသောချစ်ခြင်းမေတ္တာစားသောက်ပွဲက ချစ်ခြင်းမေတ္တာခေါင်းပါးစေခဲ့၏။ အချင်းချင်းချစ်ရမည့်အစား ကိုယ်ကျိုးရှာခြင်းနှင့် ခွဲခြားဆက်ဆံခြင်းကိုဖြစ်စေ၏။ ချမ်းသာသောသူတို့သည် ဆင်းရဲသားတို့ကို မထီမဲ့မြင်ပြု၍၊ ချမ်းသာသောသူများသာ အတူတူစားသောက်ကြ၏။ ဆင်းရဲသားသည် ငတ်မွတ်လျက်နေ၍၊ ချမ်းသာသောသူတို့သည် များစွာသောအစားအသောက်တို့ကို ဖြုန်းတီးလျက်နေကြ၏။ ပွဲတော်မင်္ဂလာသုံးဆောင်သောအခါ၌လည်း သင်းခွဲခြင်း၊ ခွင့်မလွှတ်ခြင်း၊ လောကီအမှုများရှိခဲ့ပါသည်။ ခရစ်တော်နှင့် မိမိလူတို့အပေါ် ထားရှိသောခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကို မျက်မှောက်ပြုခြင်းမရှိပါ။

ခွဲခြားဆက်ဆံခြင်းအမှုကို ကနဦးယုဒလူတို့၏အသင်းတော်၌လည်း တွေ့ရပါသည်၊ “ရွှေလက်စွပ်နှင့်တင့်တယ်သောအဝတ်ကို ဝတ်ဆင်သောသူ၊ ညစ်သောအဝတ်ကိုဝတ်၍ ဆင်းရဲသောသူနှစ်ဦးသည် သင်တို့၏တရားစရပ်ထဲသို့ ဝင်သောအခါ တင့်တယ်သောအဝတ်ကို ဝတ်ဆင်သောသူကိုကြည့်၍၊ ကောင်းမွန်သောဤအရပ်မှာ ထိုင်ပါဟူ၍ငှင်း၊ ဆင်းရဲသောသူကို ဟိုမှာနေလော့၊ သို့မဟုတ် ဤအရပ်မှာငါ့ခြေတင်ခုံအောက်၌ ထိုင်လော့ဟူ၍ငှင်း သင်တို့သည်ပြောဆိုလျှင် တဖက်၌ ငဲ့ကွက်သောစိတ်ရှိ၍၊ မကောင်းသောအကြံအစည်နှင့် စီရင်သောသူဖြစ်ကြသည်မဟုတ်လော” (ယာကုပ် ၂း၂-၄)။ ထိုသို့သောအပြုအမူသည် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဘုရားသခင်၏ ရွှေပညတ်တော်နှင့် ဆန့်ကျင်ခြင်းရှိ၏။

ချစ်သောသူတို့၊ ကျွန်တော်တို့သည် ခွဲခြားဆက်ဆံတတ်သောသူများဖြစ်ကြပါသလား။ အချို့သောညီအစ်ကိုတို့အပေါ် မုန်းတီးခြင်းရှိလျက်၊ ခွင့်မလွှတ်သောစိတ်သဘောရှိပါသလား။ ဘုရားသခင်၏ စားပွဲချဉ်းကပ်သောအခါ ကျွန်တော်တို့သည် ထိုသို့မဖြစ်ရပါ။ ခရစ်တော်သည်ကျွန်ုပ်တို့ကိုချစ်သည်နည်းတူ ကျွန်ုပ်တို့၏ညီအစ်ကိုများကို ကျွန်တော်တို့ချစ်ရပါမည်။ ခရစ်တော်က ယော ၁၃း၃၄-၃၅ ထဲတွင် “သင်တို့သည်အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ချစ်ကြလော့။ ငါသည်သင်တို့ကိုချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့ဟု ပညတ်သစ်ကိုငါပေး၏။ သင်တို့သည် အချင်းချင်းချစ်ကြလျှင် လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကိုသိရကြလိမ့်မည်ဟုမိန့်တော်မူ၏”။ ချစ်ခြင်းမေတ္တာစားသောက်ပွဲကို မုန်းတီးခြင်းစားသောက်ပွဲ မဖြစ်စေပါနှင့်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ညီအစ်ကိုတို့အပေါ် စစ်မှန်သောချစ်ခြင်းမေတ္တာရှိပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ညီအစ်ကိုတို့အပေါ် စစ်မှန်သောချစ်ခြင်းမေတ္တာထားခြင်းအကြောင်းကို အကျွန်ုပ်အားသင်ပေးတော်မူပါ။

**သု ၁၉း၆-၇**
၁ ကော ၁၁း၂၀-၂၂

*"ဆင်းရဲသောသူ၏ ညီအစ်ကိုရှိသမျှတို့သည် သူ့ကိုမုန်းတတ်ကြ၏"*

# ပိုက်ဆံမရှိလျှင် လူရာမဝင်ဖြစ်ပါသလား

ယနေ့ကျမ်းချက်က ဘဝ၌အမှန်ကြုံတွေ့ရသောအရာကို ဖော်ပြ၏- ချမ်းသာသောသူသည် ချီးမြှောက်ခြင်းခံရ၍ ဆင်းရဲသားသည် မထိမ့်မြင်ပြုခြင်းခံရ၏။ ဤလောကီလူသားတို့သည် ချမ်းသာသောသူနှင့်အာဏာရှိသောသူတို့ဘေး၌ ကပ်လျက်နေပြီး၊ သူတို့ထံမှ ငွေကြေးအချို့ရရှိရန်မျှော်လင့်လျက်ရှိကြ၏။ များစွာသောလူတို့သည် ထိုချမ်းသာသောသူတို့၏ အာရုံစိုက်ခြင်းခံရခြင်းငှါ၊ ထိုသူတို့အား ချီးကျူးမြှောက်ပင့်စကားဆိုတတ်၏။ ချမ်းသာ၍ရက်ရောသောသူပတ်လည်၌ ထိုသို့သောနောက်လိုက်များသည် လင်းတကဲ့သို့ ရှိနေတတ်ကြ၏။

ဆင်းရဲသားသည် ချမ်းသာသောသူနှင့် လုံးဝခြားနားခြင်းရှိ၏။ မိမိမိတ်ဆွေများ၏ ပစ်ပယ်ခြင်းခံရသည်သာမက သူ၌ငွေကြေးမရှိသောကြောင့် မိသားစုဝင်များကပင်လျှင် သူနှင့်ရင်းနှီးကျွမ်းဝင်ခြင်းမရှိလိုကြပေ။ အဘယ်သူကမျှ အချိန်ကုန်လူပန်း အကူအညီမပေးလိုကြပါ။ လူ့အနေနှင့်ပြောရမည်ဆိုလျှင် ဆင်းရဲသားထံမှ အဘယ်အကျိုးကိုမျှ မရရှိနိုင်ပါ။

ဤသုတ္တံကျမ်းကအဓိကဖော်ပြလိုသောအရာဟူမူကား ငွေကြေးတပ်မက်ခြင်းနှင့် လူကိုခွဲခြားဆက်ဆံခြင်းတို့ဖြစ်ပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ဤရွံရှာစရာကောင်းသော စိတ်သဘောသည် အသင်းတော်သို့ ကူးစက်တတ်ခြင်းပင်ဖြစ်ပါသည်။ ယာကုပ်က ယုဒလူတို့၏အသင်းတော်၌ ထိုသို့ဘုရားသခင်ကြောက်ရွံ့ခြင်းမရှိခြင်းသဘောကို ရှုပ်ချခဲ့ပါသည်။ "ငါ့ညီအစ်ကိုတို့ ဘုန်းကြီးတော်မူသောငါတို့သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းအမှုမှာ လူမျက်နှာကိုထောက်ခြင်းမရှိကြနှင့်။ ရွှေလက်စွပ်နှင့်တင့်တယ်သောအဝတ်ကို ဝတ်ဆင်သောသူ၊ ညစ်သောအဝတ်ကိုဝတ်၍ဆင်းရဲသောသူ နှစ်ဦးသည် သင်တို့၏တရားစရပ်ထဲသို့ ဝင်သောအခါ တင့်တယ်သောအဝတ်ကိုဝတ်ဆင်သောသူကိုကြည့်၍၊ ကောင်းမွန်သောဤအရပ်မှာထိုင်ပါဟူ၍၎င်း၊ ဆင်းရဲသောသူကို ဟိုမှာနေလော့၊ သို့မဟုတ် ဤအရပ်မှာငါ့ခြေတင်ခုံအောက်၌ ထိုင်လော့ဟူ၍၎င်း သင်တို့သည်ပြောဆိုလျှင် တဖက်၌ငဲ့ကွက်သောစိတ်ရှိ၍၊ မကောင်းသောအကြံအစည်နှင့် စီရင်သောသူဖြစ်ကြသည်မဟုတ်လော" (ယာကုပ် ၂း၁-၄)။

ခရစ်ယာန်တို့သည် လူမျက်နှာကိုမထောက်ရကြပါ။ လူတိုင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ကိုလိုအပ်လျက်ရှိသောအပြစ်သားပင်မဟုတ်ပါလော။ "တစ်စုံတစ်ယောက်သောသူက ငါသည်ဘုရားသခင်ကိုချစ်၏ဟု ဆိုလျက်ပင် မိမိညီအစ်ကိုကိုမုန်းလျှင် ထိုသူသည်မုသာကို သုံးသောသူဖြစ်၏။ မိမိမြင်ရသော မိမိညီအစ်ကိုကိုမချစ်လျှင် မမြင်သေးသောဘုရားသခင်ကို အဘယ်သို့ချစ်နိုင်မည်နည်း" (၁ ယော ၄း၂၀)။ သင့်အသက်တာ၌ ခရစ်တော်ချစ်ခြင်းမေတ္တာမြင်တွေ့ရပါစေသော။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ခရစ်တော်အကြောင်းကြောင့် သူတပါးအဖို့ ကောင်းကြီးမင်္ဂလာဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်မည်အကြောင်း၊ မစတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၁၁)

**၁ ကော ၁၁း၂၃-၂၆**

၁ ကော ၁၀း၁၄-၂၂

*"ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြလော့ဟုမိန့်တော်မူ၏"*

## ပွဲတော်မင်္ဂလာ၏တရားတော်

ပွဲတော်မင်္ဂလာမထိုက်မတန်သုံးဆောင်ခြင်းကို ဆန့်ကျင်လျက် ပေါလုသည် ကောရိန္သုခရစ်ယာန်တို့အား ပွဲတော်မင်္ဂလာ၏တရားတော်ကို ပြန်၍သွန်သင်ခဲ့၏။ အောက်တိုဘာ ၂၁ မှ ၂၃ ၌ ဖော်ပြထားသည့်အတိုင်း ပွဲတော်မင်္ဂလာသည် ခရစ်တော်အသေမခံမီ ပြဋ္ဌာန်းခဲ့သောမင်္ဂလာတစ်ပါးဖြစ်ပါသည်။ ပွဲတော်မင်္ဂလာကို ယုံကြည်ခြင်းအားဖြင့် ကျွန်တော်တို့သုံးဆောင်သောအခါ ကားတိုင်ပေါ်၌ ခရစ်တော်ပြုသောအမှုတွင် ကျွန်တော်တို့တလုံးတဝပါရှိသည်ဟု မှတ်ယူခြင်းဖြစ်ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့ကို ကိုယ်စားပြုသောသူကျွန်ုပ်တို့အပြစ်များအတွက် ဖျန်ဖြေပေးတော်မူသောသူဖြစ်ကြောင်း သိမှတ်ဝန်ခံခြင်းဖြစ်ပါသည်။ "အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ" (ဟေဗြဲ ၉း၂၂) ဖြစ်သောကြောင့် ကျွန်တော်တို့သည် ကာရာနီတောင်ကုန်းကားတိုင်ပေါ်၌ သွန်းလောင်းတော်မူသော ခရစ်တော်၏အသွေးတော်ကြောင့် ဘုရားသခင်ကိုချီးမွမ်းခြင်းပြုကြ၏။

ခရစ်ယာန်တို့သည် မေ့လျော့တတ်သောသူဖြစ်၍ ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို တခါတရံ အလေးမထားကြသောကြောင့် ဤပွဲတော်မင်္ဂလာသည် ကျေးဇူးတော်ကို အောက်မေ့စေတော်မူသည့် အလွန်အရေးကြီးသောမင်္ဂလာဖြစ်ပါသည်။ ဘဝ၌ကြုံတွေ့ရသောအခက်အခဲများစွာတို့၏ နှောင့်ယှက်ခြင်းကြောင့် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ခရစ်တော်ပြုတော်မူသောအမှုကို ကျွန်တော်တို့ မေ့လျော့တတ်ကြ၏။ ကျွန်ုပ်တို့အား ကယ်တင်ခြင်းကို အဖိုးအခမဲ့ပေးတော်မူသည်ဖြစ်သော်လည်း၊ ခရစ်တော်သည် မိမိ၏အသက်နှင့်အသွေးကို စတေးတော်မူခဲ့ခြင်းဖြစ်ပါသည်။ "မိစဉ်ဘဆက်ကျင်လည်သော အချည်းနှီးကျင့်ကြံပြုမူခြင်းမှ ရွှေငွေအစရှိသော ဖောက်ပြန်ပျက်စီးတတ်သောဥစ္စာနှင့် သင်တို့ကိုရွေးတော်မူသည်မဟုတ်၊ အဘယ်အပြစ်မျှမရှိ အညစ်အကြေးနှင့်ကင်းစင်သော သိုးသငယ်ကဲ့သို့သောခရစ်တော်၏ အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့" (၁ ပေ ၁း၁၈-၁၉)။

ကြည်ညိုတည်ကြည်သောစိတ်နှင့် ပွဲတော်မင်္ဂလာသုံးဆောင်ခြင်းက ကျွန်ုပ်တို့အတွက် အလုံးစုံကို စတေးတော်မူခြင်းဖြင့် ချစ်တော်မူသောခရစ်တော်အတွက် ကျွန်ုပ်တို့၏အသက်တာ ပြန်လည်ဆက်ကပ်ခြင်းကို ဖြစ်စေ၏။ သို့ဆိုလျှင် ကိုယ်တော်ကို အကျွန်ုပ်တို့၏စိတ်နှလုံးအကြွင်းမဲ့ ဥာဏ်ရှိသမျှ၊ ခွန်အားရှိသမျှနှင့် အဘယ့်ကြောင့်မချစ်ဘဲ နေနိုင်မည်နည်း။

ပေါလုက ၁ ကော ၁၁း၂၆ ထဲတွင် ထိုပွဲတော်မင်္ဂလာစားသုံးသောအခါ သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင် ပြသခြင်းဖြစ်ကြောင်းဖော်ပြခဲ့ပါသည်။ ကာရာနီတောင်ကုန်းပေါ်၌ ခရစ်တော်ပြုတော်မူသော ကယ်တင်ခြင်းအမှုကို ယုံကြည်သူများနှင့် ဤလောကီလူသားတို့ထံ လက်တွေ့ပြသခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပွဲတော်မင်္ဂလာ၏တရားတော်ကို မပျက်စီးစေမည်အကြောင်း မှန့်နှင့်ခွက်ကို ကြည်ညိုတည်ကြည်သောစိတ်မရှိဘဲ မသုံးဆောင်ရန် ကျွန်တော်တို့ အထူးသတိထားရပါမည်။

**ဆင်ခြင်ရန်** - "အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ" (ဟေဗြဲ ၉း၂၂)။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်ကို ကားတိုင်နှင့်နီးစေတော်မူပါ။

တနင်္လာ၊ နိုဝင်ဘာ (၁၂)

**၁ ကော ၁၁:၂၇-၃၄**

၁ ကော ၁၀:၁၄-၂၂

*"သို့ဖြစ်၍ လူတိုင်းကိုယ်ကိုကိုယ် စစ်ကြောပြီးမှ. . . "*

## ပွဲတော်မင်္ဂလာနှင့်ပတ်သက်၍သတိပေးချက်

ကောရိန္သုခရစ်ယာန်တို့သည် ပွဲတော်မင်္ဂလာ၏အဓိကတရားတော်ကို မေ့လျော့ခဲ့ကြ၏။ သူတို့သည် ပွဲတော်မင်္ဂလာကို ဤလောကီပါတီပွဲကဲ့သို့ ပျော်ပွဲရွှင်ပွဲအဖြစ် ပြောင်းလဲခဲ့ကြ၏။ ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ပြသကြမည့်အစား ဆင်းရဲသားညီအစ်ကိုတို့ကို ကဲ့ရဲ့ခြင်းပြုကြ၏။ ထိုသို့ပြုခြင်းဖြင့် ခရစ်တော်အသေခံခြင်းအကြောင်းကို ဖျက်ဆီးရာရောက်၍ ဘုရားသခင်၏နာမတော်ကို မုသာနှင့်ဆိုင်၍ပြောရာရောက်၏။

ဘုရားသခင်သည် ပွဲတော်မင်္ဂလာညစ်ညူးစေခြင်းကို ကြီးလေးသောအမှုအဖြစ် မြင်တော်မူ၏။ ကောရိန္သုခရစ်ယာန်တို့သည် ပွဲတော်မင်္ဂလာကို လွဲမှားစွာသုံးဆောင်ခဲ့ကြသောကြောင့် ဘုရားသခင်ကအချို့သောသူကို နာမကျန်းဖြစ်စေ၍၊ အချို့သောသူကို သေစေခဲ့၏ (၁ ကော ၁၁:၃၀)။ ထို့ကြောင့် ပွဲတော်မင်္ဂလာကို အလွန်ကြည်ညိုတည်ကြည်သောစိတ်နှင့် ချဉ်းကပ်ရပါမည်။ အကြောင်းမှာ မထိုက်မတန်ဘဲ ပွဲတော်မင်္ဂလာသုံးဆောင်သောသူသည် "မိမိအပေါ် သို့ အပြစ်ရောက်စေခြင်းငှါ စားသောက်သောသူဖြစ်၏" (၁ ကော ၁၁:၂၉)။

အချို့သောယနေ့အသင်းတော်တို့သည် ပွဲတော်မင်္ဂလာကို အလေးမထားကြပါ။ ဤစာရေးသူကိုယ်တိုင်က youth camp တစ်ခုတွင် ပွဲတော်မင်္ဂလာမသုံးဆောင်မီ ပါတီပွဲဆင်နွှဲကခုန်လျက် ချစ်ခြင်းမေတ္တာ စားသောက်ပွဲဟု ကြေငြာခဲ့ကြောင်း မြင်ဖူးပါသည်။ အချို့အသင်းတော်တို့သည် အသင်းဝင်များကမိမိကိုယ်ကို ပွဲတော်မင်္ဂလာသုံးဆောင်နိုင်ခြင်းငှါ ပွဲတော်မင်္ဂလာမုန့်နှင့်စပျစ်ရည်ကို ရောင်းခဲ့ကြ၏။ ထိုသို့သောအသင်းတော်တို့သည် အမှန်မှာ မီးနှင့်ကစားနေကြခြင်းဖြစ်ပါသည်။

ပွဲတော်မင်္ဂလာသည် အပျော်ဆင်နွှဲရမည့်အရာမဟုတ်ပါ။ သခင်ဘုရားအသေခံခြင်းကို အောက်မေ့သတိရခြင်းဖြစ်၍၊ မြတ်သောဝိညာဉ်အမှုပြုခြင်းဖြစ်ပါသည်။ ပွဲတော်မင်္ဂလာသုံးဆောင်သောအချိန်၌ သင်၏ဖုန်းများကို လျှောက်မကလိပါနှင့်။ ပွဲတော်မင်္ဂလာသုံးဆောင်ခြင်းငှါ မိမိ၏စိတ်ကိုပြင်ဆင်လျက် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆင်ခြင်နှလုံးသွင်းရပါမည်။ "ပွဲတော်မင်္ဂလာကို ကြည်ညိုတည်ကြည်သောစိတ်နှင့် သုံးဆောင်သောအခါ ကောင်းကင်မှ အထူးကောင်းကြီးမင်္ဂလာကျရောက်တတ်ပါသည်။ ထိုသို့သောဘုရားသခင်ထံမှ ကျေးဇူးကောင်းကြီးမင်္ဂလာကို Calvin က ရှင်းပြ၍မရ၊ လက်တွေ့ခံစား၍သာရ၏ဟု ဆိုခဲ့ပါသည်" (Tow and Khoo)။

**ဆင်ခြင်ရန်** - ပွဲတော်မင်္ဂလာသည် မြတ်သောဝိညာဉ်အမှုဖြစ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ ခရစ်တော်အသေခံခြင်းအောက်မေ့သတိရတိုင်း ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

## ဆုကျေးဇူးအတု

ယနေ့ခရစ်ယာန်၌ကြုံတွေ့ရသည်အတိုင်း ကောရိန္တုအသင်းတော်သည် အခြားသောဘာသာစကားပြောခြင်း၊ အံ့ဖွယ်နိမိတ်လက္ခဏာဆုကျေးဇူးတို့၌ အလေးထားခဲ့၏။ အချို့သောသူတို့သည် မိမိတို့၏အခြားသောဘာသာစကားပြောခြင်းအတတ်ကို ဝါကြွားလျက်ဝတ်ပြုကိုးကွယ်ခြင်း၌ ရှုပ်ထွေးမှုကိုဖြစ်စေကြ၏။ ထို့ကြောင့်တမန်တော်ပေါလုက ထိုသို့မှားယွင်းစွာ ပြုမူခြင်းကို ၁ ကော အခန်းကြီး ၁၂ မှ ၁၄ ထဲတွင် ဖော်ပြဆုံးမခဲ့ပါသည်။

ဤအခန်းကြီးတို့တွင် ပေါလုက ဝိညာဉ်ဆုကျေးဇူးနှင့်ပတ်သက်သော သွန်သင်ချက်များကို ရှင်းပြခဲ့ပါသည်-

* အခန်းကြီး ၁၂ - ဝိညာဉ်ဆုကျေးဇူး၏ရည်ရွယ်ချက်
* အခန်းကြီး ၁၃ - ဝိညာဉ်ဆုကျေးဇူး၏ စိတ်သဘော
* အခန်းကြီး ၁၄ - ဝိညာဉ်ဆုကျေးဇူးမှန်ကန်စွာအသုံးပြုခြင်း

ပေါလုက ဤအကြောင်းအရာကို ဒုတိယမွေးခြင်းခံရသောသူသာလျှင် ဝိညာဉ်ဆုကျေးဇူးပိုင်ဆိုင်နိုင်ကြောင်း ဖော်ပြခြင်းဖြင့်စတင်ခဲ့ပါသည် (၁ ကော ၁၂း၁-၃)။ "ဝိညာဉ်ဆုကျေးဇူး" ဟူသောစကားလုံးသည် "ဝိညာဉ်နှင့်ဆိုင်သောအရာများ" ဟူ၍ အဓိပ္ပာယ်ရှိ၏။ ဤအချက်က ဤဆုကျေးဇူးများသည် သန့်ရှင်းသောဝိညာဉ်ထံမှ ဖြစ်သောကြောင့် ဒုတိယမွေးခြင်းမခံသောသူများမရရှိနိုင်ကြောင်း အဓိကဖော်ပြခြင်းဖြစ်၏။ သန့်ရှင်းသောဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်းခံရသောသူ (သန့်ရှင်းသောသူများ) ၌သာ ဤဆုကျေးဇူးများပေးအပ်ခြင်းခံရ၏။

များစွာသောကောရိန္တုခရစ်ယာန်တို့သည် ဘုရားများစွာကိုးကွယ်သောသူများဖြစ်ခဲ့ကြ၏။ သူတို့သည် ဝတ်ပြုပူဇော်ကိုးကွယ်ခြင်းအမှု၌ သူတို့၏ဘုရားကျောင်းယဇ်ပုရောဟိတ်များက စျာန်ဝင်၍ တတွတ်တွတ်နှင့် အမျိုးမျိုးပြောဆိုကြသည်ကို မြင်တွေ့ဖူးခဲ့ကြ၏။ ထို့ကြောင့် အသင်းတော်၌ လူတို့သည် အခြားသောဘာသာစကားဖြင့်ပြောလာကြသောအခါ စိတ်ဝင်စားခြင်းရှိခဲ့ကြ၏။

သို့သော်လည်း ပေါလုက ရုပ်တုကိုးကွယ်သောသူသည် ဝိညာဉ်ဆုကျေးဇူးကို ပိုင်ဆိုင်သည်ဟုထင်ရသော်လည်း၊ လုံးဝမပိုင်ဆိုင်နိုင်ကြောင်း ဤကျမ်းပိုဒ်တို့၌ ရှင်းလင်းစွာဖော်ပြခဲ့ပါသည်။ ကျမ်းစာအနက်ဖွင့်သောသူတစ်ဦးက ဤသို့မှန်ကန်စွာဖော်ပြခဲ့ပါသည်- ဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်းမခံရသောသူသည် မိမိအသက်တာ၌ရှိသော ရုပ်တုများကို လုံးလုံးမစွန့်ပစ်နိုင်သောကြောင့် ခရစ်တော်အား မိမိ၏တစ်ဦးတည်းသောသခင်အဖြစ် မလက်ခံနိုင်ပါ။ သို့သော်လည်း ထိုသူသည် အခြားသောဘာသာစကားပြောခြင်းနှင့် ဆုကျေးဇူးအတုများကို ပိုင်ဆိုင်သယောင်ပေါ်လွင်နိုင်ပါသည်။ ကောရိန္တုခရစ်ယာန်တို့သည် ထိုသို့လှည့်ဖြားခြင်းမခံရအောင် သတိပေးခြင်းခံရပါသည်။

**ဆင်ခြင်ရန်** - လှည့်ဖြားခြင်းနှင့်မှားယွင်းသောညီအစ်ကိုတို့ကို သတိပြုပါလော့။
**ဆုတောင်းချက်** - အဘဘုရား၊ မှားယွင်းသောဤကမ္ဘာလောကတွင် အဆိုးအကောင်းခွဲခြားနိုင်ခြင်းငှါ အကျွန်ုပ်အား အသိဉာဏ်ပေးသနားတော်မူပါ။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၁၄)

**၁ ကော ၁၂း၄-၆**

ရော ၁၂း၃

*"အခု ဆုကျေးဇူးတော် အထူးထူး အထွေထွေရှိပြားသော်လည်း. . . "*

# ဝိညာဉ်ဆုကျေးဇူး၏သဘောသဘာဝ (၁)

ကောရိန္သုခရစ်ယာန်တို့သည် ဇာတိသဘောကိုလိုက်၍အသက်ရှင်ခဲ့ကြ၏။ ဝိညာဉ်သဘောကို မလိုက်ခဲ့ကြပေ။ ထို့ကြောင့် ဝိညာဉ်ဆုကျေးဇူးအသုံးပြုခြင်းအမှု၌ ငြင်းခုံခြင်းရှိခဲ့ကြ၏။ ထိုဆုကျေးဇူးများကို ဘုရားသခင်၏ဘုန်းတော်အတွက်မဟုတ်ဘဲ၊ မိမိကျော်စောခြင်းအတွက် အသုံးပြုခဲ့ကြ၏။ ထိုသို့ဝိညာဉ်ဆုကျေးဇူးလွဲမှားစွာ အသုံးပြုခြင်းကို ဆီးတားခြင်းငှါ ပေါလုက ဝိညာဉ်ဆုကျေးဇူးနှင့်ပတ်သက်သော အခြေခံအကြောင်းတရားအချို့ကို ပြန်၍ဖော်ပြခဲ့ပါသည်-

ပထမအချက်- ဝိညာဉ်ဆုကျေးဇူးသည် ကျေးဇူးတော်အားဖြင့်ပေးခြင်းဖြစ်၏ (၁ ကော ၁၂း၄)။ "ဆုကျေးဇူးတော်" (၁ ကော ၁၂း၄) ဟူသောစကားလုံးသည် ၁ ကော ၁၂း၁ မှစကားလုံးနှင့် ခြားနားခြင်းရှိ၏။ "ဝိညာဉ်နှင့်ဆိုင်သောအရာများ" ဆိုသည်မှာ ဝိညာဉ်ဆုကျေးဇူးများ၏ အရင်းအမြစ်သည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ကြောင်း အထူးဖော်ပြခြင်းဖြစ်ပါသည်။ တစ်ဖက်တွင် ၁ ကော ၁၂း၄ ၌တွေ့ရသော စကားလုံးသည် "ဆုကျေးဇူးတော်" ဟူ၍ဖြစ်၏။ ဆိုလိုသည်မှာ ဤဆုကျေးဇူးများသည် မွေးရာပါမဟုတ်၊ လူက တစုံတရာပြုသောကြောင့် ရရှိခြင်းမဟုတ်ပါ။ ဘုရားသခင်က မိမိ၏ကျေးဇူးတော်ကိုဖော်ပြခြင်းဖြင့် ပေးတော်မူခြင်းဖြစ်၍ မိမိ၏ဘုန်းတော်ထင်ရှားဖို့ရန်အတွက် ကျွန်တော်တို့အသုံးပြုရမည်ဖြစ်ပါသည်။ ထို့ကြောင့် လူသည် မိမိခံရသောဝိညာဉ်ဆုကျေးဇူးကြောင့် ဝါကြွားခြင်းလုံးဝမရှိနိုင်ပါ။ "သင်တို့သည် ကိုယ်ကို ထင်သင့်သည်အတိုင်းထက်လွန်၍မထင်ဘဲ ဘုရားသခင်သည် လူအသီးအသီးတို့အား ယုံကြည်ခြင်းကိုဝေပေးတော်မူသည်နှင့်အညီ ကိုယ်ကို လျောက်ပတ်စွာထင်ရမည်အကြောင်း ငါသည် ကိုယ်ခံရသောကျေးဇူးတော်ကို အမှီပြု၍ သင်တို့တွင် ရှိသမျှသောသူတို့ကိုမှာထား၏" (ရောမ ၁၂း၃)။ စိတ်နှိမ့်ချခြင်း၊ စိတ်နှိမ့်ချခြင်း၊ စိတ်နှိမ့်ချခြင်း ရှိရပါမည်။

ဝိညာဉ်ဆုကျေးဇူးနှင့် မွေးရာပါပါရမီတို့၏ ခြားနားမှုကို ကျွန်တော်တို့သိဖို့လိုပါသည်။ မွေးရာပါပါရမီတို့သည် ယုံကြည်သူနှင့်မယုံကြည်သူ နှစ်ဦးစလုံးပိုင်ဆိုင်သောအရာဖြစ်ပါသည်။ ဥပမာအားဖြင့် ယုံကြည်သူနှင့်မယုံကြည်သူသည် အချက်အပြုတ်အလွန်တော်သောသူဖြစ်နိုင်ကြပါသည်။ သို့သော်လည်း ဝိညာဉ်ဆုကျေးဇူးများသည် မွေးရာပါပါရမီမဟုတ်၊ အံ့ဖွယ်ဘုရားသခင်ပေးသနားတော်မူခြင်းဖြစ်၍ ခရစ်တော်၏ကိုယ်တည်ဆောက်ခြင်းအဖို့ အသုံးပြုရန်ဖြစ်ပါသည်။ ထို့ကြောင့် လူတစ်ဦးသည် သင်ပြတတ်ခြင်းမွေးရာပါပါရမီရှိ၍ အစိုးရကျောင်းတွင် တော်သောဆရာဖြစ်နိုင်သော်လည်း၊ Sunday School ၌ သင်ပေးခြင်းငှါ ဝိညာဉ်ဆုကျေးဇူးခံရသောသူဟုမဆိုလိုပါ။

သို့ဆိုလျှင် သင်တို့ထံဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်ဆုကျေးဇူးများကား အဘယ်နည်း။

**ဆင်ခြင်ရန်** - "ဝိညာဉ်ဆုကျေးဇူးများသည် မွေးရာပါပါရမီမဟုတ်ကြပါ" (Calvin)။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်ခံရသောဝိညာဉ်ဆုကျေးဇူးအားဖြင့် ကိုယ်တော်၏အမှုတော်ကို နှိမ့်ချသောစိတ်နှင့်ဆောင်ရွက်ပါမည်။

## ဝိညာဉ်ဆုကျေးဇူး၏သဘောသဘာဝ (၂)

ဒုတိယအချက်- ဆုကျေးဇူးတော်အထူးထူးအထွေထွေရှိ၏ (၁ ကော ၁၂း၄)။ "အထူးထူး အထွေထွေ" ဟူသောစကားလုံး၏အဓိပ္ပာယ်သည် "ဝေမျှခြင်း" ဟူ၍ဖြစ်ပါသည်။ ဤနေရာ၌ ပေါလု က ယုံကြည်သူတို့ထံ ဘုရားသခင်ဝေပေးတော်မူသောကျေးဇူးတော်အမျိုးမျိုးကို ဆိုလိုခြင်းဖြစ် ပါသည်။ ယုံကြည်သူတို့သည် မတူညီသောဆုကျေးဇူးကို ခံရကြ၏။ အချို့သည် သင်ပြတတ်ခြင်း ဆုကျေးဇူး၊ အချို့သည် တီးခတ်တတ်သောဆုကျေးဇူး၊ အချို့သည်လည်း ဦးဆောင်တတ်ခြင်း ဆုကျေး ဇူးဟူ၍ ခံရကြ၏။ ဘုရားသခင်သည် ဤဆုကျေးဇူးကို ဝေပေးတော်မူသောသူဖြစ်သောကြောင့် (ဧဖက် ၄း၇-၁၀) ဤဆုကျေးဇူးအပေါ် အချင်းချင်းနိုင်းယှဉ်ခြင်း၊ သဝန်တိုခြင်းမရှိရပါ။

ဝိညာဉ်ဆုကျေးဇူးနှင့်ပတ်သက်၍ ၁ ကော ၁၂း၇-၁၁ ကို ကျွန်တော်တို့ကြည့်နိုင်ပါသည်။ အခြားဥပမာတို့ကို ၁ ကော ၁၂း၂၈-၃၁၊ ရောမ ၁၂း၆-၈ နှင့် ဧဖက် ၄း၁၁ တို့တွင်တွေ့ရပါသည်။

တတိယအချက်- ဓမ္မဆရာအမှုအထူးထူးအထွေထွေရှိ၏ (၁ ကော ၁၂း၅)။ "ဓမ္မဆရာ အမှု" ဟူသောစကားလုံးကို "အမှုတော်" ဟူ၍လည်း ဖော်ပြနိုင်ပါသည်။ အချို့သောသူသည် တူညီ သောဝိညာဉ်ဆုကျေးဇူးခံရကြသော်လည်း၊ သူတို့၏ဆုကျေးဇူးကို အထူးထူးအထွေထွေသော အမှုတော် ၌ အသုံးပြုတတ်ကြ၏။ ဥပမာအားဖြင့် တစ်ဦးသည် ကလေးငယ်များသင်ပေးခြင်း၌ အလွန်သင့် တော်သောဆရာဖြစ်နိုင်ပါသည်။ အခြားတစ်ဦးမှကား လူကြီးများကို သင်ပေးခြင်း၌ ဆုကျေးဇူးခံရသောဆရာဖြစ်နိုင်ပါသည်။ ဤသင်ပြသောဆရာတို့သည် မိမိတို့ခေါ်ခြင်းခံရသောအမှု၌ တည် နေကြရပါမည်။ တစ်ဦးနှင့်တစ်ဦး နှိုင်းယှဉ်ခြင်း၊ သဝန်တိုခြင်းမရှိရပါ။

စတုတ္ထအချက်- ပြုပြင်ခြင်းအမှုအထူးထူးအထွေထွေရှိ၏ (၁ ကော ၁၂း၆)။ "ပြုပြင်ခြင်း" ဟူသောစကားလုံးသည် ဘုရားသခင်အတွက် အမှုတော်ဆောင်ရွက်နိုင်ခြင်းအကျိုးခွန်အားကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ အဘယ်ခရစ်ယာန်ကမျှ ဘုရားသခင်၏အမှုတော်ကို မိမိ၏ခွန်အားဖြင့် မဆောင်ရွက်နိုင်ပါ။ အမှုတော်အတွက် မိမိကိုခွန်အားပေးခြင်း၌ ဘုရားသခင်ကိုအားကိုးရမည်ဖြစ်ပါ သည်။ အမှုတော်ဆောင်ရွက်ပြီးသောအခါ အကျိုးရလဒ်သည် ဘုရားသခင်၏လက်တော်ထဲ၌ လုံးလုံး တည်ပါသည်။ များစွာသောလူတို့သည် သူတပါးပြုသောအမှုနှင့် မိမိပြုသောအမှု၏အကျိုးရလဒ်ကို နှိုင်းယှဉ်ခြင်းပြုတတ်ကြ၏။ အချို့သောသူသည် အသီးအပွင့်မတွေ့ရသောကြောင့် စိတ်ပျက်ခြင်းသို့ ရောက်တတ်ကြ၏။ အချို့သောသူသည် သူတပါးထက် ပို၍အကျိုးရှိသည်ဟု မိမိကိုယ်ကိုထင်၍ ဂုဏ်ယူတတ်ကြ၏။ ထိုသို့ကျွန်တော်တို့မပြုကြရပါ။ ကြီးပွားစေသောသူသည် ဘုရားသခင်ဖြစ်တော် မူကြောင်း ဘယ်သောအခါမျှ မမေ့ရပါ (၁ ကော ၃း၇)။

**ဆင်ခြင်ရန်** - လူတိုင်းသည် မိမိခေါ်ခြင်းခံရသောတာဝန်၌ တည်နေရပါမည်။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အမှုတော်၌ အကျွန်ုပ်၏နေရာကို သိခြင်း၌ မစတော် မူပါ။

သောကြာ၊ နိုဝင်ဘာ (၁၆)
**၁ ကော ၁၂း၇-၁၁**
ဧဖက် ၄း၁၂-၁၃

*“ကောင်းသောအကျိုးအလိုငှါသာ ဝိညာဉ်တော်ကိုလူအသီးအသီးတို့အား ထင်ရှားစွာပေးတော်မူလျက်ရှိ၏”*

## ဝိညာဉ်ဆုကျေးဇူး၏ရည်ရွယ်ချက်

ဝိညာဉ်ဆုကျေးဇူးများသည် ခရစ်ယာန်တိုင်းအတွက်ဖြစ်ပါသည်။ ၁ ကော ၁၂း၇ ထဲတွင် ပေါလုက ဝိညာဉ်ဆုကျေးဇူးများသည် လူတို့ကောင်းကျိုးအတွက် အသုံးပြုရန်ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။ ဧဖက် ၄း၁၁-၁၃ ထဲတွင် ဤဆုကျေးဇူးများသည် ဘုရားသခင်၏အသင်းတော်တည်ဆောက်စရာအဖို့ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်- “ခရစ်တော်၏ကိုယ်တော်ကိုတည်ဆောက်၍ ဓမ္မဆရာ၏အမှုကိုပြုတတ်မည်အကြောင်း သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလိုငှါ. . . ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့၎င်း တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ ရောက်ကြသည်တိုင်အောင်ဖြစ်သတည်း”။ မိမိခံရသောဆုကျေးဇူးကို နှိမ့်ချသောစိတ်နှင့် ပညာနှင့်ယှဉ်၍ အသုံးပြုသောခရစ်ယာန်တို့သည် ယေရှုခရစ်တော်သိကျွမ်းခြင်းနှင့် ကျေးဇူးတော်အရာ၌ ညီအစ်ကိုတို့ကို ကြီးထွားစေခြင်းငှါ အကူအညီပေးသည်သာမက မိမိတို့ခံရသောဆုကျေးဇူးကို ပို၍ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်းငှါ ခွန်အားဖြစ်စေပါသည်။

ထို့နောက်ပေါလုက မိမိအသင်းတော်တည်ဆောက်စရာအဘို့ ဘုရားသခင်အသုံးပြုတော်မူသော ဝိညာဉ်ဆုကျေးဇူးအချို့ကို ဖော်ပြခဲ့ပါသည်။ Khoo က ဤသို့ရှင်းပြခဲ့၏-

(၁) “ပညာတရား- ဘုရားသခင့်နှုတ်ကပတ်တော်ကို ဝေငှနိုင်သောစွမ်းရည်၊ (၂) ထိုးထွင်းခြင်းတရား- ဝိညာဉ်နှင့်ဆိုင်သောတရားများကို လက်တွေ့ကျကျရှင်းပြနိုင်သောစွမ်းရည်၊ (၃) ယုံကြည်ခြင်း- လူ့အနေဖြင့်မဖြစ်နိုင်သောအရာများ၌ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်း၊ (၄) အနာရောဂါကို ငြိမ်းစေနိုင်သောအခွင့်- ဖျားနာသောသူကို အံ့ဖွယ်ချက်ချင်းအနာငြိမ်းစေခြင်း၊ (၅) တန်ခိုးကိုပြနိုင်သောအခွင့်- လူ့အနေဖြင့် သဘာဝတရားအားဖြင့် မဖြစ်နိုင်သောအရာများကို ဖြစ်စေနိုင်သောစွမ်းရည်၊ (၆) ပရောဖက်ပြုနိုင်သောအခွင့်- ရှေ့အနာဂတ်အကြောင်းကို ကြိုတင်ဟောပြောနိုင်သောစွမ်းရည်၊ (၇) စိတ်ဝိညာဉ်တို့ကိုပိုင်းခြား၍ သိနိုင်သောအခွင့်- အမှားနှင့်အမှန်ကို ခွဲခြားနိုင်သောစွမ်းရည်၊ (၈) အမျိုးမျိုးသောဘာသာစကားကို ပြောနိုင်သောအခွင့်- မသင်ဘူးသော နိုင်ငံခြားဘာသာစကားကို ပြောနိုင်သောစွမ်းရည်၊ (၉) ထိုဘာသာစကား၏အနက်ကို ဖော်ပြနိုင်သောအခွင့်- အခြားသောဘာသာစကားပြောသောသူ၏ ပြောစကားကို ဘာသာပြန်နိုင်သောစွမ်းရည်”။

အထက်၌ဖော်ပြထားသော အချို့သောဆုကျေးဇူးတို့သည် ယနေ့မရှိတော့ပါ (၁ ကော ၁၃ ထဲတွင် ဤအကြောင်းအရာကို ကျွန်တော်တို့လေ့လာပါလိမ့်မည်)။

ပေါလုက သန့်ရှင်းသောဝိညာဉ်တော်သည် ဤဆုကျေးဇူးများဝေငှပေးသောသူဖြစ်ကြောင်း တဖန်ဖော်ပြခဲ့ပါသည် (၁ ကော ၁၂း၁၁)။ မာနထောင်လွှားခြင်းကင်းဝေးပါစေ။

**ဆင်ခြင်ရန်** - မတူညီသောဆုကျေးဇူးများ ခံရကြသော်လည်း၊ ခရစ်တော်၏ကိုယ်၌ တလုံးတဝတည်းဖြစ်ကြပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ အသင်းတော်၌ အကျွန်ုပ်ကျရာတာဝန်ကို ဆောင်ရွက်နိုင်မည်အကြောင်း မစတော်မူပါ။

စနေ၊ နိုဝင်ဘာ (၁၇)
**၁ ကော ၁၂း၁၂-၂၀**
ဧဖက် ၄း၁-၆

*"ဥပမာကား၊ ကိုယ်တခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍. . ."*

# ကိုယ်တစ်ခုတည်း၌ရှိသောအင်္ဂါများ

ပေါလုက အသင်းတော်ကို ခန္ဓာကိုယ်ဖွဲ့စည်းပုံအသုံးပြုလျက် ပုံဆောင်ဖော်ပြခဲ့ပါသည်။ အသင်းတော်သည် အထူးထူးအထွေထွေသော ဆုကျေးဇူးများပိုင်ဆိုင်ထားသည့် အသင်းသူအသင်းသားများအားဖြင့် ဖွဲ့စည်းခြင်းဖြစ်သော်လည်း၊ အသင်းတော်သည် တလုံးတဝတည်းဖြစ်၏။ လူ၏ခန္ဓာကိုယ်ကဲ့သို့ဖြစ်ပါသည်။ ခန္ဓာကိုယ်၌အသီးသီးသော အင်္ဂါရပ်များရှိသော်လည်း၊ ခန္ဓာကိုယ်သည် တစ်ကိုယ်တည်းဖြစ်၏။ ဤခန္ဓာကိုယ်ဖွဲ့စည်းပုံပုံဆောင်ချက်က ကျွန်ုပ်တို့ကို အချို့သောသင်ခန်းစာများသင်ပေးခဲ့၏။

ပထမအချက်မှုကား အသင်းတော်၌ယုံကြည်သူတို့၏ ဝိညာဉ်ရေးရာတလုံးတဝတည်းဖြစ်ခြင်းအကြောင်းဖြစ်ပါသည်။ အသင်းတော်၏အသင်းဝင်အသီးသီးတို့သည် တလုံးတဝတည်းဖြစ်ကြ၏။ အကြောင်းမှာ ခရစ်တော်သည် တစ်ကိုယ်တည်းဖြစ်၍၊ အသင်းဝင်တိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်၏ကိုယ်၌ ဗတ္တိဇံခံသောသူများဖြစ်ပါသည်။ ခရစ်တော်၌ ယုံကြည်သူအပေါင်း၏ ဝိညာဉ်ရေးရာတလုံးတဝတည်းဖြစ်ခြင်းအကြောင်းကို ပေါလုက ဧဖက် ၄း၄-၆ ထဲတွင် ဤသို့လှပစွာ ဖော်ပြခဲ့ပါသည်- "သင်တို့ကိုခေါ် တော်မူခြင်းနှင့်စပ်ဆိုင်သော မျှော်လင့်ခြင်းတပါး ထဲသို့ ခေါ် သွင်းတော်မူသည်နှင့်အညီ ကိုယ်တစ်ကိုယ်၊ ဝိညာဉ်တစ်ဝိညာဉ်တည်းရှိ၏။ သခင်တပါး၊ ယုံကြည်ခြင်းတပါး၊ ဗတ္တိဇံတပါး၊ ခပ်သိမ်းသောငါတို့၏အဘဖြစ်သော ဘုရားသခင်တစ်ဆူတည်း ရှိတော်မူ၏။ ထိုဘုရားသခင်သည် ခပ်သိမ်းသောငါတို့၏အပေါ် မှာရှိတော်မူ၏။ ခပ်သိမ်းသော ငါတို့ကို နှံ့ပြားတော်မူ၏။ ခပ်သိမ်းသောငါတို့၏အထဲ၌လည်းရှိတော်မူ၏။

ခရစ်တော်၏ အသင်းဝင်တို့သည် တလုံးတဝတည်းဖြစ်ကြသောကြောင့် ထိုခရစ်တော်၏ ကိုယ်၌ စည်းလုံးညီညွတ်ခြင်းရှိစေခြင်းငှါ ကျွန်တော်တို့အမှန်ကြိုးစားကြရပါမည် (ဧဖက် ၄း၃)။ ညီညွတ်မှုကို ထိန်းသိမ်းသောသူဖြစ်ပါသလား (သို့) သင်သည် ပြဿနာဖန်တီးသောသူဖြစ်ပါသလား။

ဒုတိယအချက်ဟူမှုကား၊ ကျွန်ုပ်တို့၏ခန္ဓာကိုယ်၌ အသီးသီးသောအင်္ဂါများရှိ၍ ထိုအင်္ဂါအသီးသီးတို့သည် အသီးသီးသောတာဝန်ကို ထမ်းဆောင်ကြ၏။ ကိုယ်အင်္ဂါတိုင်း၏ တာဝန်မှာ မိမိ တာဝန်ကို သစ္စာရှိစွာဆောင်ရွက်ရန်ဖြစ်ပါသည်။ ခရစ်တော်၏ကိုယ်နှင့်ပတ်သက်လျှင်လည်း၊ ထိုသို့ ဖြစ်ပါသည် (၁ ကော ၁၂း၂၇-၃၁ ထဲတွင် ဤအကြောင်းကိုပို၍ လေ့လာကြပါမည်)။

တတိယအချက်ဟူမှုကား၊ ခရစ်တော်၏ကိုယ်၌ ပါဝင်သောအသင်းဝင်တိုင်းသည် ထိုခန္ဓာကိုယ်တစ်ခုလုံးလှုပ်ရှားခြင်းအတွက် အရေးကြီး၍ လိုအပ်ခြင်းရှိကြ၏။ ကျွန်ုပ်တို့၏ခန္ဓာကိုယ်သည် ဤအမှုအတွက် သက်သေကောင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ခန္ဓာကိုယ်၌ အင်္ဂါတစ်ခုမစုံလျှင် ပြည့်စုံခြင်းမရှိပါ။ ခရစ်တော်၏ကိုယ်အတွက်လည်း ထိုသို့ပင်ဖြစ်ပါသည်။ အချို့သောသူသည် သူတပါးကဲ့ရဲ့သော၊ သေးငယ်သောတာဝန်ကို ထမ်းဆောင်ခြင်းငှါ ဘုရားသခင်ခန့်ထားတော်မူတတ်၏။ သို့သော်လည်း ဘုရားသခင်၏အမြင်တွင် ကဏ္ဍတိုင်းသည် အရေးပါခြင်းရှိကြ၏။ သင်ကျရာတာဝန်၌ စိတ်နှစ်ပြီး၊ သစ္စာရှိပါလော့။

**ဆင်ခြင်ရန်** - အသင်းတော်၌ မညီညွတ်ခြင်းကိုဖြစ်စေသောအရာကား အဘယ်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ အသင်းတော်၌ စည်းလုံးညီညွတ်မှု ရှိစေတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၁၈)
**၁ ကော ၁၂း၂၁-၂၆**
ဇဖက် ၄း၁-၆ *"ကိုယ်ခန္ဓာ၌ အချင်းချင်းကွဲပြားခြင်းမရှိဘဲ. . . "*

## ခန္ဓာကိုယ်၌အချင်းချင်းအမှီသဟဲပြုခြင်း

ဘုရားသခင်၏အမှုတော်၌ တဦးတယောက်တည်းပြုခြင်းဟူ၍မရှိပါ။ လူ့ခန္ဓာကိုယ်၌ အင်္ဂါတိုင်းသည် အရေးပါကြသည်နည်းတူ ခရစ်တော်၏ကိုယ်၌လည်း အသင်းဝင်တိုင်းအရေးပါကြ၏။ မျက်စိသည် မိမိတစ်ကိုယ်တည်းရှင်သန်နိုင်မည်လော။ မရှင်သန်နိုင်။ ထိုနည်းတူ ဦးခေါင်းနှင့် ခြေထောက်တို့လည်းဖြစ်ကြ၏။

ဤစာရေးသူသည် မိမိ၏ခြေမဖြင့်တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်လည်းမဟုတ်၊ သုံးကြိမ်တိုင်တိုင် သံကုလားထိုင်ကို ကန်မိခဲ့သည်။ အလွန်နာကျင်ခြင်းရှိ၏။ မိမိအလုပ်၌အာရုံမစိုက်နိုင်လောက်အောင် ထိုနာကျင်ခြင်းက ဒုက္ခပေးခဲ့ပါသည်။ ဤသည်ကား သေးငယ်သောခြေမတစ်ချောင်းသာလျှင်ဖြစ်ပါသည်။

ပေါလုက အကျွန်ုပ်တို့ခန္ဓာကိုယ်၏ အသရေနည်းဟန်ရှိသောအင်္ဂါတို့အကြောင်းကို ထပ်၍ဖော်ပြခဲ့ပါသည်။ ထိုအင်္ဂါတို့ကို ကျွန်တော်တို့သည် ကောင်းစွာဖုံးအုပ်ခြင်းဖြင့် ပို၍အသရေပေးတတ်ကြ၏။ ထိုနည်းတူ အသင်းတော်၌ အားနည်းသောညီအစ်ကိုများလည်းရှိတတ်ပါသည်။ ကျွန်ုပ်တို့၏ တာဝန်ဟူမှုကား သူတို့ကို မစကူညီပေးခြင်းဖြစ်ပါသည်။ အချင်းချင်းတစ်ဦးနှင့်တစ်ဦးတည်ဆောက်ခြင်းအမှုကိုပြုကြရပါမည်။

အသင်းတော်၌ လွယ်ကူသည်ဟုထင်ရသော မထင်သာမမြင်သာသော အမှုဆောင်ရွက်ခြင်းငှါ တာဝန်ပေးခြင်းခံရသောအချို့သောသူတို့သည် ဝမ်းသာခြင်းမရှိသည်သာမက၊ ကဲ့ရဲ့ခြင်းခံရသည်ဟု ထင်သောသူများရှိတတ်၏။ ကောရိန္သုအသင်းတော်၌ ချမ်းသာသောသူတို့သည် ဆင်းရဲသောသူများကို လျစ်လျူရှုလျက်၊ မိမိတို့၏အစားအသောက်များကိုသာ အာရုံစိုက်ခဲ့ကြ၏။

ယနေ့ခေတ်ကိုကြည့်မည်ဆိုလျှင် အချို့သောလူများတို့သည် သင်းအုပ်ဆရာကို ချီးမွမ်းတတ်ကြပြီး၊ ဘုရားကျောင်းအပြင်၌ ခန်းမကိုလှည်းကျင်းသောသူကို မည်သူက သတိထားပါသနည်း ထိုသူကို သင်ချစ်ခြင်းမေတ္တာပြပါသလား။ သို့မဟုတ် လျစ်လျူရှု၍ မရှိသောသူကဲ့သို့ မှတ်ယူပါသလား။ တခါတရံ အပြုံးနှင့်နှုတ်ဆက်ခြင်းတို့သည် လူတစ်ဦး၏စိတ်ဓာတ်ကို များစွာမြှင့်တင်ပေးတတ်၏။

အရေးမကြီးဟုထင်ရသောတာဝန် ပေးအပ်ခြင်းခံရသောသူတို့ ဘုရားသခင်ပေးတော်မူသောတာဝန်ဖြစ်ကြောင်းကို မေ့လျော့ခြင်းဖြင့် အထင်သေးခြင်းမပြုမိကြပါစေနှင့်။ ကျွန်ုပ်တို့သည် မိမိတို့၏တာဝန်ကို သစ္စာရှိစွာဆောင်ရွက်သောအခါ ဘုရားသခင်၏နာမတော်သည် ကြီးစွာချီးမြှောက်ခြင်းခံရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်၌ တဦးတယောက်တည်းပြုခြင်းဟူ၍မရှိပါ။
**ဆုတောင်းချက်** - အဘဘုရား၊ လိုအပ်သောသူတို့ကို ဂရုစိုက်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ နိုဝင်ဘာ (၁၉)
**၁ ကော ၁၂း၂၇-၃၁**
ဖတ်ရန် ၄း၁-၆

*"သင်းဝင်သူရှိသမျှတို့သည်တမန်တော်ဖြစ်ကြသလော။ ရှိသမျှတို့သည် ပရောဖက်ဖြစ်ကြသလော. . . "*

## ခန့်အပ်ခြင်းခံရသောအမှု၌ သင်တည်နေလော့

ယုံကြည်သူတိုင်းသည် ဘုရားသခင်၏အမှုတော်ဆောင်ရန် တာဝန်ကိုယ်စီပေးခြင်းခံရ၏။ ကနဦးခမ္မသစ်အသင်းတော်၌လည်း ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ တမန်တော်အရာ၌ ခန့်ထားခြင်းခံရသောသူများရှိ၏။ ပရောဖက်အရာ၌ငှင်း၊ သင်ပေးသောဆရာအရာ၌ငှင်း ခန့်အပ်ခြင်းခံရသောသူများလည်းရှိပါသည်။ ခန္ဓာကိုယ်အင်္ဂါအသီးသီးတို့သည် ကိုယ်စီတာဝန်များရှိကြသည်အတိုင်း ခရစ်တော်ကိုယ်၏အသင်းဝင်တိုင်းသည်လည်း ဘုရားသခင်၏အမှုတော်အတွက် တာဝန်ကိုယ်စီပေးအပ်ခြင်းခံရကြပါသည်။

သို့သော်လည်း အချို့သောကောရိန္သုခရစ်ယာန်တို့သည် ဘုရားသခင်ခန့်အပ်တော်မူသောသူတို့၏တာဝန်၌ ကျေနပ်ခြင်းမရှိခဲ့ကြပါ။ အသင်းတော်၌ အခြားသောဘာသာစကားပြောခြင်းဆုကျေးဇူးကို ထူးကဲသောဆုကျေးဇူးဟုမြင်ကြပြီး၊ ပေးအပ်ခြင်းမခံရသော သူတို့ပင်လျှင် အခြားသောဘာသာစကားပြောခြင်း၌ အလိုရှိခဲ့ကြ၏။ ဤသည်ကား ပါးစပ်၏တာဝန်ကို မျက်စိကရယူလိုခြင်းကဲ့သို့ဖြစ်၏။ ဘယ်သောအခါမျှဖြစ်မည်မဟုတ်ပါ။

ယနေ့၌လည်း ဘုရားသခင်ခန့်အပ်တော်မူသော အမှုတော်၌ မကျေနပ်သောသူအချို့ရှိနိုင်ပါသည်။ သူတို့သည် လူတို့၏ဂရုစိုက်ခြင်းခံရသောအမှုကို လိုချင်ကြခြင်းလည်းဖြစ်နိုင်ပါသည်။ လူတို့၏ကဲ့ရဲ့ခြင်းထက် ချီးမွမ်းခြင်းကို လိုချင်ကြခြင်းလည်းဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဘုရားသခင်ခန့်အပ်တော်မမူသောရာထူးကို ရယူခြင်း၌ ကြိုးစားအားထုတ်ကြ၏။ ဥပမာအားဖြင့် သင်ပေးခြင်းဆုကျေးဇူးမခံရသောသူသည် သင်ပေးခြင်းအမှုကို ဆောင်ရွက်ခြင်း၌ အတင်းကြိုးစားအားထုတ်ခြင်းဖြစ်၏။ ထိုသို့ပြုလျှင် မိမိကိုယ်ကိုနာကျင်စေသည်သာမက ခရစ်တော်၏ကိုယ်ကိုလည်း ဒုက္ခရောက်စေနိုင်ပါသည်။

ပေါလုက ကောရိန္သုခရစ်ယာန်တို့အား ဝိညာဉ်ဆုကျေးဇူးအသုံးပြုခြင်းအမှု၌ ကြိုးစားအားထုတ်ခြင်းရှိခြင်းသည် ကောင်းသောအမှုဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ အသင်းတော်၌ အကောင်းဆုံးသောဝိညာဉ်ဆုကျေးဇူးများပေါ်ထွန်းဖို့ရန် ဆန္ဒရှိခြင်းသည်လည်း မှားယွင်းသောအရာမဟုတ်ပါ။ သို့သော်လည်း ဝိညာဉ်ဆုကျေးဇူးကို စစ်မှန်သောစိတ်သဘောအားဖြင့် အသုံးပြုရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်၌ မိမိ၏ဘုန်းမဟုတ်ဘဲ ခရစ်တော်၏ဘုန်းထင်ရှားရပါမည်။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်အလိုရှိသောအမှုကို အကျွန်ုပ်ပြုပါမည်။

အင်္ဂါ၊ နိုဝင်ဘာ (၂၀)
**၁ ကော ၁၃း၁-၃**
၂ ကော ၅း၁၂-၁၄

*“. . . မေတ္တာမရှိလျှင်*
*အချည်းနှီးသက်သက်ဖြစ်၏”*

# ချစ်ခြင်းမေတ္တာစိတ်သဘောထား

သမ္မာကျမ်းစာက “ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏” (၁ ယော ၄း၁၆) ဟု ဖော်ပြခဲ့ပါသည်။ ခရစ်ယာန်တို့သည် ဘုရားသခင်ကိုချစ်ရမည်အကြောင်း ကျမ်းစာက သွန်သင်ထား၏။ အကြောင်းမှာ “ဘုရားသခင်သည် ငါတို့ကိုရှေးဦးစွာချစ်တော်မူသောကြောင့်” (၁ ယော ၄း၁၉) တည်း။ ဘုရားသခင်ကိုနာခံလျက် ကျွန်တော်တို့အမှုတော်ဆောင်သောအခါ ဘုရားကို ကျွန်တော်တို့ချစ်သောကြောင့် ထိုသို့အမှုပြုခြင်းဖြစ်ရပါမည်။ ခရစ်တော်၏ချစ်ခြင်းမေတ္တာအားဖြင့် မိမိညီအစ်ကိုတို့ကိုလည်း ကျွန်တော်တို့ချစ်ရပါမည်။ ကျွန်တော်တို့အမှုတော်ဆောင်ခြင်းစိတ်သဘောထားသည် ခရစ်တော်အပေါ်ထားရှိသော ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာဖြစ်ရပါမည်။

ဝမ်းနည်းစရာကောင်းသည်မှာ ကောရိန္တုခရစ်ယာန်များအကြားတွင် ချစ်ခြင်းမေတ္တာကင်းမဲ့သည်ဟုထင်ရပါသည်။ ချစ်ခြင်းမေတ္တာကင်းမဲ့ခြင်းက စိတ်သဘောထားကွဲပြားခြင်းကိုဖြစ်စေ၏။ ချစ်ခြင်းမေတ္တာကင်းမဲ့သောကြောင့် ကောရိန္တုခရစ်ယာန်တို့သည် အခြားသောဘာသာစကားပြောခြင်းဆုကျေးဇူးကို မှားယွင်းစွာအသုံးပြုခဲ့ကြ၏။ သူတပါးကိုချစ်ရမည့်အစား မိမိကိုယ်ကျိုးကိုသာ ရှာဖွေကြ၏။ ဘုရားသခင်ကို ချစ်ခဲ့ကြပါလျှင် မိမိ၏ဘုန်းထင်ရှားခြင်းထက် ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းကို သာ၍အလိုရှိခဲ့ကြပါလိမ့်မည်။

ထို့ကြောင့်ပေါလုသည် ၁ ကော ၁၃း၁-၃ ထဲတွင် အတိသယဝုတ္တိအလင်္ကာ (hyperbole) ကို အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ ပေါလုကမိမိသည် ကောင်းကင်တမန်ဘာသာစကားပြောနိုင်သည်ဟု မဆိုလိုပါ။ တောင်များကိုလည်း မိမိရွှေ့နိုင်သည်ဟု မဆိုလိုပါ။ ဤအရာများကို ကျွန်တော်ပြုနိုင်ခဲ့သည့်တိုင် ခရစ်တော်အပေါ် ထားရှိသောချစ်ခြင်းမေတ္တာစိတ်သဘောအားဖြင့် ပြုခြင်းမဟုတ်လျှင် အချည်းနှီးသက်သက်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ အကြောင်းမှာ ထိုအမှုတို့ကို ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းနှင့် သူတပါးအကျိုးအတွက် ပြုခြင်းမဟုတ်ဘဲ၊ မိမိဂုဏ်ပုဒ်အတွက် ပြုခဲ့ခြင်းဖြစ်သောကြောင့်တည်း။

ဤစာရေးသူသည် သံစုံတီးဝိုင်းပြပွဲတစ်ခု၌ တက်ရောက်ခွင့်ရခဲ့ဖူး၏။ ထိုနေ့ တီးခတ်သောသံစုံတီးဝိုင်းသည် အလွန်အံ့ဩလောက်ပေ၏။ သို့သော်လည်း ဗုံတီးသောသူ တီးရမည့်အလှည့်ရောက်သောအခါ ထိုဗုံတီးသူသည် ဝါနုနေသေးသောသူဖြစ်သောကြောင့်၊ စည်းချက်ကို ဂရုမစိုက်နိုင်ဘဲ စည်းချက်နှင့်အံဝင်ခွင်ကျမတီးခတ်နိုင်ခဲ့ပါ။ ထို့ကြောင့် သံစုံတီးဝိုင်းတစ်ခုလုံး၏ ကြိုးစားအားထုတ်မှုသည် အရာမထင်ဖြစ်ခဲ့၏။ ကျွန်တော်တို့ခံရသောဝိညာဉ်ဆုကျေးဇူးကို ချစ်ခြင်းမေတ္တာမပါဘဲ ကျွန်တော်တို့အသုံးပြုသောအခါ ထိုသို့ဖြစ်နိုင်ပါသည်။ ခရစ်တော်၏အမှုတော်တစ်ခုလုံးကို အချည်းနှီးဖြစ်စေ၍၊ နာကျင်ခြင်းကိုဖြစ်စေနိုင်ပါသည်။

**ဆင်ခြင်ရန်** - အရာရာတိုင်း၌ ခရစ်တော်ချစ်ခြင်းမေတ္တာ၏အနိုင်အထက်ပြုခြင်းကို ကျွန်တော်ခံရပါမည်။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော်ကိုပို၍ချစ်မည်အကြောင်း မစတော်မူပါ။

## ချစ်ခြင်းမေတ္တာဆိုသည်မှာအဘယ်နည်း (၁)

၁ ကော ၁၃ ထဲမှ "မေတ္တာ" ဟူသောစကားလုံးသည် agape ချစ်ခြင်းမေတ္တာဖြစ်၏။ Agape ချစ်ခြင်းမေတ္တာသည် တပ်မက်စွဲလမ်းခြင်းဖြစ်သော eros ချစ်ခြင်းနှင့် ဆန့်ကျင်ခြင်းရှိ၍ ညီအစ်ကိုမိတ်ဆွေအကြား၌ရှိသော philia ချစ်ခြင်းနှင့်လည်း မတူညီပါ။ Agape ချစ်ခြင်းမေတ္တာကို ဘုရားသခင်၏ချစ်ခြင်းမေတ္တာဖော်ပြခြင်းတွင် သမ္မာကျမ်းစာ၌အသုံးပြုပါသည်။ "ဤချစ်ခြင်းမေတ္တာသည် အသန့်ရှင်းဆုံးသော မေတ္တာဖြစ်ပါသည်" (Khoo)။

သို့ဆိုလျှင် King James ကျမ်းစာဘာသာပြန်သောသူတို့က အဘယ့်ကြောင့် "charity" ဟု အသုံးပြုခဲ့ကြသနည်း။ အကြောင်းမှာ agape ချစ်ခြင်းမေတ္တာသည် လက်တွေ့အမှုပြုခြင်းအားဖြင့် ထင်ရှားလျက်ရှိသောကြောင့်ဖြစ်ပါသည်။ ဤအကြောင်းတရားကို ယောဟန်က ၁ ယော ၃း၁၈ ထဲတွင် ဤသို့ဖော်ပြခဲ့ပါသည်- "ချစ်သားတို့ ငါတို့သည် စကားပြောကာမျှအားဖြင့်မချစ်ဘဲ၊ စိတ်ပါကိုယ်ရောက် ဇကန်အမှန်ချစ်ကြကုန်အံ့"။

အကျွန်ုပ်တို့အမှုတော်ဆောင်ရွက်ခြင်းသည် ချစ်ခြင်းမေတ္တာစိတ်သဘောအားဖြင့် ဖြစ်ရမည်ဖြစ်သောကြောင့် ချစ်ခြင်းမေတ္တာ၏များစွာသောလက္ခဏာကို ကျွန်တော်တို့သိရှိနားလည်ဖို့လိုပါသည်။

ချစ်ခြင်းမေတ္တာ၏ ပထမလက္ခဏာသည် စိတ်ရှည်ခြင်းဖြစ်၏ (၁ ကော ၁၃း၄)။ ဤစကားလုံးကို ပြဿနာရှာတတ်သောလူတို့အား သည်းခံခြင်းအမှု၌ အသုံးပြုတတ်၏။ စိတ်ရှည်သောသူသည် စွပ်စွဲခြင်းခံရလျှင်လည်း မိမိ၌လုပ်ပိုင်ခွင့်ရှိသည့်တိုင် ကလဲ့စားမချေတတ်ပါ။

စိတ်ရှည်ခြင်းအကြောင်း၏ အကောင်းဆုံးသာဓကသည် အကျွန်ုပ်တို့၏သခင်ကိုယ်တိုင်ဖြစ်ပါသည်။ သူသည် ဤလောကီလူသားတို့အပေါ် စိတ်ရှည်ခြင်းရှိသည်မဟုတ်လော၊ အဘယ်သူမျှမပျက်စီးဘဲ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိခဲ့၏ (၂ ပေ ၃း၉)။ အကျွန်ုပ်တို့အပြစ်ရှိစဉ်အခါ ဘုရားသခင်သည် အကျွန်ုပ်တို့ကို ဖျက်ဆီးခဲ့နိုင်သည်မဟုတ်သလော။ သို့သော်လည်း ဘုရားသခင်သည် စိတ်ရှည်ခြင်းရှိ၍ ချစ်ခြင်းမေတ္တာတော်အားဖြင့် အမှောင်ထဲမှ ကျွန်ုပ်တို့ကို ကယ်နှုတ်တော်မူပြီး၊ မိမိ၏နိုင်ငံတော်အလင်းထဲသို့ ပို့ဆောင်ခဲ့ပါသည်။

စိတ်ရှည်ခြင်းအကြောင်း၌ အခြားသောသာဓကသည် မောရှေဖြစ်ပါသည်။ အစဉ်ငြီးတွားခြင်းရှိသော လူတို့အပေါ် သူ၏စိတ်ရှည်ခြင်းကို စဉ်းစားကြည့်ပါလော့။ နှစ်ပေါင်းလေးဆယ်တိုင်တိုင် တောထဲ၌ ထိုသူတို့၏စိတ်နှလုံးခိုင်မာမှုကို သည်းခံခဲ့ပါသည်။ သမ္မာကျမ်းစာက မောရှေအား ဘုရားသခင်၏အိမ်တော်၌ သစ္စာရှိသောကျွန်ဟု မှတ်တမ်းတင်ခဲ့ပါသည်။ ခရစ်တော်ချစ်ခြင်းမေတ္တာတော်၏ အနိုင်အထက်ပြုခြင်းခံ၍ အသက်ရှင်မည်အကြောင်း၊ ကျွန်တော်တို့သည် ညီအစ်ကိုတို့အပေါ် စိတ်ရှည်ခြင်းရှိရပါမည်။

**ဆင်ခြင်ရန်** - စိတ်ရှည်သောသူသည် ကလဲ့စားမချေတတ်ပါ။
**ဆုတောင်းချက်** - အဘဘုရား၊ သူတပါးအပေါ် စိတ်ရှည်ခြင်းရှိမည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ နိုဝင်ဘာ (၂၂)
**၁ ကော ၁၃း၄-၇**
တိတု ၃း၄-၆

*“မေတ္တာသည်ကျေးဇူးပြုတတ်၏”*

# ချစ်ခြင်းမေတ္တာဆိုသည်မှာအဘယ်နည်း (၂)

ချစ်ခြင်းမေတ္တာတော်၏ နောက်ထပ်လက္ခဏာမှကား ကျေးဇူးပြုတတ်ခြင်းဖြစ်ပါသည်။ စိတ်ထဲမှခံစားချက်သာမဟုတ်ဘဲ၊ လက်တွေ့လုပ်ဆောင်ခြင်းကို ညွှန်ပြလျက်ရှိ၏။ “သူတပါး၏ အကျိုးကို လိုလားသည်သာမက၊ လက်တွေ့ဆောင်ရွက်တတ်၏” (Mac Arthur)။ ဤအကြောင်း တရားကို Rev Timothy Tow က “နေ့တိုင်းယေရှုအတွက် ကောင်းမှုတစ်စုံတစ်ခုပြုပါလော့” ဟု ဖော်ပြခဲ့ပါသည်။

ကောရိန္တုခရစ်ယာန်များအား ကျေးဇူးပြုကြခြင်း၌ ဖိတ်ခေါ်ခြင်းသည် မိမိကိုယ်ကျိုးရှာ ခြင်းအပြစ်ကို ဝန်ခံကြခြင်း၌ ဖိတ်ခေါ်ခြင်းဖြစ်ပါသည်။ သူတို့သည် မိမိကိုယ်ကျိုးကိုရှာသောသူ၊ သူတပါးကို မထီမဲ့မြင်ပြုသောသူဖြစ်ခဲ့ကြ၏။ ကျေးဇူးပြုခြင်းသည် ထိုစိတ်သဘောကို ဖယ်ရှား၍ သူတပါးအပေါ် ကိုယ်ချင်းစာစိတ်ရှိကြရန်ဖြစ်ပါသည်။ လိုအပ်သောသူကို မစကူညီခြင်းပြုကြရမည် ဖြစ်၏။

တဖန် ကျေးဇူးပြုခြင်း၏ အကောင်းဆုံးသာဓကသည် ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော် ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အပြစ်အတွက် အသေခံခြင်း၌၊ ခရစ်တော်သည် ဤလောကသို့ ကြွလာ တော်မူခဲ့သည်မဟုတ်လော။ “ငါတို့ကိုကယ်တင်တော်မူသောအရှင်ဘုရားသခင်၏ စေတနာတော်နှင့် လူတို့ကိုချစ်တော်မူသော မေတ္တာတော်သည် ပေါ်ထွန်းသောအခါ ငါတို့ကျင့်သောဖြောင့်မတ်ခြင်း အကျင့်အားဖြင့်မဟုတ်ဘဲ၊ မိမိသနားခြင်းဂရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏” (တိတု ၃း၄-၆)။

ကျေးဇူးပြုခြင်း၊ စေတနာစိတ်ရှိခြင်းသည် အထူးတလည်အမှုပြုခြင်းအားဖြင့် ဖော်ပြရန် မလိုအပ်ပါ။ တခါတရံ အနည်းငယ်သောစကားလုံး၊ သေးငယ်သောအမှုပင်လျှင် စိတ်ဓာတ်ကျသော သူအဖို့ ကြီးစွာသောခွန်အားဖြစ်နိုင်ပါသည်။ Paul Lee Tan က မိခင်မရှိသောကလေးငယ်တစ်ဦး နှင့်ကြုံတွေ့ခဲ့သော မျက်မမြင်သီချင်းရေးဆရာမ Fanny Crosby အကြောင်းကို ဖော်ပြခဲ့ပါသည်။ သူမသည် ထိုကလေးငယ်၏အကြောင်းကို သိသောအခါ ထိုကလေးငယ်ကို ဖက်၍နမ်းခဲ့၏။ ထို တွေ့ဆုံခြင်းအကြောင်းက သူမအား “ပျက်စီးသူကိုကယ်တင်” ဟူသောသီချင်းကို ရေးခြင်း၌ နှိုး ဆော်ခဲ့ပါသည်။ နှစ်ပေါင်းများစွာကြာပြီးနောက် Mr Sankey က ထိုအဖြစ်အပျက်ကို လူထုထံ ပြောပြခဲ့၏။ လူထုပရိသတ်ထဲမှ ယောကျ်ားတစ်ဦးသည် ထွက်လာခဲ့ပြီး ထိုနေ့၌ Fanny နမ်းခြင်းခံရ သောသူဖြစ်သည်ဟု ဆိုခဲ့၏။ ထိုစေတနာ ကျေးဇူးပြုခြင်းအမှုက ထိုသူ၏စိတ်ကို လှုပ်ရှားစေခဲ့ပြီး၊ သူသည် ခရစ်ယာန်ဖြစ်လာခဲ့၍ ဘုရားကိုကြောက်ရွံ့သော စီးပွားရေးသမားဖြစ်လာခဲ့ပါသည်။

**ဆင်ခြင်ရန်** - “နေ့တိုင်းယေရှုအတွက် ကောင်းမှုတစ်စုံတစ်ခုပြုပါလော့” (Timothy Tow)။
**ဆုတောင်းချက်** - အဘဘုရား၊ သူတပါးအပေါ် ကျေးဇူးပြုမည်အကြောင်း မစတော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၂၃)

**၁ ကော ၁၃း၄-၇**

ထွက် ၃၄း၁၄



## ချစ်ခြင်းမေတ္တာဆိုသည်မှာအဘယ်နည်း (၃)

"မေတ္တာသည်ဂုဏ်ပြိုင်ခြင်းမရှိ" (၁ ကော ၁၃း၄)။ "ဂုဏ်ပြိုင်" ဟူသောစကားလုံးသည် "မနာလိုဝန်တိုခြင်း" ဟူသောအဓိပ္ပာယ်ရှိ၏။ ဂုဏ်ပြိုင်ခြင်းတွင် လူတစ်ဦးကမိမိပိုင်ဆိုင်သောအရာကို အတင်းကာကွယ်ခြင်းပါဝင်၏။

မနာလိုဝန်တိုခြင်း၏မကောင်းသောအဓိပ္ပာယ်ကိုသာ လူတို့သိကြသောကြောင့် သမ္မာကျမ်းစာက ဘုရားသခင်အား သဝန်တိုတတ်သောဘုရားဟု ဖော်ပြသောအခါ အံ့သြစရာအမှုဖြစ်ခဲ့ပါသည်။ အမှန်မှာ ဘုရားသခင်၏နာမတော်သည် "သဝန်တိုတတ်သောသူ" ဟူ၍ဖြစ်ပါသည်။ "အခြားသောဘုရားကို သင်သည်မကိုးကွယ်ရ။ အပြစ်ရှိယုံလွယ်အမည်ရှိသော ထာဝရဘုရားသည် အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရားသခင်ဖြစ်တော်မူ၏" (ထွက် ၃၄း၁၄)။ အခြားသောဘုရားအပေါင်းတို့သည် မှားယွင်းသောဘုရားများဖြစ်၍ အသက်ရှင်၍စစ်မှန်သောဘုရားသခင်နှင့် နှိုင်းယှဉ်၍မရပါ။ ထို့ကြောင့် လူသည်အခြားသောဘုရားများကို ကိုးကွယ်သောအခါ ဘုရားသခင်သည် သဝန် တိုခြင်းရှိတော်မူ၏။ အကြောင်းမှာ သူတို့သည် ဖန်ဆင်းရှင်ထက် ဖန်ဆင်းခံကိုချီးမြှောက်ကြ၍၊ ဘုရားသခင်၏ဘုန်းတော်ကို လုယူကြ၏။

ဘုရားသခင်၏သဝန်တိုခြင်းနှင့် လူ၏သဝန်တိုခြင်းတို့၏ ခြားနားချက်မှာ လူ၏သဝန်တိုခြင်းသည် အပြစ်နှင့်ရောနှောခြင်းရှိ၏။ လူ၏သဝန်တိုခြင်းအကောင်းဆုံးသာဓကကို ရှင်ဘုရင်ရှောလု၏အသက်တာ၌တွေ့ရပါသည်။ နောက်တက်လာမည့်ရှင်ဘုရင်အဖြစ် ဘုရားသခင်က ဒါဝိတ်ကို ခန့်အပ်ထားကြောင်းသိသော်လည်း၊ ရှောလုသည် မိမိ၏ဘုရင်အရိုက်အရာကို မစွန့်လွှတ်လိုသဖြင့် ဒါဝိတ်အား သတ်ခြင်းငှါအကြိမ်ကြိမ်ကြိုးစားခဲ့ပါသည်။ သို့သော်လည်း လူသည်ဘုရားသခင်၏ အကြံအစည်ကို မဖျက်ဆီးနိုင်ရာ။ ရှောလု၏ မှားယွင်းသောသဝန်တိုခြင်းက နောက်ဆုံး၌မိမိကို အသက်ဆုံးစေခဲ့၏။

ထိုသို့သောမှားယွင်းသောသဝန်တိုခြင်းကို ကောရိန္သုအသင်းတော်၌လည်း တွေ့ရပါသည်။ အသီးသီးသော အဖွဲ့တို့သည် မိမိတို့၏အဖွဲ့ကို ချီးမြှောက်လိုခြင်းရှိကြ၏ (နှိုင်း ၁ ကော ၃း၄)။ ဒုတိယသာဓကကို ရှင်ယောဟန်ဩဝါဒစာတတိယစောင်တွင် တွေ့ရပါသည်။ ဒယောတရပ်သည် အသင်းတော်၌ အကဲအမှူးလုပ်ချင်ခဲ့ပြီး၊ ထိုရာထူးအတွက် အနှောင့်အယှက်ပေးသောသူဟု ထင်သောသူအပေါင်းကို ငြင်းပယ်ခဲ့၏ (နှိုင်း ၃ ယော ၉)။

ပေါလုက ၁ ကော ၁၃း၄ ထဲတွင် မေတ္တာသည်ဂုဏ်ပြိုင်ခြင်းမရှိဟု ဆိုသောအခါ ထိုသို့သောမှားယွင်းသော သဝန်တိုခြင်းအကြောင်းကို သတိပေးခြင်းဖြစ်ပါသည်။ ထိုသို့သောသဝန်တိုခြင်းသည် တပ်မက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်း၌အမြစ်တွယ်ခြင်းဖြစ်ပါသည်။ သန့်ရှင်းသူများအချင်းချင်း မနာလိုဝန်တိုခြင်းရှိသောကြောင့် အသင်းတော်မည်မျှပျက်စီးခဲ့ပါသနည်း။

**ဆင်ခြင်ရန်** - မသန့်ရှင်းသောသဝန်တိုခြင်းသည် လူကိုဖျက်ဆီးတတ်၏။

**ဆုတောင်းချက်** - အဘဘုရား၊ မနာလိုဝန်တိုခြင်းမှ အကျွန်ုပ်ကိုကွယ်ကာတော်မူပါ။

စနေ၊ နိုဝင်ဘာ (၂၄)

**၁ ကော ၁၃း၄-၇**

တော ၂၅း၁-၁၅

*"သူတို့တွင် ငါ့ဘက်၌ စိတ်အားကြီး၍"*

## ဘုရားသခင်ကြောက်ရွံ့ခြင်းနှင့်ဆိုင်သောသဝန်တိုခြင်း (၁)

ချစ်ခြင်းမေတ္တာသည် မှားယွင်းသောမနာလိုဝန်တိုခြင်းကို ဖက်တွယ်မနေပါ။ သို့သော်လည်း ကျွန်ုပ်တို့အား ဘုရားသခင်၏အမှုတော်နှင့်ဘုရားသခင်ဘုန်းတော်ထင်ရှားဖို့ရန်အတွက် သဝန်တိုခြင်းရှိလျက်၊ ကြိုးစားအားထုတ်ကြရန် တိုက်တွန်းခဲ့ပါသည်။ ဘုရားသခင်၏လူဖြစ်သောကျွန်ုပ်တို့အား ဘုရားသခင်၏ဂုဏ်တော်နှင့် ဘုရားလူတို့၏သစ္စာရှိခြင်းအမှုအတွက် ကြိုးစားအားထုတ်ကြရန် နှိုးဆော်ခဲ့ပါသည်။

ဘုရားသခင်ကြောက်ရွံ့ခြင်းနှင့်ဆိုင်သော သဝန်တိုခြင်းအမှု၌ပေါ်လွင်သော ချစ်ခြင်းမေတ္တာသာဓကတစ်ခုကို ဖိနဟတ်၌တွေ့ရပါသည်။ "ထာဝရဘုရားကလည်း ငါသည်အမျက်ထွက်၍ ဣသရေလအမျိုးသားတို့ကို မဖျက်ဆီးမည်အကြောင်း ယဇ်ပုရောဟိတ်အာရုန်၏သား၊ ဧလာဇာ၏သားဖိနဟတ်သည် သူတို့တွင် ငါ့ဖက်၌စိတ်အားကြီး၍ ငါ့အမျက်ကို သူတို့မှလွှဲပြီ" (တော ၂၅း၁၁)။

မှားယွင်းသောပရောဖက်ဗာလမ်ကို ဘုရားသခင်က ဣသရေလလူမျိုးတို့အား မကျိန်ဆဲစေခြင်းငှါ တားမြစ်ခဲ့ပါသည်။ ထို့ကြောင့် သူသည် အလွန်ကောက်ကျစ်သောအစီအစဉ်ကို ဆွဲခဲ့၏။ ဣသရေလအမျိုးဖျက်ဆီးခြင်းသို့ ရောက်ရန်နည်းလမ်းတစ်ခုသည် ဘုရားသခင်ကိုဆန့်ကျင်၍ အပြစ်ပြုခြင်းဖြစ်ကြောင်း သူသိခဲ့၏။ ထို့ကြောင့် ဣသရေလလူမျိုးများရှေ့၌ သူသည် ချစ်စဖွယ်ကျော့ကွင်းကို ချထားခဲ့၏။ မောဘသမီးပျိုများက ဖြားယောင်းသွေးဆောင်ခဲ့ပြီး၊ ဣသရေလလူတို့သည် ဘုရားသခင်ရှေ့၌မတရားသောမေထုန် ကျူးလွန်ခဲ့ကြ၏။ ဤအခြားသောမိန်းမတို့သည် မိုက်သောယောကျ်ားတို့ကို မိမိတို့၏ဘုရားများကိုးကွယ်ခြင်းငှါ ခေါ်ဆောင်ခဲ့ကြ၏။ ထို့ကြောင့် ဘုရားသခင်၏အမျက်တော်သည် ဣသရေလအမျိုးအပေါ် ကျရောက်လျက်၊ ဗာလပေဂုရဘုရားကို ဆည်းကပ်သောသူအပေါင်းတို့အား သတ်ခြင်းငှါ အမိန့်ပေးတော်မူခဲ့၏။

ထိုသို့အမိန့်ပေးသော်လည်း ဣသရေလအမျိုးသားတစ်ယောက်သည် မိဒျန်မိန်းမတစ်ဦးနှင့်ဆက်ဆံခြင်းငှါ လူထုရှေ့၌ခေါ်ဆောင်ခဲ့၏။ ဤသည်ကား ဘုရားသခင်၏အမိန့်တော်ကို ဆန့်ကျင်ခြင်းဖြစ်၏။ ထိုသို့ဆက်လက်ပြုနေမည်ဆိုလျှင် ဣသရေလအမျိုးသည် မတရားသောမေထုန်၌ကျင်လည်မည်ဖြစ်ပြီး ယေဟောဝါ၏နာမတော်သည် ညှိုးနွမ်းမည်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်အတွက် ဖိနဟတ်သည်ထ၍ မိမိလှံကိုယူ၍ ပြစ်မှားသောထိုယောကျ်ားနှင့်မိန်းမကို ထိုးခဲ့၏။

ဘုရားသခင်ကြောက်ရွံ့ခြင်းနှင့်ဆိုင်သောသဝန်တိုခြင်းအမှုကြောင့် ဖိနဟတ်သည် ဣသရေလ၏ထာဝရယဇ်ပုရောဟိတ်ဖြစ်ခြင်းနှင့် ငြိမ်သက်ခြင်းပဋိညာဉ်ကို ပေးအပ်ခြင်းခံရ၏ (ဆာလံ ၁၀၆း၃၁)။ အရာခပ်သိမ်းထက် ထာဝရဘုရားကိုချစ်သောသူတို့သည် များစွာကောင်းကြီးပေးခြင်းခံရလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဘုန်းတော်အတွက် ကျွန်တော်သဝန်တိုကြိုးစားအားထုတ်ခြင်း ရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နာမတော်အတွက် ကြိုးစားအားထုတ်မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၂၅)

**၁ ကော ၁၃း၄-၇**

၂ ကော ၁၁း၂

*"စိုးရိမ်သောစိတ်နှင့်သင်တို့ကို စောင့်ရှောက်လျက်နေ၏"*

## ဘုရားသခင်ကြောက်ရွံ့ခြင်းနှင့်ဆိုင်သောသဝန်တိုခြင်း (၂)

ကျွန်တော်တို့သည် ဘုရားသခင်၏ဂုဏ်တော်အတွက် သဝန်တိုကြိုးစားအားထုတ်ရမည် သာမက ဘုရားသခင်၏လူတို့အတွက်လည်း သဝန်တိုခြင်းရှိ၍ ကြိုးစားအားထုတ်ရမည်အကြောင်း ခရစ်တော်၏ချစ်ခြင်းမေတ္တာက တိုက်တွန်းခဲ့ပါသည်။ ပေါလုသည် ထိုသို့သောသဝန်တိုခြင်းအတွက် သာဓကဖြစ်ပါသည်။ "အကြောင်းမူကား ငါသည်သင်တို့ကို သီလနှင့်ပြည့်စုံသောသတို့သမီးကညာကဲ့သို့ ခရစ်တော်အား ဆက်အပ်သောငှါ၊ သင်တို့ကို လင်တစ်ဦးနှင့်ထိမ်းမြားဆောင်နှင်းပြီးသောကြောင့် ဘုရားသခင်၏အလိုတော်အတိုင်း စိုးရိမ်သောစိတ်နှင့် သင်တို့ကိုစောင့်ရှောက်လျက်နေ၏" (၂ ကော ၁၁း၂)။

ဤကျမ်းပိုဒ်၌ ပေါလုသည် သတို့သားနှင့်စေ့စပ်ခြင်းခံရသော သတို့သမီး၏ဖခင်အရာ၌ မိမိကိုယ်ကိုပုံဆောင်လျက်ဖော်ပြခဲ့ပါသည်။ ထိုခေတ်ကာလ၌ စေ့စပ်ခြင်းနှင့်အမှန်တကယ်ထိမ်းမြား ခြင်းအမှုအကြားတွင် အချိန်အတိုင်းအတာတစ်ခုကြာတတ်၏။ ထို့ပြင် နှစ်ဦးနှစ်ဖက်မိဘတို့သည် ထိမ်းမြားခြင်းမရောက်မချင်း ထိုစေ့စပ်ခြင်းကို အလေးထားကြရမည်ဖြစ်ပါသည် (အချိန်မရွေး ဖျက်သိမ်း၍ရသော ယနေ့ခေတ်စေ့စပ်ခြင်းနှင့်မတူပါ)။ ဖခင်သည် မိမိ၏သမီးကို သတို့သားထံ သန့်ရှင်းစွာမအပ်နှံမချင်း သတိနှင့်စောင့်ရှောက်ရမည့်တာဝန်ရှိပါ၏။

ဘုရားသခင်၏အသင်းတော်ဖြစ်သော (၁ ကော ၁း၂၊ ၂ ကော ၁း၁) ကောရိန္သုအသင်း တော်သည် ခရစ်တော်၏သတို့သမီးဖြစ်ပါသည်။ အသင်းတော်တည်ထောင်သော သင်းအုပ်ဆရာ ဖြစ်သည့် ပေါလုသည် ထိုအသင်းတော်၏မွေးစားဖခင်ဖြစ်ပါသည်။ သူ၏တာဝန်မူကား သတို့သမီးကို ခေါ်ဆောင်ရန် ခရစ်တော်ကြွလာတော်မူသည့်အချိန်အထိ အသင်းတော်ကို သန့်ရှင်းစွာ စောင့် ရှောက်ရမည့်တာဝန်ဖြစ်ပါသည်။

ဤတာဝန်ဝတ္တရားကြောင့် ပေါလုသည် ကောရိန္သုခရစ်ယာန်များအပေါ် အမှန်သဝန်တို ခြင်းရှိသင့်သောသူဖြစ်ပါသည်။ ဤသဝန်တိုခြင်းသည် အခြားသောသူများက မိမိတပည့်များကို လုယူမည်ဟူသော စိုးရိမ်စိတ်ကြောင့်မဟုတ်ပါ။ ကောရိန္သုခရစ်ယာန်တို့သည် ခရစ်တော်အပိုင်ဖြစ် သောကြောင့် ထိုသို့သဝန်တိုရခြင်းဖြစ်ပါသည်။ ခရစ်တော်က မိမိ၏မြတ်သောအသွေးတော်အားဖြင့် သူတို့ကို ရွေးဝယ်ခဲ့ပြီး၊ မိမိ၏သတို့သမီးအဖြစ် ကယ်တင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသတို့သမီးအား ပေါလုက စောင့်ရှောက်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပေါလုသည် ကောရိန္သုအသင်းတော်အား ခရစ်တော်ထံ သီလနှင့်ပြည့်စုံသောသတို့သမီးကညာကဲ့သို့ ဆက်သခြင်းငှါ ကြိုးစားအားထုတ်ရမည် ဖြစ်ပါသည်။

တမန်တော်ပေါလု၏ စိတ်သဘောထားသည် ယနေ့အသင်းတော်၌ ဦးဆောင်သူအဖြစ် ခေါ်ခြင်းခံရသောသူတိုင်း၏ စိတ်သဘောဖြစ်ရပါမည်။ ဘုရားသခင်၏လူတို့ကိုချစ်လျှင်၊ သူတို့ အပေါ်၌ ဘုရားသခင်ကြောက်ရွံ့ခြင်းနှင့်ဆိုင်သော သဝန်တိုခြင်းရှိရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကြောက်ရွံ့ခြင်းနှင့်ဆိုင်သော သဝန်တိုခြင်းကို မိသားစု၌ မည်သို့ အသုံးပြုရပါမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏လူတို့အပေါ်၌ အကျွန်ုပ်သည် သဝန်တိုခြင်းရှိမည် အကြောင်း သင်ပေးတော်မူပါ။

## ချစ်ခြင်းမေတ္တာဆိုသည်မှာအဘယ်နည်း (၄)

“မေတ္တာသည်ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ”။ “ဝါကြွားခြင်း” ဟူသောစကားလုံးသည် မိမိကိုယ်ကိုအကောင်းမြင်ခြင်းနှင့်ချီးမြှောက်ခြင်းဖြစ်ပါသည်။ မှားယွင်းသောမနာလိုဝန်တိုခြင်းသည် သူတပါးကို ဆွဲချတတ်၏။

သုတ္တံ ၂၇း၂ က ဤသို့သတိပေးခဲ့ပါသည်- “ကိုယ်တိုင်ကိုယ်ကို မချီးမွမ်းဘဲ၊ သူတပါး ချီးမွမ်းပါလေစေ။ ကိုယ့်နှုတ်နှင့်ကိုယ်ကို မချီးမွမ်းဘဲ ကိုယ်နှင့်မဆိုင်သောသူတပါး ချီးမွမ်းပါလေစေ”။ သို့သော်လည်း ကောရိန္သုခရစ်ယာန်တို့သည် သူတပါး၏ချီးမွမ်းခံရခြင်းကို နှစ်သက်ကြ၏။ ဂုဏ်ပကာသနနှင့် လူတို့၏ဂရုစိုက်ခြင်းကို တပ်မက်ကြ၏။ ထို့ကြောင့် အခြားသောဘာသာစကားပြောနိုင်ခြင်း၌ ကြိုးစားအားထုတ်ကြ၏။ အချို့သော၌အခြားသောဘာသာစကားပြောခြင်းသည် အတုဖြစ်သော်လည်း အစစ်ကဲ့သို့သူတို့သည် ဝါကြွားခြင်းရှိကြ၏။ အလွန်ရယ်စရာကောင်းလှပါသည်။

မိမိကိုယ်ကို ချီးမွမ်းခြင်းသည် ချီးမွမ်းခြင်းမဟုတ်ဘဲ အရှက်ရစေခြင်းဖြစ်ကြောင်း မှတ်သားကြပါစို့။

“မေတ္တာသည်မာန်မာနမရှိ”။ “မာန်မာန” ဆိုသည်မှာ မိမိကိုယ်ကိုအထင်ကြီးခြင်းဖြစ်ပါသည်။ ကောရိန္သုခရစ်ယာန်တို့၏ မာနထောင်လွှားခြင်းသည် သူတို့ပြုသောအမှု၌ ကိုယ်ကျိုးရှာခြင်းကို ဖြစ်စေကြောင်း ကျွန်တော်တို့သိခဲ့ပါပြီ။ ထိုသို့မာနထောင်လွှားခြင်းရှိသောကြောင့် ဘုရားသခင်ခန့်အပ်တော်မမူသော အမှုတော်၌ သူတို့ကောင်းစွာဆောင်ရွက်နိုင်မည်ဟု ထင်ကြ၏။ ဖြစ်လာသော ဆိုးကျိုးမူကား အသင်းတော်သည် ငြင်းခုံခြင်း၊ သင်းခွဲခြင်းနှင့် ပြည့်နှက်လျက်ရှိ၏။

တစ်ဖက်တွင် အပြစ်သားများကိုယ်စား အသေခံခြင်း၌ ဤလောကသို့နှိမ့်ချသောစိတ်နှင့် ကြွလာတော်မူသော အကျွန်ုပ်တို့၏ကယ်တင်ရှင်သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်တို့အတွက် အကောင်းဆုံးသာဓကဖြစ်ပါသည်။ “ယေရှုခရစ်၌ရှိသောထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏သဏ္ဍာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင် မိမိအသရေကိုစွန့်၍ အစေခံကျွန်၏ သဏ္ဍာန်ကိုယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကိုခံတော်မူ၏။ ထိုသို့လူ၏ကိုယ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကားတိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍၊ ကိုယ်ကိုယ်ကို နှိမ့်ချတော်မူ၏” (ဖိ ၂း၅-၈)။ ခရစ်တော်ကဲ့သို့ ကျွန်တော်တို့ နှိမ့်ချခြင်းရှိကြပါစို့။

**ဆင်ခြင်ရန်** - ဝါကြွားတတ်သောသူ၏ ပါးစပ်သည် လေနှင့်ပြည့်လိမ့်မည်။
**ဆုတောင်းချက်** - အဘဘုရား၊ ခရစ်တော်၏နှိမ့်ချခြင်းသဘောမှ သင်ယူမည်အကြောင်း မစတော်မူပါ။

# ချစ်ခြင်းမေတ္တာဆိုသည်မှာအဘယ်နည်း (၅)

"မေတ္တာသည်မလျောက်ပတ်စွာမကျင့်တတ်"။ "မလျောက်ပတ်စွာ" ဆိုသည်မှာ ပုံမှန်လူနေမှုအကျင့်စာရိတ္တနှင့်ဆန့်ကျင်သော အရှက်ရစေသော အကျင့်ကိုကျင့်ခြင်းဖြစ်ပါသည်။ ထိုသို့သောပုဂ္ဂိုလ်သည် ကြမ်းတမ်းခြင်းရှိ၍ သူတပါး၏ခံစားချက်ကို ဂရုမစိုက်တတ်ပါ။

ကောရိန္သုအသင်းတော်၌ ထိုသို့သောမလျောက်ပတ်စွာကျင့်ခြင်း သာဓကများစွာရှိပါသည်။ ပထမအချက်မှုကား၊ ချစ်ခြင်းမေတ္တာစားသောက်ပွဲ၌ မိမိတို့နှင့်အတူ မစားစေခြင်းငှါ ဆင်းရဲသားတို့ကို တားမြစ်သည့် ချမ်းသာသောသူတို့၏အကျင့်ဖြစ်ပါသည်။ ဒုတိယအချက်မှုကား ဝတ်ပြုကိုးကွယ်ခြင်း၌ လူတိုင်းသည် မိမိစိတ်ထင်ရာပြုလျက် ရှုပ်ထွေးသောအမှုကိုပြုခြင်းအကျင့်ဖြစ်ပါသည်။ ထိုရှုပ်ထွေးသော ဝတ်ပြုကိုးကွယ်ခြင်းကြောင့် သူတပါးတို့သည် ထိုသူတို့အား ဘုရားသခင်၏အိမ်တော်၌ ရှိနေကြသလောဟု ထင်မှားစရာအတွေးရှိကြ၏။

ထို့ပြင် တမန်တော်ယောဟန်နှင့်သူ၏အမှုတော်ဆောင်ဖက်တို့ကို လက်ခံခြင်းမရှိဘဲ ပြစ်တင်ကဲ့ရဲ့သောစကားဆိုလျက် အသင်းတော်ထဲကနှင်ထုတ်သော အကဲအမျူးလုပ်ချင်သော ဒယောတရပ်၏အကျင့်သည်လည်း သာဓကတစ်ခုဖြစ်ပါသည် (၃ ယော ၉-၁၀)။ ထိုအပြုအမူသည် ချစ်ခြင်းမေတ္တာမဟုတ်၊ မုန်းတီးခြင်းဖြစ်၍မလျောက်ပတ်သောအကျင့်ဖြင့် သက်သေပြခဲ့ပါသည်။

ဒယောတရပ်၏အပြုအမူသည် လေးစားထိုက်သောကာယု၏အပြုအမူနှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ သန့်ရှင်းသူတို့အပေါ်ထားရှိသော ကာယု၏စစ်မှန်သောချစ်ခြင်းမေတ္တာသည် အသင်းတော်ကို လာရောက်ကြည့်ရှုသော ယောဟန်နှင့်သူ၏အမှုတော်ဆောင်ဖက်များအပါအဝင် အခြားဧည့်သည်များအပေါ် ဧည့်ဝတ်ကျေခြင်းအမှု၌ ထင်ရှားခဲ့ပါသည်။ လူငယ်တို့သည် မိမိထက် အသက်ကြီးသောသူတို့ရှေ့၌ မည်သို့နေထိုင်ပြုမူကြပါသနည်း။ သူတို့သည် ရိုင်းရိုင်းစိုင်းစိုင်းနေကြပါသလား။ သို့မဟုတ် လေးစားရိုသေခြင်းပြကြပါသလား။ သင်၏အပြုအမူသည် အလွန်အရေးကြီးပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏အပြုအမူသည် ယဉ်ကျေးသိမ်မွေ့ခြင်းရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏အမူအကျင့်သည် ခရစ်တော်၏ သတင်းကောင်းတရားတော်နှင့်အညီ ဖြစ်ခြင်းငှါ မစတော်မူပါ။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၂၈)
**၁ ကော ၁၃း၄-၇**
မသဲ ၂၀း၂၈ *“မေတ္တာသည် ကိုယ်အကျိုးကိုမရှာတတ်”*

---

## ချစ်ခြင်းမေတ္တာဆိုသည်မှာအဘယ်နည်း (၆)

“မေတ္တာသည်ကိုယ်အကျိုးကိုမရှာတတ်”။ ချစ်ခြင်းမေတ္တာသည် ကိုယ်ကျိုးရှာခြင်းမဟုတ်ဘဲ စတေးခြင်းဖြစ်ပါသည်။ ခရစ်တော်ကို ပထမနေရာမှာထား၍ သူတပါးကိုဒုတိယနေရာမှာထားလျက် မိမိသည် နောက်ဆုံး၌ရှိ၏။ ကိုယ်ကျိုးမရှာသောသူသည် သူတပါးကောင်းကျိုးအတွက် အကောင်းဆုံးကို အစဉ်စဉ်းစားပေးတတ်၏။

ကောရိန္တုခရစ်ယာန်တို့သည် ထိုကိုယ်ကျိုးမရှာခြင်းအမှုနှင့် ဆန့်ကျင်ဘက်ဖြစ်သော အကောင်းဆုံးသာဓကဖြစ်ပါသည်။ သူတို့၏ကိုယ်ကျိုးရှာခြင်းနှင့် သူတပါးအပေါ် ဂရုမစိုက်ခြင်း အပြုအမူသည် အားနည်းသောညီအစ်ကိုတို့အဖို့ ထိမိ၍လဲကျစရာအကြောင်း ဖြစ်ခဲ့ပါသည်။ ချစ်ခြင်းမေတ္တာစားသောက်ပွဲ၌ ကိုယ်ကျိုးရှာသော ချမ်းသာသောသူတို့သည် မိမိတို့အစားအစာများကို ဆင်းရဲသားများအားမဝေမျှခဲ့ကြပါ။ သာမန်ကိစ္စ၌ပင် အခြားယုံကြည်သူတို့ကို ခွင့်လွှတ်ခြင်းမရှိဘဲ တရားစွဲခဲ့ကြ၏။

ကောရိန္တုလူတို့၏ အကျင့်သည် ကျွန်ုပ်တို့သခင်၏အကျင့်နှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ “လူသားသည် သူတပါးကိုစေစားခြင်းငှါမလာ၊ သူတပါးအစေကိုခံခြင်းငှါ၎င်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှါ၎င်း၊ ကြွလာသည်” (မသဲ ၂၀း၂၈)။ ပေါလုကိုယ်တိုင်ကလည်း ခရစ်တော်၏ ခြေရာကိုလိုက်၍ “အချို့သောသူတို့ကို တစုံတခုသောအမှုအရာအားဖြင့် ကယ်တင်ခြင်းအလိုငှါ” (၁ ကော ၉း၂၂)၊ “လူတကာတို့၏ကျွန်ခံရ၏” (၁ ကော ၉း၁၉)။ ခရစ်တော်နှင့်ပေါလုနည်းတူ လူတကာ၏ကျွန် သင်ဖြစ်လိုပါသလား။

“မေတ္တာသည် ဒေါသအမျက်မထွက်တတ်”။ ဆိုလိုသည်မှာ အလွန်ပြင်းထန်သော စိတ်ဖိစီးမှုအောက်၌လည်း လွယ်ကူစွာ ဒေါသမထွက်၊ စိတ်မပျက်တတ်ခြင်းဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာသည် “ရန်ကိုငြိမ်းစေတတ်၏။ အကြောင်းမူကား စိတ်ရှည်သည်းခံခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်းရှိသောအရပ်၌ လူတို့သည်လွယ်ကူစွာ ဒေါသအမျက်မထွက်တတ်။ ငြင်းခုံခြင်းငှါ လွယ်ကူစွာ နှိုးဆော်ခြင်းမခံရကြပါ” (Calvin)။

ဤအမှုကို ပေါလုအသက်တာတွင် ပထမဆုံးအကြိမ်ထောင်ချခံရသောအချိန်၌ ပေါ်လွင်ခဲ့ပါသည်။ ပေါလုကိုမနာလိုသောသူတို့သည် ပေါလု၏နေရာကို လုယူမည်အကြံဖြင့် ကြိုးစားအားထုတ်၍ တရားဟောခဲ့ကြ၏။ “သို့ဖြစ်၍အဘယ်သို့နည်း။ လျို့ဝှက်၍ဟောပြောသည်ဖြစ်စေ၊ သစ္စာရှိ၍ဟောပြောသည်ဖြစ်စေ၊ အဘယ်သို့သောအားဖြင့် ဟောပြောသည်ဖြစ်စေ၊ ခရစ်တော်၏တရားကို ဟောပြောခြင်းရှိ၏။ ထိုအကြောင်းကြောင့် ငါသည်ယခုဝမ်းမြောက်၏။ နောင်၌လည်းဝမ်းမြောက်လိမ့်မည်” (ဖိ ၁း၁၈) ဟုပေါလုတုံ့ပြန်ခဲ့ပါသည်။ သူသည် လွယ်ကူစွာဒေါသအမျက်မထွက်တတ်ပါ။

**ဆင်ခြင်ရန်** - ခရစ်ယာန်သည် သူတပါးအမှုဆောင်ရွက်ခြင်းငှါ မိမိအသက်ကိုစတေးရပါမည်။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏အပြုအမူ၌ ကိုယ်ကျိုးရှာခြင်းမရှိမည်အကြောင်း မစတော်မူပါ။

## ချစ်ခြင်းမေတ္တာဆိုသည်မှာအဘယ်နည်း (၇)

"မေတ္တာသည်အပြစ်ရှိသည်ဟုမထင်တတ်"။ ဆိုလိုသည်မှာ မိမိအား ပြစ်မှားသောသူတို့အပေါ် မကောင်းသောစိတ်သဘောမရှိခြင်းဖြစ်ပါသည်။ မကျေနပ်ချက်ကို စိတ်ထဲသိမ်းထားသောသူမဟုတ်၊ မိမိအပေါ် ပြစ်မှားသောမတရားသောအမှုကို စိတ်ထဲမှတ်ထားသောသူမဟုတ်ပါ။

အကောင်းဆုံးသာဓကမှုကား ယေရှုပင်ဖြစ်ပါသည်။ ကျွန်တော်တို့သည် နောင်တရ၍ ခွင့်လွှတ်ခြင်းအဖို့ ဘုရားသခင်ကို ချဉ်းကပ်သောအခါ သူသည် အကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ခြင်းငှါရင်း၊ ကျွန်ုပ်တို့၏မတရားမှုအပေါင်းကို သန့်စင်စေခြင်းငှါရင်း သစ္စာရှိတော်မူသောသူမဟုတ်လော။ "ကိုယ်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍၊ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်ရင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ရင်း ပြည့်စုံတော်မူ၏" (၁ ယော ၁း၉)။

"မေတ္တာသည် မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်"။ "ချစ်ခြင်းမေတ္တာသည် မတရားသောအမှုအပေါင်းကြောင့် ဝမ်းနည်းခြင်းရှိတတ်၏။ လူတစ်ဦးသည် အပြစ်ပြုသောအခါ ချီးကျူးစရာလုံးဝမရှိပါ။ လူတစ်ဦးသည် အပြစ်ပြုခဲ့ပါလျှင် ဝမ်းနည်းကြေကွဲခြင်းရှိ၍၊ နောင်တရခြင်းငှါ စိတ်အားထက်သန်ခြင်းရှိရပါမည် (နှိုင်း ၂ ကော ၇း၁၀-၁၁)" (Khoo)။

တမန်တော်ပေါလုသည် ဘုရားသခင်၏လူတို့ကိုချစ်သောကြောင့် သူတို့အပြစ်ပြုသောအခါ ဝမ်းမြောက်ခြင်းမရှိပါ။ ကောရိန္သုခရစ်ယာန်များထံသို့ ဤစာရေးပို့ခြင်းသည်လည်း "မတရားသောအမှု၌ဝမ်းမြောက်ခြင်းမရှိ" ခြင်း၏သက်သေဖြစ်ပါသည်။ ထိုသို့မဟုတ်ခဲ့လျှင် ကောရိန္သုခရစ်ယာန်တို့အား ဇာတိသဘော၌ ကျင်လည်စေလျက် မမြင်သယောင်နေခဲ့ပါလိမ့်မည်။

ချစ်သူတို့ အပြစ်ကိုမဖော်ထုတ်ဘဲ ကော်ဇောအောက်သို့ လှည်းပုံထားခြင်းကို ချစ်ခြင်းမေတ္တာဟု မထင်မှတ်ခြင်းငှါ သတိပြုကြလော့။ သမ္မာကျမ်းစာက ထိုသို့သောအပြုအမူကို ချစ်ခြင်းမေတ္တာမဟုတ်ဘဲ၊ အမုန်းတရားဖြစ်သည်ဟု ဆိုခဲ့ပါသည်။ စစ်မှန်သောချစ်ခြင်းမေတ္တာသည် မိမိ၏မိတ်ဆွေသူငယ်ချင်းကို အပြစ်မှလှည့်ပြန်ခြင်းငှါ ကူညီကြိုးစားအားထုတ်ခြင်းပြု၏။ "အဆွေခင်ပွန်းသည် ဒဏ်ပေးသောအခါ သစ္စာစောင့်လျက်ပေး၏။ ရန်သူမူကား၊ နမ်းသောအခါ လှည့်စားတတ်၏" (သုတ္တံ ၂၇း၆)။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် အပြစ်ကိုကော်ဇောအောက်သို့ မလှည်းပုံလိုပါ။
**ဆုတောင်းချက်** - အဘဘုရား၊ လောကီလူတို့ချစ်သကဲ့သို့မဟုတ်ဘဲ၊ သမ္မာကျမ်းစာနှင့်အညီ ချစ်ခြင်းမေတ္တာထားမည့်အကြောင်း မစတော်မူပါ။

**၁ ကော ၁၃း၄-၇**

မသဲ ၁၀း၃၄-၃၇

*"မေတ္တာသည် သမ္မာတရား၌ ဝမ်းမြောက်တတ်၏"*

# ချစ်ခြင်းမေတ္တာဆိုသည်မှာအဘယ်နည်း (၈)

"မေတ္တာသည် သမ္မာတရား၌ ဝမ်းမြောက်တတ်၏"။ ဤသမ္မာတရားသည် ယုံကြည်ခြင်းတည်ရာ ဘုရားသခင်၏နှုတ်ကပတ်တော် ကျမ်းစာကို ဆိုလိုခြင်းဖြစ်ပါသည်။ "ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကိုသန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏" (ယော ၁၇း၁၇)။

ချစ်ခြင်းမေတ္တာသည် သမ္မာတရားချီးမြှောက်ခြင်းအမှု၌ ဝမ်းမြောက်ခြင်းရှိ၍ အပြစ်ပြုခြင်းအမှုကို ရွံရှာတတ်၏။ ဝမ်းနည်းစရာကောင်းသည်မှာ ယနေ့အသင်းတော်သည် ခေတ်သစ်ဧဝံဂေလိတရားဟောပြောနည်းလုပ်ရှားမှုနှင့် တစ်ကမ္ဘာတစ်ဘာသာလှုပ်ရှားမှု၏ လှုပ်ကိုင်ခြင်းကိုခံရပြီး၊ စည်းလုံးညီညွတ်ခြင်းအတွက် သမ္မာတရားကို ဘေးဖယ်ရပါမည်ဟု ကြွေးကြော်ခဲ့ပါသည်။ ဤသည်ကားငြင်းပယ်ရမည့် မှားယွင်းသောချစ်ခြင်းဖြစ်ပါသည်။ အကြောင်းမှာ စစ်မှန်သောချစ်ခြင်းမေတ္တာသည် မှားယွင်းမှုနှင့်အပြစ်ကို မချီးမြှောက်တတ်ပါ။ ဘာသာတရားအပေါင်းတို့သည် ကောင်းကင်ဘုံသို့ ပို့ဆောင်နိုင်၏ဟု ဘယ်သောအခါမျှဆိုမည်မဟုတ်။ အကြောင်းမှာ ဘုရားသခင်က ကယ်တင်ခြင်းသည် ယေရှုခရစ်တော်အားဖြင့်သာလျှင်ဖြစ်ကြောင်း၊ မိမိ၏နှုတ်ကပတ်တော်ထဲတွင် ရှင်းလင်းစွာမိန့်တော်မူခဲ့၏။ "ယေရှုက ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှခမည်းတော်ထံသို့မရောက်ရ" (ယော ၁၄း၆)။

ယနေ့လူများတို့ကိုးကားသောဆောင်ပုဒ်မှကား "ချစ်ခြင်းမေတ္တာသည် စည်းလုံးညီညွတ်မှုကိုဖြစ်စေ၍၊ ယုံကြည်ချက်က သင်းကွဲစေ၏" ဟူ၍ဖြစ်ပါသည်။ သို့သော်လည်း သမ္မာကျမ်းစာက ထိုသို့မသင်ပေးပါ။ သမ္မာကျမ်းစာသွန်သင်ချက်မှုကား "စစ်မှန်သောယုံကြည်ချက်က စည်းလုံးညီညွတ်မှုကိုဖြစ်စေ၍၊ စစ်မှန်သောချစ်ခြင်းမေတ္တာက သင်းကွဲစေ၏" ဟူ၍ဖြစ်ပါသည်။ မသဲ ၁၀း၃၄-၃၇ ထဲရှိ ခရစ်တော်မိန့်တော်မူချက်ကို ကြည့်ကြပါစို့-

"မြေပေါ်သို့ငြိမ်သက်ခြင်းကို စေလွှတ်အံ့သောငှါ ငါလာသည်ဟုမထင်ကြနှင့်။ ငြိမ်သက်ခြင်းကိုစေလွှတ်အံ့သောငှါ ငါလာသည်မဟုတ်။ ဓားကိုစေလွှတ်အံ့သောငှါ ငါလာသတည်း။ အဘနှင့်သား၊ အမိနှင့်သမီး၊ ယောက္ခမနှင့်ချွေးမ အချင်းချင်းကွဲပြားစေခြင်းငှါ ငါလာသတည်း။ ကိုယ် အိမ်သူအိမ်သားတို့သည်လည်း ကိုယ်ရန်သူဖြစ်ကြလိမ့်မည်။ အကြင်သူသည် ငါ့ကိုချစ်သည်ထက်၊ မိဘကိုသာ၍ချစ်၏။ ထိုသူသည် ငါနှင့်မထိုက်မတန်၊ အကြင်သူသည် ငါ့ကိုချစ်သည်ထက် သားသမီးကိုသာ၍ချစ်၏။ ထိုသူသည်ငါနှင့်မထိုက်မတန်"။

အထက်ပါကျမ်းပိုဒ်ထဲ၌ ချစ်ခြင်းမေတ္တာကြောင့် မိသားစု၌ပင် ကွဲပြားခြင်းကျရောက်ကြောင်းတွေ့ရပါသည်။ သို့ဆိုလျှင် အရာခပ်သိမ်းထက် ကျွန်ုပ်တော်တို့သည် ဘုရားသခင်ကိုချစ်သောကြောင့် သမ္မာတရားအတွက် ရပ်တည်ခြင်းငှါ ရဲရင့်ခြင်းရှိကြပါမည်လော။

**ဆင်ခြင်ရန်** - ခရစ်ယာန်သည် အရာခပ်သိမ်းထက် ခရစ်တော်ကို ပို၍ချစ်ရပါမည်။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏ခပ်သိမ်းသောအရာဖြင့် ကိုယ်တော်ကိုချစ်မည်အကြောင်း မစတော်မူပါ။

**တရား ၁၃း၁-၃**
၁ ကော ၁၃း၄-၇

*"မေတ္တာသည် သမ္မာတရား၌ ဝမ်းမြောက်တတ်၏"*

## ချစ်ခြင်းမေတ္တာစမ်းသပ်ခြင်း (၁)

ခရစ်ယာန်တို့သည် မိမိတို့၏ဘုရားသခင်အား စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့် ချစ်ဖို့ရန် ပညတ်ထားသည် (တရား ၆း၅)။ ဤပညတ်တော်ကို "ကြီးမြတ်သောပညတ်" ဟူ၍ ခရစ်တော်ခေါ်တော်မူခဲ့၏ (မသဲ ၂၂း၃၈)။ ခရစ်ယာန်တစ်ဦး၏ ဘုရားသခင်အပေါ် ချစ်ခြင်းမေတ္တာသည် သမ္မာကျမ်းစာအား နာခံခြင်း၌ထင်ရှားလိမ့်မည်။ ယေရှုက ဤအချက်ကို ယော ၁၄း၁၅ တွင် "...ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့်ရှောက်ကြလော့" ဟူ၍ ရှင်းလင်းစွာ သွန်သင်ခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား စိတ်နှလုံးအကြွင်းမဲ့အမှန်ချစ်ကြောင်းကို သိနိုင်မည်အကြောင်း တခါတရံ၌ စုံစမ်းခြင်းကို ဘုရားသခင်က ကျွန်ုပ်တို့ထံ၌ အခွင့်ပေးတတ်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အသက်တာတွင် ပထမနေရာ၌ ထားကြပါသလား။

တရား ၁၃း၁-၅ တွင် ဣသရေလလူတို့သည် ကတိတော်ပြည်သို့ ဝင်ရောက်ခါနီး၌ မောရှေက သူတို့အား ဘုရားသခင်နှင့်နှုတ်ကပတ်တော်မှ ဝေးကွာစေ၍၊ မှားယွင်းသောပရောဖက်တို့ကို ဘုရားသခင်ခွင့်ပြုမည်ဟု သတိပေးခဲ့သည်။ မှားယွင်းသောပရောဖက်နှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ သူတို့၏စကားသည် ပြည့်စုံခြင်းသို့ ရောက်မည်မဟုတ်ပါ (တရား ၁၈း၂၂)။ သို့သော် ဒုတိယအမျိုးအစားမှာ သိမ်မွေ့ခြင်းရှိ၏။ ဤမှားယွင်းသောပရောဖက်တို့သည် အနာဂတ်အကြောင်းကို ဟော၍ အံ့ဩဖွယ်နိမိတ်လက္ခဏာတို့ကို ပြုလုပ်ကြလိမ့်မည်။ ဤပရောဖက်တို့က လူတို့၏ လက်တွေ့မြင်ရသော နိမိတ်လက္ခဏာတို့ဖြင့် လူတို့အား ဘုရားသခင်ကို ကိုးကွယ်ခြင်းမှ သွေဖယ်စေရန်နှင့် မှားယွင်းသောဘုရားတို့ကို အစေခံ၍ကြိုးပမ်းကြလိမ့်မည်။

ထိုသို့အံ့ဖွယ်နိမိတ်လက္ခဏာတို့သည် အမှန်ရောက်ရှိလာလျှင် ဣသရေလလူတစ်ဦးအနေဖြင့် စစ်မှန်သောပရောဖက်နှင့်မှားယွင်းသော ပရောဖက်တို့ကို အဘယ်သို့သိနိုင်မည်နည်း။ တစ်ခုတည်းသော နည်းလမ်းမှာ ထိုပရောဖက်၏ သွန်သင်မှုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆန့်ကျင်ပါသလားဟူ၍ ဆန်းစစ်ခြင်းဖြစ်သည်။ ချစ်ခြင်းမေတ္တာကို ဆန်းစစ်ရာတွင် ဣသရေလလူတို့သည် ဘုရားသခင်ကိုချစ်ကြလျှင်၊ မိမိတို့၏အသိဉာဏ်ကို မကိုးစားဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်တွင် သူတို့၏ကိုးစားခြင်းကို ထားရကြမည်ဖြစ်သည်။ ယနေ့၌ သမ္မာကျမ်းစာနှင့်လက်တွေ့တွေ့ကြုံရသောအရာတို့သည် ယှဉ်ပြိုင်ဖြစ်ပေါ်နေသည်။ ထို့ကြောင့် ယုံကြည်သူတစ်ဦးအနေဖြင့် မိမိကြုံတွေ့ရသောအရာသည် သမ္မာကျမ်းစာနှင့်ဆန့်ကျင်နေလျှင် သမ္မာကျမ်းစာကိုသာ လိုက်လျှောက်ရမည်ဖြစ်ပါသည်။ ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏ချစ်ခြင်းက နှုတ်ကပတ်တော်ထံသို့ ကျွန်ုပ်တို့ကို ပို့ဆောင်လိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကိုချစ်ခြင်းသည် သူ၏နှုတ်ကပတ်တော်ကို ချစ်ခြင်းပေတည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏သမ္မာတရားအား ချစ်ဖို့ရန် ကူညီမစတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၂)
**တရား ၁၃း၆-၁၁**
၁ ကော ၁၃း၄-၇

*"မေတ္တာသည် သမ္မာတရား၌ ဝမ်းမြောက်တတ်၏"*

## ချစ်ခြင်းမေတ္တာစမ်းသပ်ခြင်း (၂)

ကျွန်ုပ်တို့၏ ဘုရားသခင်နှင့်နှုတ်ကပတ်တော်အပေါ် ထားရှိသော ချစ်ခြင်းမေတ္တာက ကျွန်ုပ်တို့၏ အတွေ့အကြုံတို့ကို အောင်နိုင်ရပါမည်အကြောင်း တရား ၁၃း၁-၅ ၌ဖော်ပြထားပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ အလွန်ရင်းနှီးသောမိတ်ဆွေတစ်ဦးဦးသည် မှားယွင်းသောပရောဖက်ဖြစ်နေလျှင် ကျွန်ုပ်တို့မည်သို့တွန်းလှန်ကြပါမည်နည်း။ သို့မဟုတ် ကျွန်ုပ်တို့၏မိသားစုဝင်တစ်ဦးဦးသည် ထိုသို့ဖြစ်လျှင် ကျွန်ုပ်တို့ဘာလုပ်ရပါမည်နည်း။ ဘုရားသခင်၏ သမ္မာတရားဘက်၌ ကျွန်ုပ်တို့ ရပ်တည်မည်လော။ သို့မဟုတ် ကျွန်ုပ်တို့၏ ဆက်နွယ်မှုမပျက်စေရန် ရောနှောမည်လော။

ကျွန်ုပ်တို့၏မိသားစုဝင်နှင့် ချစ်ရသူတစ်ဦးဦးအပေါ် ပို၍နက်ရှိုင်းသောမေတ္တာရှိခြင်းသည် သဘာဝတရားပင်ဖြစ်ပါသည်။ ခရစ်ယာန်တစ်ဦးအနေဖြင့် မိမိ၏မိသားစုကို သခင်ဘုရား၌ ချစ်သင့်ပါသည်။ မိမိ၏မိသားစုအပေါ် လျစ်လျူမရှုသင့်ပါ (၁ တိ ၅း၈)။ မိမိ၏ကျေးဇူးရှင်တို့အပေါ် မည်သို့မျှ ကျေးဇူးမကန်းသင့်ပေ။ ကျေးဇူးမသိတတ်ခြင်းသည် မှားယွင်းသူတစ်ဦး၏ အမှတ်လက္ခဏာပင်ဖြစ်၏။

သို့သော်လည်း ကျွန်ုပ်တို့သည် ထောင်ချောက်မိပြီး၊ သမ္မာကျမ်းစာမှ လမ်းလွဲစေရန် ရင်းနှီးကျွမ်းဝင်မှုကို ကောက်ကျစ်လိမ်ညာသောစာတန်က အသုံးပြုနိုင်၏။ ဤသွေးဆောင်ဖြားယောင်းမှုကို "လျှို့ဝှက်စွာ" ပြုကောင်းပြုနိုင်၏ (တရား ၁၃း၆)။ မည်သို့ပင်ဖြစ်စေ ထိုကဲ့သို့ လျှို့ဝှက်စွာပြုသော အပြစ်သည် မကြာမမြင့်မီ ထင်ရှားစမြဲပင်ဖြစ်ပါသည်။ ထိုသို့ "လျှို့ဝှက်သောဖြားယောင်းခြင်း" ကို ဆက်လုပ်ရန်ခွင့်ပြုလျှင် ထာဝရဘုရားစက်ဆုပ်ရွံရှာတော်မူသောအရာဖြစ်သည့် ရုပ်တုကိုးကွယ် ခြင်း လျှင်မြန်စွာဖြစ်ပေါ်လာလိမ့်မည်။ McIntire ဆိုသူက ထိုအမှန်တရားကို ပါးနပ်စွာဖော်ပြသည် မှာ "ကျွန်ုပ်တို့ချစ်သောသူထံမှ သိမ်မွေ့သောစုံစမ်းသွေးဆောင်ခြင်းသည် အများဆုံးရောက်လာ သည်။ စာတန်သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့အယုံကြည်ရဆုံးသော အရင်းနှီးဆုံးမိတ်ဆွေတို့အားဖြင့် ချဉ်းကပ်တတ်၏။ ထို့ကြောင့် စုံစမ်းသွေးဆောင်ခြင်းသည် သိမ်မွေ့၍ပြင်းထန်တတ်သည်"။

ထိုသို့ဆိုလျှင် ကာလသရေလလူတို့သည် မိမိတို့ချစ်ခင်မြတ်နိုးသော မှားယွင်းသောပရောဖက်တို့အား အဘယ်သို့ဆက်ဆံကြသနည်း။ သူတို့သည် မှားယွင်းသောပရောဖက်တို့ကို ခွင့်ပြုပြီး ဖုံးကွယ်ပေးရမည်မဟုတ်ဘဲ အသေသတ်ရမည်ဟု ကျမ်းစာကဖော်ပြထားသည် (တရား ၁၃း၈-၉)။ ဘုရားသခင်အပေါ် ထားရှိသောသူတို့၏ ချစ်ခြင်းမေတ္တာကို အဘယ်အရာကမျှ မပျက်စီးစေရ။

ချစ်သောညီအစ်ကိုတို့ ကျွန်ုပ်တို့မိတ်ဆွေအပေါ်၌ ထားရှိသောချစ်ခြင်းမေတ္တာသည် သမ္မာတရား၌တည်ရပါမည်။ ကျွန်ုပ်တို့၏ ချစ်မိတ်ဆွေအပေါ်၌ထားသော ချစ်ခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် ထားရှိသောချစ်ခြင်းထက်သာလွန်နေလျှင် ချစ်ခြင်းမေတ္တာစမ်းသပ်ခြင်း၌ ကျွန်ုပ်တို့ကျဆုံး၏။ ဘုရားသခင်ကိုချစ်ခြင်းက ကျွန်ုပ်တို့၏စိတ်နှလုံးကို အစဉ်အုပ်စိုးပါစေ။ ဘုရားသခင်၏ ကျွန်ုပ်တို့၏အလုံးစုံဖြစ်ပါစေ။

**ဆင်ခြင်ရန်** - စာတန်၏ပရိယာယ်တို့ကို သတိပြုကြလော့။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏သမ္မာတရားကို အရာအားလုံးထက် ပို၍ချစ်ဖို့ရန် ကူညီမစတော်မူပါ။

## ချစ်ခြင်းမေတ္တာဆိုသည်မှာအဘယ်နည်း (၉)

"ချစ်ခြင်းမေတ္တာသည် . . . ခပ်သိမ်းသောအရာတို့ကို သည်းခံတတ်၏"။ "သည်းခံ" (stegei) ဟူသောကြိယာသည် ဆန့်ကျင်ဘက်ပြုမူခြင်းတစ်စုံတစ်ရာကို သည်းခံပေးခြင်း (Thayer) ဟု အဓိပ္ပာယ်ဆောင်၏။ ဤစကားလုံးကို ၁ ကော ၉း၁၂ တွင် ဧဝံဂေလိသတင်းကောင်းကျယ်ပြန့်နိုင်ဖို့ရန်အတွက် သူတို့ရရှိထိုက်သော အဖိုးအခကို ရှင်ပေါလုနှင့်လုပ်ဖော်ကိုင်ဖက်တို့က အရှုံးခံဖို့ရန် ဆန္ဒရှိကြောင်းကို ဖော်ပြဖို့ရန်အသုံးပြုခဲ့၏။ "အခြားသောသူတို့သည် သင်တို့ထံမှ ထိုအခွင့်ကို ရလျှင် ငါတို့သည်သာ၍ ရထိုက်သည်မဟုတ်လော။ သို့သော်လည်း ထိုအခွင့်ကိုငါတို့သည်မသုံးဘဲ၊ ခရစ်တော်၏ဧဝံဂေလိတရားကို ဆီးတားခြင်းအကြောင်း မရှိစေခြင်းငှါ အရာရာ၌သည်းခံကြ၏" (၁ ကော ၉း၁၂)။

"ခပ်သိမ်းသောအရာကို သည်းခံခြင်း" ဟူသောဖော်ပြချက်ကို ၁ ကော ၉း၁၂ နှင့် ချင့်ချိန်ကြည့်လျှင် အပြစ်ပြုသော (သို့) ဝိညာဉ်ရေးရာအားနည်းသော ညီအစ်ကိုတို့အားကူညီဖို့ရန်အတွက် တစ်စုံတစ်ဦးက ခပ်သိမ်းသောအရာတို့ကို သည်းခံဖို့ရန်၊ ရှောင်ကြဉ်ဖို့ရန် ဆန္ဒရှိခြင်းဟူ၍ နားလည်ခြင်းသည်အရှင်းဆုံးဖြစ်သည်။ "မုန်းသောစိတ်သည်ရန်တွေ့ရာသို့ တိုက်တွန်းတတ်၏။ ချစ်သောစိတ်မူကား၊ ခပ်သိမ်းသောအပြစ်တို့ကို ဖုံးအုပ်တတ်၏" (သု ၁၀း၁၂) ဟူသောအချက်ကို မှတ်သားသောသူဖြစ်၏။

ဤနေရာ၌ဖော်ပြသော "ခပ်သိမ်းသောအပြစ်တို့ကိုဖုံးအုပ်" ဆိုသည့်စကားလုံးက အပြစ်ဒုစရိုက်ကို မမြင်ချင်ယောင်ဆောင်လျက်၊ အပြစ်မယူဘဲ လျစ်လျူရှုခြင်းကိုမဆိုလိုပါ။ ကျွန်ုပ်တို့ အပေါ် တစ်စုံတစ်ဦးက မတရားသဖြင့် ပြုမူခြင်း၊ အပြစ်ကျူးလွန်ခြင်းအားလုံးတို့ကို သူသည်နောင်တ ရလျက်ပြုပြင်ခြင်းခံရမည်အကြောင်း စိတ်ရှည်စွာသည်းခံပေးလျက်၊ သူထံ၌ တရားဟောခြင်း ကိုဆိုလိုသည်။ ကျွန်ုပ်တို့အပေါ် အပြစ်ကျူးလွန်သောသူတို့အား မုန်းတီး၍ လက်စားမချေဘဲ သူတို့အမှားကို သည်းခံပေးရပါမည်။ ထို့ပြင် သု ၁၇း၉ တွင် "သူတပါးပြစ်မှားသောအမှုကို ဝှက်ထားသော သူသည် မေတ္တာကိုပြုစု၏။ ကြားပြောသောသူမူကား မိတ်ဆွေတို့ကို ကွဲပြားစေ၏" ဟူ၍ဖော်ပြထား၏။ "သမ္မာသတိရှိသောသူသည် မိမိအမျက်ဒေါသကို ချုပ်တည်းတတ်၏။ သူတပါးပြစ်မှားခြင်းကို သည်းခံသောသူသည်လည်း ဘုန်းအသရေရှိ၏" (သု ၁၉း၁၁) ဟုလည်း ထပ်မံဖော်ပြထားသည်။ ပညာရှိသောသူသည် သူတပါး၏ အမှားတို့ကို သည်းခံပေး၏။

ကျွန်ုပ်တို့သည် သူတပါးနှင့်ပေါင်းသင်းဆက်ဆံခြင်း၌ သည်းခံခြင်းကို လက်တွေ့ကျင့်သုံးနိုင်ဖို့ရန် ဘုရားသခင်ကူညီပါစေသော်။ အကြောင်းမူကား မေတ္တာသည် "ခပ်သိမ်းသောအရာတို့ကို သည်းခံတတ်၏"။

**ဆင်ခြင်ရန်** - မေတ္တာသည် များစွာသောအပြစ်တို့ကို ဖုံးအုပ်တတ်၏။
**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်တို့၏ညီအစ်ကိုတို့အား ချစ်ခြင်းအရာသည် အဘယ်အရာဖြစ်ကြောင်းကို အကျွန်ုပ်အား သွန်သင်တော်မူပါ။

အင်္ဂါ၊ ဒီဇင်ဘာ (၄)
**၁ ကော ၁၃း၄-၇**
ယာ ၅း၇-၁၂

*"မေတ္တာသည်. . . ခပ်သိမ်းသောအရာကို ယုံတတ်၏။*
*ခပ်သိမ်းသောအရာကို မြော်လင့်တတ်၏။*
*ခပ်သိမ်းသောအရာကို သည်းခံတတ်၏။"*

---

## ချစ်ခြင်းမေတ္တာဆိုသည်မှာအဘယ်နည်း (၁၀)

ချစ်ခြင်းမေတ္တာ၏ဤနောက်ဆုံးသုံးခုအရည်အသွေးတို့မှာ တစ်ခုနှင့်တစ်ခု အလွန်နီးကပ်စွာ ဆက်နွှယ်မှုရှိ၏။ "မေတ္တာသည် . . . ခပ်သိမ်းသောအရာတို့ကိုယုံတတ်၏" ဟူသော စာကြောင်းက ဘုရားသခင်၏နှုတ်ကပတ်တော်၌ဖော်ပြထားသောအချက်တို့ အမှန်ဖြစ်ကြောင်းလက်ခံသောသူကို ရည်ညွှန်း၏ (Khoo)။ ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် သံသယမရှိ ဝေဖန်ခြင်းလဲမပြုဘဲ၊ ထိုကျမ်းစာ၏သွန်သင်ချက်တို့ကို နှိမ့်ချစွာလက်ခံသောသူဖြစ်လိမ့်မည်။ သူသည် ဧဒင်ဥယျာဉ်၌ ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ်တွင် "ဧကန်စင်စစ်၊ ဘုရားသခင်မိန့်တော်မူသလော" (ကမ္ဘာ ၃း၁) ဟူ၍ မြွေကဲ့သို့သံသယရှိအောင် လျှာနှစ်ခွရှိလိမ့်မည်မဟုတ်။ ထိုအစား၊ "ဘုရားသခင်မိန့်တော်မူချက်တို့သည် အတည်ဖြစ်ကြောင်းကို ကျွန်ုပ်ယုံကြည်ပါ၏" ဟူ၍ ဝမ်းမြောက်စွာ ဖော်ထုတ်သောသူဖြစ်သည်။

"မေတ္တာသည် . . . ခပ်သိမ်းသောအရာတို့ကို မျှော်လင့်တတ်၏"။ မေတ္တာရှိသောသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်တွင် ခိုင်ခံ့စွာအမြစ်တွယ်၍ စကားတော်တိုင်းကို ယုံကြည်သောကြောင့် ခရစ်တော်အားဖြင့် ကောင်းကင်နှင့်ဆိုင်သော မျှော်လင့်ခြင်းကို ပိုင်ဆိုင်ရ၏။ ထို့ကြောင့် သူသည် ကယ်တင်ရှင်သခင်ဘုရားပြန်ကြွလာမည့်နေ့ကို မျှော်လင့်ကြီးစွာ မျှော်ကြည့်၏။

"ခပ်သိမ်းသောအရာတို့ကို မျှော်လင့်" ခဲ့သောခရစ်ယာန်တစ်ဦးသည် ဝိညာဉ်ရေးရာ၌ အိပ်နေသောသူမဟုတ်ဘဲ၊ သတိရှိလျက် အမြဲစောင့်ကြည့်တတ်သူဖြစ်သည် (၁ သက် ၅း၆၊ ၁ ပေ ၄း၇)။ သူသည် မြေကြီးပေါ်၌ရှိသောအရာတို့ကိုမချစ်ဘဲ၊ အထက်အရာတို့ကို ချစ်သောသူဖြစ်မည် (ကော ၃း၁-၂)။ သူသည် မိမိ၏ကယ်တင်ရှင်ကို ချစ်သောကြောင့် ခရစ်တော်လျှင်မြန်စွာ ပြန်ကြွလာဖို့ရန် တောင့်တနေလိမ့်မည် (ဗျာ ၂၂း၂၀)။ သင်ရော အဘယ်သို့နည်း။

"မေတ္တာသည် . . . ခပ်သိမ်းသောအရာတို့ကို သည်းခံတတ်၏"။ ခရစ်ယာန်တစ်ဦးသည် မကြာမမြင့်မီတွင် ခရစ်တော်ပြန်ကြွလာမည့်အကြောင်းကို သိသောကြောင့်၊ ခရစ်တော်အတွက်ကြောင့် ဒုက္ခဆင်းရဲကို သည်းခံဖို့ရန်ဆန္ဒရှိနေ၏။ ကြိယာဖြစ်သော "သည်းခံ" (hupomone) ဆိုသည့်စကားလုံးသည် ခက်ခဲသောအခြေအနေတို့ကို သည်းခံခြင်းကို ရည်ညွှန်းသည်။ ကျွန်ုပ်တို့သည် အပြစ်၊ အနာဆာနှင့် ပြည့်သောဤလောကတွင် စုံစမ်းခြင်းနှင့် ဆင်းရဲဒုက္ခတို့ကို မျှော်လင့်ရပါမည်။ သို့သော်လည်း ကျွန်ုပ်တို့၏ကယ်တင်ရှင်အပေါ်၌ ထားရှိသောမျှော်လင့်ခြင်းက ကျွန်ုပ်တို့အား "တည်ကြည်သောစိတ်နှင့်ပြည့်စုံ၍၊ မရွေ့လျော့မတိမ်းယိမ်းဘဲလျက်၊ သခင်ဘုရားအမှုတော်ကို ကြိုးစားအားထုတ်" (၁ ကော ၁၅း၅၈) နိုင်ရန် ကူညီပေးလိမ့်မည်။ "သင်တို့သည်လည်း သည်းခံလျက်စောင့်နေကြလော့။ ကိုယ်စိတ်နှလုံးကို မြဲမြံစေကြလော့။ သခင်ဘုရားကြွလာတော်မူသောအချိန်ရောက်လုနီးပြီ" (ယာကုပ် ၅း၈)။

**ဆင်ခြင်ရန်** - "ဘုရားသခင်မိန့်တော်မူချက်တို့သည် အတည်ဖြစ်သောကြောင့် ကျွန်တော်ယုံကြည်ပါ၏"။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ရှင်၏သမ္မာတရားကို အရာအားလုံးထက်ချစ်ဖို့ရန် ကူညီတော်မူပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၅)
**၁ ကော ၁၃း၈-၁၃**
၂ ပေ ၁း၁၆-၂၁

*"မေတ္တာသည် ဖေါက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏"*

# မေတ္တာသည်ထာဝရတည်၏ (၁)

ရှင်ပေါလုသည် ကောရိန္သုမြို့၌ရှိသော ခရစ်ယာန်တို့၏ အခြားသောဘာသာစကားပြောခြင်းနှင့် နှိုင်းယှဉ်၍ မေတ္တာသည် "သာ၍မြတ်သောလမ်း" (၁ ကော ၁၂း၃၁) ဖြစ်ကြောင်းကို ထင်ရှားစေရန် အလိုရှိ၏။ ဤအကြောင်းကြောင့် ပေါလုက အခြားသောဝိညာဉ်ဆုကျေးဇူးတို့သည် တစ်နေ့တွင် တည်ရှိတော့မည်မဟုတ်သော်လည်း မေတ္တာမူကား ထာဝရတည်မည့်အကြောင်းကို ညွှန်ပြခဲ့သည်။

ရှေးဦးစွာ "ပရောဖက်ပြုခြင်း၊ အခြားသောဘာသာစကားကို ပြောတတ်ခြင်း နှင့် သိပ္ပံအတတ်ကိုတတ်ခြင်း" ဟူသော ကွယ်ပျောက်မည့် ဝိညာဉ်ဆုကျေးဇူးသုံးမျိုးကို ကြည့်ကြပါစို့။ ဤဆုကျေးဇူးသုံးမျိုးတို့သည် ဗျာဒိတ်တော်ဖွင့်ပြခြင်းနှင့်ဆိုင်သော ဆုကျေးဇူးများဖြစ်ကြသည်။

၁ ကော ၁၃း၁၈ တွင် ရှင်ပေါလုက "ပရောဖက်ဉာဏ်နှင့်သိပ္ပံအတတ်" တို့သည် ကွယ်ပျောက်လိမ့်မည်ဟုဖော်ပြထားသည်။ ဤ "ကွယ်ပျောက်" ဟူသောစကားလုံးသည် မူရင်းစကား၌ "katargeo" ဟူသောစကားလုံးဖြစ်ပြီး၊ ဆိုလိုသည်မှာ "ပျက်စီးခြင်း" (သို့) ရုတ်သိမ်းခြင်းဟူ၍ဖြစ်၏။ ဤစကားလုံးကို Passive Voice ဖြင့်ရေးသားခြင်းဖြစ်၍၊ အပြင်မှရောက်လာသောကိုယ်စားလှယ်တစ်ခုခုက "ထိုပရောဖက်ဉာဏ်နှင့်သိပ္ပံအတတ်" တို့ကို ဖျက်ဆီးစေမည့်အကြောင်းကို ရည်ညွှန်းထားပါသည်။ ထိုပရောဖက်ဉာဏ်နှင့်သိပ္ပံအတတ်တို့အား ဖျက်သိမ်းစေမည့်အရာသည် အဘယ်အရာဖြစ်သနည်း။ ၁ ကော ၁၃း၉-၁၀ တွင် "စုံလင်ခြင်း" ရောက်လာမည့်အကြောင်းကို ဖော်ပြထား၏။ ဤ "စုံလင်ခြင်း" ဟူသောစကားစုကို အကြောင်းအရာဆက်စပ်သောကျမ်းကို ကြည့်ခြင်းအားဖြင့် ဗျာဒိတ်တော်နှင့်ဆိုင်သော ဆုကျေးဇူးအတွက် လိုအပ်သည့်စုံလင်သော ဗျာဒိတ်တော်ရောက်ရှိလာမည်မှာ သေချာ၏။ ထိုသို့ဆိုလျှင် ဤစုံလင်သော ဗျာဒိတ်တော်ကားအဘယ်အရာနည်း။ ဤအရာမှာ ယနေ့ ကျွန်ုပ်တို့လက်ထဲတွင် ကိုင်ထားသော ၆၆ အုပ်ဖြင့်ဖွဲ့စည်းထားသည့် သမ္မာကျမ်းစာထွက်ခဲ့သောနေ့ဖြစ်၏။

ဤကောရိန္သုမြို့၌ရှိသော ခရစ်ယာန်တို့အနေဖြင့် ဗျာဒိတ်တော်နှင့်ဆိုင်သော ဆုကျေးဇူးဖြစ်သည့် "ပရောဖက်ဉာဏ်နှင့်သိပ္ပံအတတ်" တို့ကို လိုအပ်ခဲ့၏။ သူတို့သည် ကလေးသူငယ်ကဲ့သို့ စကားပြော၍ အသိတရားရှိခဲ့ကြ၏။ သို့မဟုတ် သူတို့သည် မှန်ကိုမှုန်ဝါးဝါးမြင်ရသောသူကဲ့သို့ ဖြစ်ကြ၏ (၁ ကော ၁၃း၁၁-၁၂)။ သို့သော် "သာ၍တိကျသောပရောဖက်စကား" (၂ ပေ ၁း၁၉) ရောက်လာသောအခါ ထို "ခလေးဆန်သောအပြုအမူ" (ပရောဖက်ဉာဏ်နှင့်သိပ္ပံအတတ်) တို့ကို စွန့်ပစ်ရမည့်အချိန်ဖြစ်၏။ ထိုနည်းဋင်း သမ္မာကျမ်းစာစုံလင်စွာ ထွက်ရှိသောအခါ ပရောဖက်ဉာဏ်နှင့် သိပ္ပံအတတ်တို့သည် ကွယ်ပျောက်ခဲ့ပြီဖြစ်သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်သည် "သာ၍သေချာသောပရောဖက်စကား" ဖြစ်၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏စုံလင်သော နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အား ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

ကြာသပတေး၊ ဒီဇင်ဘာ (၆)

**၁ ကော ၁၃း၈-၁၃**

၁ ကော ၁၄း၂၂

*"မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏"*

# မေတ္တာသည်ထာဝရတည်၏ (၂)

အခြားသောဘာသာစကားသည် တည်ရှိသေးသလော။ အခြားသောဘာသာစကားသည် "ရပ်စဲလိမ့်မည်" (၁ ကော ၁၃း၈) ဟုရှင်ပေါလုရေးသားခဲ့၏။ "ရပ်စဲ" ဟူသောစကားလုံးသည် မူရင်းဘာသာတွင် "pauo" ဟူ၍ဖြစ်ပြီး "ရပ်ဆိုင်းခြင်း" (pause) ဆိုသည့်အင်္ဂလိပ်စကားလုံးဆင်းသက်ရာဖြစ်သည်။ ၎င်းသည် middle voice ဖြစ်ပြီး၊ အခြားသောဘာသာစကားသည် အလိုလိုရပ်ဆိုင်း မည်ဖြစ်ကြောင်းကို ရည်ညွှန်းထား၏။ ထို့ကြောင့် အခြားသောဘာသာစကားသည် မိမိတို့၏ ရည်ရွယ်ချက်ကို ဆောင်ရွက်ခဲ့ပြီးသောအချိန်တွင် အလိုလိုရပ်ဆိုင်းလိမ့်မည်။ ၁ ကော ၁၄း၂၂ တွင် ရှင်ပေါလုက အခြားသောဘာသာစကား၏ရည်ရွယ်ချက်တို့ကို အသေးစိတ်ရှင်းပြထားသည်။

များစွာသောအသင်းတော်ဖခင်ကြီး (ဥပမာ -Augustine) တို့က ကနဦးအသင်းတော် (တမန်တော် ၁၂ ပါးခေတ်) ခေတ်ကျော်လွန်ပြီးနောက်တွင် အခြားသောဘာသာစကားပြောခြင်း ဆုကျေးဇူးရပ်စဲခဲ့ကြောင်းကို ခိုင်မာသောအထောက်အထားပေးခဲ့ကြသည်။ ၁၆ ရာစုက အသင်းတော်ပြန်လည်ပြုပြင်ခြင်းသည် ပင်တေကုတ္တာပွဲနေ့နောက်ပိုင်း အကြီးမားဆုံးသော အသင်းတော်နိုးထမှုအဖြစ် ရှုမြင်ရသည်။ ထိုနိုးကြားမှုတွင် အခြားသောဘာသာစကားပြောဆိုမှုမရှိဘဲ ပြုပြင်သူများ၏ အလွန်တန်ခိုးကြီးသည် သမ္မာကျမ်းစာဟောပြောမှုသာရှိခဲ့သည်။ အသင်းတော်တွင် စစ်မှန်သောနိုးထမှုတိုင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပြင်းပြသည့်စိတ် မြှုပ်နှံထားခြင်းနှင့်တရားဟောကြားခြင်းတို့ဖြင့် အသွင်ဆောင်ပါသည် (နေဟမိ ၈)။ နိမိတ်လက္ခဏာနှင့်ဆိုင်သော ဆုကျေးဇူးတို့သည် ယာယီဆုများသာဖြစ်ပြီး၊ တမန်တော်တို့ခေတ်အတွက်သာဖြစ်ကြ၏။ ဤနိမိတ်လက္ခဏာနှင့်ဆိုင်သောဆုကျေးဇူးတို့သည် သမ္မာကျမ်းစာအုပ် ပြီးမြောက်ခြင်းနှင့်အတူ ရုတ်သိမ်းခြင်းခံရ၏။ ယနေ့တွင် ထိုအံ့ဖွယ်နိမိတ်လက္ခဏာတို့ကို ရှာဖွေခြင်းမပြုရတော့ပါ။ မိမိကိုယ်ကို ဝိညာဉ်ဆုကျေးဇူးအလွန်အကျွံယုံကြည်သူများ၏ လှည့်ဖြားခြင်းမခံရပါစေနှင့်။

ဤနိမိတ်လက္ခဏာနှင့်ဆိုင်သောဆုကျေးဇူးအစား ရှင်ပေါလုသည် ကောရိန္သုမြို့၌ရှိသော ခရစ်ယာန်တို့အား ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့်ချစ်ခြင်းမေတ္တာတို့၏ အစွမ်းသတ္တိတို့ကို လိုက်ဖို့ရန်မိန့်တော်မူခဲ့၏။ ဤအစွမ်းသတ္တိသုံးခုတို့မှာ အသင်းတော်ကာလတစ်လျှောက်လုံး တည်ရှိနေမည်ဖြစ်သောကြောင့် နိမိတ်လက္ခဏာနှင့်ဆိုင်သော ဆုကျေးဇူးတို့ထက် သာလွန်ကြ၏။ ဤအစွမ်းသတ္တိသုံးခုအနက် ချစ်ခြင်းမေတ္တာသည် ထာဝရတည်တံ့မည်ဖြစ်သောကြောင့် အသာလွန်ဆုံးဖြစ်၏။ ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းသည် ထာဝရကာလတွင် အကောင်အထည်ဖော်နေစဉ်၌ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၏ အစွမ်းသတ္တိဖြစ်သောကြောင့် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာသည် ထာဝရကာလ၌ အမှုတော်အတွက် ကျွန်ုပ်တို့၏ရွှေ့လျားစေသောမူလအရင်းမြစ် ဖြစ်လိမ့်မည်။ ကောင်းကင်သစ်နှင့်မြေကြီးသစ်တွင် ကျွန်ုပ်တို့၏ဘုရားသခင်နှင့်သန့်ရှင်းသူတို့ကို ချစ်သည့်စိတ်သည် အမြဲရှိနေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤလောက၌ခရီးသွားနေစဉ်တွင် ချစ်ခြင်းမေတ္တာနောက်သို့ ဆက်လက်လိုက်ကြပါစို့ (၁ ကော ၁၄း၁)။

**ဆင်ခြင်ရန်** - ဝိညာဉ်ဆုကျေးဇူးအလွန်အကျွံယုံကြည်သူများ၏ လှုပ်ရှားမှုသည် သမ္မာကျမ်းစာနှင့်မကိုက်ညီ ပါ။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်လုပ်ဆောင်သောအရာတိုင်း၌ ချစ်ခြင်းမေတ္တာအား ကျင့်သုံးဖို့ရန် သွန်သင်တော်မူပါ။

**၁ ကော ၁၄း၁-၅**

တမန် ၂း၁-၁၃

*"အကြောင်းမူကား၊ အခြားသော ဘာသာစကားအားဖြင့် ပြောသောသူသည်. . ."*

## အခြားသောဘာသာစကားဆိုသည်မှာအဘယ်နည်း

ဝိညာဉ်ဆုကျေးဇူးအလွန်အကျွံယုံကြည်သူများ၏ အလေးထားသောအရာတစ်ခုမှာ အခြားသောဘာသာစကားပြောခြင်းဖြစ်ပါသည်။ ထိုအခြားသောဘာသာစကားကို ပြောကြရာတွင် နားလည် လို့မရနိုင်သော မပီမသဖွင့်ဟခြင်းပုံစံမျိုးဖြစ်သည်။ ထိုစကားကို ပြောသောသူတို့သည် သက်သေပြု ဖို့ရန်အတွက် ၁ ကော ၁၄း၂ ၌ရှိသော "အခြားသောဘာသာစကား" ဟူသည့်အချက်ကို ညွှန်ပြလေ့ရှိကြသည်။ ဤအခြားသောဘာသာစကားသည် မပီမသဖွင့်ဟခြင်းလော (သို့) စစ်မှန်သော နိုင်ငံခြားဘာသာစကားလော။ ဤမေးခွန်းအားဖြေဖို့ရန် တမန်တော် ၂ တွင်ဖော်ပြသည့် ပင်တေကုတ္တေနေ့မှ အဖြစ်အပျက်သို့ ပြန်သွားကြပါစို့။ တမန် ၂း၄ တွင် တပည့်တော်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ကြသောအခါ "ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည့်အတိုင်း အမျိုးမျိုးသောဘာသာစကားဖြင့် ဟောပြောကြ၏" ဟူ၍ဖော်ပြထားသည်။ ဤနေရာ၌ရှိသော "ဘာသာစကား" ဆိုသည့်စကားလုံးသည် မူရင်းဘာသာ၌ glossais ဖြစ်ပြီး၊ အင်္ဂလိပ်စာလုံး "glossary" ဆင်းသက်ရာဖြစ်ပါသည်။ ထို့နောက် ဤဘာသာစကားတို့သည် ဝေါဟာရ၊ ဝါကျဖွဲ့မှုနှင့် ခွဲခြားစိတ်ဖြာလို့ရသည့် စစ်မှန်သော နိုင်ငံရပ်ခြားဘာသာစကားများ ဖြစ်သည်။ ဤအချက်ကို တမန် ၂း၆-၈ တွင်ဖော်ပြထားသည့် လူတို့သည် မိမိတို့၏ဘာသာစကား အတိုင်း ကြားခဲ့ကြသည်ဟူသော အချက်အားဖြင့် မြင်တွေ့နိုင်သည်။ "ပါသိပြည်မှစ၍ မေဒိပြည်၊ ဧလံပြည်၊ မေသောပေါတာမိပြည်၊ ယုဒပြည်၊ ကပ္ပဒေါကိပြည်၊ ပုန္တုပြည်၊ အာရှိပြည်၊ ဖြုဂိပြည်၊ ပမ်ဖုလိပြည်၊ အဲဂုတ္တုပြည်၌နေသောသူ၊ ကုရေနေမြို့နှင့်စပ်သော လိဗုကျေးလက်၌နေသောသူ၊ ရောမမြို့မှလာသောဧည့်သည်များ၊ ယုဒလူဖြစ်စေ၊ ဘာသာဝင်ဖြစ်စေ၊ ကရေတေပြည်သား၊ အာရပ်ပြည်သား၊ အသီးအသီးဖြစ်ကြသောငါတို့ အား ဤသူများသည် ဘုရားသခင်၏အံ့ဖွယ်သောအမှုတို့ကို ငါတို့အမျိုးဘာသာစကားဖြင့် ဟောပြောကြသည်ကို ကြားရပါသည်တကားဟု အချင်းချင်းပြောဆိုကြ၏" (တမန် ၂း၉-၁၁)။

ထိုသို့ မပီမသဖွင့်ဟခြင်းကို ကျင့်သုံးသောအချို့လူတို့က သူတို့ပြောသည့် ထိုဘာသာစကားသည် ကောင်းကင်တမန်တို့၏ ဘာသာစကားဖြစ်သည်ဟု ဖွင့်ဟကြ၏ (နှိုင်း ၁ ကော ၁၃း၁)။ ဤစာကြောင်းကို အနီးကပ်ဆန်းစစ်လျှင် ရှင်ပေါလုက အတိသယဝုတ္တိအလင်္ကာ (အလွန်အကြူးရေးဖွဲ့ခြင်း) ကိုအသုံးပြုခြင်းဖြစ်၏။ ပေါလုက သူသည် ကောင်းကင်တမန်တပါးပါး၏ဘာသာစကားကို ပြောတတ်သည်ဟူ၍ ဆိုသည်မဟုတ်၊ ချစ်ခြင်းမေတ္တာမရှိဘဲ သူပြောတတ်ခဲ့လျှင်ပင် အကျိုးဘာမျှမရှိမည်ကို ဆိုလို၏။ ထို့ပြင် သမ္မာကျမ်းစာတွင် ကောင်းကင်တမန်တို့သည် စကားပြောဆိုမှုတိုင်း၌ လူတို့အသုံးပြုသည့်ဘာသာစကား (ဟေဗြဲ၊ ဂရိနှင့် အာရမိတ်) တို့ကို အသုံးပြုခဲ့ကြသည်။ ထို့ကြောင့် ဤအခြားသောဘာသာစကားတို့သည် နားလည်လို့မရသောဘာသာစကားမဟုတ်ဘဲ၊ သိရှိ နားလည်နိုင်သော ဘာသာစကားပင်ဖြစ်သည်။ သမ္မာကျမ်းစာ၌ ဖော်ပြသည့် သက်သေတို့ကို ကြည့်ခြင်းဖြင့် ဝိညာဉ်ဆုကျေးဇူးအလွန်အကျွံယုံကြည်သူများကျင့်သုံးသည့် မပီမသရွတ်ဆိုခြင်းတို့သည် အခြေခံအုတ်မြစ်မရှိပေ။ ထို့ကြောင့် ထိုသူတို့ကျင့်သုံးသော ထိုဘာသာစကားတို့ကို ကျွန်ုပ်တို့ ငြင်းပယ်ကြရပါမည်။

**ဆင်ခြင်ရန်** - လူတို့ကျင့်သုံးသည့်အရာအားလုံးကို သမ္မာကျမ်းစာအားဖြင့် ဆန်းစစ်ရပါမည်။

**ဆုတောင်းချက်** - အဘဘုရား၊ သမ္မာကျမ်းစာ၏သွန်သင်ချက်တို့၌ ကောင်းသောအုတ်မြစ်ချခြင်းငှါ အကျွန်ုပ်အား အခွင့်ပေးတော်မူပါ။

## တည်ဆောက်ခြင်းသည် ရည်မှန်းချက်ပန်းတိုင်ဖြစ်၏

အစောပိုင်းအခန်းတို့၌ ရှင်ပေါလုက ကောရိန္သုမြို့၌ရှိသော ခရစ်ယာန်တို့အား တစ်ဦးနှင့် တစ်ဦးတည်ဆောက်ဖို့ရန် ကြိုးစားသင့်ကြောင်း သင်ပြခဲ့၏ (၁ ကော ၁၀း၂၃-၂၄)။ ဝိညာဉ်ကျေးဇူး တို့သည် အသင်းတော်ကြီးထွားဖို့ရန်အတွက် ပေးခြင်းဖြစ်ကြောင်း သူသည် သက်သေပြခဲ့ပြီးလည်း ဖြစ်၏ (၁ ကော ၁၂း၇-၁၁)။ ထို့ကြောင့် ကျွန်ုပ်တို့သည် အဘယ်အရာကိုပြုလုပ်သည်ဖြစ်စေ၊ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်တို့က ညီအစ်ကိုတို့၏ ဝိညာဉ်ရေးအကျိုးအတွက် အဘယ်သို့ အကျိုး ဖြစ်စေသည်ကို သတိကြီးစွာစဉ်းစားရပါမည်။

၁ ကော ၁၄း၁-၅ တွင် ထိုနိယာမကို အသုံးပြုခြင်းဖြင့် ပရောဖက်ပြုခြင်းသည် အခြား သောဘာသာစကားပြောခြင်းထက် သာလွန်ကြောင်းကို ရှင်ပေါလုထုတ်ဖော်ပြောဆိုခဲ့သည်။ လူ တစ်ဦးသည် ပရိသတ်တို့နားမလည်သောဘာသာစကား (နိုင်ငံခြားစကားတစ်ခုခု) ဖြင့် စကားပြော လျှင် သူသည် ဘုရားသခင်ကိုသာပြောခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူပြောသော စကား၏ အနက်အဓိပ္ပာယ်ကို ဘုရားသခင်သာနားလည်နိုင်၏။ သူပြောသောသတင်းစကား၌ ပရိသတ်တို့မှာ ဘာမှမသိသူတွေသာဖြစ်ကြလိမ့်မည်။ ထို့ပြင် ထိုသတင်းစကားအား အနက်ပြန်သူမရှိလျှင် ထို ဘာသာစကားကို ပြောဆိုသောသူသာ တည်ဆောက်မှုရှိလိမ့်မည်။ ထိုအရာသည်ဘာအကျိုးရှိမည် နည်း။

အခြားတစ်ဖက်တွင် ပရောဖက်ပြုသောသူသည် ဘုရားသခင်၏ အလိုတော်တို့အား ကြို တင်ဟောကြားသောသူဖြစ်၏။ သူသည် တရားဟောသောအခါ တိုင်းရင်းသားဘာသာဖြင့် ပရိသတ် တို့ကိုတိုက်ရိုက်ဟောပြောသည်။ ပရိသတ်တို့သည် သူပြောဆိုချက်ကို နားလည်နိုင်ကြသည့်အတိုင်း သူဟောပြောသည့် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ယုံကြည်ခြင်းတွင် တည်ဆောက်ခြင်းကို ခံရ၏။

"အသင်းတော်၌ပြုသောအမှုမှန်သမျှသည် အားလုံး၏ကောင်းကျိုးအတွက်ဖြစ်ရပါမည်။ ထို့ကြောင့် မှားယွင်းသောရည်ရွယ်ချက်ကို စွန့်ပယ်ရပါမည်။ သို့မဟုတ်လျှင် မိမိကိုယ်ကျိုးကိုရှာ သောသူတို့သည် အခွင့်ရကြလိမ့်မည်။ ထို့ပြင်ပေါလုက မိမိထင်ပေါ်ခြင်းအတွက် ကြိုးစားအားထုတ် သောသူတို့သည် အမှန်မှာ ကောင်းသောအမှုကိုပြုလိုသောသူမဟုတ်ကြပါဟုဆိုခဲ့ပါသည်။ ထို့ကြောင့် ပေါလုသည် မိမိကိုယ်ကျိုးကိုသာကြည့်သော ထိုယုံကြည်သူများ၏အဖွဲ့အစည်းမှ ခွဲထွက်ခြင်း၌ မိန့်တော်မူ၏" (Calvin)။

**ဆင်ခြင်ရန်** - သူတပါးကိုတည်ဆောက်ခြင်း၌ ကြိုးစားအားထုတ်လော့။
**ဆုတောင်းချက်** - အဘဘုရား၊ သူတပါးအတွက် ကောင်းကြီးမင်္ဂလာဖြစ်မည်အကြောင်း အကျွန်ုပ် ကို အသုံးပြုတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၉)

**၁ ကော ၁၄း၆-၁၂**

၁ ကော ၁၂း၇-၁၂

*“. . . အသင်းတော်ကိုတည်ဆောက်ခြင်းငှါ ကြွယ်ဝပြည့်စုံမည်အကြောင်း ကြိုးစားကြလော့”*

## နားလည်ခြင်းသည်သော့ချက်ဖြစ်၏ (၁)

ရှင်ပေါလုသည် ကောရိန္သုမြို့၌ရှိသောခရစ်ယာန်တို့အား အခြားသောဘာသာစကား ပြောခြင်းထက် ပရောဖက်ပြုခြင်းကိုပြုကြရန် သာ၍အလိုရှိကြောင်းကို ၁ ကော ၁၄း၁-၅ တွင် ဖော်ပြခဲ့သည်။ ထိုသို့အလိုရှိရခြင်းမှာ တစ်ဦးတစ်ဦး၏ ပရောဖက်ပြုခြင်းတို့သည် နားလည်ကြမည်ဖြစ်သောကြောင့်ဖြစ်၏။ သို့သော် ပေါလုသည် ထိုသို့အလိုရှိသော်လည်း အခြားသောဘာသာစကားပြောခြင်းကို သဘောမတူ၍မဟုတ်ကြောင်း၊ ထိုသူတို့အား နားလည်စေချင်ခဲ့သည်။ အကယ်စင်စစ်၊ ပေါလုက ထိုသူတို့သည် အခြားသောဘာသာစကားကို ပြောတတ်ခဲ့ကြလျှင် သူသည် ဝမ်းမြောက်လိမ့်မည်ဖြစ်ကြောင်း၊ သူတို့သည် မိမိတို့ရရှိသော ဝိညာဉ်ဆုကျေးဇူးတို့ကို စနစ်ကျစွာနှင့် ပညာရှိစွာအသုံးချဖို့ရန် စီစဉ်ပေးခဲ့သည်။

ကောရိန္သုမြို့ကဲ့သို့သော အပြည်ပြည်ဆိုင်ရာမြို့နှင့် မြို့တော်တစ်မြို့တွင် အခြားသောဘာသာစကားပြောခြင်းသည် အလွန်အသုံးဝင်နိုင်ပါသည်။ အမျိုးမျိုးသောဘာသာစကားကို ပြောတတ်ခြင်းက နိုင်ငံခြားသားတို့ကို ရင်းနှီးကျွမ်းဝင်ဖို့ရန်သော်၎င်း၊ ဧဝံဂေလိသတင်းကောင်းကို ဝေငှဖို့ရန်သော်၎င်း၊ လွယ်ကူစေခဲ့လိမ့်မည်။ အခြားသောဘာသာစကားပြောတတ်ခြင်းဆုကျေးဇူးက တစ်စုံတစ်ဦးကို ဒေသခံဘာသာစကားနားမလည်သောသူတို့အား တရားဟောကြားနိုင်စေ၏။

ထို့နောက်ပေါလုသည် နားလည်သဘောပေါက်ခြင်း၏ အရေးကြီးပုံကို ရှင်းပြဖို့ရန် တေးဂီတကိုအသုံးပြုခဲ့သည်။ တေးဂီတသည် မတူညီသော သံစဉ် (သို့) တီးလုံးရှိသောကြောင့် နားလည်နိုင်သောအရာဖြစ်၏။ တေးဂီတသည် နုတ်တစ်ခုတည်းသာတီးခတ်သည်ဖြစ်စေ၊ ထိုတီးလုံးကို နားလည်လို့ရ၏။ ထိုနည်းငှင်း၊ ရောမလူတို့စစ်တိုက်ရာတွင် အသုံးပြုသည့် တီးလုံးတံပိုးသံ မမြည်လျှင် ရောမစစ်သားတွေအနေဖြင့် စစ်တိုက်ဖို့ရန် သွားမည့်အချိန်အား သိရှိရန်အလွန်အခက်တွေ့လိမ့်မည်။ ထို့ပြင် ပြောဆိုသည့်ကစားကို နားလည်ခြင်းသည်အလွန်အရေးကြီး၏။ သို့မဟုတ်လျှင် ထိုစကားသည် လေဟာနယ်ထဲပြောသကဲ့သို့ အချည်းနှီးသာဖြစ်လိမ့်မည်။ “ဘာသာစကား၏အနက်ကို ငါနားမလည်လျှင်၊ ပြောသောသူအား ငါသည်လူရိုင်းဖြစ်လိမ့်မည်၊ ပြောသောသူသည်လည်း ငါ့အားလူရိုင်းဖြစ်လိမ့်မည်” (၁ ကော ၁၄း၁၁b)။ ထိုခေတ်တွင် ဂရိဘာသာသည် အများသုံးဘာသာစကားဖြစ်ခဲ့သည်။ အခြားသောသူတို့မသိသည့် ဘာသာစကားဖြင့် စကားပြောသောသူသည် ဒေသခံဂရိလူမျိုးကို ဂရိစကားမတတ်သောသူက စကားပြောဆိုခြင်းနှင့်ဆင်တူ၏။ သူတို့သည် တစ်ဦးစကားတစ်ဦးနားလည်ကြမည်မဟုတ်ပေ။

ကောရိန္သုမြို့၌ရှိသော အသင်းတော်၏ပြဿနာသည် သူတို့၏စိတ်အားထက်သန်မှုကြောင့်မဟုတ်ဘဲ၊ ဝိညာဉ်ဆုကျေးဇူးတို့ကို အသုံးပြုရာတွင် သူတို့၏ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်တို့ကြောင့်ဖြစ်၏။ သူတို့၏ ဝိညာဉ်ဆုကျေးဇူးတို့ကို ချစ်ခြင်းမေတ္တာဖြင့် တစ်ဦးကိုတစ်ဦးတည်ဆောက်ခြင်းထက် ဝါကြွားဖို့ရန်သာ အသုံးပြုကြ၏။ အချင်းချင်းတည်ဆောက်ဖို့ကို ရှာခဲ့ကြလျှင် သူတို့အချင်းချင်းနားလည်သဘောပေါက်ကြမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ကြားသူတို့သည်၊ ဘယ်အရာကို လက်တွေ့အသုံးပြုရမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏ဝိညာဉ်ဆုကျေးဇူးတို့ကို သင့်လျော်စွာအသုံးပြုမည်အကြောင်း မစကူညီတော်မူပါ။

တနင်္လာ၊ ဒီဇင်ဘာ (၁၀)

**၁ ကော ၁၄း၁၃-၁၉**

၁ ကော ၂း၁-၅

*"... အနက်ကိုလည်းဘော်ပြနိုင်မည်
အကြောင်းဆုတောင်းစေ"*

# နားလည်ခြင်းသည်သော့ချက်ဖြစ်၏ (၂)

လူတစ်ဦးသည် အခြားသောဘာသာစကားဖြင့် ပြောဆိုသောအခါ ပရိသတ်တို့သည် နားမလည်ကြသောကြောင့် အခမ်းအနားတစ်ခုလုံးသည် အကျိုးမရှိပေ (၁ ကော ၁၄း၁၄-၁၅)။ ထို့ပြင် အခြားသောဘာသာစကားကို အသုံးပြုသောသူအနေဖြင့် သူပြောသောသတင်းစကားကို အနက်ပြန်ရန်မှာ မရှိမဖြစ်လိုအပ်၏ (၁ ကော ၁၄း၁၃)။ သို့မဟုတ်လျှင် သူပြောသောစကားအားလုံးသည် အချည်းနှီးဖြစ်ကြလိမ့်မည်။

ဤအပိုဒ်ငယ်တို့၌ ရှင်ပေါလု၏ ညွှန်ကြားချက်တို့သည် ပညာနှင့်ပြည့်စုံကြ၏။ ပေါလုက ကောရိန္သုမြို့၌ရှိသောခရစ်ယာန်တို့သည် အခြားသောဘာသာစကားကို ပြောကြရာတွင် ထိုသူတို့သည် ထိုဆုကျေးဇူးအား အမှန်ရရှိခဲ့သောကြောင့်မဟုတ်ကြောင်းကိုငှင်း၊ ပရိသတ်တို့အကြား၌ မိမိကိုယ်ကို ချီးမြှောက်ချင်ကြသောကြောင့်ငှင်း ဖြစ်သည်ကို သိရှိခဲ့၏။ အခြားသောဘာသာစကားကို ပြောသောသူက မိမိပြောသောသတင်းစကား အနက်ပြန်ဖို့ရန်တောင်းဆိုခြင်းမှာ စစ်မှန်သော အခြားသောဘာသာစကားပြောခြင်းက ပြောသောသူအား မိမိ၏ပြောဆိုချက်အနက်ကို နားလည်ရမည်အကြောင်း တောင်းဆိုခဲ့ကြောင်းကို သူသင်ကြားပေးခဲ့ခြင်းဖြစ်သည်။ သို့မဟုတ်လျှင် သူတို့ပြောသည့် အခြားသောဘာသာစကားသည် အတုအယောင်သာဖြစ်သည်။ သူတို့၏ ဘာသာစကားသည် မပီမသရွတ်ဆိုခြင်းဖြင့် မိမိကိုယ်ကိုတိုက်တွန်းခြင်းထက် မသာလွန်လှပေ။

ထို့နောက် ရှင်ပေါလုသည် ကောရိန္သုမြို့၌ရှိသော ခရစ်ယာန်တို့၏ မာန်မာနထောင်လွှားခြင်းကို ပြစ်တင်ဆုံးမခဲ့၏။ "ငါသည်သင်တို့ရှိသမျှထက် အခြားသောဘာသာစကားဖြင့် ဟောပြောသောအရာကို ထောက်၍ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်း၏။ သို့သော်လည်း အသင်းတော်၌ အခြားသောဘာသာစကားဖြင့် စကားတစ်သောင်းကိုပြောနိုင်သည်ထက်၊ သူတပါးတို့ကို သွန်သင်ခြင်းငှါ စကားငါးခွန်းကို ဉာဏ်နှင့်တကွပြောနိုင်သောအခွင့်ကို သာ၍အလိုရှိ၏" (၁ ကော ၁၄း၁၈-၁၉)။ ဤနေရာတွင် ရှင်ပေါလုက မိမိ၏များစွာသောဘာသာစကားပြောတတ်မှုကို ဝါကြွားခြင်း မဟုတ်ပေ။ အခြားသော ဘာသာစကားကို ပြောသောသူသည် မိမိရရှိသောဆုကျေးဇူးအား ယုံကြည်ထိုက်စွာ အသုံးပြုဖို့ရန် သူညွှန်ပြခြင်းသာဖြစ်၏။ ပရိသတ်တွေအတွက် အထောက်အကူမဖြစ်စေလျှင် ပေါလု၏ ဘာသာ စကားအများအပြားကျွမ်းကျင်မှုမှာ အကျိုးမရှိပေ။ ဘုရားသခင်၏လူတို့အကြား၌ ထိရောက်စွာ အစေခံနိုင်ဖို့ရန်အတွက် ပေါလုသည် သူတို့၏ဒေသခံဘာသာစကားကို ပို၍အသုံးပြု လိမ့်မည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဟောပြောသင်ကြားပေးသူတို့အတွက် ဤနေရာ၌ သင်ခန်းစာတစ်ခုရှိ၏။ သမ္မာကျမ်းစာ၌ရှိသောသင်ခန်းစာတစ်ခုစီတိုင်းသည် သင်ယူသူကျောင်းသူကျောင်းသားတို့အား ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားလည်ခြင်း၌ ကြီးထွားစေဖို့ရန် ကူညီရန်နည်းလမ်းဖြစ်သည်။ သင်၏တရားဟောကျွမ်းကျင်မှုနှင့် အသိပညာတို့၌ဝါကြွားခြင်းအလို့ငှါ သွန်သင်ခြင်းမပြုပါနှင့်။ ဘယ်အရာကို သင်သွန်သင်ပေးသည်ကို သင်၏ကျောင်းသူကျောင်းသားတို့က နားမလည်လျှင်ပင် သင်၊ သင်ကြားပို့ချပေးသောအရာသည် အဘယ်အသုံးဝင်မည်နည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုနားလည်ခြင်း၌ သင်ကြားပို့ချပေးသောသူတို့သည် ကြီးထွားမှုမရှိလျှင် သင်ကျရှုံးခဲ့၏။ ထို့ကြောင့် သူတို့နားလည်နိုင်မည့်စကားကို ရှာသုံး၍ရိုးရှင်းစွာ သင်ကြားပို့ချပါလော့။

**ဆင်ခြင်ရန်** - ဝိညာဉ်ဆုကျေးဇူးများကို သင်မပိုင်ဘဲလျက်၊ ပိုင်ဆိုင်သယောင်နှင့် ဘယ်သောအခါမျှမပြုပါနှင့်။

**ဆုတောင်းချက်** - အဘဘုရား၊ မှန်သောပညာတွင် အခြားသောသူတို့အား ကြီးထွားစေမည်အကြောင်း၊ ကူညီနိုင်ရန် အကျွန်ုပ်ကို အသုံးပြုတော်မူပါ။

အင်္ဂါ၊ ဒီဇင်ဘာ (၁၁)
**၁ ကော ၁၄း၂၀-၂၅**
ဟေဗြဲ ၅း၁၂-၁၄

*"သင်တို့သည် ဉာဏ်အရာ၌ သူငယ်မဖြစ်ကြနှင့်"*

---

## မှန်သောအရာတို့၌ပညာရှိလော့

မိမိတို့သည် ကောင်းစွာတတ်သိနားလည်သောသူဟု ကောရိန္သုမြို့၌ရှိသောခရစ်ယာန်တို့က ယူဆကြ၏။ သို့သော် သူတို့၏ အတုအယောင်ဘာသာစကားနှင့် အခြားသောအရာတို့ကို အလွဲသုံးကြခြင်းတို့သည် သူတို့သင်ယူစရာများစွာရှိသေးကြောင်းကို ဖော်ပြ၏။

ထို့ကြောင့် ရှင်ပေါလုက သူတို့ကို "ဉာဏ်အရာ၌ သူငယ်မဖြစ်ကြ" (၁ ကော ၁၄း၂၀) ဘဲ ဝိညာဉ်ရေးနှင့်ဆိုင်သောအတွေးအခေါ်နှင့်နားလည်ခြင်း၌ ရင့်ကျက်သောသူဖြစ်ဖို့ရန် တိုက်တွန်းခဲ့၏။ ရင့်ကျက်သော နားလည်ခြင်းက ဘုရားတရားကြည်ညိုသော လုပ်ဆောင်ချက်ကိုဖြစ်စေ၏။ ၁ ကော ၁၄ ၏ကိစ္စရပ်တွင် ယုံကြည်သူတို့အနေဖြင့် အခြားသောဘာသာစကား၏ ရည်ရွယ်ချက်ကို ကောင်းစွာနားလည်ခြင်းမှ သူတို့ရရှိသောဆုကျေးဇူးတို့ကို ပညာရှိစွာနှင့် သင့်လျော်စွာအသုံးပြုစေခဲ့မည်။ "ကောင်းကျိုးမကောင်းကျိုးကို ပိုင်းခြား၍၊ သိနိုင်သောဉာဏ်ပေးတတ်သော၊ အကြားအမြင်အတွေ့အစမ်းများသောသူတည်းဟူသော၊ စုံလင်သောအရွယ်ရှိသောသူတို့မူကား၊ ကြေခဲသော အစာအာဟာရကို သုံးဆောင်ရကြ၏" (ဟေဗြဲ ၅း၁၄)။

ဝမ်းနည်းစရာကောင်းသည်မှာ ကောရိန္သု၌ရှိသောခရစ်ယာန်တို့သည် မှားယွင်းသောအရာတို့၌ PhDs များဖြစ်ခဲ့ကြသည်။ သူတို့သည် အပြစ်ဒုစရိုက်နှင့် ကာမဂုဏ်ခံစားခြင်း၌ အလွန်ကျွမ်းကျင်ကြ၏။ သူတို့သည် ဘုရားသခင်၏အရာတို့ကို လေ့လာသင်ယူဖို့ စိတ်ဝင်စားမှုမရှိကြဘဲ၊ တစ်ဦးနှင့်တစ်ဦးအပေါ် လွှမ်းမိုးဖို့ရန်သာ ကြိုးစားကြ၏။ သူတို့ကျင့်သုံးသောအရာတို့သည် သမ္မာကျမ်းစာနှင့် ကိုက်ညီမှုရှိသည်မရှိသည်ကိုလည်း ဆန်းစစ်ရန် ဂရုမစိုက်ကြပေ။ သူတို့၏စွဲလမ်းသောစိတ်နှင့် ယုံကြည်သောလမ်းတို့သည် တရားသူကြီးခေတ်၌ ဣသရေလလူတို့ပြုသောပုံနှင့် အလွန်ဆင်တူခဲ့သည်။ ဣသရေလလူတို့သည် "လူတိုင်းမိမိစိတ်အလိုရှိသည်အတိုင်း ပြုခဲ့ကြ၏" (သူကြီး ၂၁း၂၅)။

ထိုနည်းတူ ကျွန်ုပ်တို့သည် မှန်သောအရာတို့၌ ပညာရှိဖို့ရန် ကြိုးစားရပါမည်။ ခရစ်ယာန်ဖြစ်သောကျွန်ုပ်တို့သည် မှားယွင်းသောအရာတို့နှင့်မပတ်သက်ရပါ။ ထို့ပြင်လောကီအရာတို့ကိုဖြစ်စေ၊ ဆိုးယုတ်သောအကြံအစည်တို့ကိုဖြစ်စေရှာဖွေကြံစည်ရန် ပညာရှိမဖြစ်ရကြပါ။ ထိုအရာများထက် ကျွန်ုပ်တို့သည်ကောင်းကင်နှင့်ဆိုင်သောအရာများနှင့် သမ္မာကျမ်းစာတို့ကို ရှာဖွေဖို့ရန် ပညာရှိရပါမည်။

ထို့ကြောင့်သင်သည် ဆိုးယုတ်ခြင်း၌ (သို့) ဖြောင့်မတ်ခြင်း၌ ပညာရှိပါသလား။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် ဖြောင့်မတ်ခြင်း၌ပညာရှိပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အခြားသူတို့အား စစ်မှန်သောပညာ၌ ကြီးထွားစေဖို့ ကူညီနိုင်ရန် အကျွန်ုပ်ကို အသုံးပြုတော်မူပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၁၂)
**၁ ကော ၁၄း၂၀-၂၅**
ဟေဗြဲ ၂၈း၁၁-၁၂

*"အခြားသော ဘာသာစကားတို့သည် နိမိတ်လက္ခဏာဖြစ်သည်. . . မယုံကြည်သောသူတို့အား နိမိတ်လက္ခဏာဖြစ်သတည်း"*

## အခြားသောဘာသာစကားပြောခြင်းရည်ရွယ်ချက်

၁ ကော ၁၄း၂၂ တွင် ရှင်ပေါလုက အခြားသောဘာသာစကားပြောခြင်းသည် မယုံကြည်သူတို့ အတွက် နိမိတ်လက္ခဏာအဖြစ် ရည်ရွယ်ကြောင်းကို သင်ကြားပေး၏။ ဤစည်းမျဉ်းသည် ဟေရှာ ၁၈း၁၁-၁၂ မှဆင်းသက်လာခြင်းဖြစ်၏။ "အကယ်စင်စစ်၊ စကားမပီသောနှုတ်၊ ရိုင်းသောလျှာနှင့် ဤလူမျိုးကိုမိန့်တော်မူလိမ့်မည်။ ဤသို့ပြုလျှင် ငြိမ်ဝပ်လိမ့်မည်။ ပင်ပန်းသောသူတို့သည် ငြိမ်ဝပ်ကြ စေ။ ဤသို့ပြုလျှင် သက်သာလိမ့်မည်ဟု မိန့်တော်မူသော်လည်း၊ သူတို့သည် နားမထောင်ကြ" (ဟေရှာ ၂၈း၁၁-၁၂)။ ဣသရေလလူတို့၏ မယုံကြည်ခြင်းကြောင့် ဘုရားသခင်သည် အာရှုရိလူတို့ကို အသုံးပြု၍ သူတို့အား မိမိတို့ပြည်မှ ဖယ်ရှားစေခဲ့၏။ ထိုသို့ပြည်နှင်ဒဏ်ခံရပြီးနောက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တိုင်းတပါးဖြစ်သော အာရှုရိဘာသာစကားဖြင့် သင်ကြားခဲ့ကြသည်။ အရာရာတိုင်းကို "တစ်ခု အပေါ်မှတစ်ခု၊ တစ်နည်းပေါ်မှာ တစ်နည်း၊ သည်ဘက်မှာ အနည်းငယ်၊ ဟိုဘက်မှာအနည်းငယ်ဖြစ်ရလိမ့်မည်" (ဟေရှာ ၂၈း၁၃) ဟူ၍သင်ကြားခဲ့ရသည်။ ထို့ပြင် အခြားသောဘာသာစကားကို ပြောခြင်းသည် မယုံကြည်သော ဣသရေလလူတို့အတွက်မူကား၊ တရားစီရင်ခြင်းနိမိတ်လက္ခဏာဖြစ် သည်။

အခြားသောဘာသာစကား၏ နိမိတ်လက္ခဏာကို တမန် ၁၀ ၌လည်း အသုံးပြုထား၏။ ထိုခေတ်ကာလတွင် ဘုရားသခင်သည် မိမိ၏ကယ်တင်ခြင်းကို တပါးအမျိုးသားတို့ထံ ကျယ်ပြန့်စေမည်အကြောင်းကို ယုဒလူတို့မယုံခဲ့ကြပေ။ ဘုရားသခင်သည် ပေတရုအား တပါးအမျိုးသားဖြစ်သော ကောနေလိအိမ်သို့ အစေခံရန်စေလွှတ်သောအခါ ထိုကာလတွင် ယုဒလူတို့သည် တပါးအမျိုးသားတို့နှင့် အဘယ်အမှုကိုမျှ မပတ်သက်ခဲ့သောကြောင့်၊ ပေတရုသည် သွားဖို့ရန် တုံ့ဆိုင်းနေခဲ့၏။ သို့သော်လည်း ပေတရုသည် နာခံခြင်းဖြင့် ကောနေလိထံသို့ သွားခဲ့ပြီး၊ တရားဟောကြားပြီးနောက်တွင် ယုံကြည်သောတပါးအမျိုးသားတို့သည် အခြားသောဘာသာစကားဖြင့် ပြောကြ၍ ဘုရားသခင်ထံ ဟစ်အော်ကြ၏ (တမန် ၁၀း၄၄-၄၆)။ နောင်ပိုင်းတွင် ဤအကြောင်းအရာကို ပေတရုသည် တပါးအမျိုးသားတို့ထံသို့ အမှုတော်လုပ်ငန်းနှင့်ပတ်သက်၍ မေးမြန်းခြင်းခံရသောအခါတွင် ယေရုရှလင်မြို့၌ရှိသော ကောင်စီထံသို့ သက်သေအဖြစ် အသုံးပြုခဲ့သည် (တမန် ၁၁း၁၅)။ အခြားသောဘာသာစကားပြောခြင်းနိမိတ်လက္ခဏာသည် ယုံကြည်သူတပါးအမျိုးသားတို့ထံ၌ သန့်ရှင်းသော ဝိညာဉ်တော်အမှန်ကျိန်းဝပ်ကြောင်းကိုငှင်း၊ သူတို့အတွက် ဧဝံဂေလိသတင်းကောင်းတံခါးကို ဖွင့်ပေးကြောင်းကိုငှင်း၊ မယုံကြည်သော ယုဒလူတို့အား သက်သေထူဖို့ရန် ပေးခဲ့ခြင်းဖြစ်သည်။

ရှင်ပေါလုသည် အခြားသောဘာသာစကားကို အထိန်းအကွပ်မဲ့စွာဖြင့် မဆင်မခြင်အသုံးပြုခြင်းကို ဆန့်ကျင်၍ တဖန်သတိပေးခဲ့သည်။ တစုံတဦးသည် အခြားသောဘာသာစကားတို့ဖြင့် ပြောဆိုလျှင်၊ အသင်းတော်အား ပရမ်းပတာနှင့်ရှုပ်ထွေးခြင်းဖြင့် ပြည့်စေလိမ့်မည်မဟုတ်လော။ တစ်ဖက်တွင် တရားဟောပြောခြင်းမူကား မယုံကြည်သောသူတို့အား ဘုရားသခင်ကို ချီးမွမ်းဖို့ရန် ပို့ဆောင်ပေးလိမ့်မည်။ ထို့ကြောင့်အရာရာတိုင်းကို တင့်တယ်လျောက်ပတ်စွာနှင့် အစီအစဉ်တကျပြုလုပ်ရပါမည် (၁ ကော ၁၄း၄၀)။

**ဆင်ခြင်ရန်** - အခြားသောဘာသာစကားနိမိတ်လက္ခဏာသည် မယုံကြည်သူတို့အဖို့ဖြစ်၏။
**ဆုတောင်းချက်** - အဘဘုရား၊ မှန်သောအရာကို သိမြင်ခွဲခြားတတ်စေတော်မူပါ။

ကြာသပတေး၊ ဒီဇင်ဘာ (၁၃)
**၁ ကော ၁၄:၂၆-၃၃**
၁ ကော ၁၄:၄၀

*"ဘုရားသခင်သည် ရှုန်းရင်းခတ်သော အမှုကိုပြုစုတော်မမူ။ . . . အသင့် အတင့်ငြိမ်ဝပ်ခြင်းကိုပြုစုတော်မူ၏"*

## စနစ်တကျစီစဉ်ထားသောဝတ်ပြုကိုးကွယ်ခြင်း

ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်သည် ပရမ်းပတာမဖြစ်ရပါ။ အကြောင်းမူကား ဘုရားသခင်သည် ရှုန်းရင်းခတ်သောအမှုကို ပြုစုတော်မမူဘဲ၊ ငြိမ်ဝပ်ခြင်းကိုပြုစုသောသူဖြစ်၏ (၁ ကော ၁၄:၃၃)။ ပရမ်းပတာဖြစ်သော ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်က မယုံကြည်သူတို့အနေဖြင့် ယုံကြည်သူတို့အား သူရူးများဖြစ်ကြသည်ဟု ကဲ့ရဲ့စရာအကြောင်းကို ဖြစ်စေလိမ့်မည် (၁ ကော ၁၄:၂၃)။ သို့သော် စနစ်တကျစီစဉ်ထားသော ဝတ်ပြုကိုးကွယ်ခြင်းမူကား ဘုရားသခင်သည် ပရိသတ်အလယ်တွင်ရှိကြောင်းကို အခြားသောသူတို့အား ပြသပေးလိမ့်မည် (၁ ကော ၁၄:၂၅)။ ထို့ကြောင့် ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်အား သမ္မာကျမ်းစာစည်းမျဉ်းနှင့်အညီ တင့်တယ်လျောက်ပတ်စွာ ပြုလုပ်ရပါမည်။

ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်၌ အခြားသောဘာသာစကားနှင့် ပရောဖက်ပြုခြင်း (တရားဟောခြင်း) တို့နှင့်ပတ်သက်၍ ရှင်ပေါလုသည် စည်းမျဉ်းကို တည်ဆောက်ခဲ့ပါသည်။ ထိုစည်းမျဉ်းမှာ ယုံကြည်သူတို့သည် ယုံကြည်ခြင်း၌ တည်ဆောက်နိုင်ပါမည်အကြောင်း၊ ထိုအရာတို့ကို နားလည်ရပါမည်။ ထိုစည်းမျဉ်းကို အခြေပြု၍ ရှင်ပေါလုပေးထားသည်မှာ အောက်ပါအချက်တို့ဖြစ်သည် (Khoo အတိုချုံးသည်အတိုင်း)။

**အခြားသောဘာသာစကားပြောခြင်းအတွက် စည်းမျဉ်းများ (၁ ကော ၁၄:၂၆–၂၈)**–
- ⁕ တစ်ကြိမ်ထဲ၌ ပုဂ္ဂိုလ်သုံးဦးထက်ပို၍ အခြားသောဘာသာစကားပြော၍မရပါ။
- ⁕ အခြားသောဘာသာစကားပြောသောသူတို့သည် အလှည့်ကျပြောရပါမည် (ဆိုလိုသည်မှာ တစ်ကြိမ်တည်းမှာပဲ အတူတူမပြောရကြပါ။ ထိုသို့ဖြစ်လျှင် ရှုပ်ထွေးမှုရှိနိုင်ပါသည်)။
- ⁕ ပုဂ္ဂိုလ်တစ်ဦးသည် သတင်းစကားကို အနက်ပြန်ရမည်။
- ⁕ နက်ဖြန်ဆိုသူမရှိလျှင် အခြားသောဘာသာစကားကို အများပြည်သူရှေ့မှောက်တွင် မသုံးရပါ။ သို့ရာတွင် အခြားသောဘာသာစကားကိုပြောသောသူသည် ဘုရားသခင်နှင့် မိမိကိုယ်ကို ပြောဆိုနိုင်သည်။

**ပရောဖက်ပြုခြင်းအတွက် စည်းမျဉ်းများ (၁ ကော ၁၄:၂၉–၃၃)**
- ⁕ ဝတ်ပြုခြင်း၌ ပရောဖက်နှစ်ဦး (သို့) သုံးဦးထက်ပို၍ ပရောဖက်မပြုရပါ။
- ⁕ တစ်ကြိမ်တွင် ပရောဖက်တစ်ဦးတည်းကသာ စကားပြောရမည်။
- ⁕ ခွဲခြားသိမြင်တတ်ခြင်းဆုကျေးဇူးကို ရရှိသူတို့က ထိုပရောဖက်ပြုချက်တို့ကို အကဲဖြတ်ရပါမည်။ ဤအကဲဖြတ်စီရင်ခြင်းကို ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း ပြုရမည်။

သင်၏အသင်းတော်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်အတွက် သမ္မာကျမ်းစာ၌ရှိသော အခြေခံကို သင်သိပါသလား။

**ဆင်ခြင်ရန်** - ဝတ်ပြုခြင်းသည် ပရမ်းပတာမဖြစ်ရဘဲ သင့်တင့်လျောက်ပတ်စွာဖြစ်ရမည်။
**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်ပြုသောအရာအားလုံးအတွက် သမ္မာကျမ်းစာနှင့်ဆိုင်သော အခြေခံကို သိရှိရန် ကူညီတော်မူပါ။

သောကြာနေ့၊ ဒီဇင်ဘာ (၁၄)

**၁ ကော ၁၄:၂၆-၃၃**

၁ ကော ၁၄:၄၀

*“ခပ်သိမ်းသောအမှုကို တင့်တယ်လျောက်ပတ်စွာ အစဉ်အတိုင်း စီရင်ကြလော့”*

## သမ္မာကျမ်းစာသင်ပေးသောအခြားသောဘာသာစကား Vs ဝိညာဉ်ဆုကျေးဇူးအလွန်အကျွံယုံကြည်သောသူတို့၏မသိသောဘာသာစကား

(From *Charismatic Tongues Examined* by Jeffrey Khoo)

| သမ္မာကျမ်းစာသင်ပေးသော အခြားသော ဘာသာစကား | ဝိညာဉ်ဆုကျေးဇူးအလွန်အကျွံယုံကြည်သော သူတို့၏မသိသောဘာသာစကား |
|---|---|
| ဝိညာဉ်တော်တန်ခိုးအားဖြင့်အံ့ဖွယ် ပေးသနားတော်မူခြင်း (၁ ကော ၁၂:၁၁) | လူ့အလိုလိုက်ခြင်းနှင့်လူ၏သင်ပေးခြင်း |
| နိုင်ငံရပ်ခြားဘာသာစကား (တမန် ၂:၆) | အဓိပ္ပာယ်မရှိသောအသံအမျိုးမျိုးပြုခြင်း |
| စိတ်နှလုံးနှင့်အသိဉာဏ်ပါဝင်၏ (၁ ကော ၁၄:၁၅) | စိတ်နှလုံးပါဝင်သော်လည်း အသိဉာဏ်မပါ |
| တင့်တယ်လျောက်ပတ်စွာအစဉ်အတိုင်း ပြုသောအမှု (၁ ကော ၁၄:၄၀) | အစဉ်အတိုင်းမဟုတ် ရှုပ်ထွေးမှုရှိ၏ |
| တည်ဆောက်ခြင်းကိုဖြစ်စေ၏ (၁ ကော ၁၄:၁၅) | တစ်ကမ္ဘာ၊တစ်ဘာသာစနစ်ကို ထောက်ခံ၏ (*Dictionary of the Ecumenical Movement*, s.v. "Charismatic Movement," by Peter Hocken) |
| ဘုရားသခင်၏အလိုတော်အတိုင်း အချို့သော သူတို့ထံ၌သာပေးတော်မူ၏ (၁ ကော ၁၂:၃၀) | လူ့အလိုအားဖြင့်လူတိုင်းထံပေးခြင်း |
| တမန်တော်ခေတ်၌သာရှိသော ယာယီဆုကျေးဇူး (၁ ကော ၁၃:၈) | အသင်းတော်ခေတ်၏ထာဝရဆုကျေးဇူး |
| အနက်ဖွင့်ခြင်းဆုကျေးဇူးနှင့်အတူဖြစ်တတ်၏ (၁ ကော ၁၄:၁၃) | အနက်ဖွင့်ခြင်းဆုကျေးဇူးနှင့်အတူ မဖြစ်မနေ ဖြစ်စရာမလို |
| ခရစ်ယာန်တို့ထံ၌သာပေးတော်မူခြင်း (မာကု ၁၆:၁၇၊ တမန် ၈:၁၃၊ ၁၇) | အမည်ခံခရစ်ယာန်များနှင့်ရော်မန်ကာသိုလစ် တို့ထံပေးတော်မူခြင်း (*Dictionary of Pentecostal and Charismatic Movements*, s.v. "Catholic Charismatic Renewal," by F.A. Sullivan) |
| ထိန်းသိမ်းစောင့်ရှောက်မှုအစဉ်ရှိ၏ (၁ ကော ၁၄:၂၇-၂၈) | အထိန်းအချုပ်မဲ့ပြုမူတတ်၏ |
| အငယ်ဆုံးသောဝိညာဉ်ဆုကျေးဇူး (၁ ကော ၁၄:၅) | အကောင်းဆုံးသောဝိညာဉ်ဆုကျေးဇူး |
| မယုံကြည်သူယုဒလူတို့အဘို့ နိမိတ်လက္ခဏာ (၁ ကော ၁၄:၂၂) | တစ်ဦးတစ်ယောက်ချင်းနှင့်ဆိုင်သော ဝိညာဉ်ရေးရာသန့်ရှင်းခြင်းနိမိတ်လက္ခဏာ |

စနေနေ့၊ ဒီဇင်ဘာ (၁၅)
**၁ ကော ၁၄း၃၄-၃၆**
တိ ၂း၃-၅

*“သင်တို့၏မိန်းမတို့သည်*
*အသင်းတော်၌တိတ်ဆိတ်စွာနေကြစေ”*

## မိန်းမတို့သည်တိတ်ဆိတ်စွာနေကြစေ (၁)

“မိန်းမတို့သည်အသင်းတော်၌တိတ်ဆိတ်စွာနေကြစေ” ဟူ၍ ရှင်ပေါလုအမိန့်ပေးသော အခါ မိန်းမတို့သည် သင်ကြားခြင်း၌လုံးဝမပါဝင်ရမည်အကြောင်း တားမြစ်ခြင်းမဟုတ်ပေ။ တိတု ၂း၃-၅ တွင် ပေါလုသည် အသက်ကြီးရင့်သောမိန်းမတို့အား ငယ်ရွယ်သောမိန်းမတို့ကို မိန်းမတို့ဘဝ နှင့်ပတ်သက်၍ ကျမ်းစာနှင့်ညီသောစည်းမျဉ်းတို့ကို သင်ကြားပေးရန် တိုက်တွန်းခဲ့သည်။ “ထိုနည်းတူ အသက်ကြီးရင့်သောမိန်းမတို့သည် ကျင့်ကြံပြုမူရာမှာ ဓမ္မအမှုနှင့်ထိုက်တန်သောသူ၊ မချောစား တတ်သောသူ၊ စပျစ်ရည်၌ မလွန်ကြူးတတ်သောသူ၊ ကောင်းသောအတတ်ကို သင်ပေးတတ်သောသူ ကိုယ်တိုင်ဖြစ်၍၊ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ကဲ့ရဲ့ခြင်းနှင့် ကင်းလွတ်စိမ့်သောငှါ၊ အသက်ပျိုသောမိန်းမတို့သည် ကိုယ်ခင်ပွန်းကိုချစ်သောသူ၊ သားသမီးကိုချစ်သောသူ၊ ဣန္ဒြေစောင့် သောသူ၊ စင်ကြယ်သောသူ၊ မိမိအိမ်ကိုပြုစုသောသူ၊ ကောင်းမွန်သောသူ၊ ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံသောသူဖြစ်စေခြင်းငှါ၊ အသက်ကြီးရင့်သောမိန်းမတို့သည် ဆုံးမပေးကြရမည်” (တိတု ၂း၃-၅)။ အသင်းတော်တွင် အမျိုးသမီးတို့နှင့် ကလေးသူငယ်တို့ ကို သွန်သင်ပေးဖို့ရန် ဝိညာဉ်ရေးရာ၌ ရင့်ကျက်သောအမျိုးသမီးတို့၏ ကဏ္ဍသည် အမှန်တည်ရှိ၏။

၁ ကော ၁၁း၂-၁၆ တွင် အချို့သောမိန်းမတို့သည် ဦးခေါင်းကိုမဖုံးဘဲ ဝတ်ပြုခြင်းအစီ အစဉ်၌ ပရောဖက်ပြုကြကြောင်းကို ကျွန်ုပ်တို့မြင်တွေ့ရ၏။ ထို့ကြောင့် ပေါလုသည် အမျိုးသမီးတို့ အနေဖြင့် မိမိတို့ဦးခေါင်းအား အဘယ်ကြောင့်ဖုံးဖို့လိုအပ်ကြောင်းကို ဖော်ပြခဲ့၏။ ၁ ကော ၁၄း၃၄-၃၆ တွင်မူ၊ မိန်းမတို့သည် အများပြည်သူဝတ်ပြုခြင်းအစီအစဉ်၌ သင်ကြားပို့ချခွင့်မပြုကြောင်းကို ပေါလုသည် ရှင်းလင်းစွာဖော်ပြ၏။

အကြောင်းပြချက်သည် ယောကျ်ား၏ဦးခေါင်းဖြစ်ခြင်းဟူသော စည်းမျဉ်းအပေါ် မှီခို၏။ ၁ တိ ၂း၉-၁၅ တွင် မိန်းမသည်ယောကျ်ား၏အုပ်စိုးခြင်းကို ခံရမည့်အကြောင်းနှင့် ပတ်သက်၍ဤ အချက်နှစ်ခုကိုပေးခဲ့၏- (၁) အာဒံကိုရှေးဦးစွာဖန်ဆင်း၍ နောက်မှဧဝကို ဖန်ဆင်း၏။ ထိုအချက် က ဧဝ၏တာဝန်မှာ အာဒံအားကူညီဖို့ရန်ဖြစ်ကြောင်းကို သက်သေထူ၏။ (၂) ဧဝသည် ရှေးဦးစွာ လှည့်ဖြားခြင်းကိုခံရ၏။ ဧဝသည်အာဒံ၏ခေါင်းဆောင်မှုကို လုယူဖို့ဆုံးဖြတ်သောအခါတွင် လူသား မျိုးနွယ်စုအား ကျရှုံးခြင်းသို့ ရောက်စေခဲ့၏။

ထို့ပြင် ဝတ်ပြုကိုးကွယ်ခြင်းသည် စနစ်တကျရှိနိုင်ဖို့အတွက် ပေါလုက ဤစည်းမျဉ်းတို့ ကို ထားပေး၏။ ၎င်းတို့မှာ (၁) အဘယ်မိန်းမကိုမှ အများပြည်သူဝတ်ပြုအစည်းအဝေးတွင် သင် ကြားခြင်းခွင့်မပြုသင့်။ (၂) မိန်းမတို့သည် မိမိတို့ခင်ပွန်းသည်တို့အား သခင်ဘုရား၌ နာခံကြရပါ မည်။ (၃) မိန်းမတို့သည် သင်ကြားသောအရာတို့၌ မေးခွန်းမေးစရာရှိလျှင် မိမိတို့ခင်ပွန်းတို့အား သီးသန့်ရှိနေကြချိန်တွင် မေးမြန်းကြစေ။ ခင်ပွန်းသည်တို့သည် အိမ်ထောင်ဦးစီးဖြစ်သကဲ့သို့၊ မိမိတို့ ဇနီးသည် (မိန်းမ) တို့အား ဝိညာဉ်ရေးရာနှင့်ဆိုင်သောအရာတို့၌ ညွှန်ကြားပို့ချရန်တာဝန်ရှိ ကြ၏။

**ဆင်ခြင်ရန်** - ဝိညာဉ်ရေးရာ၌ ရင့်ကျက်သောမိန်းမတို့သည် ငယ်ရွယ်သောမိန်းမတို့အား ဦးဆောင်လမ်းပြသင့်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ အသင်းတော်တွင် ယုံကြည်ခြင်း၌ရင့်ကျက်သော မိန်းမတို့ကို ပေါ်ထွက်စေတော်မူပါ။

*“. . . ဒေဗောရသည်
ဣသရေလအမျိုးကိုအုပ်စိုး၏”*

## မိန်းမတို့သည်တိတ်ဆိတ်စွာနေကြစေ (၂)

လူထုဝတ်ပြုခြင်း၌သွန်သင်ခြင်းမပြုခြင်း၄င်း၊ မိန်းမတို့အား ဆီးတားခြင်းအမှုကိုအချို့သောသူသည် ဆန့်ကျင်တတ်ကြ၏။ ထိုသို့ဆန့်ကျင်ခြင်းအမှု၌ ဖိလိပ္ပု၏သမီးကညာများအကြောင်းကို အခြေခံတတ်ကြ၏ (တမန် ၂၁း၈-၉)။ သို့သော်လည်း ဤသမီးကညာတို့သည် လူထုရှေ့၌မဟုတ်ဘဲ ဖိလိပ္ပု၏အိမ်၌သာ ပရောဖက်ပြုကြကြောင်း မှတ်သားရပါမည်။ ထို့ကြောင့် ဤဆန့်ကျင်ခြင်းအမှုအတွက် ဤဥပမာသည် မသင့်တော်ပါ။

သို့ဆိုလျှင် တရားသူကြီးအခန်းကြီး ၄ ထဲမှ မိန်းမပရောဖက်ဒေဗောရသည် မည်သို့နည်း။ ကျွန်တော်တို့နားလည်ရမည်မှာ ဒေဗောရသည် လူတိုင်းမိမိအမြင်၌ မှန်သည်ဟုထင်သောအရာကို ပြုကြသောအချိန် ဣသရေလသည် ဝိညာဉ်ရေးရာ၌ လုပ်ရှားမှုကင်းမဲ့သောအချိန်တွင် အမှုဆောင်ရွက်ခြင်းဖြစ်၏။ ထိုသို့ဝိညာဉ်အရေးလျစ်လျူရှုသောအချိန်၌ ဣသရေလကိုအုပ်စိုးခြင်း၄င်း၊ အမျိုးသမီးအား ဘုရားသခင်ရွေးကောက်ခြင်းသည် ယောကျ်ားများကို တမင်ရှုပ်ချခြင်းဖြစ်ပါသည်။ ထို့ကြောင့်ဒေဗောရသည် ဗာရက်နှင့်တွေ့သောအခါ အလျှင်အမြန်ဤသို့တာဝန်ပေးခဲ့၏- “တဖန် ဒေဗောရသည် လူကိုစေလွှတ်၍ နဿလိခရိုင် ကေဒေရှမြို့မှာနေသော အဘိနောင်၏သား ဗာရက်ကိုခေါ်ပြီးလျှင် သင်သည် နဿလိအမျိုး၊ ဇာဗုလုန်အမျိုးထဲက လူတစ်သောင်းကို သွေးဆောင်၍ တာဗော်တောင်သို့သွားလော့” (သူကြီး ၄း၆)။

နောက်ဆုံးတွင် သိသရ သည်လည်း ဗာရက်၏သတ်ဖြတ်ခြင်းမဟုတ်ဘဲ မိန်းမတစ်ဦး၏သတ်ခြင်းကိုခံခဲ့ရကြောင်းတွေ့ရပါသည်။ ဤသည်ကား ဘုရားသခင်က ယောကျ်ားတို့အား ဝိညာဉ်အရာ၌ နိုးကြားခြင်းရှိမည်အကြောင်း နှိုးဆော်မှုအဖြစ် အခွင့်ပေးခြင်းဖြစ်ပါသည်။ သို့သော်လည်း ဦးဆောင်မည့်ယောကျ်ားများမရှိသောအချိန်တွင် ဘုရားသခင်သည် မိမိအလိုပြည့်စုံစေခြင်း၄င်း၊ မိန်းမတို့ကိုလည်း အသုံးပြုနိုင်ပါသည်။

ထိုနည်းတူ အချိန်ကာလတစ်ခုအထိ မိန်းမတရားဟောခြင်း၄င်း၊ လိုအပ်သောအခြေအနေမျိုး ရှိနိုင်ပါသည်။ ဥပမာအားဖြင့် သတင်းကောင်းမကြားဖူးသောအရပ်ဒေသ၌ မိန်းမသည် အဦးဆုံး သာသနာပြုသောသူဖြစ်ခဲ့၏။ ထိုအရပ်၌ ဝိညာဉ်ရေးရာအမှုတွင် ထိုမိန်းမထက် သာလွန်သောသူ ဘယ်သူမှမရှိသောကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်သွန်သင်ဟောပြောခြင်း၄င်း၊ သူသည် အသင့်တော်ဆုံးဖြစ်ပါသည်။ ဤသို့သောအခြေအနေတွင် မည်သူကမျှ ထိုမိန်းမအား တရားမဟောခြင်း၄င်း၊ လုံးဝမတားမြစ်သင့်ပါ။ သို့သော်လည်း ထိုယုံကြည်သူအဖွဲ့အစည်းသည် ယုံကြည်ခြင်း၌ ကြီးထွားရင့်ကျက်လာသောအခါ အသင်းတော်၌ဦးဆောင်မည့်အမှုကို သူတို့အထဲမှ သင့်တော်သော ယောကျ်ားများက တာဝန်ယူကြရပါမည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် ဘုရားသခင်၏ လမ်းစဉ်ကို နာခံလိုက်လျှောက်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အသင်းတော်၌ ဦးဆောင်မည့်ယောကျ်ားများ ပေါ်ထွန်းစေတော်မူပါ။

တနင်္လာ၊ ဒီဇင်ဘာ (၁၇)

**၁ ကော ၁၄:၃၇-၄၀**

၁ ကော ၁၄:၃၃ *"... ငါတို့မူကားခရစ်တော်၏ စိတ်ကိုခံရကြ၏"*

# ဝတ်ပြုကိုးကွယ်ခြင်းနည်းဥပဒေသ

(*Theology for Every Christian* by Tow and Khoo မှကောက်နုတ်ချက်)

ဘုရားသခင်က ကျွန်ုပ်တို့အား မိမိနည်းလမ်းအတိုင်း ဝတ်ပြုကိုးကွယ်စေခြင်းငှါ အလိုရှိ၏။ ဘုရားသခင်ပြဋ္ဌာန်းတော်မူသောနည်းအတိုင်းမဟုတ်သော ဝတ်ပြုကိုးကွယ်ခြင်းကို ဘုရားလက်မခံပါ။ ဥပမာအားဖြင့် နာဒပ်နှင့်အဘိဟုတို့သည် "ထာဝရဘုရားမှာထားတော်မူသောမီးမဟုတ်၊ ထူးခြားသောမီးကို ရှေ့တော်၌ပူဇော်" (ဝတ် ၁၀:၁) သောကြောင့် ဒဏ်ခတ်ခြင်းခံရကြ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အပျော်တီထွင်သောနည်းအတိုင်း ဝတ်ပြုခြင်းကိုခွင့်ပြုတော်မမူ။ သမ္မာကျမ်းစာထဲ၌မိမိပြဋ္ဌာန်းထားသော ဝတ်ပြုခြင်းနည်းဥပဒေသအတိုင်း ဝတ်ပြုခြင်းငှါ ကျွန်ုပ်တို့ကို ဘုရားသခင်အလိုရှိတော်မူ၏။

ဤဝတ်ပြုကိုးကွယ်ခြင်းနည်းဥပဒေသတွင် ခရစ်ယာန်ယုံကြည်ခြင်း၏ အရေးကြီးသောယုံကြည်ချက်နှစ်ချက်ပါဝင်ပါသည်။ ပထမတစ်ချက်မူကား ဘုရားသခင်၏ဇာတိသဘောပင်ဖြစ်ပါသည်။ ၁ ကော ၁၄:၃၃ နှင့် ၄၀ တို့တွင် ကျွန်တော်တို့ဝတ်ပြုကိုးကွယ်သောဘုရားသခင်သည် ရုန်းရင်းခတ်သောအမှုကို ပြုသောသူမဟုတ်ဘဲ၊ တင့်တယ်လျောက်ပတ်စွာ အစဉ်အတိုင်းပြုတော်မူသောဘုရားဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် ရုန်းရင်းခတ်ခြင်း၊ ရှုပ်ထွေးခြင်းရှိသော ဝတ်ပြုခြင်းမျိုးကို နှစ်သက်တော်မူသည်မဟုတ်။

ဝိညာဉ်ရေးရာရင့်ကျက်မှုသည် အလွန်အရေးကြီးသောအချက်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဝိညာဉ်အရာကို သတိပြုလေလေ၊ ဘုရားသခင်၏သန့်ရှင်းခြင်းကို ပို၍သတိထားလေလေ ဖြစ်ပါသည်။ ဥပဒေသနည်းလမ်းတို့သည် အဓိကအရေးကြီးသည်မဟုတ်ဘဲ၊ ဝိညာဉ်ရေးရာအမှုသည် အဓိကကျပါသည်။ အကျွန်ုပ်တို့စိတ်နှလုံးသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ကိုက်ညီ လျောက်ပတ်ခြင်းရှိလျှင် မည်သို့ကိုးကွယ်ရမည်၊ မကိုးကွယ်ရမည်ဟူသောအချက်များ ပေးနေစရာမလိုဘဲ၊ ဘုရားသခင်အလိုရှိသော၊ ပြုစေလိုသောအမှုကို ကျွန်တော်တို့ အလိုလိုသိကြပါလိမ့်မည်။ ဘုရားသခင်အလိုရှိသောအရာကို ကျွန်တော်တို့သည် အလိုလို လိုချင်စိတ်ရှိလိမ့်မည်။ "ဝိညာဉ်လူမူကား၊ ထိုအရာအလုံးစုံတို့ကို ပိုင်းခြား၍နားလည်တတ်၏။ သို့သော်လည်း ထိုလူကို အဘယ်သူမျှ ပိုင်းခြား၍ မသိနိုင်။ ထိုလူကို သွန်သင်နိုင်မည်အကြောင်း အဘယ်သူသည် ထာဝရဘုရား၏ စိတ်တော်ကို သိသနည်း။ ငါတို့မူကား ခရစ်တော်၏စိတ်ကိုခံရကြ၏" (၁ ကော ၂:၁၅-၁၆)။

ဝတ်ပြုကိုးကွယ်ခြင်းနည်းဥပဒေသတွင် အသီးအခြားနေခြင်းလည်းပါဝင်၏။ ဤသွန်သင်ချက်ကို ရောမ ၁၂:၁-၂ ထဲတွင် တွေ့ရပါသည်။ အသင်းတော်သည် ဤလောက၌ရှိသော်လည်း ဤလောက၏အပိုင်မဖြစ်ရပါ။ ဤအချက်၌ ဝတ်ပြုကိုးကွယ်နည်းလည်းပါပါသည်။ ခေတ်သစ်ခရစ်ယာန်တေးဂီတ (CCM) ကို လက်မခံကြပါနှင့်။

**ဆင်ခြင်ရန်** - ၁ ကော ၁၄:၄၀ ကို အလွတ်ကျက်မှတ်ပါလော့။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ကို နံဝိညာဉ်နှင့်ဋင်း၊ သစ္စာနှင့်ဋင်း ဝတ်ပြုခြင်းငှါ အကျွန်ုပ်ကိုမစတော်မူပါ။

**၁ ကော ၁၅း၁-၂**
မသဲ ၁၃း၂၄-၃၀

*“ငါသည်သင်တို့အား ဟောပြောဘူးသည်. . . ဧဝံဂေလိတရားကို သင်တို့အား တဖန်ငါကြားလိုက်၏”*

## ဧဝံဂေလိတရားကို ဟောပြောရပါမည်

၁ ကော ၁၅ သည် ရှင်ပြန်ထမြောက်ခြင်းအကြောင်းနှင့်ပတ်သက်၍ ပေါလု၏ ပြောင်မြောက်သောအရေးအသား "magnus opus" ဖြစ်ပါသည်။ ကောရိန္တုခရစ်ယာန်တို့သည် ဤရှင်ပြန်ထမြောက်ခြင်းအကြောင်းနှင့် ဤအကြောင်း၏အရေးပါမှုကို နားမလည်ခဲ့ကြပါ။ ထို့ကြောင့် ပေါလုက ရှင်ပြန်ထမြောက်ခြင်း အကြောင်းသည် ခရစ်ယာန်ယုံကြည်ခြင်း၏အုတ်မြစ်ဖြစ်ကြောင်း ဖော်ပြရှင်းပြခဲ့ပါသည်။

ပေါလုက ဟောဘူးသောဧဝံဂေလိတရားကို ကောရိန္တုခရစ်ယာန်တို့ထံ ပြန်၍ဟောပြောလိုခြင်းရှိကြောင်း ပြန်လည်ဖော်ပြခဲ့ပါသည်။ ထိုသို့ပြုခြင်းငှါ အဘယ်ကြောင့်လိုအပ်သနည်း။ အကြောင်းမှာ အချို့သောသူသည် “အကျိုးမဲ့” ယုံကြည်ခဲ့လိမ့်မည်ဟု ပေါလုထင်သောကြောင့်ဖြစ်ပါသည် (၁ ကော ၁၅း၂)။ စပါးပင်နှင့်တောပင်သာဓကအတိုင်း အသင်းတော်ထဲတွင် ကယ်တင်ခြင်းရသောသူနှင့်မရသောသူ ရောထွေးလျက်ရှိနိုင်ပါသည် (မသဲ ၁၃း၂၄-၃၀)။ အသင်းတော်ထဲ၌ ပေါလုကြုံတွေ့ခဲ့ရသော ပြဿနာတစ်ခုဟူမူကား၊ မှားယွင်းသောညီအစ်ကိုတို့နှင့် တိုက်လှန်ခြင်းပင်ဖြစ်ပါသည် (၂ ကော ၁၁း၂၆၊ ဂလာ ၂း၄)။

ကောရိန္တုလူတို့ထဲတွင် ရှင်ပြန်ထမြောက်ခြင်းတရားကို သံသယဝင်သောသူ၊ ငြင်းပယ်သောသူရှိခဲ့လိမ့်မည်ဟု ထင်ရပါသည်။ “ယခုမှာ ခရစ်တော်သည် သေခြင်းမှထမြောက်တော်မူကြောင်းကို ဟောပြောရသည်ဖြစ်၍၊ သေသောသူတို့သည် ထမြောက်ခြင်းမရှိဟု သင်တို့တွင်အချို့သောသူတို့သည် အဘယ်ကြောင့်ဆိုရကြသနည်း” (၁ ကော ၁၅း၁၂)။ ကယ်တင်ခြင်းနှင့်ဆိုင်သော စစ်မှန်သောယုံကြည်ခြင်းသည် ဧဝံဂေလိတရားမှန်ကန်စွာ နားလည်သဘောပေါက်ခြင်း၌ အခြေခံထားပါသည်။ ဤလူတို့သည် ရှင်ပြန်ထမြောက်ခြင်းတရားကို ဆက်လက်ငြင်းပယ်လျက်နေမည်ဆိုလျှင် အကျိုးမဲ့ ယုံကြည်သောသူဖြစ်ခဲ့ကြပါလိမ့်မည်။

ထိုနည်းတူ ကျွန်ုပ်တို့အသင်းတော်များ၌ ကယ်တင်ခြင်းတရားဟောပြောခြင်းကို မရပ်နားဘဲ အစဉ်ပြုရပါမည်။ အသင်းသူအသင်းသားအပေါင်းတို့ အားလုံးသည် စစ်မှန်သောယုံကြည်သူများဖြစ်ကြသည်ဟု မခံယူသင့်ပါ။ အချို့သောသူသည် အမည်ခံခရစ်ယာန်၊ အသင်းတော်ဝတ်ပြုကိုးကွယ်ခြင်း၌ နှစ်ပေါင်းများစွာပါဝင်သော်လည်း၊ ဧဝံဂေလိတရားကို အမှန်မယုံကြည်သောသူများရှိနိုင်ပါသည်။ ထို့ကြောင့် ဧဝံဂေလိတရားကို ကျွန်တော်တို့ကြိုးစားဟောရပါမည်။ အကြောင်းမှာ ခရစ်တော်၏ ဧဝံဂေလိတရား၌ ကယ်တင်နိုင်သောတန်ခိုးရှိ၏။ အခြားနည်းလမ်းမရှိပါ။ “ငါသည် ခရစ်တော်၏ဧဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်းမရှိ၊ အကြောင်းမူကား ထိုတရားသည် ရှေးဦးစွာ၌ ယုဒလူ၊ နောက်၌ဟေလသလူ ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသောဘုရားသခင်၏တန်ခိုးတော်ဖြစ်၏” (ရောမ ၁း၁၆)။

**ဆင်ခြင်ရန်** - ခရစ်တော်၏ဧဝံဂေလိတရားသည် ကယ်တင်စေသောတန်ခိုးတော်ဖြစ်၏။
**ဆုတောင်းချက်** - အဘဘုရား၊ အသင်းတော်သည်ဧဝံဂေလိတရားကို အစဉ်ဟောပြောပါစေသော်။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၁၉)

**၁ ကော ၁၅:၃-၄**

ယောရှာ ၅၃

*“. . . ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏”*

## ဧဝံဂေလိတရားအတိုချုပ်

“ဧဝံဂေလိ” ဟူသောစကားလုံးသည် ဂရိစကားလုံး *euangelion* မှ လာခြင်းဖြစ်၍ “သတင်းကောင်း” ဟူသောအဓိပ္ပာယ်ရှိ၏။ ထို့ကြောင့် ဧဝံဂေလိတရားဆိုသည်မှာ သခင်ယေရှုခရစ်တော်အားဖြင့် အပြစ်မှလူသားများ ကယ်တင်ခြင်းခံရခြင်းသတင်းကောင်းဟူ၍ ဖြစ်ပါသည်။

ဧဝံဂေလိတရားကို ၁ ကော ၁၅:၃-၄ ထဲတွင် ဤသို့အတိုချုပ်ဖော်ပြထားပါသည်- “ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း သင်တို့အား ရှေးဦးစွာအပ်ပေးသော အကြောင်းအရာဟူမူကား၊ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏”။

ပထမအချက်အနေဖြင့် ဧဝံဂေလိတရားသည် “ကျမ်းစာလာသည်အတိုင်း” ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် လူတို့၏အတွေးအခေါ် သက်သက်မဟုတ်ဘဲ၊ ဘုရားသခင်အမှန်ကြေငြာထားသောအချက်ဖြစ်ပါသည်။ ထွင်ထားသောသတင်းမဟုတ်၊ လုံးဝယုံကြည်စိတ်ချရသော စစ်မှန်သော တရားဖြစ်ပါသည်။ ထို့ကြောင့် ခရစ်တော်၏ဧဝံဂေလိတရားကို ဓမ္မဟောင်းထဲ၌လည်း တွေ့ရပါသည်။ ဥပမာအားဖြင့် ယောရှာ ၅၃ ထဲတွင် ခရစ်တော်အား ပထမအကြိမ်ကြွလာသောအချိန်၌ ခံရမည့်ဒုက္ခဆင်းရဲကို ရည်ညွှန်း၍၊ ဒုက္ခခံသောမေရှိယအဖြစ် တွေ့ရပါသည်။ ထို့ပြင် လုကာ ၂၄:၂၅-၂၇ ထဲတွင် ဧမောက်သွားရာလမ်း၌ တပည့်တော်နှစ်ဦးထံ ခရစ်တော်၏မိန့်တော်မူချက်ကို ဖော်ပြထားပါသည်- “ကိုယ်တော်ကလည်း ပရောဖက်ဟောပြောသောစကားများကို ယုံနိုင်အောင်ဉာဏ်မရှိ၊ စိတ်ခိုင်မာသောသူတို့ ခရစ်တော်သည် ဤသို့ပင်အသေခံ၍ မိမိဘုန်းစည်းစိမ်တော်ကို ဝင်စားရမည်မဟုတ်လောဟု မိန့်တော်မူ၏။ ထိုအခါ မောရှေ၏ကျမ်းစာမှစ၍ ပရောဖက်တို့၏ကျမ်းစာများ၌ ကိုယ်တော်ကိုရည်မှတ်၍ ရေးသားသမျှသော ကျမ်းစာချက်အနက်ကို ရှင်းလင်းစွာဖော်ပြတော်မူ၏”။ ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းထဲ၌ ဖုံးအုပ်ခြင်းခံရပြီး ဓမ္မဟောင်းကျမ်းသည် ဓမ္မသစ်ထဲ၌ ဖော်ထုတ်ခြင်းခံရ၏။

ဒုတိယအချက်အနေဖြင့် ဧဝံဂေလိတရားအချက်အလက်ဟူမူကား (၁) ခရစ်တော်၏သေခြင်း၊ (၂) ခရစ်တော်သင်္ဂြိုဟ်ခံရခြင်း၊ (၃) ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း တို့ဖြစ်ပါသည်။ ခရစ်တော်ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ၁ ကော ၁၅ ထဲတွင် အဓိကဖော်ပြထားပါသည်။ ခရစ်ဝင်ကျမ်းများထဲတွင် ခရစ်တော်က မိမိသေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ပုံဥပမာအားဖြင့် များစွာဖော်ပြခဲ့ပါသည် (နှိုင်း မသဲ ၂၀:၁၉၊ မာကု ၉:၃၁၊ ၁၀:၃၄၊ လုကာ ၁၈:၃၃၊ ၂၄:၇၊ ၂၄:၄၆)။ ခရစ်တော်ရှင်ပြန်ထမြောက်ခြင်းတရားသည် ဧဝံဂေလိတရား၏ မရှိမဖြစ်လိုအပ်သောအချက်ဖြစ်ပါသည်။ ရှင်ပြန်ထမြောက်ခြင်းမရှိလျှင် ဧဝံဂေလိတရားမရှိနိုင်။ ချစ်သောမိတ်ဆွေသူငယ်ချင်းတို့ထံ ဧဝံဂေလိတရားဝေငှသောအခါ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို မဟောဘဲမနေပါနှင့်။

**ဆင်ခြင်ရန်** - ရှင်ပြန်ထမြောက်ခြင်းမရှိ၊ ဧဝံဂေလိတရားမရှိ။

**ဆုတောင်းချက်** - အဘဘုရား၊ ဧဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်းမရှိမည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဒီဇင်ဘာ (၂၀)

**၁ ကော ၁၅း၅-၁၁**

မသဲ ၂၈း၉-၁၅ *"... သူတို့သည် မြင်ရကြ၏"*

## ခရစ်တော်ရှင်ပြန်ထမြောက်ခြင်းအကြောင်း၏ မျက်မြင်သက်သေများ

သမ္မာကျမ်းစာက ခရစ်တော်ရှင်ပြန်ထမြောက်ခြင်းအကြောင်း သက်သေခံသည်သာမက ခရစ်တော်သည် ရှင်ပြန်ထမြောက်ပြီးနောက်၊ အကြိမ်များစွာကိုယ်ထင်ပြတော်မူ၏။ သမ္မာကျမ်းစာထဲ၌ ထိုသို့ကိုယ်ထင်ပြခြင်း (၁၂) ကြိမ်တွေ့ရပါသည်-

* ပထမအကြိမ်ကိုယ်ထင်ပြခြင်း- သင်္ချိုင်းတွင် မာဂဒလမာရိတစ်ဦးတည်းထံ၌ (ယောဟန် ၂၀း၁၁-၁၈၊ မာကု ၁၆း၉-၁၁)
* ဒုတိယအကြိမ်ကိုယ်ထင်ပြခြင်း- ဟာလာဟင်းလင်းဖြစ်နေသော သင်္ချိုင်းတော်မှ ထွက်သွားသော မိန်းမများထံ၌ (မသဲ ၂၈း၁-၁၀)
* တတိယအကြိမ်ကိုယ်ထင်ပြခြင်း- ပေတရုထံ၌ (လု ၂၄း၃၃-၃၅၊ ၁ ကော ၁၅း၅)
* စတုတ္ထအကြိမ်ကိုယ်ထင်ပြခြင်း- ဧမောက်သွားရာလမ်းတွင် တပည့်တော်နှစ်ဦးထံ၌ (လုကာ ၂၄း၁၃-၅၇၊ မာကု ၁၆း၁၂)
* ပဉ္စမအကြိမ်ကိုယ်ထင်ပြခြင်း- လုံ့စွာပိတ်သောအခန်းထဲတွင် သောမတ်မပါဘဲ တမန်တော်များထံ၌ (ယော ၂၀း၁၉-၂၅၊ လု ၂၄း၃၆-၄၉၊ မာကု ၁၆း၁၄-၁၈)
* ဆဌမအကြိမ်ကိုယ်ထင်ပြခြင်း- သောမတ်အပါအဝင် တမန်တော်များထံ၌ (ယော ၂၀း၂၆-၂၉)
* သတ္တမအကြိမ်ကိုယ်ထင်ပြခြင်း- ဂါလိလဲအိုင်သို့ ငါးဖမ်းထွက်သွားသော တပည့်တော်များထံ၌၊ ယေရှုကပေတရုကို ပြန်လည်ပြုပြင်ခေါ်တော်မူခဲ့၏ (ယော ၂၁း၁-၂၄)
* အဌမအကြိမ်ကိုယ်ထင်ပြခြင်း- တစ်ကြိမ်တည်းတွင် တပည့်တော်ငါးရာတို့ထံ၌ (၁ ကော ၁၅း၆)
* နဝမအကြိမ်ကိုယ်ထင်ပြခြင်း- ဂါလိလဲအိုင်ရှိ တပည့်တော်ဆယ့်တစ်ယောက်တို့ထံ၌ (မသဲ ၂၈း၁၆-၂၀)
* ဒသမအကြိမ်ကိုယ်ထင်ပြခြင်း- ညီတော်ယာကုပ်ထံ၌ (၁ ကော ၁၅း၇)
* ဆယ့်တစ်ကြိမ် ကိုယ်ထင်ပြခြင်း- ပဿခါပွဲတော်အလွန် ရက်ပေါင်းလေးဆယ်တွင် သံလွင်တောင်ရှိ တမန်တော်ဆယ့်တစ်ပါးထံ၌ (တမန် ၁း၃-၁၂၊ မာကု ၁၆း၁၉-၂၀၊ လု ၂၄း၅၀-၅၃)
* ဆယ့်နှစ်ကြိမ်ကိုယ်ထင်ပြခြင်း- ပေါလုထံ၌ (တမန် ၉၊ ၁ ကော ၁၅း၈)။

ရှင်ပြန်ထမြောက်ခြင်းသည် ငြင်းပယ်၍မရသော သမိုင်းအဖြစ်အပျက်ဖြစ်ပါသည်။ သို့သော်လည်း များစွာသောလူတို့သည် စိတ်သဘောခိုင်မာစေလျက် ဤတရားတော်ကို ယနေ့ထက်တိုင် ငြင်းပယ်လျက်ရှိကြ၏ (နှိုင်း မသဲ ၂၈း၉-၁၅)။

**ဆင်ခြင်ရန်** - ယေရှုသည် ယနေ့အသက်ရှင်တော်မူ၏။

**ဆုတောင်းချက်** - အဘဘုရား၊ အသက်ရှင်တော်မူသော ကယ်တင်ရှင် အကျွန်ုပ်၌ရှိသောကြောင့် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။

## ရှင်ပြန်ထမြောက်ခြင်းလိုအပ်မှု

ပေါလုက ရှင်ပြန်ထမြောက်ခြင်းလိုအပ်မှုအကြောင်းကို ယခုဖော်ပြခဲ့ပါသည်။ ရှင်ပြန်ထမြောက်ခြင်းမရှိလျှင် မည်သို့သောအကျိုးရလဒ်ဖြစ်လာမည်ကို သေသေချာချာဖော်ပြခဲ့ပါသည်။

(၁) အချို့သောသူက သေသောသူတို့သည် အနာဂတ်၌ရှင်ပြန်ထမြောက်ခြင်းမရှိဟု ဆိုကြ၏ (၁ ကော ၁၅:၁၃)။ ထိုအချက်မှန်ခဲ့လျှင် ခရစ်တော်သည် သေခြင်းမှရှင်ပြန်ထမြောက်ခြင်း မရှိဟု ဆိုလိုပါသည်။ သို့သော်လည်း ၁ ကော ၁၅:၁-၁၁ ထဲတွင် ပေါလုဖော်ပြခဲ့သော သက်သေအထောက်အထားများအရ ထိုသို့မဟုတ်ပါ။

(၂) ခရစ်တော်သည် သေခြင်းမှအမှန်တကယ်ထမြောက်ခြင်းမရှိခဲ့လျှင် တရားဟောခြင်းအမှု အလုံးစုံတို့သည် အကျိုးမရှိ၊ အချည်းနှီးဖြစ်ခဲ့ပါလိမ့်မည် (၁ ကော ၁၅:၁၄)။

(၃) ခရစ်တော်သည် သေခြင်းမှအမှန်တကယ်ထမြောက်တော်မမူခဲ့လျှင် ဧဝံဂေလိတရားသည် အချည်းနှီးဖြစ်၍ ကျွန်ုပ်တို့ယုံကြည်ခြင်းသည်လည်း အကျိုးမရှိဖြစ်လိမ့်မည် (၁ ကော ၁၅:၁၄)။

(၄) ခရစ်တော်သည် သေခြင်းမှရှင်ပြန်ထမြောက်တော်မမူခဲ့လျှင် ကားတိုင်ပေါ်၌ ခရစ်တော်၏ ပူဇော်ခြင်းကို ဘုရားသခင်လက်မခံဟုဆိုနိုင်လိမ့်မည်။ သို့ဆိုလျှင်တမန်တော်များနှင့် တရားဟောဆရာအပေါင်းတို့သည် မုသာပြောသောသူများဖြစ်ကြလိမ့်မည် (၁ ကော ၁၅:၁၅)။

(၅) ခရစ်တော်သည် ရှင်ပြန်ထမြောက်တော်မမူခဲ့လျှင် လူအပေါင်းတို့သည် သူတို့အပြစ်၌ နေကြသေးပါလိမ့်မည် (၁ ကော ၁၅:၁၇)။ ဧဝံဂေလိတရားကို ယုံကြည်၍ သေသောသူ အပေါင်းတို့သည်လည်း ထာဝရအပြစ်တင်ခြင်းခံခဲ့ပါလိမ့်မည် (ဆိုလိုသည်မှာ ထာဝရ အသက်ရှင်ခြင်းမရှိ)။

ထို့ကြောင့် ရှင်ပြန်ထမြောက်ခြင်းသည် ခရစ်ယာန်ယုံကြည်ခြင်း၏ အဓိကအုတ်မြစ်ဖြစ်ပါသည်။ ရှင်ပြန်ထမြောက်ခြင်းကိုဖယ်ရှားပစ်ခဲ့လျှင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် လုံးဝပြိုကျပျက်စီးခဲ့ပါလိမ့်မည်။ ထို့ကြောင့် ၁၉ ရာစုနှောင်းပိုင်း၌ သမ္မာကျမ်းစာယုံကြည်သောသူတို့က သမ္မာကျမ်းစာမယုံကြည်သောခေတ်သစ်လူတို့ကို ကြိုးစားဆန့်ကျင်ခဲ့ခြင်းဖြစ်ပါသည်။ များစွာသော ဤခေတ်သစ်လူတို့သည် ရှင်ပြန်ထမြောက်ခြင်းနှင့် အံ့ဖွယ်နိမိတ်လက္ခဏာတို့ကို ငြင်းပယ်ခဲ့ကြပါသည်။ ထိုခေတ်သစ်လူတို့၏ သွန်သင်ခြင်းကိုလိုက်လျှင် အသင်းတော်၌ ကယ်တင်ခြင်းကိုပေးသော စစ်မှန်သောယုံကြည်ခြင်းမရှိဟုဆိုနိုင်ပါသည်။ ရှင်ပြန်ထမြောက်ခြင်းမရှိလျှင် ဧဝံဂေလိတရားမရှိ၊ ဧဝံဂေလိတရားမရှိလျှင် ကယ်တင်ခြင်းမရှိ။

**ဆင်ခြင်ရန်** - ရှင်ပြန်ထမြောက်ခြင်းသည် ခရစ်ယာန်ယုံကြည်ခြင်းအတွက် အဓိကအုတ်မြစ်ဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ခရစ်တော်သည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

**၁ ကော ၁၅း၁၉-၃၄**

ဂလာ ၂း၂၀ *“ငါသည် နေ့တိုင်း အသေခံရ၏. . . ”*

## ရှင်ပြန်ထမြောက်ခြင်း၏နှိုးဆော်မှု

“သေလွန်သောသူတို့၏ကိုယ်စား ဗတ္တိဇံကိုခံသောသူတို့သည် အဘယ်သို့ပြုရမည်နည်း” (၁ ကော ၁၅း၂၉) ဟုပေါလုဆိုသောအခါ ဘာကိုဆိုလိုပါသနည်း။ ၁ ကော ၁၅း၃၀ က သေလွန်သောသူတို့ကိုယ်စား ဗတ္တိဇံခံသောသူတို့သည် ဧဝံဂေလိတရားအတွက် အသက်ကိုပင် စတေးဝံ့ကြသည်ကို ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် “သေလွန်သောသူတို့၏ကိုယ်စား ဗတ္တိဇံကိုခံသောသူ” ဟူသောအချက်သည် ယုံကြည်ခြင်းအတွက် အသေခံခဲ့သောသူတို့၏ သက်သေခံခြင်းကြောင့် ယုံကြည်ခြင်းရှိပြီး၊ ဗတ္တိဇံခံသောသူတို့ကို ရည်ညွှန်းခြင်းဖြစ်မည်ဟု ဤစာရေးဆရာက ယုံကြည်ပါသည်။ ခရစ်တော်ရှင်ပြန်ထမြောက်ခြင်းမရှိခဲ့လျှင် ထိုသို့မာတရခံသောသူတို့သည် အချည်းနှီးဖြစ်ခဲ့ပါလိမ့်မည်။ သို့သော်လည်း ခရစ်တော်သည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူသည်ဖြစ်သောကြောင့်၊ ယုံကြည်ခြင်း၌သေသောသူတို့သည် တစ်နေ့တွင်သေခြင်းမှ ရှင်ပြန်ထမြောက်ကြမည်အကြောင်း ကျွန်တော်တို့သိကြ၏။ ဤသန့်ရှင်းသောသူတို့၏ သေခြင်းသည် အချည်းနှီးမဟုတ်ပါ။

ဧဝံဂေလိတရား၌ ယုံကြည်ခြင်းရှိသောပေါလုက “ငါသည်နေ့တိုင်းအသေခံရ၏” (၁ ကော ၁၅း၃၁) ဟု ဆိုခဲ့ပါသည်။ ပေါလုသည် မိမိအသက်ကိုပင် နှမြောခြင်းမရှိဘဲ ခရစ်တော်နောက်လိုက်၍ အမှုတော်ဆောင်ရွက်လိုခြင်းရှိ၏။ အကြောင်းမှာ ခန္ဓာကိုယ်နှင့်ကင်းကွာခြင်းသည် ဘုရားသခင်နှင့် အတူနေရခြင်းဖြစ်ကြောင်း ပေါလုသိခဲ့ပါသည် (၂ ကော ၅း၈)။ ဤမျှော်လင့်ချက်ကို အဘယ်သူကမျှ မလုယူနိုင်ပါ။ ထို့ကြောင့်ပေါလုသည် မိမိအသက်ရှင်ခြင်းစက္ကန့်တိုင်းကို ခရစ်တော်အတွက် အသုံးပြုလိုခြင်းဖြစ်ပါသည်။ “အကျွန်ုပ်တို့သည် ပညာတရားကို နှလုံးသွင်းမိမည်အကြောင်း ကိုယ်နေ့ရက်ကာလကို ရေတွက်နိုင်စေခြင်းငှါ သွန်သင်တော်မူပါ” (ဆာလံ ၉၀း၁၂)။

ဝမ်းနည်းစရာကောင်းသည်မှာ ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ငြင်းပယ်ခြင်းကြောင့် အချို့သော ကောရိန္တုခရစ်ယာန်တို့သည် “စားကြကုန်အံ့၊ သောက်ကြကုန်အံ့၊ နက်ဖြန်သေရကြမည်” (၁ ကော ၁၅း၃၂) ဟူသော ဘဝခံယူချက်ကို စွဲကိုင်ခဲ့ကြ၏။ ဤသည်ကား သေချာသောမျှော်လင့်ချက်မရှိသောသူ၏ ဘဝခံယူချက်ဖြစ်ပါသည်။ ထို့ကြောင့် ပေါလုက ထိုသို့သော ဘုရားနှင့်ဆန့်ကျင်သောစိတ်သဘောကို မခံယူကြခြင်းငှါ သတိပေးခဲ့ပါသည်။ “အလွဲမယူကြနှင့်။ မကောင်းသောသူတို့နှင့် ပေါင်းဘော်ခြင်းအားဖြင့် ကောင်းသောအကျင့်ဓလေ့ ယိုယွင်းတတ်၏” (၁ ကော ၁၅း၃၃)။ သူတို့သည် နိုးကြားခြင်းရှိလျက် ဖြောင့်မတ်ခြင်းတရားနောက်သို့လိုက်ပြီး၊ သူတို့၏မှားယွင်းသောဇာတိသဘောလမ်းကို မလိုက်ဘဲနေကြရပါမည် (၁ ကော ၁၅း၃၄)။

ခရစ်တော်အတွက် သင့်အသက်တာ သင်အသုံးပြုနေပါသလား (သို့) သင့်အသက်တာ သင်ဖြုန်းတီးနေပါသလား။ ရှင်ပြန်ထမြောက်ခြင်းတရားကို အမှန်ယုံကြည်ခြင်းရှိပါလော့။

**ဆင်ခြင်ရန်** - ဂလာတိ ၂း၂၀ ကိုဖတ်၍ကျက်မှတ်ပါလော့။

**ဆုတောင်းချက်** - အဘဘုရား၊ နေ့စဉ်ကျွန်တော်အသေခံလိုပါ၏။

**၁ ကော ၁၅:၃၅-၄၉**

၁ ယော ၃:၂

*"အဘယ်သို့သောကိုယ်နှင့် ပေါ်လာကြမည်နည်း"*

# ရှင်ပြန်ထမြောက်ခြင်းခန္ဓာကိုယ်

၁ ယော ၃:၂ က "ချစ်သူတို့ ယခုတွင်ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည်ကိုယ်တော်နှင့်တူကြလတ္တံ့ဟုငါတို့သိကြ၏။ အကြောင်းမူကားကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည် မြင်ရကြလတ္တံ့" ဟုဆို၏။ ဤမြေကြီးခန္ဓာကိုယ်ဖြင့်မဟုတ်ဘဲ ရှင်ပြန်ထမြောက်ခြင်းခန္ဓာကိုယ်ဖြင့် နောင်ဘဝကမ္ဘာသို့ ကျွန်ုပ်တော်တို့ဝင်ရကြလိမ့်မည်။

ပေါလုက ရှင်ပြန်ထမြောက်ခြင်းခန္ဓာကိုယ် လိုအပ်ခြင်းအကြောင်းကို သဘာဝတရားအားဖြင့် ဖော်ပြခဲ့ပါသည်။ ဤကမ္ဘာလောက၌ရှိသော တိရိစ္ဆာန်တို့၌လည်း မတူညီသောအသားများရှိကြ ကြောင်း ရှင်းပြခဲ့ပါသည်။ ငါး၏ခန္ဓာကိုယ်သည် ရေထဲ၌အသက်ရှင်ခြင်းအတွက် သင့်တော်သော ကိုယ်ဖြစ်ပါသည်။ ငှက်၏ကိုယ်သည်လည်း လေထဲ၌ပျံဝဲခြင်းငှါ အထူးစီမံထားခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ယခုမြေကြီးခန္ဓာကိုယ်သည် နောင်ဘဝကမ္ဘာအတွက် သင့်တော်ခြင်းမရှိပါ။ ရှင်ပြန် ထမြောက်ခြင်းခန္ဓာကိုယ်ကျွန်ုပ်တော်တို့လိုအပ်ပါသည်။

ယခုမြေကြီးခန္ဓာကိုယ်နှင့် ရှင်ပြန်ထမြောက်ခြင်းခန္ဓာကိုယ်တို့၏ ခြားနားချက်များမှာ အဘယ်နည်း။

| မြေကြီးခန္ဓာကိုယ် | ရှင်ပြန်ထမြောက်ခြင်းခန္ဓာကိုယ် |
|---|---|
| ပုပ်တတ်သောသဘောရှိ၏။ ငါတို့၏ပြင်လူသည် ဖောက်ပြန်ပျက်စီးခြင်းသို့ နေ့စဉ်ရောက်တတ်၏ (၂ ကော ၄:၁၆)။ နာမကျန်းဖြစ်ခြင်းခံရတတ်၏။ | ထမြောက်သောခါမပုပ်နိုင်သောအဖြစ်၌တည်၏။ ဘုန်းတော်ဝင်စားသောခန္ဓာကိုယ်သည် ပုပ်ပျက်ခြင်းမရှိတတ်။ နာမကျန်းဖြစ်ခြင်းမရှိတတ်။ |
| ဂုဏ်အသရေပျက်၏။ မြေမှုန့်ဖြင့်ပြုလုပ်ခြင်းဖြစ်၏။ | ထမြောက်သောအခါ ဂုဏ်အသရေနှင့်ပြည့်စုံ၏။ ရှင်ပြန်ထမြောက်ခြင်းခန္ဓာကိုယ်သည် ဘုန်းတော်နှင့်ပြည့်စုံလိမ့်မည်။ |
| အစွမ်းမရှိ။ မောပန်းခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းရှိ၏။ အနားယူဖို့လို၏။ | ထမြောက်သောအခါ အစွမ်းနှင့်ပြည့်စုံ၏။ မောပန်းခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းမရှိ။ စားသောက်ခြင်းသည် အပျော်သက်သက်သာ ဖြစ်လိမ့်မည်။ |
| ဇာတိပကတိကိုယ်ဖြစ်၏။ မြေမှုန့်ဖြင့်ပြုလုပ်ခြင်း ဖြစ်သောကြောင့် ယခုကမ္ဘာအတွက်သာ သင့်တော်ခြင်းရှိ၏။ | ဝိညာဏကိုယ်ဖြစ်၏။ ဆိုလိုသည်မှာခရစ်တော်၏ ကိုယ်သည် ကောင်းကင်မှလာသောကိုယ် ဖြစ်သကဲ့သို့ ထိုဝိညာဏကိုယ်သည် ကောင်းကင်ဘုံအတွက် သင့်တော်ခြင်းရှိ၏။ |

**ဆင်ခြင်ရန်** - ထိုရှင်ပြန်ထမြောက်ခြင်းခန္ဓာကိုယ်ပိုင်ဆိုင်မည့်အချိန်ကို ကျွန်တော်မျှော်လင့်စောင့်စားခြင်းရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ နောင်ဘဝကမ္ဘာကို ကျွန်တော်မျှော်လင့်ခြင်းရှိပါ၏။

တနင်္လာ၊ ဒီဇင်ဘာ (၂၄)

**မသဲ ၂း၁-၁၂**

လု ၁း၂၆-၃၈

*"ယခု ဘွားမြင်သောယုဒရှင်ဘုရင်သည်*
*အဘယ်မှာရှိတော်မူသနည်း"*

## ယေရှုကိုအဘယ်ကြောင့်သင်တို့ရှာသနည်း (၁)

မသဲ ၂း၁-၁၂ ထဲတွင် ရှာသောသူလူနှစ်မျိုးတွေ့ရပါသည်။

ပထမတစ်မျိုးသည် ဟေရုဒ်မင်းကြီးကဲ့သို့သောလူဖြစ်ပါသည်။ ဤဟေရုဒ်မင်းကြီးသည် ယုဒပြည်ကို ဘီစီ ၃၇ မှ ၄ အထိအုပ်စိုးခဲ့၏။ သူသည် အဆောက်အဦးဆောက်လုပ်ခြင်းကို အလွန်နှစ်သက်သောသူဖြစ်၍၊ သူဆောက်လုပ်ခဲ့သောအထိမ်းအမှတ်အဆောက်အအုံများကြောင့် ဝါကြွားသောသူဖြစ်ပါသည်။ ယုဒလူတို့၏ ချစ်ခင်မှုကိုရခြင်းငှါ ဗိမာန်တော်ကိုလည်း ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခဲ့ပါသည်။ သူသည် အလွန်ကြမ်းကြုတ်သောသူဖြစ်၍ မိမိ၏အာဏာတည်မြဲဖို့ရန်အတွက် မိမိ၏မိသားစုဝင်များကိုပင် သတ်ဖြတ်ခဲ့ပါသည်။

ယေရှုကိုရှာခြင်းငှါ ယေရုရှလင်မြို့သို့ အရှေ့ပြည်မှပညာရှိများ ရောက်ရှိလာကြသည်ကိုကြားသိသောအခါ ဟေရုဒ်သည် စိတ်ပူပန်ခြင်းရှိခဲ့၏။ ဤပညာရှိတို့သည် ပေရသိပြည်မှ မာကုပညာရှိများဖြစ်၍ မေရှိယအကြောင်းကို လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ခန့်က ဒံယေလ၏ အရေးအသားနှင့် သက်သေခံချက်တို့မှ သူတို့သိခဲ့ကြသည်ဟု ထင်ရပါသည်။ "ယုဒရှင်ဘုရင်" ဟု ယေရှုအား သူတို့ခေါ်ကြသောကြောင့် ဟေရုဒ်သည် စိတ်ပူပန်ခြင်းရှိခဲ့၏။ သူ၏အာဏာအတွက် သူစိုးရိမ်ပူပန်ခြင်းဖြစ်ပါသည်။ ယေရှုမွေးဖွားသည့်နေရာသိခြင်းငှါ ဟေရုဒ်သည် ယုဒဘာသာရေးခေါင်းဆောင်တို့အား မေးမြန်းအမိန့်ပေးခဲ့၏။ ခရစ်တော်သည် ဗက်လင်မြို့၌ဖွားမြင်မည်ဟု ဖော်ပြသောမမ္မဟောင်းကျမ်းစာကို သူတို့ညွှန်ပြခဲ့၏။ ဤခရစ်တော်သည် မိမိလူဣသရေလတို့၏ ရှင်ဘုရင်ဖြစ်ပါသည်။

ခရစ်တော်မွေးဖွားမည့်နေရာသေချာပြီးနောက် ဟေရုဒ်သည် ပညာရှိတို့အား ယေရှုကိုသေသေချာချာရှာခြင်းငှါ မိန့်ဆိုခဲ့၏။ ခရစ်တော်ကို သူတို့နည်းတူ ကြိုးစားရှာဖွေလိုသော ဖူးတွေ့ပူဇော်လိုခြင်းရှိသောသူဖြစ်ကြောင်း လှည့်စားပြောဆိုခဲ့၏။ အမှန်မှာ သူသည်ခရစ်တော်ကို သေစေလိုခဲ့၏။ သူ၏စစ်မှန်သော စိတ်သဘောသည် ဗက်လင်ရှိနှစ်နှစ်အောက်ကလေးအားလုံးသတ်ခြင်းငှါ အမိန့်ပေးသောအခါ၌ ပေါ်လွင်ခဲ့ပါသည်။ ပညာရှိတို့သည် ယေရှုကိုရှာဖွေခဲ့ကြ၏။ ထိုနည်းတူ ဟေရုဒ်ကလည်း ရှာဖွေခဲ့ပါသည်။ သို့သော်လည်း ဖူးတွေ့ပူဇော်ခြင်းငှါမဟုတ်ဘဲ၊ ယေရှုကို သတ်ခြင်းငှါ ဟေရုဒ်သည်ရှာဖွေခဲ့ခြင်းဖြစ်၏။ သူသည် ယေရှုကို လုံးဝပျောက်ကွယ်စေခြင်းငှါ စိတ်ပိုင်းဖြတ်ခဲ့ပါသည်။

ဟေရုဒ်သည် ဗက်လင်မြို့ရှိကလေးငယ်များကို သတ်ပြီးနောက် များမကြာမီ ဘီစီ ၄ တွင် သေဆုံးခဲ့ပါသည်။ အဘယ်သူမျှဘုရားသခင်၏ ပြစ်ဒဏ်စီရင်ခြင်းမှလွတ်နိုင်မည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ယေရှုကိုအမှန်ရှာဖွေသောသူ ဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏ကယ်တင်ရှင်ခရစ်တော်၌ ကျွန်တော်ဝမ်းမြောက်ခြင်းရှိပါ၏။

အင်္ဂါ၊ ဒီဇင်ဘာ (၂၅)

**မသဲ ၂း၁-၁၂**

လု ၂း၁-၂၀

*“ယခု ဘွားမြင်သောယုဒရှင်ဘုရင်သည်၊ အဘယ်မှာရှိတော်မူသနည်း”*

# ယေရှုကိုအဘယ်ကြောင့်သင်တို့ရှာသနည်း (၂)

ဟေရုဒ်ကဲ့သို့ အရှေ့ပြည်မှပညာရှိတို့သည် ယေရှုကို ကြိုးစားရှာဖွေခဲ့ကြပါသည်။ သို့သော်လည်း သူတို့၏ရည်ရွယ်ချက်သည် သတ်ဖြတ်ခြင်းငှါမဟုတ်ဘဲ၊ ဖူးတွေ့ကိုးကွယ်ခြင်းငှါဖြစ်ပါသည်။ သူတို့ဖူးတွေ့ကိုးကွယ်ခြင်းအမှု၏ စစ်မှန်ခြင်းအကြောင်းကို ယေရှုအတွက်ယူဆောင်လာသော သူတို့၏လက်ဆောင်ဘဏ္ဍာ၌ ထင်ရှားပေါ်လွင်ပါသည်။ သူတို့လက်ဆောင်ဘဏ္ဍာတွင် ရွှေအပါအဝင် အရှေ့ပြည်၌အလွန်တန်ဖိုးကြီးလှသော နံ့သာနှစ်မျိုး လောဗန်နှင့်မုရန်တို့ပါဝင်ကြ၏။ ယေရှုကို ဖူးတွေ့ပြပ်ဝပ်ကိုးကွယ်ခြင်းငှါ သူတို့သည် မိုင်ပေါင်း ၁၆၀၀ ခန့်ခရီး သွားခဲ့ရသည်ကို ဆင်ခြင်ကြည့်ပါလော့။ ထိုခေတ်၌ ကားမရှိ၊ ရထားမရှိ၊ လေယာဉ်ပျံလည်းမရှိပါ။

မာကုပညာရှိတို့၏ပြပ်ဝပ်ကိုးကွယ်ခြင်းအမှု၏ အနက်အဓိပ္ပာယ်ကိုလည်း ကျွန်တော်တို့ အောက်မေ့ဆင်ခြင်သင့်ပါသည်။ ထိုခေတ်ကာလ၌ လူတို့က မိမိတို့၏ရှင်ဘုရင်အား ပြပ်ဝပ်ကိုးကွယ်ခြင်းသည် ထူးဆန်းသောအမှုမဟုတ်ပါ။ ရောမဧကရာဇ်ကဲ့သို့သော အချို့သောရှင်ဘုရင်တို့သည် ဘုရားသဖွယ်ကိုးကွယ်ခြင်းခံရကြ၏။ သို့သော်လည်း ဤမာကုပညာရှိတို့သည် ယုဒရှင်ဘုရင်ကို ဖူးတွေ့ကိုးကွယ်ခြင်းငှါ ပေရသိပြည်မှလာခဲ့ကြ၏။ သူတို့က ယေရှုအား ဘုရားတစ်ရာမှာတစ်ရာ၊ လူသားတစ်ရာမှာတစ်ရာဖြစ်ကြောင်း သိခဲ့၏။ ထို့ပြင် ယေရှုသည် စစ်မှန်၍အသက်ရှင်သော ဘုရားသခင်ဖြစ်ကြောင်းကိုလည်း သိခဲ့ကြလိမ့်မည်ဟု သူတို့လာရောက်ဖူးတွေ့ခြင်းအမှုက ဖော်ပြလျက်ရှိပါသည်။ ယေရှုသည် ဤလောက၏အပြစ်များကို သယ်ဆောင်ခြင်းငှါ မွေးဖွားလာသော ဘုရား-လူ (God-man) ဖြစ်တော်မူ၏။ ကယ်တင်ခြင်းသည် ယေရှုအားဖြင့်သာလျှင်ဖြစ်ပါသည်။ ခရစ်တော်သည် ဝတ်ပြုကိုးကွယ်ခြင်းကိုခံထိုက်သောသူဖြစ်ပါသည်။ သူသည် ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်ဖြစ်တော်မူ၏။

ချစ်သောစာဖတ်သူ၊ သင်သည် ရှာသောသူနှစ်မျိုး၌ အဘယ်တစ်မျိုးဖြစ်သနည်း။ သင်သည် ယေရှုကို ဆန့်ကျင်ခြင်းငှါ ရှာသောသူလား (သို့) နှိမ့်ချသောသဘောနှင့် ဝတ်ပြုကိုးကွယ်ခြင်းငှါ ယေရှုကို သင်ရှာပါသလား။ “လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ” (ရောမ ၃း၂၃) ဟူသောအချက်ကို သင်သိသည်မဟုတ်လော။ သို့သော်လည်း ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို ကျွန်ုပ်တို့အပြစ်များအတွက် အသေခံစေခြင်းငှါ ဤလောကသို့ စေလွှတ်တော်မူခဲ့၏။ ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်ကို သန့်ရှင်းစေခြင်းငှါ ကားတိုင်ပေါ်မှာအသေခံ၍ မိမိ၏အသွေးတော်ကို သွန်းတော်မူခဲ့၏။ သူသည် သင်္ဂြိုဟ်ခြင်းခံ၍ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းတရားအတွက် သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်တော်မူခဲ့၏။ သို့ဖြစ်လျှင် သင်သည် သင့်အပြစ်များမှနောင်တရ၍ ယေရှုကို မယုံကြည်ဘဲနေမည်လော။ သင်သည် ယေရှုကို အမှန်တကယ်ရှာဖွေသောသူဖြစ်ပါစေ။ အာမင်။

**ဆင်ခြင်ရန်** - ယေရှုသည်အကျွန်ုပ်အတွက် မည်သို့သောပုဂ္ဂိုလ်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ယေရှုသည် အကျွန်ုပ်၏ကယ်တင်ရှင်သခင်ဖြစ်ကြောင်း အကျွန်ုပ်အသက်တာအားဖြင့် ထင်ရှားပါစေသော်။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၂၆)

**၁ ကော ၁၅:၅၀-၅၈**

၁ သက် ၄:၁၃-၁၈

*"... တည်ကြည်သော စိတ်နှင့်ပြည့်စုံ၍ မရွေ့လျော့ မတိမ်းယိမ်းဘဲလျက်..."*

# အောင်မြင်သောပြောင်းလဲခြင်း

ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဝိညာဉ်သာမဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကိုလည်း ကယ်တင်ခဲ့ပါသည်။ ကျွန်တော်တို့သည် ဘုန်းတော်နှင့်ပြည့်စုံသော ရှင်ပြန်ထမြောက်ခြင်းခန္ဓာကိုယ် ပိုင်ဆိုင်ကြပါလိမ့်မည်။ ထိုခန္ဓာကိုယ်ကို ကျွန်တော်တို့ မည်သို့ပိုင်ဆိုင်မည်နည်း၊ ခရစ်တော်ပြန်လည်ကြွလာတော်မူသောအချိန်တွင် အသက်ရှင်သောသူတို့၌ မည်သို့ဖြစ်မည်နည်း။ သူတို့သည် ဤမြေကြီး ခန္ဓာကိုယ်ဖြင့် ဆက်လက်နေကြမည်လော။ ဤနက်နဲသောအမှုကို ပေါလုက ၁ ကော ၁၅:၅၀-၅၈ ထဲ၌ ရှင်းလင်းစွာဖော်ပြခဲ့ပါသည်။

ခရစ်တော်ကြွလာသောအခါ ခရစ်တော်၌သေသောသူတို့သည် အဦးထမြောက်၍၊ အသက်ရှင်သောသူတို့သည် ပြောင်းလဲ၍လိုက်ကြပါလိမ့်မည်။ ဤအမှုသည် မျက်စိတစ်မှိတ်၊ စက္ကန့်ပိုင်းအတွင်း (၁ ကော ၁၅:၅၂) ၌ ဖြစ်ပွားမည်ဖြစ်၍၊ ဤသို့ဖြင့် ဘုရားသခင်နှင့်အတူ ကျွန်တော်တို့သည် ထာဝရနေကြရလိမ့်မည် (၁ သက် ၄:၁၇)။ အကျွန်ုပ်တို့အတွက် အလွန်နှစ်သိမ့်စရာပေတည်း။

ကျွန်ုပ်တို့၏ခန္ဓာကိုယ်ပြောင်းလဲခြင်းသည် အောင်မြင်သောပြောင်းလဲခြင်းဖြစ်ပါသည်။ အကြောင်းမှာ ဤအချက်သည် ခရစ်တော်ယေရှု၌ အပြစ်နှင့်သေခြင်းကို အောင်မြင်သော ကျွန်ုပ်တို့၏ အောင်မြင်မှုအထွဋ်အထိပ်ဖြစ်ပါသည်။ ခရစ်တော်သည် အပြစ်ကို လုံးဝမသိ။ ထို့ကြောင့် သေခြင်းက သူ့အပေါ် တန်ခိုးမရှိနိုင်ပါ။ ခရစ်တော်သည် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းတရားအတွက် ရှင်ပြန်ထမြောက်ခဲ့၏။ ကျွန်ုပ်တို့အပြစ်အလုံးစုံတို့သည် သိုးသငယ်၏အသွေးတော်အားဖြင့် ဆေးကြောသန့်စင်ခြင်းခံခဲ့ပါသည်။ "အိုသေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း။ အိုမရဏနိုင်ငံ၊ သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း" (၁ ကော ၁၅:၅၅)။ ထို့ကြောင့် ကျွန်တော်တို့သည် ရှင်ပြန်ထမြောက်ခြင်းအမှုကို မြော်လင့်စောင့်စားလျက်ရှိပါသည်။ ကောင်းကင်သစ်နှင့် မြေကြီးသစ်သည် အပြစ်နှင့်သေခြင်း၏ နှောင့်ယှက်ခြင်းမခံရသောနေရာဖြစ်ပါသည်။ ကျွန်တော်တို့သည် ကျွန်ုပ်တို့၏ဘုန်းကြီးသောဘုရားသခင်ကို ပျော်ရွှင်ဝမ်းမြောက်စွာ ထာဝရဝတ်ပြုကိုးကွယ်ကြပါလိမ့်မည်။

ယခုလက်ရှိအချိန်တွင် ဤအပြစ်သင့်သောကမ္ဘာမြေပေါ်၌ ဆောင်ရွက်ရမည့်အမှုများရှိပါသည်။ အမျိုးမျိုးသော စစ်ကြောခြင်းနှင့် သွေးဆောင်ခြင်းများအကြား၌ ကျွန်တော်တို့သည် သစ္စာရှိစွာ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်နိုင်မည့်အကြောင်း ရှင်ပြန်ထမြောက်ခြင်း မျှော်လင့်ချက်က ကျွန်ုပ်တို့ကို ခွန်အားပေးလျက်ရှိပါသည်။ "ထို့ကြောင့် ငါချစ်သောညီအစ်ကိုတို့ သင်တို့သည် သခင်ဘုရား၏အမှုတော်ကို ဆောင်ရွက်၍အကျိုးကြီးသည်ကို သိမှတ်သဖြင့်၊ တည်ကြည်သောစိတ်နှင့်ပြည့်စုံ၍ မရွေ့လျော့၊ မတိမ်းယိမ်းဘဲလျက်၊ သခင်ဘုရား၏အမှုတော်ကို ကြိုးစားအားထုတ်ကြလော့" (၁ ကော ၁၅:၅၈)။ ခရစ်တော်၏အမှုတော်၌ ကျွန်တော်တို့ကြိုးစားအားထုတ်လျက် ကြွလာတော်မူမည့်အချိန်အတွက် အဆင်သင့်ဖြစ်ကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ခရစ်တော်အတွက် အသက်ရှင်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ရှင်ပြန်ထမြောက်ခြင်းခန္ဓာကိုယ်ကို မြော်လင့်ခြင်းရှိမည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဒီဇင်ဘာ (၂၇)
**၁ ကော ၁၆း၁-၄**
၂ ကော ၉

*"သန့်ရှင်းသူတို့အဘို့ လှူဒါန်း၍ စုထားခြင်းအမှုမှာ . . . "*

## လှူဒါန်းသောဘဏ္ဍာ

ညီအစ်ကိုတို့သည် လိုအပ်ချက်ရှိသောအခါ ကျွန်တော်တို့သည် သူတို့အတွက်ဆုတောင်းပေးရုံသာမက၊ တတ်နိုင်သလောက် လက်တွေ့ကူညီပေးရပါမည်။ ပေါလုသည် ညှင်းပန်းနှိပ်စက်ခြင်းကြောင့် ဆင်းရဲခြင်းဒုက္ခကြုံတွေ့နေရသော ယေရုရှလင်မြို့ရှိ သန့်ရှင်းသူတို့ကို ဂရုစိုက်အောက်မေ့ခြင်းရှိ၏။ ဘုရားသခင်၏အသင်းတော်တို့သည် အချင်းချင်းဂရုမစိုက်ဘဲ မနေသင့်ပါ။ ဘုရားသခင်၏အမှုတော်၌ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်သည်ဟူ၍မရှိကြောင်း အောက်မေ့ပါလော့။

ပေါလုသည် ယေရုရှလင်ရှိ သန့်ရှင်းသူတို့အတွက် ထောက်ပံ့ခြင်းအလှူငွေကောက်ခံခြင်းကို စတင်ခဲ့ပါသည်။ ဤအလှူငွေကို မည်သို့စုဆောင်းခဲ့ကြောင်း ကျွန်တော်တို့လေ့လာကြပါစို့။

ပထမအချက်အနေဖြင့် ပေါလုက အလှူငွေမည်သို့စုဆောင်းရမည်ကို လမ်းညွှန်ဖော်ပြခဲ့ပါသည်။ အလှူငွေကောက်ခံစုဆောင်းရခြင်း၏ရည်ရွယ်ချက်ကို ကောရိန္သုမြို့ရှိခရစ်ယာန်တို့အား ပေါလုသိစေခဲ့ပါသည်။ ကျွန်တော်တို့သည် လှူဒါန်းခြင်းပြုသောအခါ ကျွန်တော်တို့လှူဒါန်းရခြင်းအကြောင်းနှင့် ဤဘဏ္ဍာက လက်ခံသောသူတို့ကို မည်သို့အကူအညီပေးမည်အကြောင်းသိကြရပါမည်။ မသင့်တော်သော၊ အချိန်အခါနှင့်မကိုက်ညီသော ထောက်ပံ့ငွေသည် လက်ခံရရှိသောသူ၏အသက်တာကို ပျက်စီးစေနိုင်ပါသည်။

ဒုတိယအနေဖြင့် ကောက်ခံစုဆောင်းခြင်းအမှုကို ခုနစ်ရက်တွင်ပထမနေ့ဖြစ်သော ဘုရားသခင်၏နေ့ရက်၌ ပြုလုပ်ခဲ့ကြ၏။ ဤအချက်က ဘုရားသခင်၏နေ့ ဝတ်ပြုကိုးကွယ်ခြင်းသို့ ကျွန်တော်တို့လာသောအခါ ဆယ်ဘို့တစ်ဘို့နှင့်အလှူငွေများယူဆောင်လာရမည်အကြောင်း သင်ပေးလျက်ရှိပါသည်။ ဤပေးကမ်းလှူဒါန်းခြင်းကို အတင်းခိုင်းစေခြင်းကြောင့်မဟုတ်ဘဲ၊ စေတနာစိတ်နှင့် ပေးလှူကြခြင်းဖြစ်ကြောင်း မှတ်သားပါလော့။ အကြောင်းမှာ ခရစ်ယာန်သည် "အသီးအသီးကောင်းစားသည့်အတိုင်း" (၁ ကော ၁၆း၂) ပေးလှူရကြ၏။ မိမိမတတ်နိုင်သောအရာမဟုတ်ဘဲ ဘုရားသခင်ကောင်းကြီးပေးတော်မူသည့်အတိုင်း ပေးရပါမည်။

တတိယအနေဖြင့် ဤထောက်ပံ့ခြင်းအလှူငွေကောက်ခံခြင်းအမှုကို တမန်တော်ပေါလုသည် အထူးသတိပြုလျက် ဆောင်ရွက်ခဲ့ကြောင်း မှတ်သားပါလော့။ သူသည် လှူဒါန်းငွေနှင့်ပတ်သက်၍ အလွဲသုံးစားပြုခြင်း၊ ကိုယ်ကျိုးအတွက်အသုံးပြုခြင်းရှိသည်ဟု လူတို့၏စွပ်စွဲခြင်း မခံရစေရန် အရာခပ်သိမ်းပွင့်လင်းမြင်သာခြင်းရှိစေခြင်းငှါ လက်မှတ်စာများရေးစေခဲ့ပါသည်။ အသင်းတော်၏ဘဏ္ဍာငွေကိုင်တွယ်ခြင်းအမှုကို အထူးဂရုစိုက်ကြရပါမည်။ အကြောင်းမှာ ထိုဘဏ္ဍာငွေသည် ဘုရားသခင်ပိုင်သည်ဖြစ်၍ ဘုရားသခင်၏အမှုတော်အတွက်သာ အသုံးပြုရပါမည်။

**ဆင်ခြင်ရန်** - စေတနာစိတ်နှင့်လှူသောသူကိုသာ ဘုရားသခင်နှစ်သက်တော်မူ၏ (၂ ကော ၉း၇)။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အမှုတော်အတွက် စေတနာစိတ်နှင့် ပေးလှူမည်အကြောင်း မစတော်မူပါ။

**၁ ကော ၁၆း၅-၉**
တမန် ၁၆း၆-၃၅

*"အကြောင်းမူကား၊ အလွန်ကြီးစွာသောတံခါးသည် အဆင်သင့်၍ ငါ့အားဖွင့်လျက်ရှိ၏"*

# ဘုရားသခင်အတူပါရှိဖေးမကူညီခြင်း

ကျွန်တော်တို့သည် ဘုရားသခင်၏ပညတ်တော်များကိုနာခံ၍ အသက်တာ၌ အလိုတော်ကို လိုက်လျှောက်သောအခါ ကိုယ်တော်အဖို့ ကျွန်တော်တို့ပြုသောအမှု၌ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဖေးမကူညီလျက်၊ အောင်မြင်ခြင်းပေးတော်မူလိမ့်မည်။ ဤသည်ကား ဘုရားသခင်အတူပါရှိ ဖေးမကူညီခြင်းပင်ဖြစ်ပါသည်။

ဤဘုရားသခင်အတူပါရှိ ဖေးမကူညီခြင်းအကြောင်းကို မာကေဒေါနိပြည်သို့ ပေါလု ဖိတ်ခေါ်ခံရခြင်းအကြောင်း၌ တွေ့ရပါသည်။ ပေါလုသည် အာရှပြည်၌သတင်းကောင်းဟောပြောခြင်းငှါ ဦးစွာဆုံးဖြတ်ချက်ပြုခဲ့သော်လည်း၊ ဝိညာဉ်တော်က တားမြစ်တော်မူခဲ့၏ (တမန် ၁၆း၆-၇)။ ထိုအခါ ပေါလုသည် မာကေဒေါနိပြည်သို့ လာရောက်ခြင်းငှါ လူတစ်ဦး၏ဖိတ်ခေါ်ခြင်းရူပါရုံကို မြင်တွေ့ခဲ့၏ (တမန် ၁၆း၉)။ ဘုရားသခင်၏အလိုတော်နှင့် လမ်းညွှန်ခြင်းဖြစ်သည်ကို ကောင်းကောင်းသိသဖြင့် ပေါလုသည် မာကေဒေါနိပြည်၏ မြို့ကြီးတစ်မြို့ဖြစ်သော ဖိလိပ္ပိသို့ သွားရောက်ခဲ့၏။ ထိုအရပ်၌ နီမောင်းသောအထည်အလိပ်ကိုရောင်းသော လုဒိထံသို့ ပေါလုအားဘုရားသခင်ပို့ဆောင်၍ ပေါလု၏ သွန်သင်ခြင်းကို လက်ခံခြင်းငှါ ထိုမိန်းမ၏စိတ်နှလုံးကို ဖွင့်ပေးတော်မူခဲ့၏ (တမန် ၁၆း၁၄)။ ဘုရားသခင်က ပေါလုအတွက် အလွန်အရေးပါသောတံခါးဖွင့်ပေးတော်မူခဲ့၏။

သို့သော်လည်း ဘုရားသခင်အတူပါရှိဖေးမကူညီခြင်းခံရလျှင် အခက်အခဲဒုက္ခနှင့် ညှင်းပန်းနှိပ်စက်ခြင်းမရှိဟူ၍မဆိုလိုပါ။ ပေါလုသည် မိန်းမငယ်တစ်ဦး၌ ဝင်ပူးသော အနာဂတ်ကိုဟောတတ်သောနတ်ကို မောင်းထုတ်ခြင်းကြောင့် ထောင်ချခြင်းခံရ၏။ သို့သော်လည်း ထိုအခက်အခဲဒုက္ခကြားတွင် ဘုရားသခင်သည် အတူပါရှိ၍၊ ထိုအမှုကို ကောင်းကျိုးဖြစ်စေခဲ့၏။ ပေါလုနှင့်သိလတို့သည် ထောင်ထဲ၌ရှိစဉ် ဘုရားသခင်သည် ငလျင်ကြီးဖြစ်စေ၍ ထောင်ခြေရင်းတို့ကို လှုပ်စေခဲ့၏။ ထိုအမှုကြောင့် ထောင်မှူးက ပေါလုအား "သခင်တို့ အကျွန်ုပ်သည်ကယ်တင်ခြင်းသို့ရောက်အံ့သောငှါ အဘယ်သို့ပြုရပါမည်နည်းဟု မေးလျှောက်လေ၏" (တမန် ၁၆း၃၀)။ ပေါလုက "သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့်သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်" (တမန် ၁၆း၃၁) ဟုပြန်ဖြေခဲ့၏။ ထိုထောင်မှူးနှင့် သူ၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ရောက်ခဲ့ကြ၏။

ပေါလုသည် ထိုအသင်းတော်ကို ထားခဲ့ပြီး ခရီးဆက်ခဲ့သော်လည်း ဘုရားသခင်သည် ထိုအသင်းတော်၌ ဆက်လက်အမှုပြုတော်မူခဲ့၏။ ဆယ်နှစ်အကြာ၌ ဖိလိပ္ပိလူတို့ထံ ပေါလုစာပို့သောအခါ ထိုအသင်းတော်၌ သင်းအုပ်လူကြီးများနှင့် သင်းထောက်လူကြီးများရှိလျက် ကြီးထွားခဲ့ကြောင်း တွေ့ရပါသည် (ဖိ ၁း၁)။

ထို့ကြောင့် ဘုရားသခင်အတူပါရှိဖေးမကူညီခြင်းကို ၁ ကော ၁၆း၉ ထဲတွင် အတိုချုပ်ဖော်ပြထားပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏အလိုတော်၌တည်လျှင် အခက်အခဲအမျိုးမျိုးကြား၌လည်း မိမိ၏အမှုတော်ကို ပြီးမြောက်စေခြင်းငှါ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဖေးမကူညီလိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိ၏အလိုတော်ကိုလိုက်လျှောက်သောသူတို့အား အစဉ်ကောင်းကြီးပေးတော်မူလိမ့်မည်။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ် ဒီမှာရှိပါ၏၊ စေလွှတ်တော်မူပါ။

စနေ၊ ဒီဇင်ဘာ (၂၉)

**၁ ကော ၁၆း၁၀-၂၄**

၂ ပေ ၃း၁၈ *“ယုံကြည်ခြင်း၌ တည်ကြလော့”*

# သတိရှိ၍မြဲမြံစွာရပ်တည်ကြလော့

ပေါလု၏နိဂုံးချုပ်ခွန်အားပေးခြင်းအဓိကအချက်ကို ၁ ကော ၁၆း၁၃ ထဲတွင်တွေ့ရပါသည်- “သင်တို့သည် သတိနှင့်စောင့်နေကြလော့။ ယုံကြည်ခြင်း၌တည်ကြလော့။ ယောကျ်ားအစွမ်းသတ္တိနှင့်တကွ ခွန်အားစုံလင်လျက်နေကြလော့”။ အခက်အခဲကြား၌ ရုန်းကန်ကြီးထွားခြင်းရှိနေသော ကောရိန္တုအသင်းတော်အဖို့ ပေါလု၏စိတ်ဆန္ဒကို အထက်ပါခွန်အားပေးတိုက်တွန်းခြင်း၌ ကောင်းစွာတွေ့ရပါသည်။

“သင်တို့သည်သတိနှင့်စောင့်နေကြလော့”- ဤအမိန့်ပေးခြင်းစကားလုံးသည် အင်္ဂလိပ်နာမည် "Gregory" ဆင်းသက်လာရာ ဂရိစကားလုံး "gregoreite" မှလာခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ နိုးကြားသော၊ သတိရှိသောသူကိုဆိုလိုခြင်းဖြစ်၏။ ကောရိန္တုခရစ်ယာန်တို့သည် ဝိညာဉ်အရေး၌ ငိုက်မြည်းခြင်းရှိသောသူများဖြစ်ကြသည်ဟု ထင်ရပါသည်။ သူတို့သည် ဇာတိသဘောကိုလိုက်၍ လောကီအတွေးအခေါ်နှင့် အမူအကျင့်တို့ကို အသင်းတော်ထဲသို့ ဝင်ခွင့်ပြုခဲ့ကြ၏။ ထိုသို့သော ငိုက်မြည်းခြင်းမှ နိုးထဖို့လိုအပ်ပါသည်။ အကြောင်းမှာ သူတို့သည် ဟောက်သောခြင်္သေ့ကဲ့သို့ စာတန်လှည့်လည်နေသော ဤကမ္ဘာလောက၌ နေထိုင်ခဲ့ကြ၏ (၁ ပေ ၅း၈-၉)။ ခရစ်တော်ယေရှုကြွလာမည့်အချိန်ကို သတိနှင့်စောင့်နေခဲ့ကြရပါမည်။

“ယုံကြည်ခြင်း၌တည်ကြလော့”- ဤအချက်က ယုံကြည်ခြင်း၌မြဲမြံစွာအမြစ်တွယ် ရပ်တည်သောသူကို ရည်ညွှန်း၏။ ထိုသူသည် ခပ်သိမ်းသောဩဝါဒလေတိုက်လျှင်လည်း (ဧဖက် ၄း၁၄) လွယ်ကူစွာယိမ်းယိုင်မည်မဟုတ်ပါ။ ကောရိန္တုခရစ်ယာန်တို့သည် အခြားအရာ၌မဟုတ်ဘဲ ယုံကြည်ခြင်း၌ မြဲမြံစွာရပ်တည်နေကြရပါမည်။ ဤကျမ်းပိုဒ်၌ တွေ့ရသောယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်တည်းဟူသော ယုံကြည်ခြင်းတည်ရာ (the objective faith) ကိုဆိုလိုခြင်းဖြစ်ပါသည်။

“ယောကျ်ားအစွမ်းသတ္တိနှင့်တကွ. . . နေကြလော့”- ဆိုလိုသည်မှာ ယောကျ်ားတစ်ဦးကဲ့သို့ ရဲရဲရင့်ရင့် ပြုမူနေထိုင်ရမည်ဖြစ်ပါသည်။ ဤအချက်က ၁ ကော ၁၄း၂၀ ထဲမှပေါလု၏ ခွန်အားပေးတိုက်တွန်းခြင်းကို ပြန်၍အမှတ်ရစေခဲ့၏- “ညီအစ်ကိုတို့ သင်တို့သည် ဉာဏ်အရာ၌သူငယ်မဖြစ်ကြနှင့်။ မတရားသောအမှုအရာ၌ နို့စို့သူငယ်ဖြစ်ကြလော့။ ဉာဏ်အရာ၌ အသက်ကြီးသောသူဖြစ်ကြလော့”။ ပေါလုသည် ကောရိန္တုခရစ်ယာန်တို့အား ဝါကြွားထောင်လွှားစွာပြုမူကျင့်ကြံခြင်းမပြုဘဲ သမ္မာတရား၌ အမှန်ရင့်ကျက်ခြင်းရှိသောသူဖြစ်စေလို၏။

“ခွန်အားစုံလင်လျက်နေကြလော့”- ဤသည်ကား စိတ်ဓာတ်ကြံ့ခိုင်ခြင်းကို ရည်ညွှန်းလျက်ရှိ၏။ ဤလောကီအရာတို့က ရောနှောခြင်းရှိခြင်းငှါ ကျွန်ုပ်တို့ကို ဖိတ်ခေါ်သောအခါ ကျွန်တော်တို့သည် ဘုရားသခင်ဘက်၌ ရပ်တည်မည်အကြောင်း ရဲရင့်ခြင်းသတ္တိရှိရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၌ရဲရင့်ခြင်းရှိလော့။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ထံမှ ဘယ်သောအခါမျှမထွက်ခွာမည်အကြောင်း အကျွန်ုပ်ကို ခွန်အားပေးတော်မူပါ။

# ဤလောကသည် ထိုသူတို့နှင့်မထိုက်မတန် (၁)

နှစ်တစ်နှစ်ကုန်ဆုံးချိန် ကျွန်တော်တို့ရောက်ရှိလာသည်ဖြစ်သောကြောင့် ဟေဗြဲ ၁၁:၃၈ ၌တွေ့ရသော “ဤလောကသည်ထိုသူတို့နှင့်မထိုက်မတန်” ဟူသော စကားစုကို ကျွန်တော်တို့ ဆင်ခြင်လေ့လာကြပါစို့။ ဟေဗြဲသြဝါဒစာရေးသားသောသူ (တမန်တော်ပေါလုဖြစ်မည်ဟု ကျွန်တော် ယုံကြည်ပါသည်) က ယုံကြည်ခြင်းအတွက် ညှင်းပန်းနှိပ်စက်ခြင်းခံရသော ဓမ္မဟောင်းခေတ် သန့်ရှင်းသူတို့အကြောင်းကို ဖော်ပြထားပါသည်။ အချို့သောသူသည် အသေသတ်ခြင်းခံခဲ့ရ၏။ အချို့သောသူတို့သည် ထောင်ချခြင်းခံရ၍ ညှင်းပန်းနှိပ်စက်ခြင်းခံခဲ့ကြ၏။ အချို့သောသူတို့သည်လည်း ခရစ်ယာန်ယုံကြည်ခြင်း၌ရပ်တည်ခြင်းကြောင့် ကဲ့ရဲ့ခြင်း၊ ပြက်ရယ်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ အထီးကျန်ခြင်းနှင့် ပြည်နှင်ဒဏ်များခံခဲ့ကြပါသည်။

ထိုနည်းတူ ဓမ္မသစ်ခေတ်သန့်ရှင်းသူတို့သည်လည်း ခံခဲ့ကြရ၏။ ယေရှုခရစ်တော်၏ တမန်တော်ပေါလုကလည်း ဤသို့သက်သေခံခဲ့ပါသည်- “ပင်ပန်းစွာအမှုကို အထူးသဖြင့် ဆောင်ရွက်သောသူ၊ ရိုက်ပုတ်ခြင်း၊ ထောင်ထဲ၌လှောင်ထားခြင်းကို အထူးသဖြင့်ခံရသောသူ၊ သေဘေးနှင့် အကြိမ်ကြိမ်တွေ့ကြုံသောသူဖြစ်၏။ ငါးကြိမ်မြောက်အောင် ယုဒလူတို့လက်တွင် ဒဏ်ချက်လေးဆယ်တစ်ခုယုတ်ငါခံခဲ့ရပြီ။ သုံးကြိမ်မြောက်အောင် ကြိမ်လုံးနှင့်ရိုက်ခြင်းကိုဂင်း၊ တစ်ကြိမ်ခဲနှင့်ပစ်ခြင်းကိုဂင်း ငါခံရပြီ။ သုံးကြိမ်မြောက်အောင် သင်္ဘောပျက်ခြင်းကိုခံရပြီ။ တစ်နေ့နှင့်တစ်ညပတ်လုံး ပင်လယ်ထဲမှာ နေရပြီ။ အကြိမ်ကြိမ်ဒေသစာရီလှည့်လည်ပြီ။ မြစ်ကိုကူးသောဘေး၊ ဓားပြတိုက်သောဘေး၊ အမျိုးသားချင်းပြုသောဘေး၊ တစ်ပါးအမျိုးသားပြုသောဘေး၊ မြို့ရွာ၌ရောက်သောဘေး၊ တော၌ ရောက်သောဘေး၊ ပင်လယ်ဘေး၊ ညီအစ်ကိုဖြစ်ယောင်ဆောင်သောသူတို့ ပြုသောဘေး၊ ဤဘေးများကို ငါတွေ့ခဲ့ပြီ။ ပင်ပန်းစွာအမှုဆောင်ရွက်ခြင်း၊ အကြိမ်များစွာမအိပ်ဘဲစောင့်နေခြင်း၊ မွတ်သိပ်ခြင်း၊ ရေငတ်ခြင်း၊ အကြိမ်ကြိမ်အစာရှောင်ခြင်း၊ အချမ်းအအေးခံရခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဤဆင်းရဲခြင်းများကို ငါခံခဲ့ပြီ။ ထိုအမှုမှတပါး အသင်းတော်အပေါင်းတို့ကို စိုးရိမ်သောစိတ်နှင့် ကြည့်ရှုပြုစု၍ နေ့တိုင်းအစဉ်နှောင့်ယှက်ခြင်းကို ငါခံရ၏” (၂ ကော ၁၁:၂၃-၂၈)။

ထိုနည်းတူ ဗျာဒိတ်ကျမ်းထဲ၌ ခုနှစ်နှစ်ဘေးဒဏ်ကြီးကာလတွင် ဤလောကီလူသားတို့ထံ တရားဟော၍ စီရင်ခြင်းပြုစေခြင်းငှါ ဘုရားသခင်စေလွှတ်တော်မူမည့် သက်သေခံနှစ်ပါးတို့အား ဤလောကီလူတို့က မုန်းတီးကြမည်အကြောင်း တွေ့ရပါသည်။ နောင်တရမည့်အစား ဤလောကီလူတို့သည် သက်သေခံနှစ်ပါးကို သတ်ဖြတ်၍ သူတို့အလောင်းကို လမ်းပေါ်၌ ပစ်ထားကြပါလိမ့်မည်။ ဤလောကီအပြစ်သားတို့၏အမြင်၌ သန့်ရှင်းသူတို့သည် ဤလောကအတွက် အကျိုးမရှိကြပါ။

ကျွန်တော်တို့သည် ဤလောကီကမ္ဘာ၌ ဧည့်သည်အာဂန္တုများသာလျှင်ဖြစ်ပါသည် (ဟေဗြဲ ၁၁:၁၃၊ ၁ ပေ ၂:၁၁)။ ဤလောကီကမ္ဘာသည် အကျွန်ုပ်တို့နေစရာအိမ်မဟုတ်ပါ။

**ဆင်ခြင်ရန်** - ဤကမ္ဘာမြေကြီးသည် အကျွန်ုပ်၏အိမ်မဟုတ်ပါ၊ ကျွန်တော်သည် ခရီးသွားဧည့်သည်တစ်ဦးသာဖြစ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ ဤလောက၌ရှိသောအရာများကို မနှစ်သက်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဒီဇင်ဘာ (၃၁)
**ဟေဗြဲ ၁၁း၃၆-၃၈**
ဟေဗြဲ ၁၁း၁၃

*“. . . မိမိတို့သည်မြေကြီးပေါ်မှာ တကျွန်းသူတနိုင်ငံသား၊ ဧည့်သည်အာဂန္တုဖြစ်သည်ကို. . . ”*

# ဤလောကသည် ထိုသူတို့နှင့်မထိုက်မတန် (၂)

ဘုရားသခင်၏အမြင်သည် ဤလောကီအမြင်နှင့်ခြားနားခြင်းရှိ၏။ သန့်ရှင်းသူတို့သည် ဘုရားသခင်ရှေ့မှောက်၌ အလွန်တန်ဖိုးရှိကြ၏။ သူတို့သည် ဘုရားသခင်၏သားသမီးများဖြစ်၍ ဤအမှောင်ကမ္ဘာလောကအတွက် သူ၏တမန်များနှင့် သက်သေများဖြစ်ကြပါသည်။ ယုံကြည်သူများ ဤလောက၌ရှိနေကြခြင်းသည် ဤဆိုးယုတ်လှသောလောကီလူသားများအပေါ် ထားရှိသော ဘုရားသခင်၏ဂရုဏာတော်နှင့် စိတ်ရှည်ခြင်းသက်သေဖြစ်ပါသည် (၂ ပေ ၃း၉)။ ဘုရားသခင်၏ နှုတ်ကပတ်တော် တပည့်တော်များအားဖြင့် ဟောပြောခြင်းသည် ဤလောကီကမ္ဘာ မထိုက်တန်သော အခွင့်ထူးပင်ဖြစ်ပါသည်။ ဤလောကသည် သန့်ရှင်းသူတို့အတွက် ထိုက်တန်မှုမရှိပါ။

ဟေဗြဲ ၁၁း၃၈ သည် ခရစ်တော်အတွက် ဆင်းရဲဒုက္ခခံရသောသူအတွက် ခွန်အားယူစရာဖြစ်ပါသည်။ မထီမဲ့မြင်ပြုခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းတို့သည် ယုံကြည်သူများအတွက် တခါတရံ အလွန်စိတ်ခေတ်ကျစရာဖြစ်ပါသည်။ ဤလောကီလူတို့က ကျွန်ုပ်တို့ကို အထင်အမြင်သေးသော်လည်း ခရစ်တော်အတွက် ကျွန်တော်တို့ပြုသော အမှုအလုံးစုံတို့သည် အချည်းနှီးမဟုတ်ကြောင်း ကျွန်တော်တို့သိကြ၏ (၁ ကော ၁၅း၅၈)။ Calvin က ဤသို့ မှတ်ချက်ပြုခဲ့၏- “လောကီလူတို့က ခရစ်ယာန်တို့ကို ရွံရှာ စရာအဖြစ် ငြင်းပယ်ခဲ့ကြသော်လည်း ပရောဖက်တို့ပင်လျှင် ထိုသို့ခံခဲ့ကြပြီဟူသောအချက်က သူတို့အတွက် နှစ်သိမ့်စရာဖြစ်ခဲ့ပါသည်။” ခရစ်ယာန်သည် မိမိ၏ဘဝခရီးပြီးဆုံးသောအခါ ခရစ်တော်နှင့်အတူ နေရမည်ဖြစ်၍၊ ထာဝရခိုနားခြင်းခံရကြမည်အကြောင်း သိကြပါ၏။

တစ်ဖက်တွင် ဤခေါင်းစဉ်သည် လောကီအမှု၌ကျင်လည်သော ခရစ်ယာန်များအတွက် သတိပေးခြင်းလည်းဖြစ်ပါသည်။ သန့်ရှင်းသောသူများအတွက် ဤလောကသည် ထိုက်တန်ခြင်းမရှိလျှင် အဘယ့်ကြောင့် ဤလောကီအရာတို့ကို ရှာပါသနည်း။ ခရစ်ယာန်သည် လောကီအရာကို နှစ်သက်ခြင်းမရှိဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နှစ်သက်ကြရပါမည် (၁ ယော ၂း၁၅-၁၇)။ ဤလောကီအရာတို့ကိုမစွဲလမ်းဘဲ အထက်အရာတို့ကိုသာ စွဲလမ်းခြင်းရှိရပါမည် (ကောလော ၃း၂)။ အဘယ်အရာကို သင်စွဲလမ်းပါသနည်း။

ယုံကြည်သူသည် ဤလောကီအတွေးအခေါ်များကို ငြင်းပယ်၍ ဘုရားသခင်ကြောက်ရွံ့ခြင်းအမှုကို အမြဲလိုက်ကြရပါမည်။ သို့သော်လည်း ကျွန်တော်တို့သည် ခရစ်တော်နှင့်နှုတ်ကပတ်တော်ကို မုန်းတီးလျက်ရှိသော ဤလောကကမ္ဘာ၌အသက်ရှင်နေကြသောကြောင့်၊ “ယေရှုခရစ်၏တရားတော်နှင့်အညီ ဘုရားဝတ်၌မွေ့လျော်၍နေခြင်းငှါ အလိုရှိသောသူအပေါင်းတို့သည် ညှင်းဆဲခြင်းကို ခံရကြလိမ့်မည်” (၂ တိ ၃း၁၂)ဟု သမ္မာကျမ်းစာက သတိပေးခဲ့ပါသည်။ ထိုသို့သော အချိန်၌ ဟေဗြဲ ၁၁း၃၈ ကိုအောက်မေ့သတိရလော့။ ဤလောကသည် သန့်ရှင်းသူတို့အဖို့ ထိုက်တန်ခြင်းမရှိပါ။

**ဆင်ခြင်ရန်** - ခရစ်ယာန်သည် အထက်အရာတို့ကိုသာ စွဲလမ်းခြင်းရှိရပါမည်။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အား ဤလောကီအရာတို့၏ ဆွဲဆောင်ခြင်းကို မခံစေပါနှင့်။